The
# Commerce
Journal

http://www.commercejournal.com.mm

စီးပွားရေးသတင်းဂျာနယ်

စီးပွားရေးအောင်မြင်ရန်သတင်းအချက်အလက်ကိုအခြေခံ

VOL . 16, NO . 7 | တနင်္လာနေ့တိုင်းထုတ်ဝေသည် | February 15 , 2016




## စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို စိန်ခေါ်နေသည့် မတည်ငြိမ်မှုများ



ဒေါက်တာမောင်အောင် ၁၈



**ICD နှင့် CFS အကြောင်း** ၁၂

ယင်းမာပင်မြို့နယ်မှာ ပဲစင်းငုံ (ရွှေဖလား)မျိုး စမ်းသပ်စိုက်ပျိုးပြီး ဈေးကောင်းရနေ ၅

မုံရွာမြို့နယ်က ဆောင်းကြက်သွန်နီ မတ်လဆန်းမှာ ဈေးကွက်ဝင်တော့မယ် ၇

မှတ်ပုံတင်လက်မှတ်မရှိသော မြေသြဇာများစာရင်း မြေသြဇာကော်မတီမှ အသိပေးကြေညာချက်ထုတ်ပြန် ၂၀

# Thilawa Special Economic Zone - Zone (A)




**Industrial Park Develoved by** MJTD



**Residential & Commercial Area Develoved by** TPD

Industrial Park နှင့် Residential & Commieral Area တွင် မိမိတို့၏ လုပ်ငန်းများအတွက် ရင်းနှီးမြှုပ်နှံလိုသူများ စုံစမ်းနိုင်ပါသည်။


**MTSH** Myanmar Thilawa SEZ Holdings Public Limited
No.1103, 11th Floor, UMFCCI Office, Tower, No.(29), Min Ye Kyaw Swar St, Lamandaw Tsp, Yangon, Myanmar.
Tel : (+95 1)2301772, 2301773, 230185, E-mail : sales.mtsh@gmail.com, website:www.mtshmyanmar.com

# စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်း၍ ကမ္ဘာ့ဘဏ်အုပ်စုမှ တာဝန်ရှိသူများနှင့်တွေ့ဆုံဆွေးနွေး



မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ပုဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပိုမိုပူးပေါင်းလုပ်ဆောင်နိုင်ရေးအတွက် ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် ကမ္ဘာ့ဘဏ်အုပ်စုမှ အပြည်ပြည်ဆိုင်ရာ ငွေကြေးကော်ပိုရေးရှင်း (IFC) တို့အကြား အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစီမံချက် (မူကြမ်း)တွင် ပါဝင်သည့် အချက်အလက်များနှင့်ပတ်သက်၍ အထူးလုပ်ငန်းအဖွဲ့မှ အဖွဲ့ဝင်များ၊ ကမ္ဘာ့ဘဏ်အုပ်စုမှ တာဝန်ရှိသူများအကြား ညှိနှိုင်းအစည်းအဝေးအား ဖေဖော်ဝါရီလ ၁၀ ရက်က နေပြည်တော်ရှိ စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ အစည်းအဝေးခန်းမ၌ ကျင်းပရာ အမြဲတမ်းအတွင်းဝန် ဦးတိုးအောင်မြင့် တက်ရောက်ခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် အမြဲတမ်းအတွင်းဝန်က ကုန်သွယ်ရေးနှင့် စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ ဖွဲ့စည်းထားရှိမှုအခြေအနေ၊ အစိုးရဝန်ကြီးဌာနများနှင့် ပုဂ္ဂလိကကဏ္ဍမှ တာဝန်ရှိသူများ တွေ့ဆုံပြီး ကုန်သွယ်မှုဆိုင်ရာပြဿနာများ၊ အခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပေးနိုင်ခဲ့မှုနှင့် ဆက်လက်ဆောင်ရွက်သွားရမည့် လုပ်ငန်းစဉ်များ၊ မြန်မာ့စီးပွားရေးဖိုရမ် (Myanmar Business Forum) ကျင်းပနိုင်ရေးအတွက် ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်နေမှုနှင့် IFC မှ ပူးပေါင်းပါဝင် ဆောင်ရွက်သွားရန် ဖိတ်ခေါ်ပါကြောင်း ပြောကြားပါသည်။

ဆက်လက်ပြီး IFC မှ ကုန်သွယ်ရေးနှင့်စီးပွားရေးလုပ်ငန်းများ မြှင့်တင်ရေးအထူးလုပ်ငန်းအဖွဲ့နှင့် ပူးပေါင်းအကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းစီမံချက်နှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်သွားမည့် ကဏ္ဍကိုးခု၏ လက်ရှိလုပ်ထုံးလုပ်နည်းများအား လေ့လာဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကဏ္ဍလေးခုမှာ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်းနှင့် အခြားနိုင်ငံများတွင် ကုန်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Task Force များဖွဲ့စည်းဆောင်ရွက်မှုများ၊ လုပ်ငန်းစီမံချက်များနှင့် ပြုပြင်ပြောင်းလဲရေးဆိုင်ရာဆောင်ရွက်မှုများကို Power-point ဖြင့် ရှင်းလင်းတင်ပြသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲသို့ ကုန်သွယ်ရေးနှင့် စီးပွားရေးအထူးလုပ်ငန်းအဖွဲ့ဝင် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များနှင့် IFC မှ ကျွမ်းကျင်ပညာရှင်များဖြစ်သည့် Mr. Charles Schneider, Mr. Lars Grava, Mr. Jose Ricado Silva နှင့် Mr. Peter Van Diermen တို့တက်ရောက်ခဲ့ကြသည်။

# ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံး ဖွင့်လှစ်ပွဲနဲ့ လုပ်ထုံးလုပ်နည်းများရှင်းလင်းခြင်းအခမ်းအနားကျင်းပ



ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့တွင် အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ တိုင်းဦးစီးမှူးရုံး ဖွင့်လှစ်ပွဲကို ဖေဖော်ဝါရီ ၈ ရက်က အမှတ် (၃) ရပ်ကွက်၊ အိုးဘိုတန်းလမ်း၊ အမှတ်(၃၈) မှာ ကျင်းပပြုလုပ်ရာ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ အမျိုးသားစီမံကိန်းနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်နဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ စာရင်းစစ်ချုပ်၊ ဥပဒေချုပ်၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်နဲ့ တာဝန်ရှိသူများ၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးစိုးအောင်နဲ့ တိုင်းအဆင့် ဌာနဆိုင်ရာများ၊ ဧရာဝတီကုန်သည်စက်မှုအသင်းချုပ်မှ တာဝန်ရှိသူများ၊ တိုင်းအတွင်းရှိ ကုန်သည်၊ စက်ပိုင်၊ စီးပွားရေးလုပ်ငန်းရှင်များ၊ အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ စုစုပေါင်း ၃၅၀ ဦးခန့် တက်ရောက်ကြပါတယ်။

အခမ်းအနား အစီအစဉ်အရ တိုင်းဦးစီးမှူးရုံးအား တိုင်းဒေသကြီး စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးလှခိုင်နဲ့ ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့် လှစ်ပေးခဲ့ပြီး တိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်က တိုင်းဦးစီးမှူးရုံးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့ပါတယ်။

ဆက်လက်၍ ပုသိမ်မြို့၊ ပုသိမ်ဟိုတယ် အစည်းအဝေးခန်းမ၌ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေများ၊ လုပ်ထုံးလုပ်နည်းများ၊ ရှင်းလင်းဆွေးနွေးခြင်းအခမ်းအနားကို ဒုတိယပိုင်းအစီအစဉ်အဖြစ် ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးသိန်းအောင်က ကြိုဆိုနှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်က အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သော ရုံးခွဲက ဧရာဝတီတိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်ပြီး အကောင်အထည်ဖော်ရာမှာ ထိရောက်စွာအထောက်အကူပေးမည်ဟု ယုံကြည်ကြောင်း၊ ပြည်နယ်နဲ့တိုင်းဒေသကြီး ရုံးခွဲများဖွင့်လှစ်ခြင်းသည် လာမည့်အစိုးရသစ်လက်ထက် ပြည်နယ်/တိုင်းဒေသကြီး အစိုးရများအတွက် လိုအပ်လာမည့် အနာဂတ်ကွက်လပ်ကိုလက်ရှိအစိုးရအနေဖြင့် ကြိုတင်ဖြည့်ဆည်းထားခြင်းဖြစ်ကြောင်း၊ ဧရာဝတီတိုင်းဒေသကြီးသည် လယ်ယာစိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ရေထွက်လုပ်ငန်းများ၊ အထည်ချုပ်လုပ်ငန်းများ၊ နှစ်ရှည်သီးနှံလုပ်ငန်းများ၊ စက်မှုလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းများနဲ့ ဆက်စပ် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှုအားကောင်းသော တိုင်းဒေသကြီးဖြစ်ရာ စီးပွားရေးလုပ်ငန်းရှင်များ အနေဖြင့်

➡ စာမျက်နှာ - ၁၉ သို့

Commerce
J O U R N A L

**အတိုင်ပင်ခံစာတည်း**
ဒေါက်တာမောင်အောင်
အောင်စိုး(MPM)၊ သန်းအောင်ကျော်
ကျော်စိုးလင်း
မြတ်ထွန်းကျော်
ဝင်းမြင့်

**စာတည်းမှူးချုပ်**
ဉာဏ်တင်

**တာဝန်ခံစာတည်း**
ခင်သီတာအေး

**အုပ်ချုပ်ရေးမှူး**
ဒေါ်မြင့်မြင့်ထွန်း

**စာတည်းအဖွဲ့**
မောင်ရွှေ၊ ကြည်ကြည်ချယ်ရီမောင်၊ နီလာသိန်း၊
ခင်မောင်မောင်အုန်း၊ ချိုသက်မူ၊ သန်းအေး

**လက်ထောက်စာတည်း**
ချောစုမာ၊ နှင်းပန်းဖြူ
ယဉ်ယဉ်အေး၊ ခင်ခင်သော်

**သတင်းထောက်များ**
ထွန်းလှိုင်(မုံရွာ)၊ ရီလင်းထွဋ်(မုံရွာ)၊
မင်းမင်းဦး(ပုသိမ်)၊ ကြည်နိုင်ဦး(အင်းတော်)
မင်းဇော်မွန်(ဖျာပုံ)၊ မြင့်ဦး(ပခုက္ကူ)
ခင်ဆွေဝင်း(ပြည်)၊ ဝေဝေမင်း(ပြည်)၊ နီနီဝင်း(ပြည်)
ဝင်းဝင်းခိုင်(ပြည်)၊ ဇေခိုင်(တောင်ကြီး)၊
မင်းအောင်(တောင်ကြီး)၊ သန်းသန်းတင်(မုံရွာ)
စိုးအောင်(မန္တလေး)၊ မောင်မောင်အေး(လှိုင်ကော်)

**Proof & Layout Design ကြီးကြပ်**
ခင်စုစုလှိုင်

**ကြော်ငြာတာဝန်ခံ**
မြင့်ဇင်ညွန့်(ဖုန်း-၀၉-၇၃၀၅၃၅၃၁)
ထွန်းထွန်းဝင်း(ဖုန်း-၀၉-၄၂၃၇၃၇၅၆၃)

**ထုတ်ဝေသူ**
ဦးမြတ်ထွန်းကျော်(၀၁၀၅၅)
အမှတ်၃၇၊ လမ်း၃၀၊ ပန်းဘဲတန်းမြို့နယ်။
ဖုန်း-၂၅၂၀၁၇၊ ၃၇၁၀၂၃

**ဖြန့်ချိရေးတာဝန်ခံ**
သန်းစိုး

**ဖြန့်ချိရေး**
တင်တင်အေး၊ ခင်မြတ်မွန်၊
အုန်းခင်

**ကွန်ပျူတာ**
မြင့်မြင့်ကြည်၊ အေးအေးနွဲ့၊ တင်နီလာကျော်
သီရိဝင်း၊ မြတ်ဆုလှိုင်၊ သင်းသီရိအောင်

**Layout Design & Graphic Design**
CJ Design Group

**ပုံနှိပ်သူ**
ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက်(၀၀၉၇၇)
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

**Email Address**
commercejournal.editor@gmail.com

Rice Market News
Vol: 16, No.7 Monday February 15 2016

# ဒိုင်သို့ဆန်ချောအဝင်နည်းပြီး လက်လီနဲ့ ပွဲရုံသမား အဆွဲများတာကြောင့် ဈေးအနည်းငယ်မာ

ရန်ကုန်မြို့ ဆန်စပါးကုန်စည်ဒိုင် (ဝါးတန်း)ရဲ့ ဖေဖော်ဝါရီ ၁၁ ရက် လက်ကားဆန်ဈေးနှုန်းများမှာ ဖျာပုံပေါ်ဆန်း ဆန်ထိပ်စတစ်အိတ် ၂၈၅၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၈၀၀၀ ကျပ် ဖြစ်လို့ ယခင်တစ်ပတ်နဲ့ ဈေးနှုန်းနှိုင်းယှဉ်ကြည့်ရင် ဈေးမပြောင်းဘဲ ဈေးငြိမ်နေတာ တွေ့ရပါတယ်။

မြောင်းမြ/ ပုသိမ်ပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ၃၂၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၃၀၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် တစ်အိတ်ကို ၅၀၀ ကျပ်ခန့် ဈေးတက်လာပါတယ်။ နယ်စုံပေါ်ဆန်းဆန် ထိပ်စတစ်အိတ် ၂၉၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၇၅၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ရင် တစ်အိတ်ကို ၅၀၀ ကျပ်ခန့် ဈေးမြင့်လာကြောင်း၊ ရွှေဘိုပေါ်ဆန်းဆန်တစ်အိတ်ဈေးနှုန်းက ၃၆၀၀၀ ကျပ်မှ ၃၇၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် ၁၀၀၀ ကျပ်ခန့် ဈေးတက်လာကြောင်း ဝါးတန်းကုန်စည်ဒိုင်ဈေးနှုန်းများအရ စိစစ်တွေ့ရှိရပါတယ်။ ပေါ်ဆန်းဆန် ဒိုင်သို့ ဆန်ချောအဝင်နည်းပြီး လက်လီသမားနဲ့ ပွဲရုံသမားများ အဝယ်လိုက်လို့ ဈေးအနည်းငယ်တက်ရခြင်းဖြစ်ကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ သိရှိရပါတယ်။

ဆန်ကြမ်းဖြစ်တဲ့ ဧည့်မထဆန် ထိပ်စ တစ်အိတ် ၂၃၀၀၀ ကျပ်၊ လတ်စ တစ်အိတ် ၂၂၀၀၀ ကျပ်၊ မနောသုခသစ်ရှယ် ဈေးနှုန်းက ၂၃၀၀၀ ကျပ်မှ ၂၄၀၀၀ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်အတိုင်း ဈေးနှုန်းမပြောင်းလဲဘဲ ဈေးငြိမ်နေပါတယ်။ ကုန်စည်ဒိုင်သို့ ဧည့်မထဆန် အဝင်ပါးပြီး ဈေးငြိမ်နေပေမယ့် ဝယ်လိုအားရှိပြီး အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်စည်ဒိုင်ဈေးကွက်မှ စုံစမ်းသိရှိရပါတယ်။

နှစ်ကူးပွဲတော်ကြောင့် မူဆယ်ဆန်ဈေးကွက် အရောင်းအဝယ်ရပ်နားထားပါတယ်။ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက် ငွေလဲနှုန်းမှာ တစ်ယွမ်ကို ၁၉၀ ဒသမ ၈၃ ကျပ်ဖြစ်လို့ ယခင်တစ်ပတ်ထက် သုည ဒသမ ၃၅ ကျပ်ခန့် ဈေးတက်လာကြောင်း ပြည်တွင်းနယ်စုံမှ မူဆယ်သို့ နေ့စဉ်ဆန်တန်ချိန် ပျမ်းမျှ ၁၀၀၀ ကျော် ၂၀၀၀ ခန့် ဝင်ရောက်လျက်ရှိပြီး ယခုတစ်ပတ်အတွင်း မူဆယ်သို့ စုစုပေါင်းတန်ချိန် ၉၃၅၈ ခန့် ဝင်ရောက်ခဲ့လို့ ယခင်တစ်ပတ်ထက် တန်ချိန် ၃၉၃ ခန့် ပိုမိုဝင်ရောက်ခဲ့ကြောင်း မူဆယ်ဆန်ဈေးကွက်မှ သိရှိရပါတယ်။

မြန်မာ့ဆန်ပြည်ပတင်ပို့မှုမှာ ယခုဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အထိ တန်ချိန် ၉၉၄၃၄၃ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၃၆၃ သန်းကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၂၁၅၁၆၅ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၈၆ သန်းကျော်ဖိုး လျော့နည်းလျက်ရှိပါတယ်။ ဆန်ကွဲပြည်ပတင်ပို့မှုမှာ တန်ချိန် ၃၂၃၁၆၇ ကျော်၊ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၉၉ သန်းကျော်ဖိုးရှိနေပြီး၊ ယခင်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ၁၄၇၃၄ ကျော် တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ သုံးသန်းကျော်ဖိုး ပိုမိုတင်ပို့ထားနိုင်ကြောင်း သိရပါတယ်။

**MIRT-YGN**

# အင်းတော်ဒေသမှာ စပါးလက်ကျန်နည်းချိန် ဆင်း-၃ စပါးဈေးမြင့်ပြီး ဆန်ဈေးကျ

အင်းတော်ဒေသရဲ့ အဓိကထွက်ကုန် ဆင်း-၃ စပါးလက်ကျန်နည်းလာချိန် နှစ်စဉ် မတ်၊ ဧပြီလမှာ လက်ကျန်စစ်တော့မှာဖြစ်တဲ့အတွက် ဒေသတွင်း စက်ပိုင်ကုန်သည်များ စပါးလှောင်ကြသလို ဗန်းမော်ကုန်သည်များက ဆန်လှောင်နေတဲ့အတွက် နှစ်ဦးအဖွင့်ဈေး ၆၅၀၀၀၀ ကျပ်ကို ပြန်မြင့်လာပါတယ်။ စပါးလှောင်ကုန်သည်များ အမြင့်ဈေးနဲ့ လှောင်နေပေမယ့် ဗန်းမော်ကုန်သည်များက ဆန်တစ်ပိုင်း ၂၅၇၀၀ ကျပ်နဲ့ဈေးအနိမ့်ပေးပြီးလှောင်တာ တွေ့ရပါတယ်။

တရုတ်နှစ်သစ်ကူးကာလ ဆန်တင်ပို့မှုမရှိပေမယ့် ဗန်းမော်ကုန်သည်များ အနိမ့်ဈေးပေးလှောင်တဲ့အတွက် သာမန်ကုန်သည်များ အမြတ်ခပ်ပါးပါးနဲ့ ပုံမှန်တင်ပို့ နေပါတယ်။ လက်ကြီးစက်ပိုင်ကုန်သည်များက တက်ဈေးမျှော်တင်ပို့မှုမရှိလို့ ဖေဖော်ဝါရီလမှာ ဆန်တင်ပို့မှု သိသိသာသာ ကျဆင်းသွားပါတယ်။

"တစ်မြို့နယ်လုံး ဆန်တန်ချိန် ငါးသောင်းကျော်ထွက်ပါတယ်၊ ဝမ်းစာပါအသုံးပြုမှု တန်နှစ်သောင်းကျော်သုံးပါတယ်။ ပိုလျှံတန်သုံးသောင်းကျော်မှာ ဆင်း - ၃ ဆန် တန်နှစ်သောင်းကျော်ရှိပါတယ်။ တရုတ်တင်ပို့မှုအတွက် ဗန်းမော်ကုန်သည်များက ဆင်း-၃ ဆန် တစ်မျိုးထဲဆွဲတာပါ။ ကာလတူနှစ်များနဲ့ယှဉ်ရင် တင်ပို့မှုနည်းပြီး ဖေဖော်ဝါရီလအထိ တန်ချိန်တစ်သောင်းရှိမယ်၊ ယနေ့ တောင်သူ၊ စက်ပိုင်၊ ကုန်သည် လက်ထဲမှာ စပါးလက်ကျန် ၅၀ ရာခိုင်နှုန်းရှိနိုင်ပါတယ်။ ကုန်ကြမ်းများပြီး ဝယ်လိုအားနည်းနေလို့ ဒီထက်ဈေးမြင့်တက်ဖို့က မေ၊ ဇွန်လမှသာ ဖြစ်နိုင်ပါတယ်"လို့ ဆန်စက်လုပ်ငန်းရှင်အသင်း အမှုဆောင်တစ်ဦးထံမှ သိရပါတယ်။

တရုတ်ကို တင်ပို့တဲ့ ဗန်းမော်ကုန်သည်များက ဆန်အနိမ့်ဈေးနဲ့လှောင်၊ ဒေသခံကုန်သည်စက်ပိုင်များက စပါးလက်ကျန်နည်းချိန် အမြင့်ဈေးမျှော်ပြီး နယ်ဆင်းလိုက်ဝယ်နေတော့ စပါးဈေးမြင့်နေပြီး ဆန်ဈေးကျနေတယ်လို့ ဆန်ကုန်သည်များထံက သိရပါတယ်။ **ကြည်နိုင်ဦး-အင်းတော်**

## ကာလတူထက် ဆန်ကွဲ ပိုမိုတင်ပို့

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ဖေဖော်ဝါရီ ၅ ရက်အထိ ၁၀ လကျော်ကာလမှာ ကန်ဒေါ်လာ ၄၆၃ သန်းကျော်ဖိုးရှိ ဆန်နဲ့ ဆန်ကွဲ တန်ချိန်စုစုပေါင်း ၁၃ ဒသမ ၁၇၅ သိန်း တင်ပို့ခဲ့ပါတယ်။ ဆန်တင်ပို့မှုက တန်ချိန် ၉ ဒသမ ၉၄၃ သိန်းတန်ဖိုး ၃၆၃ ဒသမ ၁၅၆ ဒေါ်လာသန်းနဲ့ ဆန်ကွဲတင်ပို့မှုက တန်ချိန် ၃ ဒသမ ၂၃၂ သိန်း (တန်ဖိုးကန်ဒေါ်လာ ၉၉ ဒသမ ၈၇၄ သန်း) ဖိုးအသီးသီးဖြစ်ပါတယ်။

ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၅၆ သန်းတန်ဖိုးရှိ ဆန်ကွဲ တန်ချိန် သုည ဒသမ ၁၄၇ သိန်းအား ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဆန်တင်ပို့မှုမှာတော့ ကာလတူထက် အမေရိကန်ဒေါ်လာ ၈၆ ဒသမ ၉၀၉ သန်းတန်ဖိုးရှိ ဆန် တန်ချိန် ၂ ဒသမ ၁၅၂ သိန်း လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **MIRT**

## အာရှနိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၀-၂-၂၀၁၆ ဒေါ်လာ/တန်

| | ထိုင်း | | | ဗီယက်နမ် | | | အိန္ဒိယ | | | ပါကစ္စတန် | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၁၀၀% | ၃၇၉ | ၃၉၃ | △ | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၅% | ၃၇၃ | ၃၈၈ | △ | ၃၅၀ | ၃၅၀ | □ | ၃၆၀ | ၃၆၀ | □ | ၃၄၅ | ၃၃၀ | ▽ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | - | - | - | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၂၅% | ၃၇၃ | ၃၇၇ | △ | ၃၄၀ | ၃၄၀ | □ | ၃၂၅ | ၃၂၅ | □ | ၃၁၀ | ၃၁၀ | □ |
| ပေါင်းဆန် | ၃၇၀ | ၃၇၀ | □ | - | - | - | ၃၅၀ | ၃၅၀ | □ | - | - | - |

*Source: oryza.com*

## အမေရိကန်နိုင်ငံတွေက FOB ဆန်ဈေးနှုန်းများ

၁၀-၂-၂၀၁၆ ဒေါ်လာ/တန်

| | ယူအက်စ် | | | ဥရုဂွေး | | | အာဂျင်တီးနား | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| ဆန်ဖြူ ၄%-၇% | ၄၆၀ | ၄၆၀ | □ | ၄၆၅ | ၄၆၅ | □ | ၄၃၀ | ၄၃၀ | □ |
| ဆန်ဖြူ ၁၀% | - | - | - | - | - | - | - | - | - |
| ဆန်ဖြူ ၁၅% | ၄၄၀ | ၄၄၀ | □ | - | - | - | - | - | - |

*Source: oryza.com*

## ပြည်တွင်းမြို့ကြီးများ၏ (၁၁-၂-၂၀၁၆) ရက်နေ့ ဆန်၊ စပါးဈေးနှုန်းများ

ရေတွက်ပုံ-ကျပ်/စပါး(တင်း)၊ ဆန်(တစ်အိတ်)

| မြို့ | ဧည့်မထအုပ်စု | | | | ပေါ်ဆန်းအုပ်စု | | | |
|---|---|---|---|---|---|---|---|---|
| | စပါး | | ဆန် | | စပါး | | ဆန် | |
| | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် | ယခု | ယခင်အပတ်နှင့် နှိုင်းယှဉ်ချက် |
| **ဆန်ပိုဒေသများ** | | | | | | | | |
| ပြည် | ၅၅၀၀ | □ | ၂၁၀၀၀ | □ | ၇၁၇၆ | △ | ၃၁၀၀၀ | △ |
| ပုသိမ် | ၅၉၈၀ | △ | ၂၃၀၀၀ | □ | ၆၉၀၀ | △ | ၂၉၀၀၀ | □ |
| ပဲခူး | ၅၄၀၀ | △ | ၂၀၅၀၀ | △ | ၆၆၀၀ | △ | ၂၇၀၀၀ | □ |
| ရွှေဘို | ၆၃၅၀ | △ | ၂၄၅၀၀ | □ | ၉၇၀၀ | △ | ၃၁၅၀၀ | □ |
| စစ်တွေ | ၄၈၀၀ | △ | ၂၀၀၀၀ | □ | ၇၀၀၀ | △ | ၂၉၀၀၀ | △ |
| **ဆန်လိုဒေသများ** | | | | | | | | |
| နေပြည်တော် | ၆၅၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၄၀၀၀ | □ |
| ရန်ကုန်(ဝါးတန်း) | ၅၄၀၀ | △ | ၂၂၀၀၀ | □ | - | - | ၂၇၀၀၀ | □ |
| မန္တလေး | ၆၈၀၀ | □ | ၂၄၅၀၀ | □ | - | - | ၃၂၀၀၀ | △ |
| မကွေး | ၇၂၀၀ | □ | ၂၅၀၀၀ | ▽ | - | - | ၃၇၀၀၀ | △ |
| မော်လမြိုင် | ၅၄၀၀ | □ | ၂၀၀၀၀ | □ | ၆၅၀၀ | □ | ၂၄၀၀၀ | □ |
| လှိုင်ကော် | ၆၃၈၀ | □ | ၂၅၀၀၀ | □ | - | - | ၃၆၀၀၀ | □ |
| မြိတ် | ၅၀၀၀ | □ | ၂၄၀၀၀ | □ | - | - | ၃၃၀၀၀ | □ |
| ဘားအံ | ၅၈၀၀ | □ | ၂၂၀၀၀ | △ | - | - | ၂၅၀၀၀ | □ |
| တောင်ကြီး | - | - | ၂၄၀၀၀ | △ | - | - | ၃၀၀၀၀ | △ |

မှတ်ချက်။ ။ ပေါ်ဆန်းအုပ်စုတွင် ပဲခူး၊ မော်လမြိုင်၊ မုံရွာ၊ ဘားအံတို့မှာဒေသထွက်ဆန်ဖြစ်ပြီး၊ ပြည်ဆန်ဈေးမှာ နတ္တလင်းဆန်ဈေးဖြစ်ပါသည်။ ဧည့်မထအုပ်စုတွင် နေပြည်တော်၊ မန္တလေး၊ မကွေး၊လှိုင်ကော်တို့မှာ မနောသုခဆန်၊ ရွှေဘိုမှာအသွယ်စအမျိုးအစားဖြစ်ပါသည်။ စပါးသစ်လတ်စ ဆန်သစ်ဈေးများ ဖြစ်ပါသည်။

# ဖေဖော်ဝါရီ ပထမပတ်တွင် ကုန်သွယ်ရေးစခန်းများမှ ဆန်ပိုမိုတင်ပို့

ဖေဖော်ဝါရီ ပထမပတ်အတွင်းမှာ ကန်ဒေါ်လာ ၆ ဒသမ ၇၀၁ သန်းဖိုးရှိ ငစိန်ဆန်နဲ့ ဧည့်မထ ဆန် ၁၈၂၇၁ တန်ကျော်ကို မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တစ်ဖက်တရုတ်နိုင်ငံသို့ တင်ပို့ခဲ့ပါတယ်။ စခန်းအလိုက်တင်ပို့မှုများမှာ မူဆယ်ကုန်သွယ်ရေးဇုန်မှ ငစိန်ဆန် ၁၀၄၈၈ တန်ကျော်နဲ့ ဧည့်မဆန် တန် ၁၅၀၀၊ ချင်းရွှေဟော်စခန်းမှ ငစိန်ဆန် ၂၈၂ တန်ကျော်၊ လွယ်ဂျယ်ကုန်သွယ်ရေးစခန်းမှ ငစိန်ဆန်တန် ၆၀၀၀ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၂၀၀၀ ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ဆန်ကွဲတင်ပို့မှုမှာ မူဆယ် (၁၀၅) မိုင်မှ ကျပ် သုည ဒသမ ၈၉၄ သန်းဖိုး တန်ဖိုးရှိ ဆန်ကွဲ ၂၇၅၀ တန် တင်ပို့ခဲ့ရာ ယခင်တစ်ပတ်တင်ပို့မှုထက် တန်ချိန် ၁၅၈၀ ကျော်ပိုမိုခဲ့ပါတယ်။

ပင်လယ်ရေကြောင်းကုန်သွယ်မှုမှ ဖေဖော်ဝါရီလ ပထမပတ်တွင် ကန်ဒေါ်လာ ၁ ဒသမ ၂၂၅ သန်းဖိုးရှိ ဆန်ဖြူနဲ့ ပေါင်းဆန် ၃၃၇၅ တန်တင်ပို့ခဲ့ရာ တရုတ်နိုင်ငံသို့ ငစိန်ဆန် ၂၉၆ တန်နဲ့ ဧည့်မထဆန်တန် ၂၀၀၀၊ အီးယူနိုင်ငံများသို့ ငစိန်ဆန် ၅၂၅ တန်၊ ဧည့်မထဆန် ၂၇၅ တန်နဲ့ ပေါင်းဆန် ၂၇၉ တန် အသီးသီးတင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန်ချိန် ၁၄၀၀၀ ကျော်လျော့နည်းခဲ့ပါတယ်။ ဆန်အပြင် ကန်ဒေါ်လာ သုည ဒသမ ၆၂၅ သန်းဖိုးရှိ ဆန်ကွဲ ၂၃၂၅ တန် တင်ပို့ခဲ့ပြီး စင်ကာပူနိုင်ငံသို့ တန် ၅၀၀၊ ဂျပန်နိုင်ငံသို့ တန် ၁၅၀ နဲ့ အီးယူနိုင်ငံများသို့ ၁၆၇၅ တန်တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် ၇၇ တန် ပိုမိုတင်ပို့ခဲ့ပါတယ်။ **ယဉ်ယဉ်အေး**

## ပြည်တွင်းဈေးကွက်များမှ ပဲမျိုးစုံဈေးနှုန်းအပြောင်းအလဲ

၅-၂-၂၀၁၆ ကျပ်/ပိဿာ

| | ပဲအမျိုးအမည် | ရန်ကုန် | | | မန္တလေး | | | မုံရွာ | | | မကွေး | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ၅/၂ | ၁၁/၂ | ပြောင်းလဲမှု | ၅/၂ | ၁၁/၂ | ပြောင်းလဲမှု | ၅/၂ | ၁၁/၂ | ပြောင်းလဲမှု | ၅/၂ | ၁၁/၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | - | ၂၅၆၄ | - | ၂၅၀၀ | ၂၄၁၇ | ▼ | ၂၅၀၀ | ၂၄၀၀ | ▼ | ၂၅၅၀ | ၂၅၅၀ | ■ |
| ၂ | ပဲစင်းငုံ | ၂၁၈၂ | ၂၂၅၀ | ▲ | ၂၁၃၃ | - | - | - | ၂၂၁၀ | - | ၂၁၅၀ | ၂၂၀၀ | ▲ |
| ၃ | ပဲတီစိမ်း | ၁၅၅၀ | ၁၆၃၀ | ▲ | ၁၈၃၁ | - | | - | ၁၇၃၇ | - | ၁၇၄၀ | ၁၇၄၀ | ■ |
| ၄ | ကုလားပဲရိုးရိုး | ၂၃၀၀ | ၂၃၀၀ | ■ | - | - | - | - | - | - | ၁၇၄၀ | ၁၇၄၀ | ■ |
| ၅ | ပဲလွန်းဖြူ | ၁၂၁၅ | ၁၂၀၀ | ▼ | - | ၁၃၀၀ | - | - | - | - | ၁၁၆၀ | ၁၀၅၀ | ▼ |
| ၆ | ထောပတ်ပဲ | ၆၉၅ | ၆၉၅ | ■ | ၁၂၉၈ | ၁၃၅၁ | ▲ | ၉၂၁ | ၈၄၂ | ▼ | ၆၃၀ | ၆၃၀ | ■ |

* မှတ်ချက်။ ဖော်ပြပါဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။

## ရန်ကုန် FOB နဲ့ အိန္ဒိယဈေးကွက် ပဲမျိုးစုံဈေးနှုန်း အပြောင်းအလဲ

၁၁-၂-၂၀၁၆ ဒေါ်လာ/တန်

| | ပဲအမျိုးအမည် | ရန်ကုန် FOB | | | အိန္ဒိယ | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | | မွမ်ဘိုင်း | | | ဒေလီ | | |
| | | ၄/၂ | ၁၀/၂ | ပြောင်းလဲမှု | ၄/၂ | ၁၀/၂ | ပြောင်းလဲမှု | ၄/၂ | ၁၀/၂ | ပြောင်းလဲမှု |
| ၁ | မတ်ပဲ | ၁၃၃၀ | ၁၂၅၀ | ▼ | ၁၅၁၉ | ၁၅၁၈ | ▼ | ၁၃၂၇ | ၁၄၀၀ | ▲ |
| ၂ | ပဲစင်းငုံ | ၁၁၂၀ | ၁၁၂၀ | ■ | ၁၁၃၆ | ၁၁၇၁ | ▲ | ၁၁၂၁ | ၁၁၆၄ | ▲ |
| ၃ | ပဲတီရွှေဝါ | ၈၅၀ | ၈၅၀ | ■ | ၉၀၀ | ၉၂၈ | ▲ | ၉၅၉ | ၁၀၁၇ | ▲ |
| ၄ | ကုလားပဲဖြူလုံးကြီး | ၇၀၀ | ၇၀၀ | ■ | ၆၁၂ | ၆၅၆ | ▲ | ၆၃၄ | ၆၈၅ | ▲ |

* မှတ်ချက်။ ရန်ကုန် FOB ဈေးနှုန်းများမှာ အနိမ့်ဈေးများသာဖြစ်ပါသည်။
ဒေလီဈေးကွက်မှ ဈေးနှုန်းများမှာ အိန္ဒိယပြည်တွင်းပဲတီစိမ်းနှင့် မြန်မာမတ်ပဲ SQ ပေါက်ဈေးများဖြစ်ပါသည်။

## အပတ်စဉ် ပဲမျိုးစုံတင်ပို့မှု FOB အရောင်းအဝယ်ဖြစ်မှု အခြေအနေ

ရေတွက်ပုံ-တန်ချိန်

| ပဲအမျိုးအစား | ပြည်ပတင်ပို့မှု | | ပြည်ပတင်ပို့မှု |
|---|---|---|---|
| | ယခင်တစ်ပတ် | ယခုတစ်ပတ် | (၁၊၁၊၁၆) မှ |
| | (၃၀၊၁၊၁၆)ထိ | (၆၊၂၊၁၆)ထိ | (၆၊၂၊၁၆) ထိ |
| မတ်ပဲ | ၃၆၁၀ | ၂၈၄၈ | ၁၂၃၆၈ |
| ပဲတီစိမ်း | ၅၀၇၇ | ၄၄၇၄ | ၂၇၀၇၀ |
| ပဲစင်းငုံ | ၈၄၉၅ | ၁၀၁၈၇ | ၃၉၉၉၅ |
| ကုလားပဲ | ၁၁ | ၂ | ၅၅ |
| ပဲလွန်းဖြူ | ၁၂၁ | ၂၂၂ | ၆၉၂ |
| မြေထောက်ပဲ | ၁၂၀ | ၄၀ | ၃၂၆ |

## ယင်းမာပင်မြို့နယ်မှာ ပဲစင်းငုံ (ရွှေဖလား)မျိုး စမ်းသပ်စိုက်ပျိုးပြီး ဈေးကောင်းရနေ

ယင်းမာပင်မြို့နယ်ဟာ ပဲစင်းငုံကို နှမ်းနဲ့လည်းကောင်း၊ ပဲတီစိမ်းနှင့်လည်းကောင်း သီးညှပ်အဖြစ် စိုက်ပျိုးလျက်ရှိကာ နှစ်စဉ်ဧက သုံးသောင်းကျော် စိုက်ပျိုးထုတ်လုပ်လျက်ရှိပါတယ်။ ကဆုန်- နယုန်လောက်က စိုက်ပျိုးခဲ့ပြီး ပြာသို- တပို့တွဲမှာ သီးနှံပေါ်ပါတယ်။ ပြဟ္မဒတ်အုပ်စုအုပ်ချုပ်ရေးမှူးက "ဒီမှာက ပဲစင်းငုံကို တချို့လည်း စိုက်ပြီးကြပြီ၊ တချို့တစ်ဝက်ပဲ ကျန်သေးတယ်။ ကျွန်တော်ကတော့ အရင်စိုက်ပျိုးခဲ့တဲ့ မျိုးတွေအစား " ရွှေဖလား" မျိုးကို မနှစ်ကပြောင်းစိုက်ခဲ့တယ်။ မျိုးကဝယ်ရတာမဟုတ်ပါဘူး။ တစ်ပြည်ယူ တစ်ပြည်ခွဲပြန်ပေးနဲ့ စိုက်ပျိုးရေးကရခဲ့တာပါ။ စမ်းသပ်စိုက်ကြည့်တဲ့ နေရာမှာ အရင်မျိုးတွေက အပွင့်ပွင့်တဲ့ အချိန်မှာတချို့က ပိုးဝင်ပြီး အပွင့်တွေ ထွေးကုန်တာတွေ့ရတယ်။ မနှစ်က မိုးလေး မဆိုသလောက်ရွာခဲ့တယ်။ အဲဒီမှာလည်း အသီးတောင့်မှာ ပိုးဝင်တာ လေးတွေ တွေ့ရတယ်၊ " ရွှေဖလား" မျိုးကတော့ ဒီလိုမဖြစ်ခဲ့ဘူး။ ရာသီဥတု ဒဏ်ခံနိုင်တယ်၊ နောက်ကျမှ စိုက်ပေမယ့် အရင်ရိတ်ရတယ်။ တခြားမျိုးနဲ့စာရင် သက်တမ်းတိုတယ်၊ မြေဆီ၊ မြေဩဇာလည်း ဘာမှကိုထည့်စရာ မလိုတာ၊ ဒီနှစ်ဆိုရင် တစ်လလောက်စောရိတ်ခဲ့ရတဲ့အတွက် ဈေးကောင်းမိခဲ့တယ်။ တစ်တင်းကို ဈေး ၅၀၆၀၀ ကျပ်ရခဲ့တယ်။

အခုဆိုရင် ပေါက်ဈေးက ၄၆၀၀၀ ကျပ်ပဲရှိတော့တာ။ အထွက်တင်းရေ ၂၀ ကျော်ရတယ်၊ ပဲစင်းငုံတစ်ခုတည်းတင် ကျပ် ၁၀ သိန်းလောက်ရတယ်။ ကျွန်တော်ကတော့ ဒီမျိုးကို ကြိုက်သွားပြီ၊ ဒါကြောင့် တခြားသူတွေ စိုက်ပျိုးလာအောင်လည်း စည်းရုံးဆောင်ရွက်နေပါတယ်။ နောင်နှစ်တွေမှာဆို နှမ်းတို့ ပဲတီစိမ်းတို့နဲ့ မဟုတ်တော့ဘဲ ငွေးငယ်နက်စေ့နဲ့ ရောပြီး စိုက်ဖို့စီစဉ်နေပါတယ်။ ငွေးငယ်နက်စေ့ကလည်း ဈေးကောင်းနေတယ်။ သူကလည်းသက်တမ်း ၈-၉ လလောက်ကြာတာဆိုတော့ တစ်ပြိုင်နက်တည်းလောက်မှာ သီးနှံ နှစ်မျိုးစလုံးပေါ်မယ်။ ငွေစုမိမယ်ပေါ့ဗျာ" လို့ ပြောပါတယ်။

**စွမ်းရည်-ယင်းမာပင်**

# ဖေဖော်ဝါရီလ ဒုတိယသီတင်းပတ် မန်းကုန်စည်ဒိုင်မှာ အရောင်းအဝယ်ဖြစ်တဲ့ သီးနှံများရဲ့ ဈေးနှုန်းနဲ့ ဈေးကွက်

ဖေဖော်ဝါရီလ ဒုတိယသီတင်းပတ် မန္တလေးကုန်စည်ဒိုင် (ပွဲစား၊ ကုန်သည်၊ စက်ပိုင်များ မဟာကထိန်တော်အသင်း)မှာ အရောင်းအဝယ်ဖြစ်တဲ့ လယ်ယာထွက်ကုန်သီးနှံများဖြစ် ပဲမျိုးစုံ၊ ပြောင်းမျိုးစုံ၊ နှမ်းရောင်စုံ နဲ့ မြေပဲဆန် တို့ရဲ့ အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းများနဲ့ အရောင်းအဝယ်ဖြစ်မှု ပမာဏများကို ယခင်လ ကာလတူမှာ အရောင်းအဝယ်ဖြစ်တဲ့ သီးနှံများရဲ့ ဈေးနှုန်းများကို နှိုင်းယှဉ်ပါက-

**တစ်ပိဿာ-ကျပ်**

| သီးနှံအမည် | ၉. ၁. ၂၀၁၆ | | ၉. ၂. ၂၀၁၆ | |
|---|---|---|---|---|
| | နိမ့် | မြင့် | နိမ့် | မြင့် |
| ပဲတီစိမ်းကြီး | ၁၈၃၁ | ၁၉၅၆ | ၁၈၃၀ | ၁၈၆၇ |
| ပဲတီစိမ်းရွှေဝါ | - | ၂၁၃၃ | ၂၀၆၂ | ၂၁၃၃ |
| ပဲလွန်းဖြူ | ၁၃၆၇ | ၁၄၆၇ | ၁၃၅၀ | ၁၃၆၇ |
| ပဲကြီး | ၁၆၂၉ | ၁၇၁၉ | ၁၇၁၉ | ၁၈၁၀ |
| ပဲနီပြား | ၁၁၇၆ | ၁၃၇၆ | ၁၇၉၂ | ၁၈၁၀ |
| ပဲပုပ်(ရှမ်း) | ၉၀၁ | ၁၀၁၄ | ၉၃၉ | ၁၀၃၃ |
| ပဲပုပ် (ဗမာ) | ၉၂၀ | ၉၃၉ | ၉၂၀ | ၉၃၀ |
| ပဲယင်း | ၈၆၇ | ၈၈၃ | ၈၆၇ | ၈၈၃ |
| ထောပတ်ပဲ | ၉၂၄ | ၉၇၈ | ၁၂၈၀ | ၁၄၂၂ |
| နိုင်လွန်ပဲ | - | - | ၁၂၆၆ | ၁၃၁၆ |
| မတ်ပဲ | - | ၃၀၀၀ | - | ၂၃၈၃ |
| ပဲစင်းငုံနီ | - | ၂၅၀၀ | - | ၂၁၃၃ |
| ကုလားပဲဖြူကြီး | - | ၂၃၀၆ | - | ၁၅၉၀ |
| ကုလားပဲထိုင်ဝမ် | ၂၁၁၆ | ၂၁၃၃ | - | ၁၆၈၉ |
| ပြောင်းဖူးစေ့ (ရှမ်း) | - | ၄၀၇ | - | ၄၄၄ |
| ပြောင်းဖူးစေ့ (ဗမာ) | - | ၃၉၈ | - | ၄၃၅ |
| ပြောင်းဖူးစေ့ (စီပီ) | ၄၀၇ | ၄၁၇ | ၄၅၄ | ၄၅၉ |
| အထွက်တိုးပြောင်း | ၅၀၉ | ၅၁၉ | ၅၂၈ | ၅၄၇ |
| ဆန်ပြောင်း | ၄၇၃ | ၄၈၁ | - | ၅၃၂ |
| နှမ်းဖြူ | ၁၈၆၇ | ၁၉၇၈ | ၂၁၁၁ | ၂၁၃၃ |
| နှမ်းညို | ၁၆၂၂ | ၁၇၇၈ | ၁၇၇၈ | ၁၈၈၉ |
| နှမ်းနက် | ၂၅၅၆ | ၃၄၄၄ | ၂၅၅၆ | ၃၄၄၄ |
| နှမ်းနက်(စမုံ) | ၃၆၆၇ | ၃၇၇၈ | ၃၈၈၉ | ၄၂၂၂ |
| ပန်းနှမ်း | - | ၁၆၀၀ | ၁၉၃၃ | ၁၉၅၆ |
| မြေပဲဆန် ( S1လုံးဆန်) | ၂၅၅၀ | ၂၆၅၀ | ၂၅၀၀ | ၂၆၀၀ |



ဖေဖော်ဝါရီလ ဒုတိယသီတင်းပတ်မှာ ပဲတီစိမ်းကြီး တစ်ပိဿာ ၁၈၆၇ ကျပ် (တစ်တန် ၁၁၄၃၃၃၂ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလတူဈေးနှုန်းအောက် တစ်ပိဿာ ၈၉ ကျပ်(တစ်တန် ၅၄၅၀၃ ကျပ်)နဲ့ဈေးအေးသွားပေမယ့် နေ့စဉ် သုံးတင်းအိတ် ၁၅၀၀ ခန့်၊ ပဲတီစိမ်းရွှေဝါ တစ်ပိဿာ ၂၁၃၃ ကျပ် (တစ်တန် ၁၃၀၆၂၂၈ ကျပ်)နဲ့ ယခင်လ ကာလတူ ဈေးနှုန်းတူအရောင်းအဝယ်ဖြစ်လို့ နေ့စဉ် သုံးတင်းအိတ် ၅၀၀ ခန့်၊ ပဲလွန်းဖြူ တစ်ပိဿာ ၁၃၆၇ ကျပ် (တစ်တန် ၈၃၇၁၃၇ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းအောက် တစ်ပိဿာ ၁၀၀ ကျပ် (တစ်တန် ၆၁၂၃၉ ကျပ်) ဈေးအေးသွားလို့ နေ့စဉ် သုံးတင်းအိတ် ၂၀၀ ကျော်၊ ပဲကြီးတစ်ပိဿာ ၁၈၁၀ ကျပ် (တစ်တန် ၁၁၀၈၄၂၆ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလတူဈေးနှုန်းအထက် တစ်ပိဿာ ၉၁ ကျပ်(တစ်တန် ၅၅၇၂၇ ကျပ်)ဈေးမာပြီး နေ့စဉ် သုံးတင်းအိတ် ၅၀၀ ကျော်၊ ပဲနီပြား တစ်ပိဿာ ၁၈၁၀ ကျပ် (တစ်တန် ၁၁၀၈၄၂၆ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလတူဈေးနှုန်းအထက် တစ်ပိဿာ ၄၃၄ ကျပ် (တစ်တန် ၂၆၅၇၇၇ ကျပ်)ဈေးမာလျက် နေ့စဉ် သုံးတင်းအိတ် ၅၀၀ ခန့်၊ ပဲပုပ် (ရှမ်း) တစ်ပိဿာ ၁၀၃၃ ကျပ် (တစ်တန် ၆၃၂၅၉၉ ကျပ်)၊ ပဲပုပ် (ဗမာ) တစ်ပိဿာ ၉၃၀ ကျပ် (တစ်တန် ၅၆၉၅၂၃ ကျပ်)နဲ့ ပဲပုပ် နှစ်မျိုးပေါင်း နေ့စဉ် သုံးတင်း အိတ် ၄၀၀ ကျော်၊ ပဲယင်း တစ်ပိဿာ ၈၈၃ ကျပ် (တစ်တန် ၅၄၀၇၄၀ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၂၅၀ ခန့်၊ ထောပတ်ပဲ တစ်ပိဿာ ၁၄၂၂ ကျပ် (တစ်တန် ၈၇၀၈၁၉ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလတူဈေးနှုန်း အထက် တစ်ပိဿာ ၄၄၄ ကျပ် (တစ်တန် ၂၇၁၉၀၁ ကျပ်) ဈေးမာဖြင့် နေ့စဉ်သုံးတင်းအိတ် ၃၀၀ ကျော်၊ နိုင်လွန်ပဲ တစ်ပိဿာ ၁၃၁၆ ကျပ် (တစ်တန် ၈၀၅၉၀၅ ကျပ်)နဲ့ နေ့စဉ် သုံးတင်းအိတ် ၁၀၀ ကျော်၊ မတ်ပဲ တစ်ပိဿာ ၂၃၈၃ ကျပ် (တစ်တန် ၁၄၅၉၃၂၅ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်ပေမယ့် ယခင်လ ကာလတူဈေးအောက် တစ်ပိဿာ ၆၁၇ ကျပ် (တစ်တန် ၃၇၇၈၄၅ ကျပ်)နဲ့ဈေးအေးသွားလို့ နေ့စဉ်သုံးတင်းအိတ် ၇၀၀ ခန့်၊ ပဲစင်းငုံနီ တစ်ပိဿာ ၂၁၃၃ ကျပ် (တစ်တန် ၁၃၀၆၂၂၈ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလတူဈေးနှုန်းအောက် တစ်ပိဿာ ၃၆၇ ကျပ် (တစ်တန် ၂၂၄၇၄၇ ကျပ်)ဈေးအေးသွားပေမယ့် နေ့စဉ် သုံးတင်းအိတ် ၁၀၀၀ ခန့်၊ ကုလားပဲဖြူကြီး တစ်ပိဿာ ၁၅၉၀ ကျပ်(တစ်တန် ၉၇၃၇၀၀ ကျပ်)၊ ကုလားပဲထိုင်ဝမ် တစ်ပိဿာ ၁၆၈၉ ကျပ် (တစ်တန် ၁၀၃၄၃၂၇ ကျပ်)နဲ့ နေ့စဉ် ကုလားပဲ နှစ်မျိုးပေါင်း သုံးတင်းအိတ် ၆၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ယခုတစ်ပတ် ပြောင်းဖူးစေ့များရဲ့ ဈေးနှုန်းများမှာ ပြောင်းဖူးစေ့ (ရှမ်း) တစ်ပိဿာ ၄၄၄ ကျပ် (တစ်တန် ၂၇၁၉၀၁ ကျပ်)၊ ပြောင်းဖူးစေ့ (ဗမာ) တစ်ပိဿာ ၄၃၅ ကျပ် (တစ်တန် ၂၆၆၃၉၀ ကျပ်)၊ ပြောင်းဖူးစေ့ (စီပီ) တစ်ပိဿာ ၄၅၉ ကျပ် (တစ်တန် ၂၈၁၀၈၇ ကျပ်)၊ အထွက်တိုးပြောင်း တစ်ပိဿာ ၅၄၇ ကျပ် (တစ်တန် ၃၃၄၉၇၇ ကျပ်)၊ ဆန်ပြောင်း တစ်ပိဿာ ၅၃၂ ကျပ် (တစ်တန် ၃၂၅၇၉၁ ကျပ်)နဲ့ အဆိုပါ ပြောင်းဖူးစေ့ ၅ မျိုး နေ့စဉ် သုံးတင်းအိတ် ၁၅၀၀ ခန့်၊ အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ဆီထွက်သီးနှံများဖြစ်တဲ့ နှမ်းမျိုးစုံနဲ့ မြေပဲရဲ့ ယခုသီတင်းပတ်အရောင်းအဝယ်ဖြစ်တဲ့ ဈေးနှုန်းများမှာ နှမ်းဖြူ တစ်ပိဿာ ၂၁၃၃ ကျပ် (တစ်တန် ၁၃၀၆၂၂၈ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလတူဈေးနှုန်းအထက် တစ်ပိဿာ ၁၅၅ ကျပ် (တစ်တန် ၉၄၉၂၀ ကျပ်)၊ နှမ်းညို တစ်ပိဿာ ၁၈၈၉ ကျပ် (တစ်တန် ၁၁၅၆၈၀၅ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလတူဈေးနှုန်းအထက် တစ်ပိဿာ ၁၁၁ ကျပ် (တစ်တန် ၆၇၉၇၅ ကျပ်)၊ နှမ်းနက် တစ်ပိဿာ ၃၄၄၄ ကျပ် (တစ်တန် ၂၁၀၉၀၇၁ ကျပ်)၊ နှမ်းနက် (စမုံ) တစ်ပိဿာ ၄၂၂၂ ကျပ် (တစ်တန် ၂၅၈၅၅၁၁ ကျပ်) နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လကာလတူဈေးနှုန်းအထက် တစ်ပိဿာ ၄၄၄ ကျပ် (တစ်တန် ၂၇၁၉၀၁ ကျပ်)၊ ပန်းနှမ်း တစ်ပိဿာ ၁၉၅၆ ကျပ် (တစ်တန် ၁၁၉၇၈၃၅ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်ကာလတူဈေးနှုန်းအထက် တစ်ပိဿာ ၃၅၆ ကျပ် (တစ်တန် ၂၁၈၀၁၁ ကျပ်) ဈေးမာနဲ့ အရောင်းအဝယ်ဖြစ်တဲ့အတွက် နှမ်းရောင်စုံ ၅ မျိုး နေ့စဉ်သုံးတင်းအိတ် ၂၀၀၀ ကျော် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ မြေပဲဆန် (S1 လုံးဆန်) တစ်ပိဿာ ၂၆၀၀ ကျပ် (တစ်တန် ၁၅၉၂၂၁၄ ကျပ်)နဲ့ အရောင်းအဝယ်ဖြစ်လို့ ယခင်လ ကာလတူဈေးနှုန်းအောက် တစ်ပိဿာ ၅၀ ကျပ် (တစ်တန် ၃၀၆၂၀ ကျပ်) ဈေးအေးသွားပေမယ့် နေ့စဉ် သုံးတင်းအိတ် ၃၅၀၀ ကျော် အရောင်းအဝယ်ဖြစ်ကြောင်း သိရပါတယ်။

ဒီတစ်ပတ်မှာ မြေပဲဆန်အရောင်းအဝယ်သွက်သလို ငုံနီ၊ မတ်ပဲ၊ ပဲတီစိမ်း၊ နှမ်းရောင်စုံနဲ့ ပြောင်းမျိုးစုံ အဝင်ရှိသလောက် အရောင်းအဝယ်ဖြစ်ကြောင်း၊ ကျန်ပဲမျိုးစုံများမှာ ပုံမှန် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း ကုန်သည်လှောင်လက်ကြီးတစ်ဦးထံမှ သိရပါတယ်။

**စိုးအောင်-မန္တလေး**

# ဖေဖော်ဝါရီလလယ် ပြည်ပဲမျိုးစုံဈေးကွက်မှာ ပဲဈေးအားလုံးလိုလို ဈေးလျော့နည်း အရောင်းအဝယ်ဖြစ်ခဲ့

ပဲခူးတိုင်းဒေသကြီး၊ ပြည်ပဲမျိုးစုံဈေးကွက်မှာ ဖေဖော်ဝါရီလအတွင်း ပဲဈေးများ လဆန်းရက်ကထက် ဈေးလျော့ အရောင်းအဝယ်ဖြစ်နေခဲ့ပါတယ်။ပြည်ပဝယ်လက်ပဲရော၊ ပြည်တွင်းအဝယ်သွက်တဲ့ပဲများပါ ဈေးပြန်လျော့ခဲ့တယ်လို့သိရပါတယ်။ မတ်ပဲသစ်များ ဝင်ရောက်လာသော်လည်း ပဲထွက်ရှိမှုနည်းနေသေးတဲ့အတွက် ပန်းတောင်း၊ ပေါင်းတလည်၊ ပေါက်ခေါင်းမြို့နယ်များမှ အိတ်အနည်းငယ်စီ ဝင်ရောက်ခဲ့ပါတယ်။ ဒါကြောင့် အရောင်းအဝယ် သိပ်မရှိသေးဘဲ ပဲဈေးနှုန်းကတော့ တစ်တင်း ၄၈၀၀၀ ကျပ်ခန့်သာရရှိနေခဲ့ပါတယ်။ ဖေဖော်ဝါရီလကုန်ခန့်မှာတော့ ပဲသစ်များ အများအပြားဝင်ရောက်နိုင်တယ်လို့သိရပါတယ်။ ယခင်နှစ်မတ်ပဲရဲ့ ပဲသစ်ဈေးမှာ တစ်တင်း ၂၆၉၀၀ ကျပ်ခန့်သာရရှိပြီး ဈေးအေးခဲ့ပေမယ့် ယခုနှစ်ကတော့ ပဲသစ်မဝင်ခင်အချိန်အထိ မတ်ပဲဈေးနှုန်းများ ဈေးမြင့်တက်ခဲ့တာကိုတွေ့ရပါတယ်။ မျိုးပဲချိန်တုန်းကလည်း မျိုးပဲဈေးနှုန်းများ အဆမတန် မြင့်တက်ခဲ့လို့ ပဲစိုက်ပျိုးသူတောင်သူများ စိုက်ပျိုးစရိတ်များ ပိုမိုကုန်ကျခဲ့တဲ့အတွက် ယခုနှစ် ပဲပေါ်ချိန်ပဲဈေးမှာ ယခုဈေးအောက် ဆက်မကျပါမှ အကျိုးအမြတ်ပိုနိုင်မယ်လို့လည်း သိရှိရပါတယ်။

ပဲတီစိမ်းသီးနှံကတော့ အထွက်ညီခဲ့လို့ ပြည်အနီးတစ်ဝိုက်နယ်စုံမှ နေ့စဉ် ဝင်ရောက်လျက်ရှိတာကြောင့် အိတ် ၁၅၀ ကျော်၊ ၂၀၀ ခန့်အထိ ဝင်ရောက်ခဲ့ပြီး မန္တလေးလိုင်းသမားပုံမှန်အဝယ်ရှိခဲ့ပါတယ်။ ပဲဈေးနှုန်းမှာ တစ်တင်း ၃၇၀၀၀ ကျပ်မှ ၃၆၀၀၀ ကျပ်ခန့် ဈေး အနည်းငယ် လျော့သွားခဲ့ပါတယ်။ ယခင်နှစ်ကလည်း ပဲတီစိမ်းဈေးမှာ တစ်တင်း ကျပ်သုံးသောင်းကျော်ရရှိနေခဲ့ပြီး ဇန်နဝါရီလအတွင်းကသာ အမြောက်အများ ရောင်းချခဲ့ကြရကာ ဖေဖော်ဝါရီလတွင်တော့ ပဲလက်ကျန်လောက်သာရှိတော့လို့ အရောင်းအဝယ်ပမာဏလည်း အနည်းငယ်သာရှိခဲ့ပေမယ့် ယခုနှစ်မှာတော့ ဖေဖော်ဝါရီလလယ်အထိ ပဲအဝင်ဆက်ရှိနေကာ နေ့စဉ်အရောင်းအဝယ် ဖြစ်လျက်ရှိခဲ့သလို ပဲဈေးမှာ ယခင်နှစ်ကဈေးထက်တော့ တစ်တင်းကျပ်ငါးထောင်ကျော်၊ ခြောက်ထောင် ခန့်ပိုလာကြောင်း သိရှိရပါတယ်။

ပဲစင်းငုံသီးနှံမှာ ပဲဈေးကွက်အတွင်း ယခုလလယ်တွင် အရောင်းအဝယ်အသွက်ဆုံး ဖြစ်ခဲ့တာကြောင့် တစ်ရက် အိတ် ၁၀၀၀ ကျော်၊ ၁၅၀၀ ခန့်အထိဝင်ရောက်နေသလိုရန်ကုန်ဝယ်လက်မှလည်း ဝယ်လိုအားကောင်းနေခဲ့လို့ အဝင်ရှိလာသမျှ ပဲအားလုံးတင်ပို့နေရကြောင်း သိရပါတယ်။ ပဲဈေးနှုန်းအနေဖြင့် တစ်တင်း ၄၄၀၀၀ ကျပ်ခန့်ရရှိပြီး ယခင်ရက်ကထက် ဈေးအနည်းငယ် လျော့နည်းသွားခဲ့ပါတယ်။ ပဲစင်းငုံသီးနှံမှာ အရောင်းအဝယ်အသွက်ဆုံး ဖြစ်ပေမယ့် ပြည်ပဝယ်လက်ပဲထဲမှာ ဈေးနှုန်းအရတော့ မတ်ပဲဈေးထက် ဈေးလျော့နည်းကာ ပဲတီစိမ်းဈေးထက် ဈေးပိုရနေခဲ့ပါတယ်။

ကုလားပဲသီးနှံမှာ ပဲသစ်များ ဝင်ရောက်လာသော်လည်း ထွက်ရှိမှုနည်းသေးတဲ့အတွက် အိတ်အနည်းငယ်သာဝင်ရောက်မှုရှိပြီး ပဲဈေးမှာတစ်တင်း ၃၄၀၀၀ ကျပ် ရရှိနေခဲ့ပါတယ်။ လက်ကျန်ပဲများကတော့ ခွဲစက်သမားနေ့စဉ်အဝယ်ရှိခဲ့တယ်လို့သိရပါတယ်။ ကုလားပဲသီးနှံရဲ့ ယခင်နှစ်က ပဲသစ်ပေါ်ချိန်ဈေးမှာ တစ်တင်းကျပ် ၁၇၀၀၀ ခန့်သာရရှိခဲ့တဲ့အတွက် ယခုနှစ်ကတော့ ယခင်နှစ်ဈေးရဲ့ နှစ်ဆခန့်အထိ ရရှိနေခဲ့တာကြောင့် ပဲအထွက်လှိုင်လာချိန်မှာလည်း ဈေးကောင်းဆက်ရနေနိုင်ကြောင်း ခန့်မှန်းနေကြပါတယ်။ ပဲကြီးသီးနှံနှစ်မျိုးစလုံး အနေဖြင့် ပဲသစ်အနည်းငယ် ဝင်ရောက်လာပြီ ဖြစ်ပြီး လက်ကျန်ပဲဟောင်းများသာ အဓိက အရောင်းအဝယ်ဖြစ်လျက်ရှိကာ ပဲဈေးနှုန်းမှာ လဆန်းရက်ကအတိုင်း (ရွှေကျွန်း) တစ်တင်း ၃၆၀၀၀ ကျပ်၊ (ကမ်းနား) တစ်တင်း ၃၃၀၀၀ ကျပ်နဲ့ ဈေးငြိမ်နေခဲ့ကြောင်း သိရပါတယ်။ ဒါကြောင့် ဖေဖော်ဝါရီလလယ်မှာ ပဲဈေးကွက်အတွင်း ပြည်ပဝယ်လက်ပဲရော၊ ပြည်တွင်းဝယ်လက်ပဲများပါ ဈေးအနည်းငယ်စီလျော့နည်းပြီး ပဲကြီးသီးနှံသာ ဈေးငြိမ်အရောင်း အဝယ်ဖြစ်ခဲ့ကြောင်း လေ့လာသိရှိရပါတယ်။

**ခင်ဆွေဝင်း-ပြည်**

## ကျောက်ဆည်ခရိုင်မှ ပဲတီစိမ်းစိုက်တောင်သူတို့ အထွက်တိုးပြီး ဈေးကောင်းရ

ကျောက်ဆည်ခရိုင်အနေဖြင့် ပဲတီစိမ်း (ဆောင်း)ကို ၁၅၇၀၃ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်း (ဆောင်း)ကို အောက်တိုဘာလတွင် စတင်စိုက်ပျိုးကြကြောင်း၊ ပဲတီစိမ်းမျိုးအနေဖြင့် ကျောက်စိမ်းမျိုး၊ ရေဆင်း -၁၁ မျိုးများကိုသာ အများဆုံးစိုက်ပျိုးကြပါတယ်။ ယခုအချိန်တွင် ပဲတီစိမ်း(ဆောင်း) များ စတင်ရိတ်သိမ်း နေပြီဖြစ်ရာ ကျောက်ဆည်ခရိုင်အနေဖြင့် ပဲတီစိမ်း (ဆောင်း) ကို ၆၇၈၇ ဧက ရိတ်သိမ်းနိုင်ခဲ့ပြီး၊ အထွက်နှုန်းအနေဖြင့် ၁၄ ဒသမ ၅၇ တင်း၊ အထွက်စုစုပေါင်း ၉၈၈၉၆ တင်းထွက်ရှိကြောင်း သိရပါတယ်။

ပဲတီစိမ်းစိုက်ပျိုးရာမှာ ပဲတီစိမ်း တစ်ဧကကို ကုန်ကျစရိတ် ၁၈၀၀၀၀ ကျပ်ဝန်းကျင်ခန့်ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ယခုနှစ်တွင် ၁၀ တင်း၊ ၁၂ တင်းဝန်းကျင်ထွက်ရှိခဲ့ပါတယ်။ ပဲတီစိမ်းဈေးနှုန်းမှာအနေဖြင့် ယခင်နှစ်က ပဲတီ စိမ်းတစ်တင်းကို ၃၂၀၀၀ ကျပ်၊ ယခုနှစ်တွင် ၃၂၅၀၀ ကျပ်ဈေးနှုန်းများဖြစ်သောကြောင့် ယခုနှစ်တွင် ယခင်နှစ်ကထက် အထွက်နှုန်းပိုမိုကောင်းမွန်ပြီး ဈေးနှုန်းအနည်းငယ် မြင့်တက်သောကြောင့် တစ်ဧကအကျိုးအမြတ်အနေဖြင့် ၂၀၀၀၀၀ ကျပ်ဝန်းကျင်ရရှိကြောင်း၊ ပဲတီစိမ်းစိုက်ပျိုးသော ငယ်တိုးကျေးရွာမှ တောင်သူ ဦးမြင့်မောင်က ဆိုပါတယ်။

**နှင်းလဲ့လဲ့-ကျောက်ဆည်**

## ကြိုပွိုင့်ဝယ်လက် ရင်ခုန်ရတဲ့ ၂၀၁၆ ငုံနီ

ပြီးခဲ့တဲ့ ငုံနီစိုက်ပျိုးရာသီမှာ စိုက်ပြီး ၅ လ၊ ၆ လရှိလာတဲ့ ကာလအတွင်း ဒေသအတွင်း ကုန်သည်တွေထံ ငုံနီလက်ကျန်ပါးချိန်၊ ပြည်ပဝယ်လိုအားမြင့်မားလာနိုင်ဖွယ်ခန့်မှန်းမျှော်လင့်ချက်တွေနဲ့ ပဲဟောင်းတစ်တင်း ၅၂၀၀၀ ကျပ်အထိ အမြင့်ဆုံးပေါက်ဈေးဖြစ်ပေါ်ချိန်မှာ ရန်ကုန်အဝယ်တော်တွေ တစ်တင်း ၅၀၀၀၀ ကျပ်နဲ့ ကြိုပွိုင့်ဈေးကွက် စတင်ဖွင့်လှစ်ခဲ့တာ တွေ့ရပါတယ်။

ပဲအပ်နှံကာလ သတ်မှတ်ချက်နဲ့အတူ ၁၀ ရာခိုင်နှုန်းငွေကြိုပေးဝယ်တာမို့၊ အရောင်းအဝယ်ဂုဏ်သိက္ခာ ရှိတဲ့ ကုန်သည်တွေသာမက အရင်ကလို (မြတ်ရင်ပြုံး-ရှုံးရင်ပြေး) တတ်တဲ့ ပုဂ္ဂိုလ်တွေလည်း ပါဝင်လာနိုင်တယ်လို့ ဒိုင်ရပ်ကွက်က ဆိုပါတယ်။

ဒါပေမယ့် ငုံနီဈေးကွက်မှာ ၂၀၁၅ နိုဝင်ဘာထဲ ပဲသစ်စဝင်စဉ်က တစ်တင်း ၅၂၀၀၀ ကျပ်နဲ့ ဖွင့်ခဲ့ရာမှ တဖြည်းဖြည်း နေ့စဉ်နီးပါး ဈေးကျလာခဲ့ရာ ယခုတစ်ပတ်မှာ တစ်တင်း ၄၃၆၀၀ ကျပ်အထိ အနိမ့်ဆုံး ပေါက်ဈေး ဖြစ်ပေါ်ခဲ့တာ တွေ့ရပါတယ်။ ဈေးကျလာတာနဲ့အမျှ ရောင်းလိုအားပါကျဆင်းခဲ့ရာ တစ်ရက်အိတ် ၄၀၀၀ ခန့် သာဖြစ်ခဲ့တယ်လို့ ကုန်သည်တစ်ချို့က ဆိုပါတယ်။

လက်ရှိငုံနီဈေးကွက်အရ ကြိုရောင်းသမားတွေအခြေအနေကောင်းနေပေမယ့် ကြိုပွိုင့်ဝယ်လက်တွေ ရင်ခုန်နေရတဲ့ ၂၀၁၆ ငုံနီအဖြစ် အကဲခတ်တင်ပြလိုက်ရပါကြောင်း . . . ။

**ထွန်းလှိုင် - မုံရွာ**

## မုံရွာခရိုင် ကုလားပဲစိုက်ခင်းများ ထွက်ရှိမှု အလားအလာကောင်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်းသီးနှံအဖြစ် ကုလားပဲဧက ၄၂၉၀၀၀ ကျော်စိုက်ပျိုးထား ရှိပြီး၊ မျိုးအနေနဲ့ ရေဆင်း-၃ (ICCV-2)၊ ရေဆင်း-၆၊ ရေဆင်း-၈မျိုးများ စိုက်ပျိုးခဲ့ကြတယ်လို့ စိုက်ပျိုးရေးဦးစီးဌာနက ဆိုပါတယ်။ ဆောင်းသီးနှံကုလားပဲများ ဖြစ်ထွန်းမှုအခြေအနေကို တိုင်းအတွင်းကွင်းဆင်း လေ့လာလျက်ရှိရာ မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာန၊ ခရိုင်သီးနှံကာကွယ်ရေးဌာနမှ မုံရွာခရိုင်၊ မုံရွာမြို့နယ် လယ်ဇင်းကျေးရွာနဲ့ ချောင်းဦးမြို့နယ် အောင်ချမ်းသာကျေးရွာ ကုလားပဲစိုက်ခင်းများသို့သွားရောက်ပြီး တောင်သူများနဲ့ တွေ့ဆုံပညာပေးဆွေးနွေးခြင်း၊ စိုက်ကွင်းလေ့လာခြင်းတို့ ဆောင်ရွက်ခဲ့ကြ တယ်လို့သိရပါတယ်။

ထိုသို့ကွင်းဆင်းခဲ့ရာမှာ မုံရွာမြို့နယ် လယ်ဇင်းကျေးရွာမှတောင်သူဦးကျောက်ခဲ၊ ဦးနေလင်းနဲ့ဦးစိုးတင်တို့က ယခုနှစ်ကုလားပဲစိုက်ခင်းများတွင် ပိုးရောဂါကျရောက်မှု နည်းပါးသဖြင့် ယခင်နှစ်ထက် အထွက်နှုန်းထက်ပိုမှာဖြစ်လို့ တောင်သူတွေကျေနပ်နေကြောင်း ကွင်းဆင်းအဖွဲ့က ဆိုပါတယ်။ ထို့အတူ ချောင်းဦးမြို့နယ် အောင်ချမ်းသာကျေးရွာမှ တောင်သူ ဦးကျော်ငြိမ်း၊ ဦးသန်းအုန်းနဲ့ ဦးဖိုးသောင်းတို့နဲ့တွေ့ဆုံရာ ယခုနှစ်မှာ ဆောင်းသီးနှံများဖျက်ပိုး ကျရောက်မှုကင်းပြီး၊ ကုလားပဲသီးနှံပင်တို့မှာ သီးကိုင်းနဲ့ သီးလုံးများပြားသဖြင့် ယခင်နှစ်ကထက် အထွက်ပိုမယ်လို့ ပြောကြားကြောင်း သိရပါတယ်။ ထို့အတူ ဘုတလင်မြို့နယ်တွင် ယခုနှစ်ကုလားပဲဧက ၃၇၀၀၀ ကျော်စိုက်ပျိုးခဲ့ကြပြီး ယခင်နှစ်ကထက် အထွက်မလျော့နိုင်ကြောင်း မြို့နယ်တာဝန်ရှိသူတစ်ဦးကဆို ပါတယ်။

မုံရွာကုန်စည်ဒိုင် ပဲကုန်သည်များကလည်း ယခုနှစ် နောက်မိုးကောင်းမွန်ခဲ့လို့ အစိုဓာတ်ကောင်းမွန်ပြီး၊ မြစ်ရေဝင်ဒေသများမှာလည်း မြစ်ရေနှစ်ကြိမ်ဝင်ရောက်ခဲ့လို့ နုန်းတင်များတဲ့အတွက် ယခုနှစ်ကုလားပဲမှာ အရည် အသွေးကောင်းမွန်နိုင်သလို အထွက်နှုန်းကောင်းနိုင်တယ်လို့သိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## မုံရွာကုန်စည်ဒိုင် ဖေဖော်ဝါရီ ဒုတိယပတ် ပဲဈေးကွက်ဆောင်းပဲမျိုးစုံ ပုံမှန်အရောင်းအဝယ်သွက်

မုံရွာကုန်စည်ဒိုင် ဖေဖော်ဝါရီဒုတိယသီတင်းပတ် ပဲဈေးကွက်မှာ ပဲပေါ်ချိန်နောက်အကျဆုံးဖြစ်တဲ့ ကုလားပဲမျိုးစုံအပါအဝင် ဆောင်းပဲမျိုးစုံ အဝင်လှိုင်လာပြီး ပုံမှန်အရောင်းအဝယ်သွက်ခဲ့တယ်လို့ သိရပါတယ်။

ယခုတစ်ပတ်အတွင်း မုံရွာခရိုင်အတွင်းမှာ စိုက်ဧကအများဆုံးဆောင်းသီးနှံ ဖြစ်တဲ့ ကုလားပဲမျိုးစုံကို ဒိုင်ပတ်ဝန်းကျင်မြို့အစုံ၊ ရွာအစုံက အဝင်သွက်လာခဲ့ကာ ပေါက်ဈေးအားဖြင့် ကုလားပဲဖြူလုံးကြီး တစ်တင်း ၃၀၅၀၀ ကျပ်၊ 929 တစ်တင်း ၃၁၅၀၀ ကျပ်နဲ့ ထိုင်ဝမ်တစ်တင်း ၃၂၀၀၀ ကျပ် အထိအမြင့်ဆုံးဖြစ်ပေါ်ခဲ့ပြီး၊ ရန်ကုန်၊ မန္တလေးနဲ့ဒေသတွင်းဝယ်လက်စုံလို့ တစ်ရက်အိတ် ၇၀၀ မှ ၁၀၀၀ ကြား ဝင်လာသမျှ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ပွဲရုံရပ်ကွက်က ဆိုပါတယ်။

ယခုတစ်ပတ် ပဲတီစိမ်းဈေးကွက်မှာတော့ စိမ်းကြီးဟာ တစ်တင်း ၃၃၀၀၀ ကျပ်၊ ၃၀၀၀၀ ကျပ်နဲ့ ရောင်းလို အားရှိခဲ့ပေမယ့် ဝယ်လက်ပျောက်တဲ့နေ့မှာ ဈေးမဖွင့်နိုင်တဲ့အထိ ကြုံနေပါတယ်။ စိမ်းသေးကတော့ မန်းနဲ့ရန်ကုန် ပုံမှန်ဝယ်လက်ရှိခဲ့ပြီး၊ တစ်တင်း ၂၉၅၀၀ ကျပ်နဲ့တစ်ရက်အိတ် ၂၀၀၊ ၃၀၀ အရောင်းအဝယ် ဖြစ်ခဲ့တယ်လို့ သိရပါတယ်။ ယခုတစ်ပတ်မတ်ပဲဈေး ကွက်မှာ နယ်စုံကပဲပုံမှန်ဝင်ရောက်ခဲ့ပြီး၊ မတ်ပဲ (ကုန်း) အသစ် တစ်တင်း ၄၇၀၀၀ ကျပ်ဈေးဝန်းကျင် ပေါက်ဈေးအေးပေမယ့် တစ်ရက် အိတ် ၇၀၀ ခန့်အထိ အရောင်းအဝယ်သွက်ခဲ့တယ်လို့ ဆိုပါတယ်။

ပြည်တွင်းသုံးနဲ့ ဒေသတွင်းက ပဲလက်လီအဝယ်သာရှိခဲ့တဲ့ ပဲမျိုးစုံဈေးကွက်မှာလည်း ပဲအများစုဈေးအေးခဲ့ပေမယ့် ပုံမှန်အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဒိုင်ရပ်ကွက်က သိရပါတယ်။ ယခုတစ်ပတ်မှာ ပဲကြီးဈေး (အသစ်) ကုန်း ၂၁၀၀၀ ကျပ်နဲ့ (ရေ) ၁၉၀၀၀ ကျပ်ပေါက်ဈေးဖြစ်ခဲ့ပြီး တစ်ရက်အိတ် ၃၀၀ ခန့်၊ စွန်တာနီအသစ်တစ်တင်း ၁၆၂၀၀ ကျပ်၊ ပဲနီလုံးကြားတစ်တင်း ၁၈၂၀၀ ကျပ်တွေနဲ့ ဈေးအေးခဲ့ပေမယ့် နှစ်မျိုးပေါင်းတစ်ရက်အိတ် ၄၀၀ ခန့် အသီးသီးအရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ ဆိုပါတယ်။

အခြားပဲမျိုးစုံဈေးကွက်အနေနဲ့ ထောပတ်ပဲတစ်တင်း ၁၆၀၀၀ ကျပ်ဖြင့် လည်းကောင်း၊ လွန်းပြာတစ်တင်း ၂၆၅၀၀ ကျပ်ဖြင့်လည်းကောင်း၊ မြေထောက်ပဲအသစ်တစ်တင်း ၁၉၀၀၀ ကျပ်၊ ၁၄၀၀၀ ကျပ်ဖြင့်လည်းကောင်း၊ ပဲယင်းဝါ (အကြီး) တစ်တင်း ၁၅၈၀၀ ကျပ်ဖြင့် လည်းကောင်း၊ ပဲပုပ် (အညာ) တစ်တင်း ၁၅၀၀၀ ကျပ်ဖြင့်လည်းကောင်း ဈေးအေးခဲ့ကာ ပုံမှန်အရောင်းအဝယ်သွက်ခဲ့တယ်လို့ မုံရွာကုန်စည်ဒိုင်ရပ်ကွက်က သိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

## နနွင်း

### ဒီတစ်ပတ်နနွင်းတန်ချိန် ၁၆၀ ကျော်တင်ပို့

ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၆ ရက်သီတင်းပတ်အတွင်း နနွင်း၄၈၂ တန်ကို ပင်လယ်ရေလမ်းမှ တင်ပို့ခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ ဘင်္ဂလားဒေ့ရှ်ကို ၂၆၂ တန်၊ အိန္ဒိယနိုင်ငံသို့ တန်ချိန် ၁၃၀ နဲ့ မလေးရှားသို့ တန်ချိန် ၉၀ တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်က နနွင်းတန်ချိန် ၁၉၀ ကျော်တင်ပို့ခဲ့တာကြောင့် ဒီတစ်ပတ် တင်ပို့မှုနဲ့ယှဉ်ရင် ၂၅တန် တင်ပို့မှုလျော့ခဲ့တယ်လို့ သိရပါတယ်။ နနွင်းတစ်တန်ကို ပျမ်းမျှ ကန်ဒေါ်လာ ၇၀၀-၇၁၀ ဝန်းကျင်ရရှိခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ်နနွင်းတင်ပို့မှုမှ ကန်ဒေါ်လာ ၃၄၀၉၂၅ ဝင်ငွေရရှိခဲ့တယ်လို့ သိရပါတယ်။

**သီတာဝင်း (DOT)**

### ဟိုပုံးနနွင်းဈေးကွက် ဝယ်လက်စောင့်နေ

ဟိုပုံးနနွင်းကတော့ ဒီတစ်ပတ်မှာ ဝယ်လက်ကို စောင့်နေပါတယ်။ ရန်ကုန်ဝယ်လက်တွေကတော့ ဈေးမေးပြီး မဝယ်ကြသေးပါဘူး။ အရင်နှစ်တွေကတော့ ချင်းအရောင်းအဝယ်ကောင်းပေမယ့် ဒီနှစ်မှာ ချင်းက အရောင်းအဝယ်သိပ်မဖြစ်ဘဲ နနွင်းကတော့ အရောင်းအဝယ်ဖြစ်နေပါတယ်။ နှစ်စကတည်းက မူဆယ်ဝယ်လက်နားသွားသလို အခုတစ်ပတ်မှာလည်း တရုတ်နှစ်သစ်ကူးကြောင့် အရောင်းအဝယ်မဖြစ်ပါဘူး။ ဇန်နဝါရီလ နောက်ဆုံးပတ်မှာ ရန်ကုန်ဝယ်လက်တွေက တစ်ပိဿာ ၁၇၇၀ ကျပ်ဈေးနဲ့ ပိဿာချိန် ၇ သောင်းခန့် ဝယ်ယူ သွားပါတယ်။ ဒီတစ်ပတ်မှာ ကုန်သည်တွေက တစ်ပိဿာ ၁၈၅၀ ကျပ်ဈေးနဲ့ ရောင်းချင်လို့ ဈေးထပ်တိုးတောင်းပေမယ့် ဝယ်လက်တွေကဈေးကို မပေးသေးဘူးလို့ သိရပါတယ်။

အောင်ပန်းဈေးကွက်မှာလည်း ချင်းလိုပဲ နနွင်းက အရောင်းအဝယ် ပြန်အေးနေပါတယ်။ ဈေးကတော့ တစ်ပိဿာကို အနိမ့်ဆုံး ၁၆၀၀ ကျပ်မှ အမြင့်ဆုံး ၂၁၀၀ ကျပ်ဈေးရှိပါတယ်။

**ဧဒေခိုင်-တောင်ကြီး**

## မန်ကျည်း

### မန်ကျည်းပုံမှန် တင်ပို့နေ

ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၆ ရက်သီတင်းပတ်အတွင်း မန်ကျည်း ၁၆၈ တန်ကို ပင်လယ်ရေကြောင်းလမ်းမှ ပါကစ္စတန်နိုင်ငံသို့ ၇၂ တန်၊ စင်ကာပူသို့ ၂၅ တန်နဲ့ ဘင်္ဂလားဒေ့ရှ်သို့ ၇၁ တန် တင်ပို့ခဲ့တယ်လို့သိရပါတယ်။ ယခင်သီတင်းပတ်က မန်ကျည်းတန်ချိန် ၁၉၀ ကျော်အထိ တင်ပို့နိုင်ခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် ၂၅ တန်ကျော် အဝင်လျော့ခဲ့ တယ်လို့သိရပါတယ်။ မန်ကျည်းတင်ပို့မှုမှ ကန်ဒေါ်လာ ၂၇၈၀၀ ဝင်ငွေရရှိခဲ့ပါတယ်။

**သီတာဝင်း(DOT)**

## ချင်း

### အောင်ပန်းဈေးကွက်သို့ ချင်းအဝင်များပြီး အရောင်းအဝယ်ငြိမ်

ဒီတစ်ပတ်တော့ အောင်ပန်းဈေးကွက်မှာ ချင်းအဝင်များပေမယ့် အရောင်းအဝယ်ကတော့ ငြိမ်နေတယ်လို့ ဆိုပါတယ်။ တရုတ်နှစ်သစ်ကူးချိန်ကြောင့် အရောင်းအဝယ်က အတော်ပါးနေတယ်လို့ သိရပါတယ်။ အောင်ပန်းဈေးကွက်မှာလည်း ဈေးပတ်သမားတွေသာ အနည်းငယ်ဝယ်ယူနေပြီး တစ်ပိဿာကို ၄၅၀ ကျပ်မှ ၅၅၀ ကျပ်ဈေးရှိပါတယ်။

ဟိုပုံးနနွင်းကတော့ အထွက်လည်းနောက်ကျ၊ ဈေးကွက်အဝင်လည်းနောက်ကျသလို ချင်းဈေးလည်း မကောင်းတဲ့အချိန်ဖြစ်လို့ အရောင်းအဝယ်ကလည်းအေးနေပါတယ်။ တချို့ပွဲရုံတွေကတော့ ဈေးတက်လာဦးမလားဆိုတဲ့ မျှော်လင့်ချက်နဲ့ အခုဈေးနဲ့ ဝယ်ယူပြီး ပုံထားကြပါတယ်။ အချို့တောင်သူတွေကတော့ အစိုအတိုင်း အရောင်းအဝယ်မဖြစ်တာကြောင့် ပြုတ်ခြောက်လုပ်ဖို့သာရှိတယ်လို့လည်း ဆိုပါတယ်။ ဒီနှစ်ဟိုပုံး နနွင်းက ရာသီဥတုကြောင့် (မိုးနည်းလို့) အထွက်လည်း နည်းပါးတယ်။ အခုချိန်အထိ ကြီးကြီးမားမားဝယ်လက် မရှိသေးပါဘူး။ ပြည်တွင်းသုံး ဒေသတွင်းသုံးအတွက်သာ လက်လီဝယ်ယူမှုရှိနေပြီး တစ်ပိဿာပေါက်ဈေးက လက်လီဈေး ၅၀၀ ကျပ်-၆၀၀ ကျပ်ရှိပါတယ်။ လက်ကားဈေးကတော့ ပေါ်ကာစမှာ ၄၀၀ ကျပ်ခန့်ရှိပေမယ့် အခုတစ်ပတ်တော့ ဈေးမဖွင့်နိုင်သေးဘူးလို့ ဟိုပုံးနနွင်းပွဲရုံတွေထံမှ သိရှိရပါတယ်။

**ဧဒေခိုင်-တောင်ကြီး**

### ပြည်ချင်းဈေး ပုံမှန်ရှိ

ယခုတစ်ပတ်တွင် အောင်ပန်း၊ တောင်ကြီးဘက်မှ ချင်းများပြည်ဈေးကွက်ကို ပိဿာ ၃၀ ဝင်အိတ် ၁၀၀ ခန့်ဝင်ပြီး ယခင်တစ်ပတ်ကထက် အိတ် ၅၀ ခန့် ပိုမိုဝင်ရောက်လာပါတယ်။ အရောင်းအဝယ်မှာ တစ်နေ့ကို ပိဿာချိန် ၂၅၀ ခန့်ဖြင့် ပုံမှန်ရောင်းဝယ်နေပြီး ဈေးနှုန်းလည်း တစ်ပိဿာကို ချင်း(ရှယ်) ၉၀၀ ကျပ်၊ (ဂွန်) ၇၀၀ ကျပ်တို့နဲ့ ပုံမှန်ရှိနေပါတယ်။ ဧရာဝတီတိုင်းဒေသကြီးနဲ့ ရခိုင်ဘက်သို့ပြည်ဈေးကွက်မှတစ်ဆင့် စားသုံးမှုအဖြစ် ယခုတစ်ပတ်အတွင်း ပိဿာချိန် ၃၅၀ ခန့်တင်ပို့ကြောင်း သိရပါတယ်။

**ဝင်းဝင်းခိုင်-ပြည်**



## မန်ကျည်း



### အစေ့လွတ် မန်ကျည်းမှည့်သစ်များ ဆက်လက်ဝင်ရောက်လာ

ပြည်မန်ကျည်းမှည့်ပွဲရုံများ သို့ ရွှေတောင်၊ ကျီးသဲနဲ့ ပြည်မြို့နယ်အနီး ဒေသများမှ မန်ကျည်းမှည့် အသစ်တွေ ခပ်စိပ်စိပ်ဝင်လာတာ တွေ့ရပါတယ်။ ပေါ်စမန်ကျည်းမှည့်ဟာ အသားပါးလို့ ဈေးကွက်သို့ အစေ့ပါ မန်ကျည်းသီး အဖြစ် ရောင်းတန်းဝင်လာတာ ဖြစ်ပါတယ်။ ယခုဖေဖော်ဝါရီ ဒုတိယပတ်တွင် အစေ့လွတ်ပြီး အသားချည်းသက်သက် ပါဝင်ရောက်လာတာ တွေ့ရပါတယ်။ မန်ကျည်းမှည့် ပိဿာချိန် ၆၅၀ နီးပါး အဝင်ရှိနေပါတယ်။ မန်ကျည်းမှည့် တစ်ပိဿာ ပွဲရုံပေါက်ဈေး (အစေ့ပါ) ၈၀၀ ကျပ်နဲ့ (အစေ့လွတ်) တစ်ပိဿာ ၁၅၀၀ ကျပ်တို့ဖြစ်ပြီး၊ လက်လီအရောင်းသမားတွေကတော့ (အစေ့ပါ) ၁၀၀၀ ကျပ်နဲ့ (အစေ့လွတ်) ၁၈၀၀ ကျပ်တို့ဖြင့် ရောင်းလျက်ရှိပါတယ်။ ရခိုင်ပြည်နယ်ဘက်မှ နေ့စဉ်အဝယ်ရှိပြီး ပိဿာ ၃၀၀ ကျော်တင်ပို့ကြောင်းလည်း သိရပါတယ်။

**နီနီဝင်း-ပြည်**

### မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ ၁၅ တန်ကျော် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်ကုန်သွယ်ရေးဇုန်မှ ၂၀၁၆ ခုနှစ်၊ ဇန်နဝါရီ ၃၀ ရက်မှ ဖေဖော်ဝါရီ ၅ ရက်အတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၉၄ သန်းတန်ဖိုးရှိ သီဟိုဠ်စေ့ ၁၅ တန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၆ တန်ကျော်လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်နဲ့ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ယခုတစ်ပတ်တွင် သီဟိုဠ်စေ့ တင်ပို့နိုင်ခြင်းမရှိသလို ယခင်တစ်ပတ်ကလည်း တင်ပို့နိုင်ခြင်းမရှိကြောင်းသိရှိရပါတယ်။

၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်းမှာ မူဆယ်ကုန်သွယ်ရေးဇုန်မှ သီဟိုဠ်စေ့ ၉၂ တန်ကျော်၊ တန်ဖိုးကန်ဒေါ်လာ သုည ဒသမ ၅၅၆ သန်းနဲ့ မြဝတီကုန်သွယ်ရေးဇုန်မှ ၄ တန်၊ တန်ဖိုး ကန်ဒေါ်လာ သုည ဒသမ ဝ၃ဝသန်း တင်ပို့နိုင်ခဲ့ပြီး ကော့သောင်း ကုန်သွယ်ရေးစခန်းမှ တင်ပို့နိုင်ခြင်းမရှိကြောင်း သိရှိရပါတယ်။

**ခင်မြနွယ်**

## ကြက်သွန်

### မုံရွာမြို့နယ်က ဆောင်းကြက်သွန်နီ မတ်လဆန်းမှာ ဈေးကွက်ဝင်တော့မယ်

မုံရွာမြို့နယ်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆောင်းကြက်သွန်နီစိုက်ပျိုးမှုအများဆုံးဒေသတစ်ခုဖြစ်သလို ပြီးခဲ့တဲ့နှစ်က ကြက်သွန်နီဈေးစံချိန်တင်မြင့်မားခဲ့ရာ တောင်သူတွေအတွက် မက်လုံးတစ်ခုလိုဖြစ်ခဲ့လို့ ဒီနှစ်ဆောင်းကြက်သွန်နီစိုက်ဧကတွေတိုးလာတာဖြစ်တယ်လို့ ကြက်သွန်တောင်သူတွေကဆိုပါတယ်။

ဈေးကွက်မျှော်လင့်ချက်အရ ပြီးခဲ့တဲ့မိုးစိုက်ကြက်သွန်နီအနေနဲ့ မုံရွာမြို့နယ်အတွင်း စိုက်ပျိုးမှု အားနည်းခဲ့ပြီး၊ ရာသီဥတုအခြေအနေနဲ့ ပိုးကျမှုရှိခဲ့လို့ ပျမ်းမျှတစ်ဧက ၂၀၀၀ မှ ၃၀၀၀ ပိဿာအတွင်းသာ ထွက်ခဲ့ကာ ဈေးအားဖြင့် တစ်ပိဿာ ၇၀၀ ကျပ်မှ ၄၀၀ ကျပ်ကြားကျဆင်းခဲ့တဲ့အတွက် တောင်သူအများစု အရှုံးပေါ်ခဲ့ကြတယ်လို့သိရပါတယ်။

ဒါကြောင့် ကြက်သွန်နီကို အဓိကသီးနှံအဖြစ် နှစ်စဉ်စိုက်ပျိုးခဲ့ကြတဲ့ မုံရွာမြို့နယ်က မြေနဲ၊ အောင်သာ၊ ကျွဲရဲ၊ ကော်လပြ၊ တောင်ပုလု၊ ယင်းပန်း၊ ခိုးသန်း၊ အက်တော စတဲ့ကျေးရွာအုပ်စုရှိ ကြက်သွန်တောင်သူကြီးတွေက ဒီနှစ်ဆောင်းကြက်သွန်နီကို များစွာတိုးချဲ့စိုက်ပျိုးခဲ့ကြလို့ မြို့နယ်လျာထားချက်ထက်ကျော်ကာ ဧကခုနစ်ထောင်ခန့်ရှိနိုင်တယ်လို့ တောင်သူတွေကဆိုပါတယ်။

ပြီးခဲ့တဲ့မိုးစိုက်ကြက်သွန်နီအနေနဲ့ စိုက်သူအတွက် အမြတ်မကျန်၊ အရင်းရှုံးခဲ့ပြီး စားသုံးသူတွေအတွက် အဆင်ပြေရုံခဲ့တာကြောင့် ဈေးကွက်မျှော်လင့်ချက်နဲ့ ဆောင်းကြက်သွန်နီကို တိုးချဲ့စိုက်ပျိုးခဲ့ကြခြင်းဖြစ်ကာ လာမယ့် ဖေဖော်ဝါရီလကုန်ပိုင်းနဲ့ မတ်လဆန်းမှာ ကျွဲရဲဘက်က ကြက်သွန်နီတွေ ဈေးကွက်ထဲစတင်ဝင်လာနိုင် တော့မယ်လို့ တောင်သူနဲ့ပွဲရုံရပ်ကွက်က လေ့လာသိရှိရပါတယ်။

**ထွန်းလှိုင်-မုံရွာ**

### ပြည်ကြက်သွန်နီ ပုံမှန်အဝင်ရှိပြီး အရောင်းအဝယ် အနည်းငယ်အေးလာ

ဖေဖော်ဝါရီ ဒုတိယပတ်ရဲ့ ပြည်ကြက်သွန်နီပွဲရုံများသို့ ကြက်သွန်နီအိတ် ၅၀၀၊ ၆၀၀ ဆံ့ကားကြီး တစ်စီး ပုံမှန်အဝင်ရှိနေပြီး၊ ရေနံချောင်း၊ ပခုက္ကူစတွေသာ ဆက်တိုက်ဝင်နေကြောင်း၊ အရည်အသွေးလည်း ကောင်းပါကြောင်း သိရပါတယ်။

ယခုတစ်ပတ် ကြက်သွန်နီဈေးတွေကတော့ တစ်ပိဿာကို (ကြီး) ၆၅၀ ကျပ်၊ (လတ်) ၅၅၀ ကျပ်၊ (သေး) ၄၈၀ ကျပ်တို့ဖြစ်ပြီး ဒေသတွင်း လက်လီရောင်းဈေးက (ကြီး) ၈၀၀ ကျပ်၊ (လတ်) ၆၅၀ ကျပ်၊ (သေး) ၆၀၀ ကျပ်တို့ဖြင့် ဈေးအနည်းငယ်ကျဆင်းခဲ့သလို အရောင်းအဝယ်လည်း အနည်းငယ်အေးနေပါတယ်။ တစ်ရက်ကို အိတ် ၂၀၀ ကျော်လောက်သာ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**နီနီဝင်း-ပြည်**

### မြဝတီနဲ့ မူဆယ်မှ ကြက်သွန်နီ တင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်မှ ဖေဖော်ဝါရီလ ပထမပတ်တွင် ကန်ဒေါ်လာ ၂၀၂၉၉၆ တန်ဖိုးရှိ ကြက်သွန်နီ ၂၇၄ တန်ခွဲ တင်ပို့ခဲ့ပါတယ်။ ယခင်တစ်ပတ်က တန် ၂၂၀ သာတင်ပို့ခဲ့လို့ ယခုတစ်ပတ် ကြက်သွန်နီ တင်ပို့မှု ၅၄ တန်ခွဲ ပိုမိုလာတာတွေ့ရပါတယ်။ မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ကတော့ ကန်ဒေါ်လာ ၁၃၆၁၂ တန်ဖိုးရှိ ကြက်သွန်နီ ၄၉ တန်ခွဲ တင်ပို့ခဲ့ပါတယ်။

အမြင့်ဆုံးဈေးသို့ရောက်ရှိခဲ့တဲ့ ပြည်တွင်းကြက်သွန်နီဈေးကြောင့် နှစ်စဉ်စိုက်ပျိုးခဲ့တဲ့ တောင်သူဦးရေထက် ယခုနှစ်ကြက်သွန်စိုက်တောင်သူဦးရေ ပိုများနေတယ်လို့ သိရပါတယ်။

**မော်မော်အောင်**

Vol: 16, No.7 Monday February 15 2016



# စီးပွားရေးလုပ်ငန်းတွေ စီမံအုပ်ချုပ်မှုကောင်းစေဖို့

| ခင်မောင်ညို(ဘောဂဗေဒ) |

မိတ်ဆွေတစ်ယောက်က နိုင်ငံတကာ ဘဏ္ဍာရေးကော်ပိုရေးရှင်း(IFC)နဲ့ မြန်မာနိုင်ငံကုန်သည်နှင့် စက်မှုလက်မှု လုပ်ငန်း ရှင်များအဖွဲ့ချုပ် (UMFCCI) တို့ ပူးပေါင်းပြီး၊ မြန်မာလုပ်ငန်း တွေအတွက် စီမံအုပ်ချုပ်ပုံနဲ့ဆိုင်တဲ့ ဆွေးနွေးပွဲလုပ်မယ်ဆိုတော့ ပထမတော့ သိပ်စိတ်မဝင်စားလှဘူး။ ခရီးသွားဖို့ စီစဉ်ထားတာ တစ်ခုလည်း ရှိနေတယ်။ ဒါပေမယ့် ခရီးကလည်းမသွားဖြစ်၊ အပြင် ထွက်ပြီး လူထဲသူထဲ မဝင်တာကလည်း ကြာနေလေတော့ အကြောင်းသိရအောင် သွားကြည့်မယ်ဆိုပြီး ရောက်သွားပါတယ်။

တလောကပဲ မိုဘိုင်းငွေကြေးနဲ့ ပတ်သက်တဲ့ အစည်း အဝေး တစ်ခုကို စာနယ်ဇင်းအနေနဲ့ ဖိတ်တာမတက်ချင်လို့ ပညာရှင်အနေနဲ့ တက်ချင်ပါတယ်ပြောတော့ ပိုက်ဆံပေးရမယ် ဆိုတာနဲ့ မတက်ဖြစ်ပါဘူး။ တကယ်တမ်းကျတော့ ဆွေးနွေးပွဲ တွေမှာ ပြောကြဆိုကြမှာ တွေက အင်တာနက်မှာ ကိုယ့်ဘာသာ ကိုယ်ရှာဖွေဖတ်ရှုရင်လည်း ရနေတာမဟုတ်လား။

အခုလည်း ကိုယ့်ဘာသာ ရှာဖွေဖတ်ရှုရင် ရနိုင်ပေမယ့် တကယ့် အခင်းအကျင်းကို သိချင်တာနဲ့ ရောက်သွားတာပါ။ တကယ်က မြန်မာလုပ်ငန်းရှင်တွေ ကိုယ့်လုပ်ငန်းကို စနစ်တကျ စီမံခန့်ခွဲတတ်အောင် အသိပညာပေးတဲ့ ဆွေးနွေးပွဲဖြစ်ပေမယ့် မြန်မာလုပ်ငန်းတွေကိုယ်စား၊ နိုင်ငံခြားသားတွေ အတော်များများ တက်လာတာတွေ့ရတယ်။ တကယ်ပဲ မြန်မာလုပ်ငန်းတွေကို နိုင်ငံခြားသားတွေက စီမံခန့်ခွဲလို့ ကြီးပွားတိုးတက်နေကြပြီလား။ ပကာသနတစ်ခုအနေနဲ့ အပြိုင်အဆိုင် ခန့်ထားတာလားဆိုတဲ့ မေးခွန်း တစ်ခု ခေါင်းထဲ အရင်ရောက်လာပါတယ်။

မြန်မာကုမ္ပဏီတွေ အများစုဟာ မိသားစုကုမ္ပဏီတွေ ဖြစ်ပြီး၊ စနစ်တကျ စီမံခန့်ခွဲဖို့ဆိုရင် စရိတ်အကုန်အကျ မရှိဘူးလားလို့ မေးတော့ ပညာရှင်တစ်ဦးက ဒါဟာ စရိတ်မဟုတ်၊ ရင်းနှီးမြှုပ်နှံမှုပဲလို့ ပြောသွားကိုလည်း သတိထားမိပါတယ်။

လွန်ခဲ့တဲ့ ငါးနှစ်လောက်အတွင်းက မြန်မာနိုင်ငံကို စိတ်ဝင်စားမှု များပြားခဲ့ပေမယ့် အဲဒီလောက်များပြားတဲ့ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတွေကို ဖြေရှင်းပေမယ့် အဖွဲ့အစည်းဆိုင်ရာ စွမ်းရည် (Institutional Capacity) အားနည်းတာကြောင့် အခွင့် အလမ်းတွေ ဆုံးရှုံးခဲ့ရတယ်။ လာကြည့်ကြတယ် (Learn)၊ နားထောင်တယ် (Listen)၊ ပြီးတော့ ရယ်ရယ်မောမော (Laugh)နဲ့ တော့တာလုပ်ပြီး ပြန်သွားကြတယ် (Leave) လို့ နောက်ပြောင်စရာ ဖြစ်ခဲ့ပါတယ်။ အခုတော့ ဒီလိုပြန်သွားတဲ့ အဖြစ်မျိုး မဖြစ်ရအောင် မိုင်ငါးထောင်လောက်မှာရှိတဲ့ ရင်းနှီးမြှုပ်နှံသူတွေ လုပ်ဖော်ကိုင်ဘက်တွေရဲ့ယုံကြည်စိတ်ချမှုရဖို့အရေး ကုမ္ပဏီတွေကို စနစ်တကျ စီမံအုပ်ချုပ်မှု လိုအပ်နေတာ အမှန်ပါ။

”

**စနစ်တကျ စီမံခန့်ခွဲဖို့ဆိုရင် စရိတ်အကုန်အကျ မရှိဘူးလားလို့မေးတော့ ပညာရှင်တစ်ဦးက ဒါဟာ စရိတ်မဟုတ်၊ ရင်းနှီးမြှုပ်နှံမှုပဲလို့ ပြောသွားကိုလည်း သတိထားမိပါတယ်။**

အခုအခါမှာ မြန်မာနိုင်ငံမှာ ရန်ကုန်စတော့အိတ်ချိန်းလည်း ပေါ်လာနေပါပြီ။ အခုလို ရန်ကုန်စတော့ဒိုင် ပေါ်ပေါက်လာ နိုင်တာဟာလည်း သင့်လျော်တဲ့ စည်းမျဉ်းစည်းကမ်းတွေ ဥပဒေတွေနဲ့ ထိန်းကျောင်းမယ့် အဖွဲ့အစည်းတွေလည်း ရှိနေလို့ ဖြစ်ပါ တယ်။ စတော့ရှယ်ယာ ရောင်းဝယ်ရာမှာ ဝန်ဆောင်မှုပေးကြမယ့် လုပ်ငန်းလေးခုကို လိုင်စင်ထုတ်ပေးခဲ့သလို ကုမ္ပဏီခြောက်ခုကိုလည်း စာရင်းပေါက်ကုမ္ပဏီ ဖြစ်နိုင်ခြင်းရှိမရှိ အချိန်ယူစိစစ်နေ တာတွေ့ရပါတယ်။ ရန်ကုန်စတော့ဒိုင်မှာ၊ လုပ်ငန်းချဲ့ထွင်ချင်တဲ့ အများပိုင်ကုမ္ပဏီတွေ အရင်းအနှီးရယူနိုင်ဖို့ ငွေပိုငွေလျှံရှိတဲ့ သူတွေ ရင်းနှီးမြှုပ်နှံစရာလုပ်နိုင်ဖို့ အခွင့်အလမ်းတွေ တိုးပွားလာပါပြီ။ ရင်းနှီးမြှုပ်နှံသူတွေ ယုံကြည်စိတ်ချရတဲ့ စာရင်းပေါက် ကုမ္ပဏီ(Listed Company) တစ်ခုဖြစ်ဖို့ဆိုရင် အခြေခံလိုအပ်ချက်က ကောင်းမွန်တဲ့ စီမံအုပ်ချုပ်မှုရှိဖို့ပဲ ဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းတွေကို စီမံအုပ်ချုပ်တယ်ဆိုတာ လုပ်ထုံးလုပ်နည်းတွေ၊ လုပ်ငန်းစဉ်တွေ တိတိကျကျရှိရမယ်။ တာဝန်တွေ လုပ်ပိုင်ခွင့်တွေနဲ့ ပေးထားရမယ်။ ဆုံးဖြတ်ချက်ချဖို့ စည်းမျဉ်းစည်းကမ်းတွေ ချပေးထားပြီး အဲဒီစည်းမျဉ်းစည်းကမ်းတွေအတိုင်း လိုက်နာဆောင်ရွက်ရမယ်။

အခုလိုစနစ်တကျလုပ်ဆောင်ရမယ်ဆိုတာအသိရှိရုံနားလည်သဘောပေါက်ရုံနဲ့မပြီး၊ တကယ်လည်း လက်တွေ့လိုက်နာ ကျင့်သုံးဖို့ လိုအပ်ပါတယ်။အထူးသဖြင့် အခုလို၊ တံခါးဖွင့်ပြီး နိုင်ငံတကာ စီးပွားရေးလုပ်ငန်းတွေနဲ့ ဆက်ဆံချိန်မှာပိုပြီး လိုအပ်ပါတယ်။

ဒါမှသာ ယုံကြည်မှုရအောင် လုပ်နိုင်မယ်။ အရေးကြုံတဲ့အခါ အကျပ်အတည်းတွေ၊ မတွေ့ရအောင် ကာကွယ်နိုင်မယ်။ ရင်းနှီးမြှုပ်နှံရာမှာ တွေ့ကြုံရမယ့် အန္တရာယ်တွေကို လျှော့ပါးစေနိုင်ပြီး၊ အကျိုးအမြတ်လည်း ရနိုင်မယ်။ လုပ်ငန်းအောင်မြင်မှုရသလို၊ ရေရှည်လည်းတည်တံ့နိုင်မယ်။

စီမံအုပ်ချုပ်မှုကောင်းမွန်တယ်ဆိုတာ တစ်နည်းအားဖြင့် စွမ်းဆောင်ရည် မြင့်မားတာ၊ မြင်သာထင်သာရှိတာ၊ စာရင်းအစစ်ခံနိုင်တာ၊ အစုရှယ်ယာရှင်တွေသာမက အကျိုးစီးပွားချင်း ဆက်နွှယ်နေသူတွေ အားလုံးရဲ့ ယုံကြည်ကိုးစားမှု၊ စိတ်ချယုံကြည်မှု ရနိုင်တာတွေလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံမှာ အများပိုင်ကုမ္ပဏီ ၂၀၀ ကျော်လောက် ရှိနေပေမယ့် ကုမ္ပဏီအများစုဟာ စနစ်တကျ စီမံအုပ်ချုပ်ပြီး စွမ်းရည်မြင့်မားအောင်လုပ်ဖို့ လိုအပ်နေတယ်လို့ ပညာရှင်တစ်ဦး က ဆိုပါတယ်။

အများပိုင်ကုမ္ပဏီတွေဟာ အစုရှယ်ယာရှင်တွေ၊ ဒါရိုက်တာတွေ၊ အမှုဆောင်အရာရှိချုပ်နဲ့ အုပ်ချုပ်မှု ဒါရိုက်တာတွေကြားမှာ ပြေလည်တဲ့ ဆက်ဆံရေးရှိသလား ဘုတ်အဖွဲ့ကို ဘယ်လိုဖွဲ့ထားသလဲ ဘယ်လိုတာဝန်တွေ ခွဲထားပြီး ဘယ်လိုအစည်းအဝေး လုပ်သလဲ၊ လစာတွေ ဘယ်လိုပေးသလဲ၊ သင်တန်းတွေ ဘယ်လိုပေးသလဲ။ ဂရုတစိုက် သစ္စာရှိရှိ လေးလေးစားစား မြင်သာထင်သာရှိရှိ အလုပ်လုပ်ကြသလား ဆိုတာတွေကို စိစစ်ကြည့်ရင် အများအားဖြင့် အားနည်းနေကြတာကို တွေ့ရပါတယ်။

ကုမ္ပဏီတွေဟာ မြန်မာနိုင်ငံရဲ့ ဥပဒေတွေ စီးပွားရေး ပတ်ဝန်းကျင်တွေနဲ့လည်းလိုက်လျောညီထွေ ရှိရပါမယ်။ စနစ်တကျ စီမံအုပ်ချုပ်တဲ့ ကုမ္ပဏီတွေအတွက် အခွင့်အလမ်းတွေရှိနေပြီး စနစ်မကျတဲ့ ကုမ္ပဏီတွေအတွက်၊ စိန်ခေါ်မှုတွေ တွေ့နိုင်တဲ့အကြောင်းကိုလည်း သတိပေးသွားပါသေးတယ်။

ကုမ္ပဏီတွေရဲ့ အုပ်ချုပ်ပုံမှာ အကြမ်းအားဖြင့်၊ အင်္ဂလန်ပုံစံနဲ့ အမေရိကန်ပုံစံရယ်လို့ ခွဲခြားနိုင်ပြီး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံ အတော်များများမှာ၊ အင်္ဂလန်ပုံစံကို အမေရိကန်ပုံစံထက် ပိုပြီးအသုံးများတယ်။ ကမ္ဘာမှာတော့ အိုအီးစီဒီ (OECD) ခေါ်တဲ့ အုပ်စုရဲ့မူတွေကို အများအားဖြင့် လိုက်နာကျင့်သုံးကြတယ်။ ဘယ်ပုံစံက ကောင်းတယ်လို့၊ ပုံသေပြောလို့ မရပါဘူး။ အဓိကတော့ လူတွေရယ်၊ ကုမ္ပဏီရဲ့ဖွဲ့စည်းပုံရယ်၊ စနစ်ရယ်၊ လုပ်ငန်းစဉ် ရယ်ပါဝင်တာ ပေါ့လေ။

မကြာသေးမီ နှစ်များအတွင်းက စီးပွားရေးလုပ်ငန်းတွေရဲ့စီမံအုပ်ချုပ်ပုံ ဘာလို့ ခေတ်စားလာ တွင်ကျယ်လာရသလဲ ဆိုတာကလည်း စိတ်ဝင်စားစရာ ကောင်းပါတယ်။

ကုမ္ပဏီတွေလောကမှာ အရှုပ်တော်ပုံတွေများလာ ဘဏ္ဍာရေးအကျပ်အတည်းတွေတွေ့ စီမံခန့်ခွဲသူတွေက ထင်ရာစိုင်းလာတာတွေ၊ ဒါရိုက်တာအဖွဲ့ဝင်တွေ အချိုးမပြေတာ စည်းမျဉ်း စည်းကမ်းတွေကိုတိတိကျကျ လိုက်နာမှုအားနည်းလာတာ ရင်းနှီးမြှုပ်နှံသူတွေက ပိုမိုတက်ကြွ လှုပ်ရှားလာတာ စာနယ်ဇင်းတွေနဲ့ ကိုယ်ကျင့်တရားဆိုင်ရာ အဖွဲ့အစည်းတွေ အရေးပါလာတာ ကိုယ်ကျင့်တရားကို ပိုပြီးအလေးပေးလာကြတာတွေကြောင့်လို့ ဆိုပါတယ်။

မြန်မာနိုင်ငံအတွက် ပညာရှင်တစ်ဦးက အကြံပြုရာမှာ အရင်းအနှီးဈေးကွက်ရဲ့ အစောပိုင်းအဆင့်မှာ၊ စည်းကမ်းလျော့တဲ့ အမှားထက် စည်းကမ်းတင်းကျပ်တဲ့ အမှားမျိုးကို ပိုပြီး ကျူးလွန်စေသင့်တယ်။ တစ်နည်းအားဖြင့် စည်းကမ်းကြီးတာ ကောင်းတယ်လို့ ဆိုပါတယ်။

အရင်းအနှီး ဈေးကွက်တစ်ခု အောင်မြင်ဖို့ဆိုတာ စရိတ်သက်သက် သာသာနဲ့ အရောင်းအဝယ် လုပ်နိုင်ပြီး အရောင်းအဝယ်ဖြစ်နေရမယ် မြင်သာထင်သာရှိရမယ် စနစ်တကျ စီမံခန့်ခွဲမှုရှိရမယ်လို့ ဆိုလေတော့ အရင်းအနှီးဈေးကွက် အောင်မြင်ဖို့အတွက်လည်း စီးပွားရေးလုပ်ငန်းတွေကို စနစ်တကျစီမံအုပ်ချုပ်မှုရှိဖို့ လိုအပ်နေပါတယ်။အဲဒီလို စနစ်တကျစီမံအုပ်ချုပ်မှုရှိဖို့ဆိုတာလည်း နိုင်ငံတော်အဆင့် စည်းမျဉ်းစည်းကမ်းတွေ ချမှတ်တဲ့အဆင့် လုပ်ထုံးလုပ်နည်းတွေ သင်ကြားပြသ၊ လိုက်နာ၊ ကြီးကြပ်စောင့်ကြည့်မှုတွေ အားလုံး ပါဝင်ရမှာပါ။

အခုဆွေးနွေးပွဲပြီးရင် သင်တန်းတွေလည်း ဆက်ပေးသွားကြမယ်လို့ ဆိုပါတယ်။

အခုလို ကုမ္ပဏီတွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ ဘယ်လိုစီမံအုပ်ချုပ်မှု ကောင်းမွန်အောင်လုပ်ကြမလဲလို့ ပြောဆိုဆွေးနွေးနေချိန်မှာ လူအများကို အနှောင့်အယှက်ဖြစ်လောက်အောင် တယ်လီဖုန်း ခေါ်သံတွေ ကျယ်ကျယ်လောင်လောင် ပြောဆိုသံတွေက ရှိနေလေသေးတော့။

## ဓာတ်ဆီ/ဒီဇယ်

# ဓာတ်ဆီ၊ ဒီဇယ် တန် ၂၃၀ ကျော်သာဝင်

ဇန်နဝါရီ ၃၁ ရက် မှ ဖေဖော်ဝါရီ ၆ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်းလမ်းမှ ကန်ဒေါ်လာ ၇၄၃၁၁၈၇ တန်ဖိုးရှိ ဒီဇယ် ၁၂၄ဒသမ ၃၄၈ တန်နဲ့ ကန်ဒေါ်လာ၆၆၂၉၀၈၈ တန်ဖိုးရှိ ဓာတ်ဆီ ၁၁၀ ဒသမ ၉၇၉ တန် တင်သွင်းခဲ့တယ်လို့သိရပါတယ်။ ဒီတစ်ပတ်မှာ 92၊ 95၊ ဒီဇယ်၊ အဆင့်မြင့်ဒီဇယ်တို့ တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် ဒီဇယ်၊ ဓာတ်ဆီအဝင်မှာ တန်ချိန်မှာ ၁၁၁၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၈၈၀ ကျော်အဝင်လျော့ ခဲ့တယ်လို့ သိရပါတယ်။

ပြည်တွင်းပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ဓာတ်ဆီ၊ ဒီဇယ်ဈေးများက တောင်ကြီးနဲ့ မော်လမြိုင်၊ရန်ကုန်မှာဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပြင်ပမှာ လက်လီရောင်းချနေတဲ့ ဒီဇယ်၊ ဓာတ်ဆီပီပါဈေးများမှာလည်း ယခင် တစ်ပတ်ဈေးနှင့် နှိုင်းယှဉ်ကြည့်ရင် ရန်ကုန်မှာ ဓာတ်ဆီ၊ ဒီဇယ်ဈေးတွေငြိမ်နေခဲ့တယ်လို့သိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** ပုဂ္ဂလိက စက်သုံးဆီဆိုင်များမှာ ရောင်းချနေတဲ့ ဒီဇယ်၊ အောက်တိန်း(92)၊အောက်တိန်း (95)၊ အဆင့်မြင့်ဒီဇယ်မှာ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကစက်သုံးဆီဆိုင်မှာ ရောင်းချ နေတဲ့ဈေးမှာ ဒီဇယ် ၄၈၀ ကျပ်၊ အောက်တိန်း (92) ၅၂၀ ကျပ်၊ အောက်တိန်း (95) ၆၅၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် ၅၅၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များမှာ ဒီဇယ်ရောဓာတ်ဆီပါ ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ပီပါဈေးများငြိမ်နေသလို တစ်ဂါလန်ဈေးများ လည်းယခင်တစ်ပတ်ဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်တယ်လို့ သိရပါတယ်။ ဖေဖော်ဝါရီ ၈ ရက်က ဒီဇယ်ဝယ်ဈေးမှာ ၉၃၀၀၀ကျပ်၊ ရောင်းဈေး ၉၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ပြီး၁၀ ရက်မှာ ဝယ်ဈေး၊ ရောင်းဈေး ၂၀၀၀ကျပ်ဈေးကျခဲ့တယ် လို့ သိရပါတယ်။ ဓာတ်ဆီဈေးမှာ ဖေဖော်ဝါရီ ၈ ရက်က ဝယ်ဈေး ၁၃၁၀၀၀ ကျပ်၊ ရောင်းဈေး ၁၃၈၀၀၀ ကျပ်ရှိခဲ့ပြီး တစ်ပတ်လုံးဈေးငြိမ်ခဲ့တယ်လို့ သိရပါတယ်။လက်လီဈေးများ မှာ ဓာတ်ဆီ တစ်ဂါလန် ၃၀၀၀ ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၇၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မန္တလေးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ရှိနေတယ်။ ပုဂ္ဂလိကဆိုင်များတွင် ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ၊ ဒီဇယ်၊အဆင့်မြင့်ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးအနည်းငယ်ကျတယ်လို့ သိရပါတယ်။ပုဂ္ဂလိက စက်သုံးဆီဆိုင်မှာ ရောင်းချနေတဲ့ဈေးမှာ ဓာတ်ဆီ တစ်လီတာ ၇၄၀ ကျပ်၊ အောက်တိန်း (92) ၆၁၀ကျပ်၊ ဒီဇယ် ၅၅၀ ကျပ်၊အဆင့်မြင့်ဒီဇယ် ၆၁၀ကျပ်၊ အောက်တိန်း (95) ၇၂၀ကျပ်နဲ့ ရောင်းချနေပါတယ်။ပြင်ပလက်လီဆိုင်များမှာ အရောင်းအဝယ်ဖြစ်နေတဲ့ ပီပါဈေးများမှာ ဖေဖော်ဝါရီ ၈ ရက်မှစပြီး ဒီဇယ်ဝယ်ဈေး ၁၀၉၀၀၀ ကျပ်၊ ရောင်းဈေး ၁၁၀၀၀၀ ကျပ်နဲ့ တစ်ပတ်လုံးဒီဈေးနဲ့ပဲ အရောင်းအဝယ်ဖြစ်ခဲ့တယ်လို့ သိရပါ တယ်။ ဓာတ်ဆီဈေး ဖေဖော်ဝါရီ ၈ ရက်မှာ ဝယ်ဈေး ၁၄၄၀၀၀ ကျပ်၊ ရောင်းဈေး ၁၄၆၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်ခဲ့ရာ နောက်ရက်တွင်ဝယ်ဈေး ၈၀၀၀ ကျပ်၊ ရောင်းဈေး ၇၀၀၀ ကျပ်ဈေးကျခဲ့တယ်လို့ သိရပါတယ်။ယခင်တစ်ပတ်ဈေးနဲ့ ယှဉ်ရင် ဒီဇယ်ရောဓာတ်ဆီဈေး ပါဈေးကျလာတယ်လို့ သိရပါတယ်။ ပြင်ပလက်လီဆိုင်များတွင် တစ်ဂါလန်ဈေးမှာ ဒီဇယ် ၂၆၀၀ကျပ်၊ဓါတ်ဆီ၃၄၀၀ ကျပ်နဲ့ အရောင်း အဝယ်ဖြစ်တယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ ဓာတ်ဆီဈေးငြိမ်ပြီး၊ ဒီဇယ်နဲ့ အောက်တိန်းမှာ ဈေးကျလာတယ်လို့ သိရပါတယ်။ ဒီတစ်ပတ် ပုဂ္ဂလိကဆိုင်မှာ ရောင်းချနေတဲ့ဈေးများက ဓာတ်ဆီတစ်ဂါလန် ၃၀၅၀ ကျပ်၊ ဒီဇယ်တစ်ဂါလန် ၂၃၄၀ကျပ်၊ အောက်တိန်း ၂၆၁၀ ကျပ်နဲ့ ရောင်းချတယ်လို့ သိရပါတယ်။ပြင်ပလက်လီဆိုင်များမှာ ဓာတ်ဆီတစ်ဂါလန် ၃၂၀၀ကျပ်၊ ဒီဇယ် တစ်ဂါလန် ၂၅၀၀ ကျပ်၊ အောက်တိန်း ၂၈၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်နေတယ်လို့ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဓာတ်ဆီ၊ ဒီဇယ်က ပုံမှန်အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။ ဒီတစ်ပတ် စက်သုံးဆီဈေးများမှာ ဓာတ်ဆီရောဒီဇယ်ပါဈေးကျခဲ့တယ်လို့ သိရပါတယ်။ ပုဂ္ဂလိကစက်သုံးဆီဆိုင်ရဲ့ဈေးမှာ ဓာတ်ဆီတစ်ဂါလန် ၂၅၀၀ ကျပ်၊ ဒီဇယ် ၂၅၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ သိရှိရပါတယ်။ ပြင်ပ လက်လီဆိုင်များမှာဓာတ်ဆီ ၂၆၀၀ ကျပ်၊ဒီဇယ် ၂၇၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့သိရပါတယ်။

**MIRT-DOT**

## Energy NYMEX 11-2-2016

| | Price | Change | Change % |
|---|---|---|---|
| WTI Crude Future (USD/bbl.) | 27.14 | -0.31 | -1.13 |
| Brent Crude Futr (USD/bbl) | 36.77 | -0.07 | -0.23 |
| Gasoline Rbob Fut (Cent/gal) | 94.38 | 0.13 | 0.89 |
| Natural Gas Futr (USD/MMBtu) | 2.07 | 0.02 | 1.03 |
| Heating Oil Futr (Cent/gal) | 97.85 | 0.36 | 0.37 |

# အတက်အကျကြမ်းနေသည့် မြန်မာ့ငွေလဲဈေးကွက် တစ်ရက်တည်း ၁၀ ကျပ်ကျော် အတက်အကျဖြစ်

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက ကျပ် ၃၀ ကျော်ကျဆင်းခဲ့သည့် အမေရိကန်ဒေါ်လာ လဲလှယ်နှုန်းများသည် ယခုတစ်ပတ်တွင် အတက်အကျကြမ်းခဲ့ကြောင်း ငွေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ဖေဖော်ဝါရီ ၈ ရက်က အဖွင့်ဈေးမှာ ရောင်းဈေး ၁၂၅၅ ကျပ် ဝယ်ဈေး ၁၂၄၅ ကျပ်ရှိခဲ့သော်လည်း ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၂၃၂ကျပ်၊ ဝယ်ဈေး ၁၂၂၂ ကျပ်သို့ကျဆင်းခဲ့သဖြင့် ထိုနေ့တစ်ရက်အတွင်းမှာပင် ၂၃ ကျပ်အထိ ကျဆင်းခဲ့သည်။

ထို့နောက် ဖေဖော်ဝါရီ ၉ ရက်တွင် အဖွင့်ဈေးမှာ ရောင်းဈေး ၁၂၂၂ ကျပ်၊ ဝယ်ဈေး ၁၂၁၂ ကျပ်ရှိခဲ့ပြီး ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၂၂၅ကျပ်၊ ဝယ်ဈေး ၁၂၁၅ကျပ်သို့ အနည်းငယ်မြင့်တက်ခဲ့သည်။

ဖေဖော်ဝါရီလ ၁၀ ရက်တွင် အဖွင့်ဈေးမှာ ရောင်းဈေး ၁၂၁၅ကျပ်၊ ဝယ်ဈေး ၁၂၀၅ ကျပ်ဖြင့် အကျဈေးဖြင့်ဈေးဖွင့်ခဲ့ပြီး ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၂၄၅ ကျပ်၊ ဝယ်ဈေး ၁၂၃၅ ကျပ်သို့ တစ်ရက်အတွင်း ကျပ် ၂၀ မြင့်တက်ခဲ့သည်။

ဖေဖော်ဝါရီ ၁၁ ရက်တွင် အဖွင့်ရောင်းဈေး ၁၂၅၀ ကျပ်၊ ဝယ်ဈေး ၁၂၃၅ ကျပ်ဖြင့် အမြင့်ဈေးဖြင့် ဈေးဖွင့်ခဲ့ပြီး ဈေးပိတ်ချိန်တွင် ရောင်းဈေး ၁၂၄၅ ကျပ်၊ ဝယ်ဈေး ၁၂၄၀ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့သည်။

ဈေးအတက်အကျများ ကြမ်းနေသဖြင့် ဈေးကွက်အတွင်း အဝယ်အရောင်းလုပ်သူများ ပိုမိုများပြားလာခဲ့ကြောင်း၊ နိုင်ငံရေးအပြောင်းအလဲကြောင့် ဒေါ်လာဈေး ကျနိုင်သည်ဟုသုံးသပ်ချက်များ ပေါ်ထွက်လာသဖြင့် ဒေါ်လာများပြန်လည်ရောင်းချလာကြသည့်အတွက် ရောင်းအားများပြားလာခဲ့ကာ ဈေးများကျဆင်းလာရခြင်းဖြစ်ကြောင်း ဈေးကွက်အတွင်းမှစုံစမ်းသိရှိရသည်။

"ဈေးကွက်ထဲမှာ ရောင်းလိုအားက ပိုများလာတယ်။ ဈေးကျတော့မယ်ဆိုတဲ့ သတင်းတွေကြောင့် အရောင်းတွေများလာတယ်။ နိုင်ငံရေးအပြောင်းအလဲကြောင့်လည်းပါတယ်။ ဗဟိုဘဏ်ကလည်း သူ့ရဲ့ငွေလဲနှုန်းကို လျှော့ချသတ်မှတ်လိုက်တာကြောင့် အခုလိုငွေလဲနှုန်းတွေ ကျဆင်းခဲ့ရတာပါ"ဟု ငွေဈေးကွက်အတွင်းမှ ဦးစိန်ဝင်းက ဆိုသည်။ ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်းသည် ယခုတစ်ပတ်အတွင်း ကျပ် ၁၂၆၀မှ ကျပ် ၁၂၃၀ သို့ လျှော့ချသတ်မှတ်ခဲ့ရာ တစ်ပတ်အတွင်း ကျပ် ၃၀ အထိ လျှော့ချသတ်မှတ်ခဲ့သည်။

**မယ်သီတာ**

# ကမ္ဘာ့ရွှေဈေးမြင့်တက်လာမှုကြောင့် မြန်မာရွှေဈေးများ ပြန်လည်မြင့်တက်

ကမ္ဘာ့ရွှေဈေးများ ပြန်လည်မြင့်တက်လာမှုနှင့်အတူ ပြည်တွင်းငွေလဲနှုန်းများပါ ပြန်လည်မြင့်တက်လာမှုကြောင့် မြန်မာရွှေဈေးများ ပြန်လည်မြင့်တက်လာခဲ့ကြောင်း ရွှေဈေးကွက်အတွင်းမှ စုံစမ်းသိရှိရသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်အတွင်းက တက်ရိပ်ပြခဲ့သည့် ပြည်တွင်းရွှေဈေးများသည် ယခုတစ်ပတ်တွင် မြင့်တက်လာခဲ့သည်။ တရုတ်နှစ်သစ်ကူးကာလအပြီးတွင် ဈေးကွက်အတွင်း ငွေလဲနှုန်းများလှုပ်ခတ်လာမှုနှင့်အတူ မြန်မာ့ရွှေဈေးများလည်း လှုပ်ခတ်လာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ရွှေဈေးကွက်ထဲမှာတော့ ဒေါ်လာဈေးအတက်အကျကြမ်းတာနဲ့အမျှ ရွှေဈေးကလည်း လိုက်ပြီး အတက်အကျတွေဖြစ်နေတယ်။ ကမ္ဘာ့ရွှေဈေး မြင့်တက်လာတဲ့အတွက် ပြည်တွင်းရွှေဈေးလည်း လိုက်ပြီးတက်လာခဲ့တယ်။ ဒီတစ်ပတ်ရဲ့ နောက်ဆုံးရက်မှာ ရွှေဈေးက ရှစ်သိန်းနားရောက်လာတယ်။ အရောင်းအဝယ်ကတော့ ဈေးအတက်အကျတွေများနေတော့ စောင့်ကြည့်နေကြတဲ့ သဘောလောက်ပဲရှိတယ်" ဟု ရွှေကုန်သည် ဦးစံမြင့်က ဆိုသည်။

ဖေဖော်ဝါရီ ၈ ရက်က မြန်မာ့ရွှေဈေးသည် ကျပ် ၇၇၇၀၀၀ ရှိခဲ့ရာမှ ဖေဖော်ဝါရီ ၉ ရက်တွင် ကျပ် ၇၇၅၀၀၀ သို့ ကျဆင်းခဲ့ကာ ဖေဖော်ဝါရီ ၁၀ ရက်တွင် ၇၇၇၅၀၀ သို့ပြန်လည်မြင့်တက်ခဲ့သည်။ ဖေဖော်ဝါရီ ၁၁ ရက်တွင် ၇၈၈၅၀၀ သို့ ဆက်လက်မြင့်တက်ခဲ့သည်။

ကမ္ဘာ့ရွှေဈေးသည် ဖေဖော်ဝါရီ ၈ ရက်တွင် ၁၁၆၅ ဒေါ်လာရှိခဲ့ပြီး ဖေဖော်ဝါရီ ၉ ရက်တွင် ၁၁၉၃ ဒေါ်လာ၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် ၁၁၉၅ ဒေါ်လာ၊ ဖေဖော်ဝါရီ ၁၁ ရက်တွင် ၁၂၀၈ ဒေါ်လာသို့ မြင့်တက်ခဲ့သည်။

**မယ်သီတာ**

## Currency Exchange Rate

February 11, 2016
Base Currency is
United States Dollar - USD

| Currency Unit | | Units per USD |
|---|---|---|
| AUD | Australia Dollars | 1.41 |
| BDT | Bangladesh Taka | 78.54 |
| CAD | Canada Dollars | 1.40 |
| CNY | China Yuan Renminbi | 6.57 |
| EUR | Euro | 0.88 |
| H KD | Hong Kong Dollars | 7.79 |
| I NR | India Rupees | 68.10 |
| I DR | Indonesia Rupiahs | 13420.28 |
| JPY | Japan Yen | 112.38 |
| MYR | Malaysia | 4.12 |
| PKR | Pakistan Rupees | 104.69 |
| PHP | Philippines Pesos | 47.56 |
| RUB | Russia Rubles | 79.24 |
| SGD | Singapore Dollars | 1.40 |
| KRW | South Korea Won | 1200.61 |
| LKR | Sri Lanka Rupe | 144.02 |
| THB | Thailand Baht | 35.28 |
| GBP | United Kingdom Pounds | 0.69 |
| VND | VietnamDon | 22286.61 |

*Source : xe.com*

## World Gold Price

February, 2016 (USD/OZ)

| Date | NY | London | Zurich |
|---|---|---|---|
| 8 | 1162 | 1162 | 1162 |
| 9 | 1187 | 1187 | 1188 |
| 10 | 1188 | 1188 | 1188 |
| 11 | 1204 | 1205 | 1204 |
| 12 | - | - | - |

## Domestic Gold Price

Kyats(Thousand)

| Date | Yangon | Mandalay |
|---|---|---|
| 8-2-2016 | 772.50 | 770.70 |
| 9-2-2016 | 774.50 | 775.00 |
| 10-2-2016 | 777.50 | 778.20 |
| 11-2-2016 | 788.00 | 788.00 |
| 12-2-2016 | - | - |

## နယ်စပ်ငွေလဲလှယ်နှုန်း

ဖေဖော်ဝါရီ ၂၀၁၆ (1US$)

| ရက် | တရုတ် (ယွမ်) | ထိုင်း (ဘတ်) | ဘင်္ဂလားဒေ့ရှ် (တာကာ) | အိန္ဒိယ (ရူပီး) |
|---|---|---|---|---|
| 8 | 6 .57 | 35.52 | 78.92 | 67.84 |
| 9 | 6. 57 | 35.46 | 78.75 | 68.03 |
| 10 | 6 57 | 35.33 | 78.21 | 67.91 |
| 11 | 6 .57 | 35.28 | 78.54 | 68.10 |
| 12 | - | | - | - |

## World Metal Price (US$)

| Date | Silver/Oz | Zinc/Ton | Aluminium/Ton | Copper/Ton | Platinum/Oz |
|---|---|---|---|---|---|
| 8 - February | 14.92 | 1687.39 | 1524.77 | 4668.16 | 905.00 |
| 9 - February | 15.38 | 1770.27 | 1529.70 | 4690.34 | 924.00 |
| 10 - February | 15.22 | 1692.99 | 1510.66 | 4561.98 | 926.00 |
| 11 - February | 15.37 | 1706.88 | 1509.09 | 4507.33 | 932.00 |
| 12 -February | - | - | - | - | - |

Source:kitco.com

## ဘိလပ်မြေ

### ရေလမ်းမှ ဘိလပ်မြေတန်ချိန် ငါးသောင်းခြောက်ထောင်ကျော်ဝင်



ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၆ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၄၈၂၇၂၈၂ တန်ဖိုးရှိ ဘိလပ်မြေ ၅၆၁၅၃ ဒသမ ၅၀ တန်ကို တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ် တရုတ်နိုင်ငံမှ ၃၆၁ တန်၊ စင်ကာပူနိုင်ငံမှ တန်ချိန် ၁၀၀ နဲ့ ထိုင်းနိုင်ငံမှ ၅၅၆၉၂ဒသမ ၅၀ တန်တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ် ဘိလပ်မြေအဝင်မှာ တန်ချိန် သုံးသောင်းနှစ်ထောင်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် နှစ်သောင်းသုံးထောင်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။

### ဘိလပ်မြေဈေးကွက် ပုံမှန်အရောင်းအဝယ်ဖြစ်

ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၆ ရက် သီတင်းပတ်မှာ ပြည်တွင်းကို ရေလမ်းမှ ဘိလပ်မြေအဝင်မှာ ၅၆၁၅၃ တန်ကျော်ရှိခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်ဘိလပ်မြေအဝင်မှာ ၃၂၇၇၈ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ ဘိလပ်မြေတန်ချိန် ၂၃၀၀၀ ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်မှာ တန် ၁၈၃၆၀ ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၂၁၆၈၃တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန် ၃၅၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှအဝင်ပိုခဲ့ပြီး နယ်စပ်လမ်းမှ ဘိလပ်မြေအဝင်လျော့ခဲ့ပါတယ်။

**မန္တလေးဘိလပ်မြေဈေးကွက်မှာ** ပွင့်လင်းရာသီ ရောက်လာတာကြောင့် အရောင်းအဝယ်ကောင်းသလို ဈေးလည်း အနည်းငယ်ပြောင်းခဲ့ပါတယ်။ ဈေးကွက်ထဲ အေသုံးလုံး၊ ဆင်မင်းနဲ့ ကျောက်ဆည်က ၁၀၀ ကျပ်၊ ဆင်နဲ့စိန်က ၂၀၀ ကျပ် ဈေးကျလာခဲ့တယ်လို့ သိရပါတယ်။ ဒီတစ်ပတ် အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ အေသုံးလုံး ၅၁၀၀ ကျပ်၊ မြန်မာဆင် ၄၅၀၀ ကျပ်၊ ဆင်မင်း(ကျောက်ဆည်)၄၄၀၀ ကျပ်၊ ကျားခေါင်း ၄၄၀၀ ကျပ်၊ မြင်းခေါင်း ၄၅၀၀ ကျပ်၊ ဆင်(ထိုင်း) ၆၉၀၀ ကျပ်၊ စိန် ၆၉၀၀ကျပ် နဲ့ အရောင်း အဝယ်ဖြစ်တယ် လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** ဘိလပ်မြေက ပွင့်လင်းရာသီကြောင့် လုပ်ငန်းတွေလည်းကောင်းတယ်။ အရောင်း အဝယ်ကောင်းပေမယ့် ဘိလပ်မြေဈေးကတော့ငြိမ်နေဆဲဖြစ်တယ်လို့ သိရပါတယ်။ မြင်းခေါင်းက သုံးတဲ့သူလည်းနည်းတာကြောင့် ဈေးကွက်ထဲ ပစ္စည်းပြတ်နေပါတယ်။ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ဆင်(ထိုင်း) ၅၅၀၀ ကျပ်၊ စိန် (ထိုင်း) ၅၃၀၀ကျပ်၊ ကြံ့(မြိုင်ကလေး) ၄၉၅၀ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ အိမ်ဆောက်ပစ္စည်းရောင်းဝယ်ရေးဆိုင်မှ သိရှိရပါတယ်။

**တောင်ကြီးဈေးကွက်မှာ** ဘိလပ်မြေက ပွင့်လင်းရာသီကြောင့် အရောင်းအဝယ်ပုံမှန်ရှိတယ်။ ရောင်းအားရှိပေမယ့်လည်း ဘိလပ်မြေဈေးတွေငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ဆင်(ထိုင်း) ၇၁၀၀ ကျပ်၊ စိန်(ထိုင်း) ၇၄၀၀ကျပ်၊ အေသုံးလုံး ၅၀၀၀ ကျပ်၊ အပါချီ ၅၀၀၀ကျပ်၊ ကမ္ဘောဇ ၄၆၀၀ ကျပ်၊ နဂါး ၅၀၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဘိလပ်မြေအရောင်းဆိုင်မှ စုံစမ်းသိရှိခဲ့ပါတယ်။

**သီတာဝင်း (DOT) စုစည်းသည်**

## ဓာတ်မြေဩဇာ

### ယခင်တစ်ပတ်ထက် မြေဆီ တန်ချိန် ၁၄၀၀ ကျော်အဝင်နည်း

ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၆ ရက် သီတင်းပတ်အတွင်း ကန်ဒေါ်လာ ၁၃၆၈၄၄၆ တန်ဖိုးရှိ မြေဆီ ၅၇၈၈ဒသမ ၆၀တန်ကို ပင်လယ် ရေကြောင်း ကုန်သွယ်မှုလမ်းမှ တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ တရုတ်နိုင်ငံမှ ၂၃၈၁ တန်၊ ဂျပန်နိုင်ငံမှ ၂ တန်၊ မလေးရှားနိုင်ငံမှ ၁၂၅ဒသမ ၅၀ တန်၊ ရုရှားနိုင်ငံမှ ၂၁၈၀ ဒသမ ၁၀ တန်၊ ထိုင်းနိုင်ငံမှ တန်ချိန် ၆၀၀နဲ့ ဗီယက်နမ်နိုင်ငံမှ တန်ချိန် ၅၀၀ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ဝင်လာတဲ့အမျိုးအစားများမှာ ယူရီးယား ၊အမိုးနီးယမ်းဆာလဖိတ်၊ ကွန်ပေါင်းနဲ့ ဖလော်လာစတဲ့ မြေဆီတံဆိပ်များတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ်မြေဆီအဝင်မှာ တန်ချိန် ၇၂၀၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၁၄၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

### မြေဩဇာဈေးကွက် အရောင်းငြိမ်

ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၆ ရက် သီတင်းပတ်အတွင်းပြည်တွင်းကို ရေလမ်းမှမြေဩဇာ ၅၇၈၈ တန်ကျော်အဝင်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ တန်ချိန် ၇၂၇၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ တန်ချိန် ၁၄၀၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။ နယ်စပ်လမ်းမှ ယခုတစ်ပတ်မြေဩဇာအဝင်မှာ ၂၂၀၃၁ တန်ကျော်ရှိခဲ့ပြီး ယခင်တစ်ပတ်အဝင်မှာ ၁၇၉၃၇ တန်ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်မှာ၄၀၉၄ တန်ကျော် အဝင်ပိုခဲ့တယ်လို့ သိရပါတယ်။ ဒါကြောင့် ဒီတစ်ပတ်မှာ ရေလမ်းမှ အဝင်လျော့ခဲ့ပြီး နယ်စပ်လမ်းမှမြေဩဇာ အဝင်ပိုခဲ့ပါတယ်။

ပြည်တွင်းဈေးကွက်များဖြစ်တဲ့ မော်လမြိုင်၊ တောင်ကြီးနဲ့ ရန်ကုန် ဈေးအနည်းငယ်မြင့်လာပြီး မကွေးမှာ ဈေးအနည်းငယ်ကျလာတယ်လို့ သိရပါတယ်။

**မော်လမြိုင်ဈေးကွက်မှာ** မြေဩဇာက အရောင်းအဝယ် အေးနေသလို ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ပုလဲအသေး ၄၆% (ရွှေတုံး၊ ရွှေပျား၊ ရွှေတောင်) (တရုတ်) ၂၁၂၀၀ ကျပ်၊ ကွန်ပေါင်း(အစိမ်း) ၁၅ ပတ်လည် (ထိုင်း) ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း (ပန်းရောင်) ၁၅ ပတ်လည် (ထိုင်း) ၃၀၅၀၀ ကျပ်၊ကွန်ပေါင်း ၁၆း၁၆း၈(မြင်းပျံ-ထိုင်း)၂၉၀၀၀ ကျပ်၊ တီစူပါ ၄၆% (သံကွင်း-တရုတ်) ၂၁၅၀၀ကျပ်၊ တီစူပါ ၁၆%(မြားကမ္ဘာ-တရုတ်) ၁၂၅၀၀ ကျပ် နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ စုံစမ်းရရှိခဲ့ပါတယ်။

**တောင်ကြီးဈေးကွက်မှာ** မြေဩဇာ အရောင်းအဝယ်အေးနေသလို ဈေးငြိမ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား-ပုလဲ(ကမ္ဘာလုံး-တရုတ်) ၂၁၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ (ရွှေတောင်-တရုတ်) ၂၁၀၀၀ ကျပ်၊ ယူရီးယား-ပုလဲ(ပန်းဖူး-တရုတ်) ၂၁၀၀၀ ကျပ်၊ တီစူပါ ၁၂% (တရုတ်) ၁၃၀၀၀ ကျပ်၊ တီစူပါ ၁၆% (တရုတ်) ၁၃၅၀၀ ကျပ်၊ တီစူပါ ၁၅ ပတ်လည် (တရုတ်) ၃၇၀၀၀ ကျပ်၊ တီစူပါ၁၀း၁၀း၅ (တရုတ်) ၁၆၅၀၀ ကျပ်၊ ဓာတ်ဆား (တရုတ်) ၁၆၅၀၀ ကျပ်၊ ပိုတက်(တရုတ်) ၂၈၀၀၀ကျပ်၊ ယူရီးယား (ယူအေအီး) ၂၀၀၀၀ ကျပ်၊ မြားကမ္ဘာ ၁၆၅၀၀ ကျပ်ဈေးနဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရပါတယ်။

**မန္တလေးဈေးကွက်မှာ** အရောင်းအေးသလို ဈေးလည်းကျလာတယ်လို့ သိရပါတယ်။ ယူရီးယား(ရွှေတောင်)က ဈေးကွက်ထဲ ပြန်ဝင်လာပြီး တီစူပါ ၁၂ %နဲ့ ၁၆%က ပစ္စည်းပြတ်နေတယ်လို့ သိရပါတယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ဈေးမှာ ယူရီးယား (ရွှေတောင်-တရုတ်) ၁၉၃၀၀ ကျပ်၊ ယူရီးယား (ပန်းဖူး-တရုတ်)၁၉၄၀၀ ကျပ်၊ တီစူပါ (**GTSP** ၄၆%-တရုတ်) ၁၉၂၀၀ ကျပ်၊ ကွန်ပေါင်း ၁၀း၁၀း၅ က ၁၅၅၀၀ ကျပ်ဈေးရှိတယ်လို့ မြေဩဇာအရောင်းဆိုင်မှ စုံစမ်းသိရှိရပါတယ်။

**ရန်ကုန်ဈေးကွက်မှာ** မြေဩဇာက အရောင်းပုံမှန်ရှိတယ်လို့ သိရပါတယ်။ ဒီတစ်ပတ်မှာတော့ ယူရီးယားနဲ့ တီစူပါမြေဩဇာဈေးတွေနည်း နည်းပြန်မြင့်လာပြီး ပိုတက်က ဈေးပြန်ကျလာတယ်လို့ သိရပါတယ်။ ရာသီအလိုက် စိုက်ပျိုးတာတွေ ရှိနေတာကြောင့် အရောင်းအဝယ်က လိုက်တယ်။ ဈေးကွက်ထဲ အရောင်းအဝယ်ဖြစ်နေတဲ့ ဈေးမှာ ယူရီးယား (နေရွက်လှေ-တရုတ်) ၂၁၅၀၀ ကျပ်၊ ယူရီးယား (ရွှေတောင်-တရုတ်) ၂၁၅၀၀ ကျပ်၊ တီစူပါ(သံကွင်း-တရုတ်)၂၀၅၀၀ ကျပ်၊ ပိုတက် (အိန္ဒိယ)၂၃၅၀၀ ကျပ်၊ ကွန်ပေါင်း ၁၅ ပတ်လည် (နေရွက်လှေ-တရုတ်) ၃၇၅၀၀ ကျပ်၊ ကွန်ပေါင်း ၂၅း၇း၇ ၃၁၉၀၀ ကျပ်နဲ့ အရောင်းအဝယ်ဖြစ်တယ်လို့ ဈေးကွက်အတွင်းမှ စုံစမ်းသိရှိရပါတယ်။

## နို့ဆီ/နို့မှုန့်

### နို့ဆီ တန်ချိန် ၆၀၀ကျော်နဲ့ နို့မှုန့်တန်ချိန် ၁၆၀ ကျော်ဝင်

ဇန်နဝါရီ ၃၁ ရက်မှ ဖေဖော်ဝါရီ ၆ ရက် သီတင်းပတ်အတွင်း ပင်လယ်ရေကြောင်း ကုန်သွယ်မှုလမ်းမှ ကန်ဒေါ်လာ ၇၉၄၉၇၉ တန်ဖိုးရှိ နို့ဆီ ၆၂၁ တန် တင်သွင်းခဲ့ပါတယ်။ ဒီတစ်ပတ်မှာ နို့ဆီတစ်မျိုးတည်းသာ တင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခင်သီတင်းပတ် နို့ဆီအဝင်မှာ တန်ချိန် ၂၉၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၃၂၀ ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

နို့မှုန့်က ဒီတစ်ပတ်မှာ နယူးဇီလန်မှ ၁၁၈ ဒသမ ၈၀ တန်နဲ့ စင်ကာပူမှ ၄၃ ဒသမ ၁၀၂ တန် တင်သွင်းခဲ့ပါတယ်။ ယခင်သီတင်းပတ်နို့မှုန့်အဝင်မှာ တန်ချိန် ၄၂၀ ကျော်ရှိခဲ့တာကြောင့် ဒီတစ်ပတ်အဝင်နဲ့ယှဉ်ရင် တန်ချိန် ၂၆၀ကျော် အဝင်လျော့ခဲ့တယ်လို့ သိရပါတယ်။

**ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဘိလပ်မြေတင်သွင်းမှုအခြေအနေ**

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၀/၁ မှ၅/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၁ မှ ၂၉/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ဂ၃၄.၇၅ | ၉၅၄.၅၀ | (-) ၁၁၉.၇၅ |
| ၂။ | လွယ်ဂျယ် | ၁၆၀၅.၀၀ | ၁၀၆၅.၀၀ | (+) ၅၄၀.၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | ကန်ပိုက်တီး | - | ၆၅၅၇.၀၀ | (-) ၆၅၅၇.၀၀ |
| ၅။ | တာချီလိတ် | ၂၅၀၀.၀၀ | - | (+) ၂၅၀၀.၀၀ |
| ၆။ | မြဝတီ | ၁၄၄၇.၀၀ | ၂၀၂၉.၇၀ | (-) ၅ဂ၂.၇၀ |
| ၇။ | ကော့သောင်း | ၁၁ဂ၄၅.၀၀ | ၁၀၉၁၇.၀၀ | (+) ၉၂ဂ.၀၀ |
| ဂ။ | မြိတ် | ၁၃၀.၀၀ | ၃၅၀.၀၀ | (-) ၂၁၀.၀၀ |
| ၉။ | မောင်တော | - | - | - |
| | စုစုပေါင်း | ၁ဂ၃၆၁.၇၅ | ၂၁ဂ၆၃.၂၀ | (-) ၃၅၀၁.၄၅ |

မြင့်မြင့်မာ MIRT

**ကုန်သွယ်ရေးစခန်း/ဇုန်အလိုက် ဓာတ်မြေဩဇာတင်သွင်းမှုအခြေအနေ**

| စဉ် | စခန်းအမည် | ယခုသီတင်းပတ် တင်သွင်းမှုတန်ချိန် ၃၀/၁ မှ ၅/၂ | ယခင်သီတင်းပတ် တင်သွင်းမှုတန်ချိန် ၂၃/၁ မှ ၂၉/၁ | နှိုင်းယှဉ်ချက် (ပို/လို) +/- |
|---|---|---|---|---|
| ၁။ | မူဆယ် | ၂၀၆၆၄.၇၅၀ | ၁၄ဂ၄၇.၃၅၀ | (+) ၅ဂ၁၇.၄၀၀ |
| ၂။ | လွယ်ဂျယ် | ၅၁.၀၀၀ | ၆၄.၀၀၀ | (-) ၁၃.၀၀၀ |
| ၃။ | ချင်းရွှေဟော် | - | - | - |
| ၄။ | တာချီလိတ် | - | ၃၀၀.၀၀၀ | (-) ၃၀၀.၀၀၀ |
| ၅။ | မြဝတီ | ၁၂၂၆.၀၂၀ | ဂ၂၅.ဂ၀၀ | (+) ၄၀၀.၂၂၀ |
| ၆။ | ကော့သောင်း | ၉၀.၀၀၀ | - | (+) ၉၀.၀၀၀ |
| ၇။ | မြိတ် | - | ၁၀၀.၀၀၀ | (-) ၁၀၀.၀၀၀ |
| ဂ။ | ရိဒ် | - | ၁ဂ၀၀.၀၀၀ | (-) ၁ဂ၀၀.၀၀၀ |
| | စုစုပေါင်း | ၂၂၀၃၁.၁၇၇ | ၁၇၉၃၇.၁၅၀ | (+) ၄၀၉၄.၆၂၀ |

တင်တင်ထွန်း MIRT

စီးပွားရေးအောင်မြင်ရန် သတင်းအချက်အလက်ကို အခြေခံ

## နှမ်း

### ချင်းရွှေဟော်မှ နှမ်း ပိုမိုတင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီ ပထမပတ်အတွင်း ကန်ဒေါ်လာ ၂ ဒသမ ၁၂၅ သန်းတန်ဖိုးရှိ နှမ်းရောင်စုံ၁၇၅၉ တန်တင်ပို့ခဲ့ပါတယ်။ တင်ပို့ခဲ့တဲ့ နှမ်းရောင်စုံတွေကတော့ နှမ်းနက် ၇၄၅ တန်၊နှမ်းဖြူ ၆၆၉ တန်နဲ့ နှမ်းညို ၃၄၅ တန်ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က ၁၄၀၆ တန်သာ တင်ပို့ခဲ့လို့ ယခုတစ်ပတ်မှာ ချင်းရွှေဟော်ရဲ့ နှမ်းတင်ပို့မှုမှာ ၃၅၃ တန် ပိုမိုလာတာတွေ့ရပါတယ်။ ဇန်နဝါရီလဆန်းပိုင်းလောက်ကတည်းက မူဆယ်မှ နှမ်းတင်ပို့မှု မရှိခဲ့ပေမယ့် မူဆယ်ကုန်စည်ဒိုင်မှာတော့ ယခုတစ်ပတ် နှမ်းဖြူဈေး ၁၅၁၄၅၇၁ ကျပ်နဲ့ နှမ်းနက်ဈေး ၁၈၅၅၂၄ ကျပ်ရှိခဲ့ပါတယ်။ နယ်အစုံက နှမ်းဝင်ရောက်တာများပြားပေမယ့် ရန်ကုန်နဲ့ မန္တလေးမှ ဝယ်ယူမှုနည်းပါးတာကြောင့် ဈေးကျနေရတာလို့ ဘုရင့်နောင်ကုန်စည်ဒိုင်မှသိရပါတယ်။ **မော်မော်အောင်**

### စားအုန်းဆီဈေးကျသဖြင့် ပြည်ပမှတင်သွင်းမှု တန်ချိန် ပိုမိုသော်လည်း တန်ဖိုးလျော့နည်း



၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ၂၀၁၆ ခုနှစ်ဖေဖော်ဝါရီ ၅ ရက်ထိ ၁၀ လ ကျော်ကာလတွင် ပြည်ပမှ စားအုန်းဆီ တန်ချိန် ၅ ဒသမ ၃၀၈ သိန်း၊တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၃၄၃ သန်းကျော်ဖိုး တင်သွင်းခဲ့ပါတယ်။ ယမန်နှစ်ကာလတူက ကန် ဒေါ်လာ ၄၄၅ သန်းကျော်ဖိုးရှိတဲ့စားအုန်းဆီ ၅၃၅၉၂၈ တန် တင်သွင်းခဲ့ရာ ယခုနှစ်မှာ တန်ချိန်အားဖြင့် ၅၉၂၈ တန် ပိုမိုတင်သွင်းခဲ့သော်လည်း တန်ဖိုးအားဖြင့် ကန်ဒေါ်လာ ၁၀၁ သန်း လျော့နည်းခဲ့တယ်လို့ သိရပါတယ်။ **MIRT**

### ယမန်နှစ်ကာလတူထက် နှမ်းပိုမိုတင်ပို့

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်အထိ အမေရိကန်ဒေါ်လာ ၁၁၉ သန်းကျော်ဖိုးရှိတဲ့ နှမ်းတန်ချိန် ၈၇၇၈၆ တင်ပို့ခဲ့ပါတယ်။ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက တန်ချိန်အားဖြင့် ၆၈၃၉တန်ခန့် ပိုမိုတင်ပို့ခဲ့ပါတယ်။၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တစ်နှစ်လုံး အမေရိကန်ဒေါ်လာ ၁၈၂ သန်းနီးပါးတန်ဖိုးရှိ နှမ်းတန်ချိန် ၉၁၈၀၅ တန် တင်ပို့ခဲ့တယ်လို့ သိရပါတယ်။ **MIRT**

## စားအုန်းဆီ

### မလေးရှားနိုင်ငံရဲ့ဇန်နဝါရီလ စားအုန်းဆီသိုလှောင်လက်ကျန် ကျဆင်းမှုကြောင့် စားအုန်းဆီဈေးမြင့်တက်

အယ်လ်နီညိုရာသီဥတုအခြေအနေ ပြင်းထန်မှုကြောင့် စားအုန်းဆီထုတ်လုပ်မှုကို ထိခိုက်စေခဲ့တဲ့အတွက် မလေးရှားနိုင်ငံရဲ့ ဇန်နဝါရီလစားအုန်းဆီလက်ကျန်က ခြောက်လအတွင်း အနိမ့်ဆုံးအဆင့်အထိ ကျဆင်းခဲ့ကြောင်း လုပ်ငန်းဆိုင်ရာကြီးကြပ်ထိန်းသိမ်းရေးအဖွဲ့ရဲ့ ဖေဖော်ဝါရီ ၁၀ ရက်က ထုတ်ပြန်တဲ့ ကိန်းဂဏန်းတွေအရ သိရပါတယ်။

စားအုန်းဆီဈေးက ဖေဖော်ဝါရီ ၅ ရက်မှာ တစ်တန်ကို ၂၆၀၄ ရင်းဂစ် (စင်ကာပူဒေါ်လာ ၈၇၅ ဒသမ ၉၁)နှုန်းရှိခဲ့ရာ ၂၁ လအတွင်း အမြင့်ဆုံးနှုန်းအဖြစ် ရောက်ရှိတဲ့အပြင် သိုလှောင်လက်ကျန်ကျဆင်းမှုက မလေးရှားကုန်စည်ဒိုင်ရဲ့ အခြေခံစံထားဈေးနှုန်းကို မြင့်တက်ဖို့ အထောက်အကူဖြစ်စေခဲ့ပါတယ်။ ဒါပေမယ့် ဖေဖော်ဝါရီ ၁၀ ရက် နေ့လယ်မှာ ပို့ကုန်အားနည်းမှုကြောင့် ကုန်စည်ဒိုင်ရဲ့ ကြိုတင်ရောင်းဈေးက သုည ဒသမ ၄ ရာခိုင်နှုန်း ကျဆင်းပြီး တစ်တန်ကို ၂၅၇၁ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။

မလေးရှားရဲ့ စားအုန်းဆီသိုလှောင်လက်ကျန်က ဒီဇင်ဘာလကုန်မှ ဇန်နဝါရီလကုန်ရက်အတွင်း ၁၂ ဒသမ ၄ ရာခိုင်နှုန်းကျဆင်းပြီး တန် ၂ ဒသမ ၃၁ သန်းသာ ရှိခဲ့ကြောင်း မလေးရှားစားအုန်းဆီဘုတ်အဖွဲ့ (MPOB) က ထုတ်ပြန်ပါတယ်။ ရိုက်တာသတင်းဌာနက ခန့်မှန်းထားတာနဲ့နှိုင်းယှဉ်ရင် ၉ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းပါတယ်။ အယ်လ်နီညိုရာသီဥတုကြောင့် ဆီအုန်းအသီး သီးနှုန်းနဲ့အထွက်ကို ကျဆင်းစေတဲ့အတွက် မလေးရှားနိုင်ငံရဲ့ ထုတ်လုပ်မှုက ၁၉ ဒသမ ၃ ရာခိုင်နှုန်းကျဆင်းပြီး တန် ၁ ဒသမ ၁၃ သန်းထိ ရောက်ရှိကာ သိုလှောင်မှုကိုလည်း ကျဆင်းစေခဲ့ပါတယ်။

"စားအုန်းဆီဈေးနှုန်းက သိုလှောင်လက်ကျန် အခြေအနေအတိုင်း အနည်းနဲ့အများ လိုက်ပါသွားနိုင်ပါတယ်။ အယ်လ်နီညိုရာသီဥတုကြောင့် ဒီတစ်နှစ်လုံးမှာ စားအုန်းဆီဈေးက အတက်အကျမရှိ တန့်နေဖို့များပါတယ်။ အများဆုံး ထုတ်လုပ်တဲ့ ရာသီမှာ မလေးရှားစားအုန်းဆီအထွက်က ပုံမှန်အောက်ကို ကျဆင်းနိုင်ပါတယ်"လို့ ဒီဘီအက်စ်စင်ကာပူဘဏ်ရဲ့ လေ့လာဆန်းစစ်ရေးမှူး ဘင်ဆန်တိုဘိုက ပြောပါတယ်။

မလေးရှားစားအုန်းဆီရောင်းလိုအားက ၂၀၁၆ ခုနှစ် ပထမနှစ်ဝက်မှာ ကျဆင်းမယ့် အလားအလာရှိကြောင်း ဟင်းရွက်ဆီလေ့လာဆန်းစစ်ရေးမှူး ဒိုရပ်မစ်စထရီက ပြောပါတယ်။ အရှေ့တောင်အာရှရဲ့စားအုန်းဆီ ထုတ်လုပ်မှုက တန် ၄ သန်း ကျဆင်းနိုင်တယ်လို့ အခြားလေ့လာဆန်းစစ်ရေးမှူးတစ်ဦးဖြစ်တဲ့ ဂျိမ်းစ်ဖရိုင်းက ပြောပါတယ်။ ပို့ကုန်ဝယ်လိုအားကျဆင်းသလို ထုတ်လုပ်မှုလည်း ကျဆင်းတဲ့အတွက် ယခုနှစ်ဒုတိယသုံးလပတ်မှာ တစ်တန်ကို ရင်းဂစ် ၂၇၀၀ အထိရောက်ရှိမယ်လို့ မစ်စထရီက ခန့်မှန်းပါတယ်။

ဇန်နဝါရီမှာ တင်ပို့မှုက တန် ၁ ဒသမ ၂၈ သန်းထိ ကျဆင်းတဲ့အတွက် ဒီဇင်ဘာက တင်ပို့ခဲ့တဲ့ တန် ၁ ဒသမ ၄၈ သန်းနဲ့ နှိုင်းယှဉ်ရင် ၁၃ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းပါတယ်။

"စားအုန်းဆီကြမ်းနဲ့ ပဲပုပ်ဆီဈေးကွာဟချက်နည်းလာတဲ့အတွက် တရုတ်နိုင်ငံက ပဲပုပ်ဆီဘက်ကို မျက်နှာမူသွားစေပါတယ်။ ရေတိုမှာတော့ ဈေးနှုန်းကိုထိန်းထားနိုင်ဦးမှာဖြစ်ပေမယ့် ရေရှည်မှာတော့ ဝယ်လိုအားက ပြဿနာတစ်ခုဖြစ်လာနိုင်ပါတယ်"လို့ မလေးရှားအခြေစိုက် ကုန်ထုတ်လုပ်ငန်းတစ်ခုမှ ညွှန်ကြားရေးမှူး လင်ဂမ်ဆူပရာမန်နီယန်က ပြောပါတယ်။ စားအုန်းဆီအများဆုံး စားသုံးတဲ့ တရုတ်နိုင်ငံကို တင်ပို့မှု နှေးကွေးလာတဲ့အတွက် ဖေဖော်ဝါရီ ပထမ ၁၀ ရက်အတွင်း မလေးရှားစားအုန်းဆီတင်ပို့မှုက လွန်ခဲ့တဲ့ တစ်လက အခြေအနေနဲ့နှိုင်းယှဉ်ရင် ၂၂ ဒသမ ၇ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ကုန်စည်စစ်တမ်းကောက်ယူရေးအဖွဲ့ Intertek Testing က ပြောပါတယ်။

တောင်အာဖရိက ပဲပုပ်တွေဈေး ကွက်ထဲအမြောက်အမြား ဝင်လာပြီးနောက်ပိုင်းမှာ စားအုန်းဆီဈေးနဲ့ သူ့ရဲ့ပြိုင်ဘက်သီးနှံဖြစ်တဲ့ ပဲပုပ်ဆီဈေးနှုန်း ကွာဟချက်က ကျဉ်းမြောင်းသွားပါတယ်။ အာရှမှာ စီးပွားရေးအကြီးဆုံးဖြစ်တဲ့ တရုတ်နိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုကလည်း နှေးကွေးလာတဲ့အတွက် တရုတ်နိုင်ငံအနေနဲ့ ပြည်တွင်းသုံးအတွက် ပဲပုပ်ဆီကို ပိုမိုသုံးစွဲပြီး စားအုန်းဆီတင်သွင်းမှုကို လျှော့ချလာပါတယ်။ **ဉာဏ်တင်**

### ပြည်တွင်းဆီဈေးနှုန်းများ (၁၁-၂-၂၀၁၆)

ကျပ်/ပိဿာ

| မြို့အမည် | ပဲဆီ | | | နှမ်းဆီ | | | စားအုန်းဆီ | | |
|---|---|---|---|---|---|---|---|---|---|
| | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် | ယခင် | ယခု | နှိုင်းယှဉ်ချက် |
| နေပြည်တော် (ပျဉ်းမနား) | ၄၂၀၀ | ၄၂၀၀ | □ | ၃၀၀၀ | ၃၀၀၀ | □ | ၁၅၅၀ | ၁၅၅၀ | □ |
| ရန်ကုန် | ၄၅၀၀ | ၄၅၀၀ | □ | ၃၉၀၀ | ၃၉၀၀ | □ | ၁၄၂၅ | ၁၄၄၅ | △ |
| မန္တလေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၄၀၀ | ၃၄၀၀ | □ | ၁၅၃၀ | ၁၅၃၀ | □ |
| ပဲခူး | ၃၂၀၀ | ၃၄၀၀ | △ | ၄၆၀၀ | ၄၆၀၀ | □ | ၁၄၅၀ | ၁၄၅၀ | □ |
| မကွေး | ၄၀၀၀ | ၄၀၀၀ | □ | ၃၉၀၀ | ၃၉၀၀ | □ | ၁၅၀၀ | ၁၅၀၀ | □ |
| မုံရွာ | ၄၁၀၀ | ၄၀၀၀ | ▽ | ၃၆၀၀ | ၃၆၀၀ | □ | ၁၅၅၀ | ၁၅၆၀ | △ |
| စစ်တွေ | ၄၀၀၀ | ၄၀၀၀ | □ | ၄၀၀၀ | ၄၀၀၀ | □ | ၁၉၀၀ | ၁၉၀၀ | □ |

*Source: mirt*




### မလေးရှားစားအုန်းဆီ အပတ်စဉ်ပျမ်းမျှ (FOB) ဈေးနှုန်း

၁၁-၂-၂၀၁၆ US$/Ton

| အမျိုးအစား | ဖေဖော်ဝါရီလပထမပတ် | ဖေဖော်ဝါရီလဒုတိယပတ် | နှိုင်းယှဉ်ချက် |
|---|---|---|---|
| RBD P.Oil | ၅၃၈.၅၀ | ၅၉၃.၅၀ | △ |
| RBD P.Olein | ၅၆၆.၅၀ | ၅၉၇.၅၀ | △ |
| RBD P.Strarin | ၅၄၀.၅၀ | ၅၆၂.၀၀ | △ |

*Source: econ.mpob*

### ပြည်ပမှတင်သွင်းလာသော စားအုန်းဆီများ ရန်ကုန်ဆိပ်ကမ်းအရောက် တစ်ပိဿာအရင်းဈေးတွက်ချက်ပုံ (၁၁-၂-၂၀၁၆ )နေ့

| အကြောင်းအရာ | တွက်ချက်နှုန်း | တစ်ပိဿာကုန်ကျစရိတ် (ကျပ်) Cloud Point 8˚CMax |
|---|---|---|
| CIF ဈေး | (CIFx USD)/ 612 | ၁၃၁၆.၄၂ |
| FDA ထောက်ခံစာ | 58 .20/ 612 | ၀.၁၀ |
| သွင်းကုန်လိုင်စင်ကြေး | 50/ 612 | ၀.၀၈ |
| L/C စရိတ် | (1500 x 0.25% x USD)/612 | ၇.၅၄ |
| Bill စရိတ် | (CIF x 0.50% x USD )/612 | ၆.၅၈ |
| စားအုန်းဆီအလျော့ | 0.5% x လက်ကားဈေး | ၇.၂၀ |
| ဆီကန်သိုလှောင်ထိန်းသိမ်းခ | 5/ -1% | ၄.၉၅ |
| ကုန်သွယ်လုပ်ငန်းခွန် | (FOB x USD x 1.2 x 5%) 612 | ၇၅.၉၇ |
| ဆိပ်ကမ်းခွန် | (50000/ 1000) 612 | ၀.၀၈ |
| MITS စစ်ဆေးခ (FDA အပါအဝင်) | | ၀.၆၀ |
| အခွန်လျာထား | (CIF x 35/-)/ 612 | ၃၇.၄၆ |
| ဆိပ်ကမ်းကပ်ခ | (3x USD )/ 612 | ၆.၀၃ |
| | ရန်ကုန်ဆိပ်ကမ်းအရောက် အရင်းဈေး | ၁၄၆၃.၀၁ |

မှတ်ချက်။

၁။ အထက်ပါတွက်ချက်မှုမှာ ၁၁-၂-၂၀၁၆ နေ့ (CIF ဈေး Cloud Point 8˚C Max ၆၅၅ ဒေါ်လာ၊ FOB ၆၃၀ ဒေါ်လာနှင့် USD ဈေး ၁၂၃၀ ကျပ်) ဖြင့်တွက်ချက်ထားခြင်း ဖြစ်ပါသည်။

၂။ ၁၁-၂-၂၀၁၆ နေ့ဝယ်ယူပြီးနောက် ၁၀ ရက်ခန့်အကြာ ရန်ကုန်ဆိပ်ကမ်းရောက်ရှိမည့် ဈေးဖြစ်ပါသည်။

၃။ တင်သွင်းလာသော ကုမ္ပဏီ၏ အမြတ်၊ ဆိပ်ကမ်းမှ ဖြန့်ဖြူးမည့် ဈေးကွက်အရောက် သယ်ယူစရိတ်၊ လုပ်သားခ၊ လက်လီဆိုင်များ၏ အမြတ်များ မပါဝင်သေးပါ။

၄။ ငွေလဲနှုန်းတစ်ဒေါ်လာကို ဒေါ်လာဈေး ၁၂၃၀ ကျပ်ဖြင့်တွက်ချက်ထားပါသည်။

၅။ ကုန်သွယ်လုပ်ငန်းခွန်မှာ ယခင် သုည ရာခိုင်နှုန်းဖြစ်ပြီး ယခု ၅ ရာခိုင်နှုန်း ဖြစ်ပါသည်။

၆။ ဆိပ်ကမ်းကပ်ခမှာ ယခင်ကောက်ခံခြင်းမရှိပါ။ ယခုတစ်တန်လျှင် အမေရိကန် ၃ ဒေါ်လာနှုန်း ကောက်ခံပါသဖြင့် ထည့်သွင်းတွက်ချက်ပါသည်။

၇။ နိုင်ငံခြားစားအုန်းဆီ FOB နှင့် CIFဈေးနှုန်းများ အပါအဝင် ဖော်ပြပါဈေးနှုန်းများသည် အချိန်နှင့်အမျှအတက်အကျ အပြောင်း အလဲရှိနိုင်ပါသည်။

Vol: 16, No.7 Monday February 15 2016

# ICD နှင့် CFS အကြောင်း

|ညီညီအောင်|

ICD ဆိုတာဘာလဲ ICD က ဘာတွေလုပ်သလဲ၊ ထုတ်ကုန် သွင်းကုန် ကုန်သွယ်မှုလုပ်ငန်းမှာ ICD နဲ့ CFS အကြား ဘာတွေ ကွာခြားသလဲ၊

စသည်ဖြင့် ယနေ့အေးဂျင့် လူငယ်တွေမကြာခဏပြောဆိုနေကြသည်ကိုတွေ့ရသည်။ မိမိတို့နိုင်ငံတွင် ICD ဟု ခေါ်တွင်လျက်ရှိသော ICD 1, ICD 2 စသည်တို့သည်လည်း ICD ၏ လုပ်ငန်းဆောင်တာ (Facilities) အပြည့်လုပ်ဆောင်နိုင်သည်ကို မတွေ့ရပေ။ ကုန်သေတ္တာအခွံများကိုသာလက်ခံထုတ်ပေးသည့် အလုပ်ကိုသာ အဓိကထား လုပ်ကိုင်လျက်ရှိသည်ကိုတွေ့ရ၏။ LCL Cargoများ ကုန်သေတ္တာထည့်သွင်းခြင်းလုပ်ငန်းနှင့် ကုန်သေတ္တာများပြုပြင်ထိန်းသိမ်းသည့်လုပ်ငန်း၊ရေဆေးသန့်ရှင်းသည့်လုပ်ငန်း အနည်းအကျဉ်းကို သာလုပ်ကိုင်ကြ၏။ ကုန်သေတ္တာအဝင်များပြီး ပြန်ပို့သည့်ပမာဏ နည်းပါးသည့်အတွက် ကုန်သေတ္တာအခွံများဝါဆိုလေ့ရှိကြသည်။ အဝင်အထွက် မမျှတသဖြင့်သင်္ဘောလိုင်းတချို့ Container Inbal - ance Charges(CIC) များကောက်ခံလာကြသည်ကို ယခုတလော တွေ့လာရပြန်သည်။

**ICD(Inland Container Depot)**

ICD(InlandContainerDepot) ဆိုသည်မှာ ပင်လယ်ဆိပ်ကမ်းနှင့် ဝေးကွာသောနေရာတွင် တည်ဆောက်ထားသည့် ကုန်သေတ္တာချထားသည့် ကုန်းတွင်းကုန်သေတ္တာစခန်းကိုခေါ်ဆိုသည်။ ICD မှာထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင် ကုမ္ပဏီ ပိုင်ရှင်များအတွက် များစွာအဆင်ပြေသည်။ အကြောင်းမှာ သူတို့၏ သိုလှောင်ရုံများသို့ သယ်ယူပို့ဆောင်ရန် လွယ်ကူသောနေရာများ တွင်တည်ဆောက်ထားသောကြောင့် ဖြစ်သည်။ အေးဂျင့်များအတွက်လည်း ဝေးကွာလှသော ဆိပ်ကမ်းသို့သွားရန်မလိုဘဲ ထုတ်ကုန်သွင်းကုန် ရှင်းလင်းရေးလုပ်ငန်းများကိုမိမိတို့ရုံးများနှင့် နီးသောနေရာရှိ ICD တွင် သွားရောက်ရှင်းလင်းခွင့်ရသဖြင့် အဆင်ပြေနေပြန်သည် ICDများသည် ပင်လယ်ဆိပ်ကမ်းနှင့် သိုလှောင်ရုံများဝေးသောနိုင်ငံများတွင် အချိန်နှင့် ကုန်ကျစရိတ်သက်သာအောင် လုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျတည်ထောင်ထားကြခြင်းဖြစ်သဖြင့် ကုန်သွယ်မှုလျင်မြန်ချောမွေ့ရေးအတွက် အထောက်အကူပြုသည်ဟု ဆိုရမည်။ ICD တွင် အကောက်ခွန်ဦးစီးဌာန၊ သင်္ဘောလိုင်းများ၊ ကုန်စည်ပို့ဆောင်သူများ၊ အကောက်ခွန်ရှင်းလင်းရေးကိုယ်စားလှယ်များ၊ ကုန်ပစ္စည်းစစ်ဆေးရေးအဖွဲ့အစည်းများ၊ ကုန်ပစ္စည်းထုပ်ပိုးသောအဖွဲ့အစည်းများ စသည်ဖြင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် ထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်များအတွက် ကုန်ပစ္စည်းများလျင်မြန်စွာ ထုတ်ယူ နိုင်ရေးနှင့် တင်ပို့နိုင်ရေးကို ဆောင်ရွက်ပေးလျက်ရှိသော ပင်လယ်ရေကြောင်း တံခါးမှူးကြီးတစ်ခုဖြစ်သည်။

မီးရထားလမ်းလွှဲများရှိသောမီးရထားကုန်သေတ္တာ (Conta - iner Train) များဆိုက်ကပ်သော ICD တွင် ခရီးဆုံးသို့သွားမည့် စကြ်န်လမ်းသို့လွှဲပြောင်း၍ နိုင်ငံတစ်ဝန်းသို့ ထုတ်ယူတင်ပို့ပေးနိုင်သည်။ ကရိန်းများ၊ ဖောက်ကလစ်များအသုံးပြု၍ ရထားကုန်တွဲများပေါ်သို့လည်းပြောင်းလဲတင်ပို့နိုင်သည်။ICD တွင် ကုန်သေတ္တာများ ချထားနိုင်ရန်ကျယ်ပြန့်သော ကုန်သေတ္တာလွင်ပြင်များထားရှိသည်။ ဆိပ်ကမ်းမရောက်မီထုတ်ကုန်-ကုန်သေတ္တာများ တစ်စုတစ်ဝေးတည်းစုပုံထားရှိသောနေရာဖြစ်သည်။ ICD သည် သွင်းကုန် ကုန်သေတ္တာများ အကောက်ခွန် ရှင်းလင်းမှုလုပ်ငန်းများ ပြီးဆုံး၍ကုန်သေတ္တာအခွံများကျန်သည်အထိ ဆောင်ရွက်ပေးသည်။ အအေးခန်း ကုန်သေတ္တာများ၊ အန္တရာယ်ရှိကုန်သေတ္တာများ၊ တန်ပိုကုန်သေတ္တာများနှင့် အရွယ်လွန် ကုန်သေတ္တာများအတွက် အထူးနေရာများထားပေးသည်။

ICD ကုန်သေတ္တာစခန်းတွင် ထုတ်ကုန်ကုန်သေတ္တာများအား အကောက်ခွန်စစ်ဆေးသည့် ပလက်ဖောင်းများနှင့် သွင်းကုန်ကုန်သေတ္တာများအား သိုလှောင်ထားရှိပြီး အကောက်ခွန်စစ်ဆေးပြီး ကုန်သေတ္တာ ထုတ်ပေးသည့် ပလက်ဖောင်းများပါဝင်သော သိုလှောင်ရုံကြီး (Cargo Freight Station-CFS) တစ်ရုံ ဆောက်လုပ်ပေးထားသည်။ အဆိုပါသို လှောင်ရုံကြီး(CFS) အတွင်း စုပေါင်းကုန်ပစ္စည်းများ (Consolidated Cargo) ထုပ်ပိုးသောနေရာနှင့် ကုန်သေတ္တာထည့်သွင်း အကောက်ခွန် စစ်ဆေးသည့်နေရာကိုလည်း စီမံပေးထားသည့်အပြင် စုပေါင်းစပ်ပေါင်းတင်သွင်းလာသော ကုန်ပစ္စည်း (Less CargoLoad) (LCL Cargo) များ ဖွင့်ဖောက်သိုလှောင်ပေးပြီး အကောက်ခွန်စစ်ဆေးကာ ထုတ်ပေးသောနေရာလည်း သတ်မှတ်ပေးထားသည်။ ထုတ်ကုန် သွင်းကုန် ကုန်သေတ္တာများ (Full Caro Load)(FCL) များအား လုပ်ငန်းလုပ်ဆောင်သော သိုလှောင်ရုံကိုကုန်




သေတ္တာပိုင်သည့် သင်္ဘောလိုင်း များငှားထားသော သီးသန့်နေရာများတွင် စစ်ဆေးထုတ်ပေးကာ တင်ပို့လေ့ရှိသည်။ အဝင်အထွက် ဂိတ်များကိုလည်း စနစ်တကျ သတ်မှတ်ထားသည်။ ကုန်သေတ္တာများ အဝင်အထွက်လုပ်သည့် လမ်းကြောင်းနှင့် စာရွက်စာတမ်းလုပ်ရသည့်နေရာ၊ လုံခြုံရေးနှင့် စစ်ဆေးသည့်နေရာများခွဲခြားထားရသည်။

**CFS(Cargo Freight Station)**

CFS(Cargo Freight Station) မှာဆိပ်ကမ်း (Port) များအိုင်စီဒီ (ICD) များနှင့် ကုန်းတွင်း ဆိပ်ကမ်း (Dry Port) ဝင်းကြီးများအတွင်း သင်္ဘောဖြင့်ပါလာသော စုပေါင်းတင်ဆောင် ကုန်သေတ္တာများ (ConsolidatedCargoContainer) ချထားသော သိုလှောင်ရုံ (Station) ကြီးများကိုခေါ်သည်။ ထုတ်ကုန် သွင်းကုန်ပစ္စည်း (LCL Cargo) များကို အသွင်းအထုတ်လုပ်နိုင်ရန်အတွက် ယာယီသိုလှောင်ထားပြီး ပြန်လည်ထုတ်ပေးနိုင်သော နေရာအဖြစ်လည်းကောင်း၊ အကောက် ခွန်ကြီးကြပ်မှုဖြင့် သယ်ဆောင်လာသော ကုန်သေတ္တာအခွံများနှင့် ပြည်တွင်းသုံးစွဲရန် တင်သွင်းလာသော (LCL Cargo) များထုတ်ပေးရန်အတွက် အခြားသောစစ်ဆေးရေး အေဂျင်စီများနှင့် အကောက်ခွန်အဖွဲ့များတာဝန်ချထားသောစခန်းကို ခေါ်သည်။CFS တွင် ICD ၏ လုပ်ငန်းဆောင်တာများထားရှိသည်။အချို့သော ICD များအတွင်းရှိ CFS သိုလှောင်ရုံများတွင် နိုင်ငံအတွင်းဖြတ်သန်း ကုန်ပစ္စည်း (Transit Cargo) များကိုပင်ယာယီချထားပြီး ပြန်လည်တင်ပို့သောနေရာအဖြစ် အသုံးပြုလျက်ရှိသည်ကို တွေ့ရသည်။ CFS သိုလှောင်ရုံတွင် ကုန်သေတ္တာများ ပစ္စည်းထည့်၊ ပစ္စည်းချစသည်တို့ ဆောင်ရွက်ကြပြီး ချထားသောကုန်ပစ္စည်းများကို သိုလှောင်ရုံအတွင်း စနစ်တကျပုံထားခြင်း၊ ကုန်သေတ္တာအခွံအား ICD ဝင်းအတွင်း သီးသန့်စုပုံထားခြင်း တို့ဆောင်ရွက်ကြရသည်။ ကုန်ပါစာရင်းချုပ်များ (Minifests) ထုတ်ကုန် သွင်းကုန် ကြေညာလွှာတင်သွင်းခြင်း (Declaration) များကိုထုတ်ကုန်သွင်းကုန်လုပ်ငန်းရှင်များ၊ သင်္ဘောပိုင်ရှင်များကအကောက်ခွန်ရုံး သို့သွားရောက်၍သော်လည်းကောင်း၊ Online မှသော်လည်းကောင်းတင်သွင်းကြရပြီး သင်္ဘောတင်ကုန်တင်တန်ဆာများကိုလည်း CFS နှင့်တွဲလျက်ရှိသော၊အကောက်ခွန်ရုံး (Customs Station) အတွင်းပင် ကြေညာလွှာတင်သွင်းရမည်။ ICD သည် တချို့သော နိုင်ငံများတွင် ကုန်းတွင်းဆိပ်ကမ်း (Dry Port) သို့မဟုတ် ကုန်သေတ္တာကုန်ပစ္စည်းများ သိုလှောင်ရုံ (CFS) အဖြစ်ဆောင်ရွက်ပေး၏။ သို့ဖြစ်၍ ICD နှင့် CFS ကိုတူညီသော အခြေခံလုပ်ငန်းဆောင်တာများကို လေ့လာကြည့်ရာ အောက်ပါအချက်များကို တွေ့ရသည်။

**ICD နှင့် CFS တူညီသောအချက်များ**

၁။ ကုန်သေတ္တာဖြင့်ပါလာသော ထုတ်ကုန် သွင်းကုန် ပစ္စည်းများကိုလက်ခံခြင်း၊ မှတ်တမ်းတင်ခြင်း၊ ထုတ်ပေးခြင်း။

၂။ ကုန်သေတ္တာများအတွင်းသို့ ကုန်ပစ္စည်းများထည့်ခြင်း၊ ကုန်သေတ္တာများအတွင်းမှ ကုန်ပစ္စည်းများချခြင်း၊ စက်သုံးဆီ၊ စားအုန်းဆီနှင့် မော်တော်ကားတင်ကုန်သေတ္တာများ တွဲပြောင်းပေးခြင်း။

၃။ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း။

၄။ စုပေါင်းတင်ဆောင်လာသော ကုန်သေတ္တာ (Consol idateed Container)များအတွက် တင်ဆောင်လာသော ကုန်ပစ္စည်းများအား ကုန်ပစ္စည်းပိုင်ရှင်(Consignee) တစ်ဦးချင်း အလိုက်ခွဲ၍ သိုလှောင်ထားပေးခြင်း။

၅။ ကုန်ပစ္စည်းများနှင့် ကုန်သေတ္တာများအားယာယီ သိုလှောင်ပေးထားခြင်း။

၆။ ကုန်သေတ္တာအခွံများအား ပြန်လည်ငှားရမ်းခြင်း။

၇။ ကုန်သေတ္တာများ ပြန်လည်ပြင်ဆင်ပြုပြင် ထိန်းသိမ်းခြင်း၊ ကုန်သေတ္တာ အတွင်းပစ္စည်းများ
(ကြမ်းခင်းများ၊ အောက်တန်းများ ဘေးနံရံပိန်ချိုင့်ခြင်း များ) ကို ပြင်ဆင်ခြင်း။

ICD/CFS ဖွင့်လှစ်ခြင်းဖြင့်ရရှိသော အကျိုးကျေးဇူးနှင့် ICD / CFS များအား တည်ဆောက်ဖွင့်လှစ်ခြင်းဖြင့် ရရှိသော အကျိုးကျေးဇူးများမှာလည်း မနည်းလှပေ။

(၁) ဖြတ်သန်းကုန်စည် (Transit Cargo) များအတွက် တစ်စုတစ်ဝေးတည်း သိုလှောင်ထိန်းသိမ်းထားနိုင်ခြင်း။

(၂) ဖြတ်သန်းကုန်စည်များအတွက် လိုအပ်သော ဝန်ဆောင်မှုများ အပြည့်အဝပေးနိုင်ခြင်း။

(၃) ဆိပ်ကမ်းထက်စာလျှင် ကုန်ထုတ်လုပ်သူနှင့် စားသုံး သူတို့၏ အနီးအနားတွင် တည်ရှိခြင်းကြောင့် ဈေးကွက်သို့ အချိန်မီရောက်ရှိစေခြင်း။

(၄) ဆိပ်ကမ်းအတွင်းပေးဆောင်ရသော ကြန့်ကြာကြေး (Demur- rage Charges)များလျော့နည်းလာခြင်း။

(၅) ဆိပ်ကမ်းအတွင်း အကောက်ခွန်စစ်ဆေးရန်မလိုဘဲ ICD သို့ တိုက်ရိုက်သယ်ယူခွင့်ရရှိခြင်း။

(၆) အာမခံလက်မှတ်နှင့်သင်္ဘောကုန်တင် တန်ဆာ Bill of Lading တို့အား သက်ဆိုင်ရာကုမ္ပဏီသင်္ဘောလိုင်းများက အပြည့်အဝတာဝန်ယူ၍ထုတ်ပေးနိုင်ခြင်း။

(၇) ကုန်သေတ္တာအခွံများမကြာခဏ ပြောင်းရွှေ့ရသည့်ကုန်ကျစရိတ်သက်သာလာခြင်း။

(၈) ဆိပ်ကမ်းထက်စာလျှင် နီးသဖြင့် ကုန်သေတ္တာကားခ လျော့ကျလာခြင်း။

(၉) ကုန်ပစ္စည်းထားသိုမှု ကုန်ကျစရိတ်လျော့ကျလာခြင်း။

(၁၀) ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်လာခြင်းစသည် တို့ကို တွေ့ရသည်။

နိဂုံးချုပ်အားဖြင့် ICD နှင့် CFS သည် ၇၅ ရာခိုင်နှုန်းခန့် လုပ်ငန်းဆောင်တာ လုပ်ပုံကိုင်ပုံတို့မှာ တူလှသည်။ CFS နှင့် ICD တို့တွင် ထုတ်ကုန်သွင်းကုန် ကုမ္ပဏီများ၊ အကောက်ခွန် ရုံးများ၊ သင်္ဘောလိုင်းအေးဂျင့်များ၊ အကောက်ခွန် အရာရှိများမှာ အပြောင်းအလဲမရှိပေ။ ICD နှင့် CFS မှာ လုပ်ငန်းဆောင်တာများ အတော်များများ တူနေသည်ကိုတွေ့ရသော်လည်း လုပ်ပိုင်ခွင့်ဘောင်နှင့် လုပ်ငန်းကျယ်ပြန့်မှု အတိုင်းအတာတို့ မတူညီသည်ကိုတွေ့ရ၏။ အခြားတစ်ဖက်မှာလည်း ICD သည် အလိုအလျောက်စနစ်ကို ဆောင်ရွက်လုပ်ကိုင်နိုင်သော ဌာနသင်္ကေတ (Station Code)ကို အကောက်ခွန်ဦးစီးဌာနက ခွဲဝေပေးထားသည်။ အစီရင်ခံစာများ၊ ရုံးတွင်းညွှန်ကြားချက်များကိုပါ ဖတ်ကြားနိုင်ရုံသာမက စာရွက်စာတမ်းများစစ်ဆေးခြင်း (Documents Processing) ကုန်ပါစာရင်းချုပ် (Minifests)များ၊ နောက်ဆက်တွဲပြင်ဆင်ချက် (Amend-ments) များကို စစ်ဆေးခြင်းစသည့် လုပ်ငန်းဆောင်တာများ ရှိပေသည်။ အခြေခံအားဖြင့် ဆိပ်ကမ်း၊ လေဆိပ်၊ ကုန်းတွင်းကုန်သိုလှောင်ရုံများမှ ICD သို့ ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ကြသည်မှာ အကောက်ခွန်စခန်းတစ်ခုမှ အခြားအကောက်ခွန်စခန်းတစ်ခုသို့ သယ်ဆောင်ခြင်းဖြစ်သဖြင့် သဘာဝကျသောရွှေ့ပြောင်းမှုဖြစ်သည်။

➲ စာမျက်နှာ ၁၅ သို့

## မြန်မာသံရုံးများမှ ပေးပို့သော စီးပွားရေးသတင်းများ

# တောင်ကိုရီးယားနိုင်ငံတွင် ပြည်ပမှတင်သွင်းသည့် သစ်သီးဝလံနှင့်အဖျော်ယမကာ ဈေးနှုန်းများ ကြီးမြင့်လျက်ရှိ

ပြည်ပမှတင်သွင်းသည့် သစ်သီးဝလံများ၊ ယမကာ၊ အချိုရည်များ၏ ဈေးနှုန်းများသည် တောင်ကိုရီးယားနိုင်ငံတွင် အခြားနိုင်ငံများထက်လွန်စွာ မြင့်မားလျက်ရှိသည်။ ကိုရီးယား စားသုံးသူများအဖွဲ့အနေဖြင့် အဓိကကုန်သွယ်ဘက်နိုင်ငံ ၁၃ နိုင်ငံ၏ ပြည်ပမှတင်သွင်းသည့် အစားအသောက်၊ လယ်ယာထွက်ကုန် ပစ္စည်းများနှင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန် စုစုပေါင်း ၃၅ မျိုးကို နှိုင်းယှဉ်လေ့လာ ကြည့်ခဲ့ကြသည်။ ယင်းသို့စစ်တမ်းကောက်ခံမှုအရ တောင်ကိုရီးယားနိုင်ငံရှိပြည်ပမှတင်သွင်းသည့် အစိမ်းရောင် စပျစ်သီးနှင့် ဝိုင်တို့၏ ဈေးနှုန်းများသည် အခြားနိုင်ငံများထက် လွန်စွာမြင့်မားနေကြောင်း တွေ့ရှိရသည်။ ဥပမာအားဖြင့် အမေရိကန်မှ တင်သွင်းသည့် အစိမ်းရောင် စပျစ်သီးသည် ၈၀၀ ဂရမ်လျှင် ဝမ် ၇,၀၀၉ ဈေးရှိပြီး အမေရိကန်နိုင်ငံတွင် ဝယ်ယူနိုင်သည့်ဈေးနှုန်းထက် ၇၃ ရာခိုင်နှုန်းခန့် ပိုမိုများပြားနေကြောင်း ပြည်ပမှတင်သွင်းသည့် ဝိုင်များသည်လည်း အခြားနိုင်ငံများထက် ၇၀ ရာခိုင်နှုန်းကျော်ခန့် ဈေးနှုန်းပိုမိုမြင့်မားလျက်ရှိကြောင်း တွေ့ရှိရသည်။

ပြည်ပမှ တင်သွင်းလာသည့် စတားဘတ်ကော်ဖီ၊ အမဲသား၊ ဖိလစ်ပိုင် ငှက်ပျောသီး၊ အမေရိကန် လိမ္မော်သီးနှင့် စပျစ်သီး၊ ကိုကာကိုလာနှင့် ပက်ပ်စီအချိုရည်၊ ဟန်နီကန်ဘီယာစသည်တို့၏ ဈေးနှုန်းများ မြင့်မားနေသည်ကိုလည်းတွေ့ရှိရသည်။

တင်သွင်းသည့်ကုန်ပစ္စည်းများအပါအဝင် လယ်ယာထွက်ကုန်နှင့် စိုက်ပျိုးမွေးမြူရေးထုတ်ကုန် ၃၅ မျိုး၏ ဈေးနှုန်းများကို နှိုင်းယှဉ်ကြည့်ပါက တောင်ကိုရီးယားနိုင်ငံသည် ဈေးအကြီးဆုံးငါးနိုင်ငံအုပ်စု စာရင်းတွင် ပါဝင်နေကြောင်း တွေ့ရှိရ သည်။ အချုပ်ဆိုရသော် လယ်ယာထွက်၊ နို့ထွက်ပစ္စည်းများနှင့် အခြားစားသောက်ကုန်များသည် အခြားသော နိုင်ငံများနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းမြင့်မားလျက်ရှိသည်ကို တွေ့ရှိရသည်။

လွတ်လပ်သောကုန်သွယ်မှုဆိုင်ရာသဘောတူညီချက်များ အသက်ဝင်လာပြီး သွင်းကုန် အခွန် နှုန်းများလျှော့ပေါ့ပေးသော်လည်း နိုင်ငံခြားဘီယာနှင့် ပြည်ပမှတင်သွင်းသည့် သစ်သီးများ၏ဈေးနှုန်းများ ကျဆင်းမှုမရှိသည့်အပြင် ရောင်းချသူများအနေဖြင့်လည်း စားသုံးသူများ၏ အကျိုးစီးပွားကိုသယ်ပိုးပေးနိုင်သကဲ့သို့ ဟန်ဆောင်နေကြသည်။ သို့ဖြစ်ရာ အစိုးရအနေဖြင့် ကုန်စည်ဖြန့်ချိခြင်းနှင့် အခြားသောစနစ်များကို ပိုမိုတိုးမြှင့်လုပ်ဆောင်မှသာအကောက်ခွန်နှုန်းများ လျှော့ချလိုက်ခြင်း၏ အကျိုးကျေးဇူးကို စားသုံးသူများ တိုက်ရိုက်ရရှိခံစားနိုင်မည်ဖြစ်သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# တောင်ကိုရီးယားသို့ တရုတ်လူမျိုးကမ္ဘာလှည့် ခရီးသွားများ ဝင်ရောက်မှု ပြန်လည်များပြားလာမည်ဟုဆို

အားလပ်ရက်ရှည်ဖြစ်သည့် လူနာနှစ်သစ်ကူးကာလအတွင်း တရုတ်ခရီးသွားဧည့်သည် ၁၅၇၀၀၀ ကျော်ခန့် ကိုရီးယားနိုင်ငံအတွင်း လာရောက်လည်ပတ်မည်ဟု ခန့်မှန်းထားသည်။

ကိုရီးယား ခရီးသွားလုပ်ငန်းအဖွဲ့၏ အချက်အလက်များအရ ယခုနှစ်အားလပ်ရက်တွင် တရုတ်နိုင်ငံမှ လာရောက်လည်ပတ်သူ အရေအတွက်သည် ယမန်နှစ်ကထက် ၁၈ ဒသမ ၇ ရာခိုင်နှုန်း မြင့်တက်ခဲ့ကြောင်း သိရှိရသည်။ ကိုရီးယားခရီးသွားလုပ်ငန်းအဖွဲ့အနေဖြင့်လည်း ကိုရီးယားနိုင်ငံ၏ နိုင်ငံခြားသား ဧည့်သည်များအတွက် ထုတ်ကုန်များကို ပိုမိုတိုးမြှင့်နိုင်ရန်အတွက်လည်း ပြပွဲများ၊ အခမ်းအနားများ ကျင်းပရန် စီစဉ်လျက်ရှိ သည်။

ယခုနှစ်တွင်တရုတ်နိုင်ငံမှကမ္ဘာလှည့် ခရီးသွားပေါင်း ၆၀၀၀၀ ခန့် ဂျယ်ဂျူးကျွန်းသို့ လာရောက်လည်ပတ်လိမ့်မည်ဟု ခန့်မှန်းထားပြီး၊ ယမန်နှစ်ကထက် ၁၇ ဒသမ ၅ ရာခိုင်နှုန်းတိုးတက်လာရန် ခန့်မှန်းထားကြောင်း ဂျယ်ဂျူးပြည်နယ်အစိုးရ ခရီးသွားလုပ်ငန်းအသင်းမှ ပြောကြားခဲ့သည်။ ဂျယ်ဂျူးကျွန်းသို့ လာရောက်လည်ပတ်သည့် တရုတ်လူမျိုးကမ္ဘာလှည့်ခရီးသွားများကို ကူညီထောက်ပံ့နိုင်ရန်အတွက် လေဆိပ်နှင့် တည်းခိုနေထိုင်ရေးဆိုင်ရာကိစ္စရပ်များကို စစ်ဆေးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းလည်း ပြောကြားခဲ့သည်။ အစိုးရအနေဖြင့် အဆိုပါ နှစ်သစ်ကူးကာလအတွင်းတွင် ရိုးရာကပွဲများ၊ K-pop ဖျော်ဖြေပွဲများ စသည်တို့ကို ကျင်းပနိုင်ရန် စီစဉ်လျက်ရှိပြီး ခရီးသွားများ အဓိကသွားရောက်သည့် နေရာများတွင် ခရီးသွားဆိုင်ရာ သတင်းအချက်အလက် များ ထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကိုလည်း ပြောကြားခဲ့သည်။

ချိုင်းနားဒေးလီး သတင်းစာတွင် ဖော်ပြချက်အရ တရုတ်လူမျိုး ခြောက်သန်းခန့်သည် နှစ်သစ်ကူးပွဲတော်အတွင်း ပြည်ပသို့ ခရီးထွက်ခွာလိမ့်မည်ဟု မျှော်လင့်ထားကြောင်း သိရှိရသည်။

ဂျပန်၊ တောင်ကိုရီးယားနှင့် အရှေ့တောင်အာရှ နိုင်ငံများသည် တရုတ်လူမျိုးများ ခရီးသွားလာသည့် နိုင်ငံများအဖြစ် ရေပန်းစားဆဲဖြစ်သည်။ ဂျပန်နိုင်ငံအနေဖြင့်လည်း တရုတ်ခရီးသွားများကို ဆွဲဆောင်နိုင်ရန်အတွက် multi-entry visa အတွက် လိုအပ်ချက်များကို အဆင်ပြေလွယ်ကူအောင် ဆောင်ရွက်ပေးခဲ့သည်။

တောင်ကိုရီးယား နိုင်ငံသို့ လာရောက်လည်ပတ်သည့် တရုတ်ခရီးသွားဦးရေသည် ယမန်နှစ်တွင် ၅ ဒသမ ၉၈သန်းရှိခဲ့ပြီး ယခုနှစ်တွင် တရုတ်ခရီးသွား ရှစ်သန်းခန့် လာရောက်လည်ပတ်နိုင်ရန် ဆွဲဆောင်သွားမည်ဖြစ်ပြီး အုပ်စုအလိုက်လာရောက် သည့် တရုတ်လူမျိုးခရီးသွားများအတွက် ဗီဇာကြေးကင်းလွတ်ခွင့် ပေးနိုင်ရန်နှင့် ဗီဇာဆိုင်ရာစည်းမျဉ်းများ အဆင်ပြေလွယ်ကူစွာ ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ ခရီးသွားလုပ်ငန်းမှတစ်ဆင့် နိုင်ငံခြားဝင်ငွေရရှိနိုင်ပြီး နိုင်ငံ၏ စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုသည့် အတွက် တောင်ကိုရီးယားနိုင်ငံသည် ကမ္ဘာလှည့်ခရီးသွားများအား ဆွဲဆောင်နိုင်မည့် နည်းလမ်းများကို တီထွင်ဆန်းသစ်လျက်ရှိသည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# စီးပွားရေးလုပ်ငန်းစုများ ပြန်လည်တည်ဆောက်ခြင်းကို တောင်ကိုရီးယားအစိုးရက တွန်းအားပေးဆောင်ရွက်မည်

တောင်ကိုရီးယားအစိုးရအနေဖြင့် ထုတ်လုပ်မှုလုပ်ငန်းများကို ပြန်လည်တည်ဆောက်နိုင်ရန်အတွက် အားထုတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။ သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ၎င်းတို့၏ စီးပွားရေးလုပ်ငန်း ပြန်လည်ဖွဲ့စည်းနိုင်ရန် ကုမ္ပဏီများကို ကူညီပံ့ပိုးပေးမည်ဟု စက်မှုဝန်ကြီးဌာနဝန်ကြီး Joo Hyung-hwan ကဆိုသည်။

Samsung Electronics နှင့် ဟွန်ဒိုင်းမော်တာအပါအဝင် နိုင်ငံ၏ထိပ်တန်းလုပ်ငန်းစုကြီး ၃၀ ၏ စီအီးအိုများနှင့်တွေ့ဆုံစဉ်က အဆိုပါအစီအစဉ်ကို ဝန်ကြီးကထုတ်ဖော်ပြောကြားခဲ့ခြင်းဖြစ်သည်။

သံမဏိစက်ရုံ၊ ရေနံဓာတုနှင့် သင်္ဘောတည်ဆောက်သည့် လုပ်ငန်းများသည် စက်မှုလုပ်ငန်းပြန်လည်တည်ဆောက်ခြင်းအတွက် အစိုးရက အဓိကထားဆောင်ရွက်မည့်လုပ်ငန်းများဖြစ်ကြောင်း စက်မှုလုပ်ငန်းစောင့် ကြည့်သူများက ပြောကြားခဲ့သည်။ ပို့ကုန်ကျဆင်းခြင်းသည် ရေနံဈေးနှုန်း ကျဆင်းခြင်းနှင့် နိုင်ငံ၏အဓိကအကြီးမားဆုံး ပို့ကုန်ဈေးကွက် ဖြစ်သည့် တရုတ်နိုင်ငံမှ ဝယ်လိုအားလျော့နည်းခဲ့ခြင်းကြောင့်ဖြစ်သည်။ ပို့ကုန်ကျဆင်းမှုနှင့်အတူ ပြည်တွင်းစားသုံးမှုသည်လည်း ကျဆင်းသည့် လက္ခဏာရှိနေပြီး နိုင်ငံ၏ စားသုံးသူညွှန်းကိန်းသည်လည်း ကျဆင်းဖွယ်ရှိသည်။ အဆိုပါ အချက်အလက်များအရ ကုန်သွယ်ရေးနှင့်ဆိုင်သည့် ဝန်ကြီးဌာနအနေဖြင့် စိန်ခေါ်မှုများအတွက် ဆွေးနွေးတိုင်ပင်ညှိနှိုင်း၍ အဖြေရှာနိုင်ရန် စီးပွားရေးလုပ်ငန်းစုများနှင့် အစည်းအဝေးတစ်ရပ်ကျင်းပနိုင်ရေးစီစဉ် ဆောင်ရွက်ခဲ့သည်။ အဆိုပါအစည်းအဝေး၌ အချို့သောကဏ္ဍများတွင် စီးပွားရေးလုပ်ငန်းအသစ်များကို တိုးမြှင့်ဆောင်ရွက်နိုင်ရန်အတွက် စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများ အဆင်ပြေလွယ်ကူစေရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားခဲ့သည်။ အစိုးရအနေဖြင့် စီးပွားရေး လုပ်ငန်းသစ်များ၊ နည်းပညာသစ်များ ဖန်တီးလုပ်ကိုင်ခွင့်ပေးခြင်းဖြင့် စီးပွားရေးဆိုင်ရာမူဝါဒ များကို ပြုပြင်ပြောင်းလဲရန် အချိန်ဖြစ်ကြောင်း ကိုရီးယားစက်မှုလုပ်ငန်းအသင်းချုပ် ဒုတိယဥက္ကဋ္ဌက ပြောကြားခဲ့သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# တောင်ကိုရီးယားနိုင်ငံ၏ FTA ကြောင့် အာရှနိုင်ငံများအကြား ကုန်သွယ်ရေး မြှင့်တင်နိုင်မည်

တောင်ကိုရီးယားနှင့် နှစ်နိုင်ငံအကြား လွတ်လပ်သောကုန်သွယ်ရေး သဘောတူညီချက်များ အကောင်အထည်ဖော်ပြီးနောက် အကောက်ခွန်လျှော့ချခြင်းနှင့်အတူ တောင်ကိုရီးယားဈေးကွက်အတွင်း ရင်းနှီးမြှုပ်နှံမှုပိုမိုလုပ်ကိုင်နိုင်ရန် ဗီယက်နမ်နိုင်ငံ သစ်သီးထုတ်လုပ်တင်ပို့သူများက မျှော်လင့်ကြပြီး၊ နှစ်နိုင်ငံကုန်သွယ်မှုသည်လည်း နောင်ငါးနှစ်တာကာလအတွင်း နှစ်ဆခန့်မြင့်တက်လာနိုင်သည်ဟု ခန့်မှန်းကြသည်။ အဆိုပါကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်သည် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် စတင်အသက်ဝင်ခဲ့ခြင်းဖြစ်ပြီး၊ ဗီယက်နမ်နိုင်ငံ၏ သစ်သီးဝလံနှင့် ဟင်းသီးဟင်းရွက် တင်ပို့မှုပေါ်တွင် အကောက်ခွန်လျှော့ချပေးထားခြင်းဖြစ်သည်။ နှစ်နိုင်ငံလုံးသည် ပြည်တွင်းဟင်းသီးဟင်းရွက်ထုတ်လုပ်မှုကို ကာကွယ်ပေးလိုသောကြောင့် ငရုတ်ပွ အနီနှင့်ကြက်သွန်နီတို့ကိုမူ FTA စေ့စပ်ညှိနှိုင်းမှုတွင် ချန်လှပ်ထားခဲ့သည်။

တောင်ကိုရီးယားအနေဖြင့် ဗီယက်နမ်နိုင်ငံတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး၊ ၂၀၁၄ ခုနှစ်တွင် ဂျပန်နှင့် စင်ကာပူနိုင်ငံတို့ကို ကျော်လွန်ကာ အရှေ့တောင်အာရှ နိုင်ငံများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများစွာ ပြုလုပ်နိုင်သည့် အဓိကအရင်းအမြစ်တစ်ခုဖြစ်လာခဲ့သည်။

**ခင်မျိုးသော်၊ စီးပွားရေးသံမှူး**
**မြန်မာသံရုံး၊ ဆိုးလ်မြို့**

# ကုန်စည်ဒိုင်အသီးသီး၏ လက်ရှိအရောင်းအဝယ်ဖြစ်နေသော ဈေးနှုန်းများနှင့် ဈေးကွက်အခြေအနေ (၁၅–၂–၂၀၁၆)

ခင်မောင်မောင်အုန်း



## ဘုရင့်နောင်ဈေးကွက်မှာ ပဲစင်းငုံနီအကျဈေးဖြင့် အရောင်းအဝယ် ဖြစ်မှုနည်း

ဘုရင့်နောင်ဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီ အဝင်ပါးသွားသလို အိန္ဒိယဘက်ကလည်း ဈေးချအဝယ်ရှိတာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးကျလာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်တန်ကို ၁၃၈၀၀၀၀ ကျပ်ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုပမာဏ လျော့ကျခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ(သစ်) အနေဖြင့် ပေါ်ဦးပေါ်ဖျားကာလမှာ တစ်တန်ကို ၁၅ သိန်းအထိ ဈေးကောင်းရခဲ့ပေမယ့် နောက်ပိုင်းမှာ အိန္ဒိယဘက်မှ ဈေးချအဝယ်ရှိသလို ဝယ်လိုအားပါပါးသွားတာကြောင့် ဈေးတရိပ်ရိပ်ကျဆင်းလာပြီး လက်ရှိအချိန်မှာတော့ တစ်တန်ကို ၁၃၈၀၀၀၀ ကျပ်ဝန်းကျင်ဖြင့်သာ အရောင်း အဝယ်ဖြစ်နေကြောင်း အခုလိုပဲ ဈေးကျဆင်းတဲ့အခါမှာတော့ ရောင်းသူကုန်သည်တွေအနေနဲ့ အရောင်းနည်းလာကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## ပခုက္ကူဈေးကွက်မှာ ကုလားပဲဖြူလုံးကြီးနဲ့ ပဲစင်းငုံနီ အရောင်းအဝယ်ပုံမှန်ဖြစ်

ဒီတစ်ပတ် ပခုက္ကူဈေးကွက်မှာ ကုလားပဲဖြူလုံးကြီး (သစ်) ဈေးကွက်ကို စတင်ဝင်ရောက်နေသလို ပဲခွဲစက်လုပ်ငန်းရှင်များကလည်း တစ်ပိဿာကို ၁၆၀၀ ကျပ် (တစ်တန်ကို ၉၇၉၈၂၄ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီ(သစ်)အနေဖြင့် ဈေးကွက်သို့ အဝင်လျော့သွားသလို အိန္ဒိယအတွက် ဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်ကလည်း ဝယ်လိုအား လျော့သွားခဲ့တာကြောင့် ယခင်တစ်ပတ်ဖြင့် နှိုင်းယှဉ်ပါက ဈေးကျလာပြီး တစ်ပိဿာကို ၂၂၀၅ ကျပ် (တစ်တန်ကို ၁၃၅၀၃၁၉ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှုနည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ရေစကြိုဈေးကွက်မှာ ကုလားပဲဖြူလုံးကြီး(သစ်) စတင်ဝင်ရောက်

ရေစကြိုဈေးကွက်မှာ ဒီတစ်ပတ် ကုလားပဲဖြူလုံးကြီး (သစ်) တွေ စတင်ဝင်ရောက်လာပြီး တစ်ပိဿာကို ၁၆၃၀ ကျပ် (တစ်တန်ကို ၉၉၈၁၉၅ ကျပ်) ဈေးဖြင့် ဈေးဖွင့်အရောင်းရှိပေမယ့် ပဲခွဲစက်တွေ အဝယ်နည်းနေကြောင်း သိရပါတယ်။ ဒေသထွက် ပြောင်းသီးနှံကို ရန်ကုန်ဝယ်လက်က တစ်ပိဿာ ၄၄၅ ကျပ်ဈေးဖြင့် တစ်ရက်ကို အိတ် ၂၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## အောင်လံဈေးကွက်မှာ သိပ္ပံနှမ်းနှင့်ပဲမျိုးစုံ ပုံမှန်အရောင်းအဝယ်ဖြစ်

အောင်လံဈေးကွက်မှာ ဒီတစ်ပတ် သိပ္ပံနှမ်းကို ရန်ကုန်-မန္တလေးဝယ်လက်က ဝယ်လိုအားပုံမှန်ရှိတာကြောင့် ဈေး အနည်းငယ်မြင့်လာပြီး တစ်ပိဿာကို၃၉၀၀ ကျပ်(တစ်တန်ကို ၂၃၈၈၃၂၀ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၂၀၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ကုလားပဲ (ထိုင်ဝမ်) ကို မြို့ပဲခွဲစက်တွေက တစ်ပိဿာကို ၁၇၅၀ ကျပ်(တစ်တန်ကို ၁၀၇၁၆၈၀ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၁၅၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးအနေဖြင့် မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေးပေါ် မူတည်ပြီး ဈေးပေးအဝယ်ရှိခဲ့ကြောင်း အရောင်းအဝယ်အနေဖြင့်တစ်ပိဿာကို၁၈၂၅ ကျပ်(တစ်တန်ကို၁၁၁၇၆၁၀ ကျပ်) ဈေးဖြင့် တစ်ရက်ကိုအိတ် ၂၅၀ ခန့်အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ဒီတစ်ပတ်မှာExport အတွက် အဓိကဝယ်ယူနေတဲ့ ရန်ကုန်ဝယ်လက်က ဈေးချအဝယ်ရှိသလို ဝယ်လိုအားပါ နည်းသွားတာကြောင့် ဈေးအကျဘက်မှာ ရှိနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၂၂၀ ကျပ်(တစ်တန်ကို ၁၃၅၉၅၀၅ ကျပ်)ဈေးဖြင့် နေ့စဉ်အိတ် ၅၀၀ ခန့် ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## မကွေးဈေးကွက်မှာ ပဲစင်းငုံနီဈေးကျပေမယ့် အရောင်းအဝယ် ပုံမှန်ရှိနေ

မကွေးဈေးကွက်မှာ ဒီတစ်ပတ် ပဲစင်းငုံနီအဝင်လျော့သွားသလို ရန်ကုန်ဝယ်လက်ကလည်း ဈေးချအဝယ်ရှိတာကြောင့် ဈေးကျလာပြီး တစ်ပိဿာကို ၂၂၀၀ ကျပ်(တစ်တန်ကို ၁၃၄၇၂၅၈ ကျပ်) ဈေးဖြင့် တစ်ပတ်အတွင်း အိတ် ၁၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲနှောက်ကတော့ ရန်ကုန်-မန္တလေး အဝယ်အေးနေကြောင်း အဖွင့်ဈေးကတော့ တစ်ပိဿာကို ၁၅၃၀ ကျပ်(တစ်တန်ကို ၉၃၆၉၅၆ ကျပ်) ဈေးဖြင့် အရောင်းရှိခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ဟင်္သာတဈေးကွက်မှာ မတ်ပဲ(သစ်)တွေ ဆက်လက်ဝင်ရောက်

ဟင်္သာတဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (သစ်) တွေ ဆက်လက်ဝင်ရောက်နေပြီး ဈေးအနည်းငယ် ကျလာကြောင်း သိရပါတယ်။ ယခင်တစ်ပတ်က မတ်ပဲ(သစ်) အဖွင့်ဈေးက တစ်ပိဿာကို ၂၆၀၀ ကျပ်(တစ်တန်ကို ၁၅၉၂၂၁၀ ကျပ်) ဈေးဖြင့် ဈေးကောင်းရခဲ့ရာက ဒီတစ်ပတ်မှာတော့ ရန်ကုန် အဝယ်လျော့သွားတာကြောင့် ဈေးကျလာပြီး တစ်ပိဿာကို ၂၄၂၅ ကျပ် (တစ်တန်ကို ၁၄၈၅၀၄၅ ကျပ်) ဈေးဖြင့် အရောင်းအဝယ်နည်းခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## ပြည်ဈေးကွက်မှာ ပဲတီစိမ်းနှင့် ပဲစင်းငုံနီ ဈေးကျလာ

ပြည်ဈေးကွက်မှာ ဒီတစ်ပတ် ပဲတီစိမ်းကြီးကို မန္တလေးဝယ်လက်က ပဲရဲ့အရည်အသွေးအပေါ် မူတည်ပြီး ဝယ်လိုအားပုံမှန်ရှိပေမယ့် ယခင်တစ်ပတ်နဲ့ နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ကျလာကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၁၈၇၅ ကျပ်(တစ်တန်ကို ၁၁၄၈၂၃၁ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၂၀၀ခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲစင်းငုံနီကတော့ ရန်ကုန်ဝယ်လက် အဝယ်ပါးသွားပြီး ဈေးလည်းကျနေကြောင်း အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၂၇၅ ကျပ်(တစ်တန်ကို ၁၄၅၁၁၂၆ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××



## မုံရွာဈေးကွက်မှာ ပဲမျိုးစုံအတက်ဈေးဖြင့် အရောင်းအဝယ်ဖြစ်

မုံရွာဈေးကွက်မှာ ဒီတစ်ပတ် မတ်ပဲ (သစ်) တွေ ဆက်လက်ဝင်ရောက်နေပေမယ့် ရန်ကုန်ဝယ်လက်နှင့် ပဲခွဲစက်တွေ အဝယ်အေးတာကြောင့် ဈေးအနည်းငယ် ကျဆင်းလာပြီး တစ်ပိဿာကို ၂၅၀၀ ကျပ် (တစ်တန်ကို ၁၅၃၀၉၇၅ကျပ်) ဈေးဖြင့် အရောင်းအဝယ်ဖြစ်မှု နည်းခဲ့ကြောင်း သိရပါတယ်။ ဒါ့အပြင်ပဲစင်းငုံနီ(သစ်) ကိုလည်း ရန်ကုန်ဝယ်လက်က ဈေးချအဝယ်ရှိတာကြောင့် ရောင်းသူကုန်သည်များ အရောင်းနည်းနေကြောင်း သိရပါတယ်။ အရောင်းအဝယ်အနေဖြင့် တစ်ပိဿာကို ၂၂၅၀ ကျပ်(တစ်တန်ကို ၁၃၇၇၈၇၇ ကျပ်) ဈေးဖြင့် နေ့စဉ်အိတ် ၃၀၀ ခန့်သာဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပဲတီစိမ်းကြီးကို တရုတ်အတွက်ဝယ်ယူနေတဲ့ မန်းဝယ်လက်က ပဲရဲ့အရည်အသွေးပေါ် မူတည်ပြီး တွက်ချက်ဝယ်ယူမှုတွေရှိတာကြောင့် ယခင်တစ်ပတ်နှင့်နှိုင်းယှဉ်ပါက ဈေးအနည်းငယ်ကျလာပြီး တစ်ပိဿာကို ၁၈၀၀ ကျပ် (တစ်တန်ကို ၁၁၀၂၃၀၁ ကျပ်) ဈေးဖြင့် အရောင်းအဝယ်ပမာဏနည်းခဲ့ကြောင်း ဈေးကွက်အတွင်းမှ သိရပါတယ်။

××××××××××××××××

## တောင်ကြီးဈေးကွက်မှာ ပြောင်းအရောင်းအဝယ် ဖြစ်မှုနည်း

တောင်ကြီးဈေးကွက်မှာ ဒီတစ်ပတ် ပြောင်းသီးနှံ အဝင်ပါးနေပေမယ့် ရန်ကုန် - မန္တလေး ဝယ်လက်နှင့် အစာစပ်လုပ်ငန်းရှင်များက တစ်ပိဿာကို ၄၃၀ ကျပ်ဈေးဖြင့် ဝယ်လိုအား ပုံမှန်ရှိခဲ့ကြောင်း အရောင်းအဝယ်ဖြစ်မှုအနေဖြင့် တစ်ပတ်အတွင်း ပိဿာချိန် နှစ်သိန်းခန့်ဖြစ်ခဲ့ကြောင်း သိရပါတယ်။

××××××××××××××××

## လားရှိုးဈေးကွက်မှာ တရုတ်နှစ်သစ်ကူးပွဲတော်ကြောင့် ပြောင်းအရောင်းအဝယ်မဖြစ်

လားရှိုးဈေးကွက်မှာ ဒီတစ်ပတ် တရုတ်နှစ်သစ်ကူးပွဲတော်ကြောင့် ပြောင်းအရောင်းအဝယ် မဖြစ်ခဲ့ကြောင်း သိရပါတယ်။ ပြောင်းသီးနှံအရောင်းအဝယ် မဖြစ်ပေမယ့် အဖွင့်ဈေးကတော့ တစ်ပိဿာ ၄၃၀ ကျပ်ဈေးဖြင့် အရောင်းဖွင့်ထား ကြောင်း သိရပါတယ်။



# ပြည်ပပို့ကုန်သီးနှံနှင့် အာဖလာတောက်ဆင် မှိုဆိပ်အန္တရာယ်

ယဉ်ယဉ်ဆွေ (CTQM-လှည်းကူး)



အဏုဇီဝမှိုတို့သည် မိမိကိုယ်တိုင်သီးနှံများကို ပျက်စီးဆွေးမြေ့စေသည့်အပြင်၊ ယင်းတို့မှထုတ် လုပ်လိုက်သော မှိုဆိပ်ဓါတ်ကို စားသုံးမိသည့် လူနှင့်တိရစ္ဆာန်တို့အား အဆိပ်သင့်စေနိုင်သဖြင့် အလွန်အန္တရာယ်ကြီးမားလှပါသည်။ အဏုဇီဝမှိုများတွင်ထုတ်လုပ်သော အဆိပ်ဓါတ်များ တစ်မျိုးနှင့်တစ်မျိုး မတူကြပါ။ မှိုဆိပ်ဓါတ်ခြင်းကွဲပြားကြပါသည်။ မှိုဆိပ်တစ်မျိုးစီတွင်ထူးခြားသည့်အာနိသင်တစ်မျိုးစီရှိကြောင်းသိရှိရပါသည်။ မှိုဆိပ်အမျိုးမျိုးရှိသည့်အနက် အာဖလာတောက်ဆင်မှိုဆိပ် (AFLATOXIN) သည် အရေးအကြီးဆုံးဖြစ်ပါသည်။ အာဖလာတောက်ဆင်မှိုဆိပ်သည် အဏုဇီဝမှိုဖြစ်သော အက်စ်ပါးဂျီးလပ်စ်ဖလေးဗားစ် (Aspergillus Flavus) နှင့် အက်စ်ပါးဂျီးလပ်စ် ပါရာစီတီးကပ်စ် (Aspergillus Parasiticus)မှိုမျိုးစိတ်နှစ်မျိုးတို့မှထုတ်လုပ်ပေးသော မှိုဆိပ်များဖြစ်ပါသည်။

အာဖလာတောက်ဆင်မှိုဆိပ်သည်စားသုံးသီးနှံများတွင်ပါဝင်မှုရှိပါက လူသားတို့တွင် အသည်းကင်ဆာရောဂါကိုဖြစ်စေနိုင်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်းများမှ သုတေသနပြုထားချက်များအရသိရှိရပါသည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (WHO)၏ အစီရင်ခံချက်အရ အသည်းကင်ဆာဖြစ်ပွားမှုအများဆုံး၁၀နိုင်ငံတွင် မြန်မာနိုင်ငံ ပါဝင်လျက်ရှိပါသည်။

ထို့ကြောင့် လယ်ယာထွက်ကုန်စားသုံးသီးနှံများ ရောင်းဝယ်ကြရာတွင်အာဖလာတောက်ဆင်မှိုဆိပ်ပါဝင်မှုကို ကမ္ဘာ့နိုင်ငံအသီးသီးမှအလေးပေး၍ကန့်သတ်ပြဋ္ဌာန်းလာခဲ့ကြပါသည်။ ထို့ကြောင့် ပြည်ပသို့တင်ပို့မည့်စားသုံးသီးနှံများဖြစ်သော ပဲမျိုးစုံအမျိုးမျိုး၊ နှမ်းမျိုးစုံ(နှမ်းဖြူ/နှမ်းနက်/နှမ်းညို) အစေ့ထုတ်ပြောင်းဖူးစေ့၊ ဆန်နှင့်ဆန်ထွက်ပစ္စည်းများ၊ ပြုတ်ဆန်၊ မြေပဲဆန်တို့တွင်လည်းကောင်း၊ ပဲဖတ်နှင့်နှမ်းဖတ်များ၊ကော်ဖီစေ့၊ဂျုံစေ့၊ကွမ်းသီး၊ နနွင်းတက်၊ ငရုတ်သီးခြောက်၊ ငရုတ်ရည်စသဖြင့် ဆော့စ်များ၊အုန်းဆံခြောက်၊ အခြားအမည်သစ်များနှင့်တိရစ္ဆာန် အစားအစာများတွင်အာဖလာတောက်ဆင်မှိုဆိပ်ပါဝင်မှုကို CTQM ဌာနအနေဖြင့် ၁၉၉၀ခုနှစ်မှစတင်ပြီးဓာတ်ခွဲစစ်ဆေးပေး၍စမ်းသပ်စစ်ဆေးပြီးကြောင်း သက်သေခံလက်မှတ် (Certificate)ထုတ်ပေးခြင်း ပြုလုပ်ပေးလျက်ရှိပါသည်။

၁၉၉၀-၉၁ခုနှစ်တွင်နမူနာအမျိုးပေါင်း၁၃၀ ကိုစမ်းသပ် ခဲ့ပြီး၊ ၁၉၉၁-၉၂ခုနှစ်တွင် နမူနာ ၅၄ ခု၊ ၁၉၉၂-၉၃ခုနှစ်တွင် နမူနာ ၅၈ခု၊ ၁၉၉၃-၉၄ခုနှစ်တွင် နမူနာ၄၂ခု၊ ၁၉၉၄-၉၅ခုနှစ်တွင် နမူနာ ၂၆ခု၊ ၁၉၉၅-၉၆ခုနှစ်တွင် နမူနာ၁၁၄ခု၊ ၁၉၉၆-၉၇ခုနှစ်တွင် နမူနာ၃၈ခု၊၁၉၉၇-၉၈ခုနှစ်တွင် နမူနာ၁၉ခု၊ ၁၉၉၈-၉၉ ခုနှစ်တွင် နမူနာ၃၅ခု၊ ၁၉၉၉-၂၀၀၀ခုနှစ်တွင်နမူနာ၃၁ခု၊၂၀၀၀-၂၀၀၁ ခုနှစ်တွင် နမူနာ၅၈ ခု၊၂၀၀၁-၂၀၀၂ခုနှစ်တွင် နမူနာ၈၈ခု၊ ၂၀၀၂-၂၀၀၃ခုနှစ်တွင် နမူနာ၆၆ခု၊ ၂၀၀၃-၂၀၀၄ခုနှစ်တွင် နမူနာ ၄၆ခု၊၂၀၀၄-၂၀၀၅ခုနှစ်တွင်နမူနာ၄၃ခု၊ ၂၀၀၅-၂၀၀၆ခုနှစ်တွင် နမူနာ ၁၁၆ခု၊ ၂၀၀၆-၂၀၀၇ ခုနှစ်တွင် နမူနာ၅၄၇ခု၊ ၂၀၀၇-၂၀၀၈ ခုနှစ်တွင် နမူနာ၉၃၃ခု၊ ၂၀၀၈-၂၀၀၉ခုနှစ်တွင် နမူနာ၅၆၄ ခု၊ ၂၀၀၉-၂၀၁၀ခုနှစ်တွင် နမူနာ၅၁၆ခု၊၂၀၁၀-၂၀၁၁ခုနှစ်တွင် နမူနာ ၇၁၂ခု၊ ၂၀၁၁-၂၀၁၂ခုနှစ်တွင် နမူနာ၅၉၁ ခု၊၂၀၁၂-၂၀၁၃ခုနှစ်တွင် နမူနာ၄၃၄ခု၊ ၂၀၁၃-၂၀၁၄ခုနှစ်တွင်နမူနာ ၄၄၆ခု၊ ၂၀၁၄ -၂၀၁၅ခုနှစ်တွင် နမူနာ၆၀၇ခု၊ ၂၀၁၅-၂၀၁၆ခုနှစ်တွင် ဇန်နဝါရီလအထိ နမူနာ၃၈၂ခုစသည်ဖြင့် အသီးသီး စမ်းသပ်စစ်ဆေးပေးခဲ့ပါသည်။

ယခင်နှစ်များက အာဖလာတောက်ဆင်မှိုဆိပ် အများဆုံးစမ်းသပ်ပေးခဲ့ရသောသီးနှံမှာ ပဲမျိုးစုံဖြစ်ပြီး၊ ၂၀၀၈ခုနှစ် မတ်လအထိ နမူနာပေါင်း ၁၀၂၇ခု စမ်းသပ်ခဲ့ပါသည်။ ဒုတိယသီးနှံမှာဆီထွက်သီးနှံ နှမ်းမျိုးစုံအပါအဝင်ဖြစ်၍နမူနာ၅၂၆ခု စမ်းသပ်ခဲ့ရပြီး၊ တတိယမှာ တိရစ္ဆာန်အစားအစာဖြစ်၍ ၁၈၈ခုဖြစ်ပါသည်။ စတုတ္ထသီးနှံမှာ ပြောင်းဖူးစေ့ဖြစ်၍နမူနာပေါင်း ၃၈၃ခု စမ်းသပ်ပေးခဲ့ပါသည်။

ယခုအချိန်၌ အာဖလာတောက်ဆင်မှိုဆိပ် အများဆုံးစမ်းသပ်ပေးရသော ပြည်ပပို့ကုန်များမှာ ပဲမျိုးစုံမှာပထမအများဆုံးစမ်းသပ်ပေးရပြီး၊ ဒုတိယအများဆုံးသီးနှံမှာ ဆန်နှင့်ဆန်ထွက်ပစ္စည်းများဖြစ်ပါသည်။ တတိယအများဆုံးမှာ နှမ်းမျိုးစုံဖြစ်ပါသည်။

အာဖလာတောက်ဆင်မှိုဆိပ်ပါဝင်ရခြင်းမှာသီးနှံအမျိုးအစား၊ သီးနှံ၏အစိုဓါတ်၊ သီးနှံ၏အပူချိန်၊ သိုလှောင်ရုံရှိ လေဝင်လေထွက်ကောင်းမှု၊ သီးနှံတွင်အဏုဇီဝမှိုပါဝင်မှု၊ သီးနှံ၏ရူပအသွင် အပြင်ထိခိုက်ပျက်စီးမှုတို့အပေါ်မူတည်၍ ဖြစ်ရခြင်းဖြစ်ပါသည်။ အာဖလာတောက်ဆင်မှိုဆိပ်ပါဝင်မှုကို အများဆုံးတွေ့ရှိရသော သီးနှံများမှာမြေပဲ၊ မြေပဲဖတ်၊ အစေ့ထုတ်ပြောင်းဖူးစေ့များဖြစ်ပြီး၊ ဆန်နှင့်ဆန်ထွက်ပစ္စည်းဖြစ်သည့်ဆန်ကွဲ၊ ပြုတ်ဆန်၊ ပဲမျိုးစုံ၊ နှမ်းမျိုးစုံ၊ ငါးခြောက်၊ ငရုတ်သီးခြောက်၊ အုန်းဆံခြောက်၊ ကွမ်းသီး၊ ဆီးသီးခြောက်၊ ဟင်းခတ်အမွှေးအကြိုင်နှင့်နို့နှင့်နို့ထွက်ပစ္စည်း၊ တိရစ္ဆာန်အစားအစာများတွင်အနည်းနှင့်အများပါဝင်သည်ကိုတွေ့ရှိရပါသည်။

လက်တွေ့စမ်းသပ်တွေ့ရှိချက်များအရ အာဖလာတောက်ဆင် (AFLATOXIN) မှိုဆိပ်ပါဝင်မှုအနည်းအများအလိုက် အစားအစာနှင့်သီးနှံများကိုဖော်ပြရလျှင် -

(က) အစေ့ထုတ်ပြောင်း၊မြေပဲနှင့်မြေပဲဖတ်တို့တွင် (အများ ဆုံး) ပါဝင်သည်။

(ခ) နှမ်းဖတ်၊ ငရုတ်သီးခြောက်၊ ငါးခြောက်၊ပုဇွန်ခြောက်၊ အုန်းဆံခြောက်၊ တိရစ္ဆာန်အစားအစာ၊ ဝါစေ့၊နို့နှင့်နို့ထွက်ပစ္စည်း စသည့် ဆီပါဝင်မှုရှိသောသီးနှံများတွင် (ဒုတိယအများဆုံး) ပါဝင်ပါ သည်။

(ဂ) ဆန်နှင့်ဆန်ကွဲ၊ ပြုတ်ဆန်နှင့် ပဲမျိုးစုံသီးနှံတို့တွင် (အနည်းနှင့်အများ)ပါဝင်ပါသည်။

စားသုံးသီးနှံများအဏုဇီဝမှိုဆိပ်ကင်းဝေး၍ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများဖြစ်စေရန်အောက်ပါ အချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့်သီးနှံအရည်အသွေးကိုထိန်းသိမ်းပါ။

(က) သီးနှံများအရင့်ညီစေရန် ခူးဆွတ်ချိန်မှန်ကန်ရမည်။

(ခ) စနစ်တကျသိုလှောင်ရမည်။

(ဂ) အစိုဓာတ်မတူညီသော သီးနှံများကို အတူတကွရောနှောသိုလှောင်ခြင်း မပြုရ။

(ဃ) သိုလှောင်သီးနှံများတွင် သီးနှံအလိုက်ရှိသင့်သည့် အစိုဓာတ်သတ်မှတ်ချက်ထက်ကျော်လွန်ခြင်း မရှိစေရ။
- (၁) ပြောင်းဖူးစေ့ အစိုဓါတ် (၁၃. ၅%) ထက်မပိုရ။
- (၂) ပဲမျိုးစုံ အစိုဓါတ် (၁၅. ၀%) ထက်မပိုရ။
- (၃) မြေပဲ အစိုဓါတ် (၈. ၀%-၈. ၅%)ထက်မပိုရ။
- (၄) မြေပဲဖတ် အစိုဓါတ် (၁၀% - ၁၃%) ထက်မပိုရ။
- (၅) နှမ်းအစိုဓါတ် (၄. ၅%-၆. ၅%) ထက်မပိုရ။
- (၆) နနွင်းမှုန့်အစိုဓါတ် (၁၂. ၀% ) ထက်မပိုရ။
- (၇) စပါး အစိုဓါတ် (၁၄%) ထက်မပိုရ။
- (၈) ဆန် အစိုဓါတ်(၁၂%) ထက်မပိုရ။

(င) အစိုဓာတ်များသောသီးနှံကို လေလုံပိတ်သိုလှောင်ရာတွင် အစိုပြန်ပြီး မှိုကျရောက်တတ်၍ သီးနှံများကိုအစိုဓါတ်နည်းစေရန်ဆောင်ရွက်ပြီးမှမှိုကင်းစင်စွာဖြင့် သိုလှောင်သင့်ပါသည်။

(စ) သီးနှံပုံထဲသို့လေမှုတ်သွင်းခြင်း(Aeration)နည်းသည် မှိုကျရောက်မှုကို ကာကွယ်ရာတွင် ထိရောက်သောနည်းစနစ်တစ်ရပ်အဖြစ် ကျင့်သုံးပေးသင့်ပါသည်။

ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် အာဖလာတောက်ဆင်မှိုဆိပ်ပါဝင်ခွင့်ကန့်သတ်ချက်ကိုနိုင်ငံအလိုက် မိမိနိုင်ငံ၏ ရေမြေသဘာဝပေါ်မူတည်ပြီး၊ လူတို့စားသုံးသည့်သီးနှံနှင့်တိရစ္ဆာန်အစားအစာဟူ၍ ခွဲခြားပြီး(ဥပဒေများ)ပြဋ္ဌာန်း၍ကန့်သတ်ထားကြပါသည်။

ထို့ကြောင့်ပင်အစားအစာများသည်စားသုံးသူများအား အာဟာရဓာတ်ပေးစွမ်းသကဲ့သို့ပင် ဘေးအန္တရာယ်လည်းဖြစ်စေပြီး၊ ရောဂါများရရှိကာ အသက်ဆုံးရှုံးသည်အထိလည်းဖြစ်တတ်ပါသည်။ ကျွန်ုပ်တို့နေ့စဉ်နှင့်အမျှ စားသုံးနေသော အစားအစာများ၊ စားသုံးသီးနှံများသည်သန့်ရှင်း၍ ဘေးအန္တရာယ်ကင်းရှင်းရန်လိုအပ်ပါသည်။ ထို့ကြောင့်ပင်စားသုံးသီးနှံများတွင် ကျရောက်တတ်သောအာဖလာတောက်ဆင်မှိုဆိပ်နှင့် ပတ်သက်၍ သုတေသနများလည်း ယခင်ကပြုလုပ်ခဲ့ဖူးပါသည်။ ဆက်လက်၍လည်းအရည်အသွေးထိန်းသိမ်းရေးလုပ်ငန်းတွင် အရေးပါလှသော အာဖလာတောက်ဆင်မှိုဆိပ်ကျရောက်မှု အခြေအနေများအားစားသုံးသူများ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် စားသုံးသီးနှံလုပ်ငန်းလုပ်ကိုင်နေကြသူများနှင့်စားသုံးသူများအား လေ့လာသိရှိရန်လည်း သင်တန်းများတွင် အခါအားလျော်စွာ ဆွေးနွေးပို့ချ၍ အာဖလာတောက်ဆင်မှိုဆိပ်အန္တရာယ်အကြောင်း ဗဟုသုတများကိုဖြန့်ဝေပေးလျက်ရှိပါသည်။

ထို့ကြောင့်ပင်နိုင်ငံတကာသို့ ရောင်းဝယ်ပို့ဆောင်မည့် ပြည်ပပို့ကုန်များဖြစ်သည့် လယ်ယာထွက်ကုန်ပစ္စည်းများသည်အဏုဇီဝမှိုဆိပ်(အာဖလာတောက်ဆင်)ကိုသက်ဆိုင်ရာနိုင်ငံအလိုက် သတ်မှတ်ထားသည့် စံချိန်စံညွှန်းများအတိုင်းသော်လည်းကောင်း၊ အာဖလာတောက်ဆင်မှိုဆိပ်အန္တရာယ်ကင်းစင်စွာဖြင့် သော်လည်းကောင်း၊ ရှိမှသာလျှင်အရည်အသွေးကောင်းသော သီးနှံကုန်ပစ္စည်းများအား ဈေးကောင်းကောင်းဖြင့် ပြည်ပပို့ကုန်အဖြစ် ရောင်းဝယ်တင်ပို့နိုင်ပေမည်။ သို့မဟုတ်ပါက သတ်မှတ်ထားသည် ထက်ကျော်လွန်၍ မှိုဆိပ်ပါရှိသွားပါလျှင် လက်မခံသည့်နိုင်ငံအချို့ကြောင့် မိမိကုန်ပစ္စည်းအားပြန်ပို့ခြင်းခံရနိုင်ပါသည်။ ထို့ကြောင့် အရည်အသွေးကောင်းမွန်သည့် ပြည်ပပို့ကုန်စားသုံးသီးနှံများဖြစ်ရန် လိုအပ်ခြင်းဖြစ်ပါသည်။

■

➲ စာမျက်နှာ ၁၂ - ICF နှင့်. . . . မှ အဆက်

သို့သော် ယနေ့ လူငယ်တို့ငြင်းခုန်နေကြသည့် ကွာခြားချက်မှာ ICD သည်ဆိပ်ကမ်းကဲ့သို့ အပြည့်အဝ လုပ်ကိုင်နိုင်သည်။ ICD တွင် အကောက်ခွန်ရုံးသင်္ကေတ (Station Code)ရှိသဖြင့် ICD တွင်ဖိုင် ဝင်နိုင်သည်။ Declaration Entry ဆောင်ရွက်နိုင်သည်။ ICD သို့ သွင်းကုန်ပစ္စည်းများ ရောက်သည့်ရက်စွဲကိုသာ ယာဉ် ဝင်ရက်စွဲ (Vessel Arrival Date) အဖြစ်သတ်မှတ်သည်။ သို့အတွက် မလိုအပ်သော Demurrage Charges များပေးသွင်းရန်မလိုပေ။ မိမိတို့နိုင်ငံရှိ အထူးစီးပွားရေးဇုန်များသည် နိုင်ငံတော်၏ ဖွံ့ဖြိုးမှုတိုးတက်မှုနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအစီအစဉ်အရ အခွန်အခများကို နိုင်ငံတော်က ဥပဒေများ ပြဋ္ဌာန်း၍ ဖြေလျှော့ပေးထားကြသည်။ သို့သော် အကောက်ခွန်နှင့် ပတ်သက်သော VPA Fees များ၊ ALC Fees များမှာ အကောက်ခွန်ရုံး သင်္ကေတ (Station Code) ရှိသော ဆိပ်ကမ်း (Port) နှင့်ကုန်းတွင်း ကုန်သေတ္တာစခန်း (ICD) တို့တွင် ဆိုက်ကပ်သောရက်စွဲကို အတည်ပြု၍ကောက်ခံလေ့ရှိကြသည်။ သို့မဟုတ်ပါက အကောက်ခွန် လုပ်ထုံးလုပ်နည်းများ၊ လုပ်ပိုင်ခွင့်နှင့် ဩဇာလွှမ်းမိုးမှုတို့မှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဦးစားပေးလွန်း၍ မှေးမှိန်ပျောက်ကွယ်သွားမည်မှာ အမှန်ပင်ဖြစ်သည်။ အိန္ဒိယနိုင်ငံတွင်ဘယ်သူတွေဘာပဲပြောပြော ICD နှင့် CFS ကို ယနေ့အထိ အတူတူဟူ၍သတ်မှတ်ထားသည်ကိုတွေ့ရသည်။

## မောတောင်ကုန်သွယ်ရေးစခန်းမှ ဇန်နဝါရီလ ပို့ကုန်များအနက် ရေထွက်ကုန်တင်ပို့မှု ပမာဏထိပ်ဆုံးမှာရှိနေ

မြန်မာ-ထိုင်းနယ်စပ်ရှိမောတောင်ကုန်သွယ်ရေးစခန်းသည်ဇန်နဝါရီလအတွင်း ပို့ကုန် ၂၁၇၃၅ ကန်ဒေါ်လာနဲ့ သွင်းကုန် ၃၅၃၄၅ ကန်ဒေါ်လာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။

ပို့ကုန်အနေနဲ့အမယ် သုံးမျိုးသာ တင်ပို့မှုရှိခဲ့ပြီး ရေထွက်ကုန်တင်ပို့မှု တန်ဖိုးမှာ ထိပ်ဆုံးကရှိနေတယ်လို့ သိရပါတယ်-

| | ကီလို | တန်ဖိုး(ကန်ဒေါ်လာ) |
|---|---|---|
| ရေထွက်ကုန်(ငါးမျိုးစုံ) | ၁၀၃၇၀ | ၁၇၁၁၆ |
| တံမြက်စည်း | ၁၀၀၀၀ | ၃၀၇၉ |
| သင်္ဘောသီး | ၁၀၀၀၀ | ၁၅၃၉ |

ယမန်နှစ်ကာလတူထက်ရော အနီးစပ်ဆုံးကာလထက်ပါ ကုန်သွယ်မှုပမာဏလျော့နည်းခဲ့တယ်လို့ သိရပါတယ်။ အနီးစပ်ဆုံးကာလထက် ပို့ကုန်ပိုမိုသော်လည်း သွင်းကုန် လျော့နည်းခဲ့ပါတယ်။ထိုကဲ့သို့ သွင်းကုန်လျော့နည်းရခြင်းမှာ လုပ်ငန်း သုံးမော်တော်ယာဉ်များ တင်သွင်းမှုမရှိဘဲ သစ်သီးဝလံများ (လိမ္မော်သီး၊ ပန်းသီး၊ စပျစ်သီး)နဲ့ ပလတ်စတစ်ပုံး၊ ဘိလပ်မြေ၊ မော်တော်ဆိုင်ကယ်၊ ၁၀၀ ရာခိုင်နှုန်း Acrulic Emulsion Paint များသာတင်သွင်းခဲ့တဲ့အတွက်လို့ သိရပါတယ်။

**MIRT**

## အနီးစပ်ဆုံးကာလနဲ့ ယမန်နှစ်ကာလတူတို့ထက် မြိတ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန်တင်ပို့မှု တိုးတက်သလို ကုန်သွယ်မှုပါ ပိုမိုဆောင်ရွက်

မြိတ်ကုန်သွယ်ရေးစခန်းသည် ယခုနှစ် ဇန်နဝါရီလမှာ ပို့ကုန်ကန်ဒေါ်လာ ၁၂ဒသမ ၃၂၆ သန်း၊သွင်းကုန်ကန်ဒေါ်လာ ၂ ဒသမ ၀၉၂ သန်းစုစုပေါင်း ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၁၄ သန်းကျော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက်ပါ သွင်းကုန်လျော့နည်းခဲ့သော်လည်း ပို့ကုန် ပိုမိုခဲ့တဲ့အတွက် ကုန်သွယ်မှုပမာဏ ပိုမိုဆောင်ရွက်နိုင်ခဲ့တာတွေ့ရပါတယ်။

ပို့ကုန်ပိုင်းမှာလည်း အနီးစပ်ဆုံးကာလထက် ကန်ဒေါ်လာ ၁ ဒသမ ၀၄၉ သန်းပိုမို တင်ပို့နိုင်ခဲ့သလို ယမန်နှစ်ကာလတူထက်လည်း ၃ ဒသမ ၂၆၄ သန်းပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

အနီးစပ်ဆုံးကာလထက် ပို့ကုန် ပိုမိုတင်ပို့နိုင်ရခြင်းမှာ လယ်ယာထွက်ကုန်ဖြစ်သော ရော်ဘာနဲ့ ရေထွက်ကုန်များဖြစ်သော ငါးမှုန့်၊ ကဏန်းနီနဲ့ ပုစွန်ခြောက်တို့ ပိုမိုတင်ပို့နိုင်၍ဖြစ်ပြီး ယမန်နှစ်ကာလတူထက် ပို့ကုန်ပိုမို တင်ပို့နိုင်ရခြင်းမှာ လယ်ယာထွက်ကုန်ဖြစ်သော ရော်ဘာနဲ့ ရေထွက်ကုန်များဖြစ်သော ငါးမျိုးစုံ၊ ပုစွန်၊ ငါးမှုန့်၊ ကင်းမွန် (အခွံချွတ်) အေးခဲကဏန်းပျော့၊ အေးခဲအသား လွှားတို့ ပိုမိုတင်ပို့နိုင်၍ ဖြစ်ပါတယ်။

အနီးစပ်ဆုံး ကာလထက် ကုန်သွယ်မှု ပမာဏ ကန် ဒေါ်လာ သုည ဒသမ ၁၉၅ သန်းနဲ့ ယမန်နှစ်ကာလတူထက် ကန်ဒေါ်လာ ၃ သန်းကျော် အသီးသီး ပိုမိုခဲ့ပါတယ်။

အနီးစပ်ဆုံးကာလထက် ငါးမျိုးစုံ တင်ပို့မှုလျော့နည်းခဲ့သော်လည်း ရော်ဘာနဲ့ ငါးမှုန့်တင်ပို့မှုက ပိုမိုခဲ့ပါတယ်။ သွင်းကုန်ပိုင်းမှာမူ ဘိလပ်မြေ၊ ဓါတ်ဆီ၊ မြေဆီ၊ အချိုရည် တင်သွင်းမှုများ လျော့နည်းခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းရဲ့ ယခုနှစ်ဇန်နဝါရီလ အများဆုံးပို့ကုန်များမှာ ရော်ဘာ MSR-20၊ RSS-3၊ အုန်းသီး၊ ငါးမျိုးစုံ၊ ပုစွန်၊ ငါးမှုန့်၊ ကင်းမွန် (အခွံချွတ်)၊ အေးခဲကဏန်းပျော့၊ အေးခဲအသားလွှာ၊ ကဏန်းအနီ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ကင်းမွန်၊ ကဏန်းသေး (အသေ)၊သဲကဏန်း၊ ကင်းမွန်ခေါင်းနဲ့ ကင်းမွန်ခြောက် တို့ဖြစ်ပါတယ်။ အများဆုံးသွင်းကုန်များမှာ ဘိလပ်မြေ၊ ဒီဇယ်ဆီ၊ ဓါတ်ဆီ၊ မြေဆီ၊ ဟင်းချက်ဆီ၊ ဂျပ်ဘူးများ၊ နို့ဆီ၊ ပလတ်စတစ်ပုံး (ဒရမ်) များ ဖြစ်ပါတယ်။

**ခင်မြနွယ်/ MIRT**

## ယမန်နှစ်ကာလတူထက် ပြည်ပတင်ပို့မှု လျော့နည်းဆောင်ရွက်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ဖေဖော်ဝါရီလ ၅ ရက်ထိ ပို့ကုန်များ ပြည်ပတင်ပို့မှုမှာ ကန်ဒေါ်လာ ၈၉၁၄ သန်းကျော်ဖြစ်ပြီး ယမန်နှစ်ကာလတူက တင်ပို့မှုမှာ ကန်ဒေါ်လာ ၁၀၁၃၇ သန်းဖြစ်သဖြင့် ကန်ဒေါ်လာ သန်း ၁၂၂၀ ကျော်လျော့နည်းခဲ့ပါတယ်။ နယ်စပ်ကုန်သွယ်မှုနည်းလမ်းနဲ့ တင်ပို့မှုက ကန်ဒေါ်လာ ၁၈၂ သန်းကျော် ပိုမိုခဲ့သော်လည်း ပင်လယ်ရေကြောင်းတင်ပို့မှုက ကန်ဒေါ်လာ ၁၄၀၆ သန်းခန့် လျော့နည်းတယ်လို့ သိရပါတယ်။

လယ်ယာထွက်ကုန်ပစ္စည်းအုပ်စုအနေနဲ့ ယမန်နှစ်ကာလတူထက် ဆန်တင်ပို့မှုတွင် ကန်ဒေါ်လာ ၈၇ သန်းနီးပါး၊ ပြောင်းတင်ပို့မှု ကန်ဒေါ်လာ ၆၈ သန်း၊ နှမ်းတင်ပို့မှုက ကန်ဒေါ်လာ ၄၄ သန်းနီးပါးနဲ့ ဝါတင်ပို့မှုက ကန်ဒေါ်လာ ၂၃ သန်းခန့် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

**MIRT**

## ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ဖေဖော်ဝါရီလ ၅ ရက်ထိ ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂၂၉၁၁ သန်းကျော် ဆောင်ရွက်နိုင်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်အထိ ပို့ကုန်ကန်ဒေါ်လာ ၈၉၁၄ သန်းခန့်နဲ့ သွင်းကုန် ကုန်ဒေါ်လာ ၁၃၉၉၇ သန်းကျော် ကုန်သွယ်မှုပမာဏ ကန်ဒေါ်လာ ၂၂၉၁၁ သန်းကျော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပင်လယ်ရေကြောင်းနဲ့ နယ်စပ်ကုန်သွယ်မှုမှ ဆောင်ရွက်ချက်များကို ဖော်ပြပေးလိုက်ရပါတယ်-

| | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှု |
|---|---|---|---|
| **ပင်လယ်ရေကြောင်း** | ၅၁၆၉. ၃၀၂ | ၁၁၇၈၂. ၄၃၂ | ၁၆၉၅၁. ၇၃၄ |
| **နယ်စပ်** | ၃၇၄၄. ၇၂၀ | ၂၂၁၅. ၂၃၆ | ၅၉၅၉. ၉၅၇ |
| **စုစုပေါင်း** | ၈၉၁၄. ၀၂၃ | ၁၃၉၉၇. ၆၆၈ | ၂၂၉၁၁. ၆၉၁ |

လျာထားချက်များအပေါ် ပို့ကုန်က ၆၉ ရာခိုင်နှုန်း၊ သွင်းကုန်က ၈၂ ရာခိုင်နှုန်းကျော်နဲ့ ကုန်သွယ်မှု ပမာဏအနေနဲ့ ၇၆ ရာခိုင်နှုန်းကျော် ဆောင်ရွက်နိုင်ခဲ့ပါတယ်။

**MIRT**

## ရိဒ်ကုန်သွယ်ရေးစခန်းမှ အနီးစပ်ဆုံးကာလနဲ့ ယမန်နှစ်ကာလတူများထက် ကွမ်းသီးပိုမိုတင်ပို့

မြန်မာ-အိန္ဒိယနယ်စပ်ရှိ ရိဒ်ကုန်သွယ်ရေးစခန်းမှ ယခုနှစ် ဇန်နဝါရီလတွင် ကန်ဒေါ်လာ ၁ ဒသမ ၇၂ သန်းတန်ဖိုးရှိကွမ်းသီး ၂၀၃၃ တန် တင်ပို့ခဲ့ပြီး အနီးစပ်ဆုံးကာလ၊ ယမန်နှစ်ကာလတူများထက် ပိုမိုတင်ပို့ ခဲ့တယ်လို့သိရပါတယ်။ ဇန်နဝါရီလမှာ ပို့ကုန်ကန်ဒေါ်လာ ၂ ဒသမ ၁၁၄ သန်းဆောင်ရွက်နိုင်ခဲ့ပြီး အနီးစပ်ဆုံး ကာလထက် ကန်ဒေါ်လာ သုည ဒသမ ၀၁၁ သန်း၊ ယမန်နှစ်ကာလတူထက် ကန်ဒေါ်လာ ၁ ဒသမ ၅၂၄ သန်း ပိုမိုဆောင်ရွက်နိုင်ခဲ့ပါတယ်။

အနီးစပ်ဆုံးကာလထက်ရော ယမန်နှစ်ကာလတူထက် ကွမ်းသီး၊ စီးကရက်နဲ့ မုန့်မျိုးစုံတို့ ပိုမိုတင်ပို့ခဲ့တယ်လို့ သိရပါတယ်။ အနီးစပ်ဆုံး ကာလထက် ကွမ်းသီးနှစ်တန်ကျော် ပိုမိုတင်ပို့ခဲ့ပါတယ်။

ရိဒ်ကုန်သွယ်ရေးစခန်းရဲ့ အများဆုံး ပို့ကုန်မှာလည်း ကွမ်းသီး၊ မုန့်မျိုးစုံ၊ စီးကရက်ဖြစ်ပြီး အများဆုံး သွင်းကုန်များမှာ ဆံပင်၊ ဓါတ်မြေဩဇာ (ပုလဲ) ကြက်သွန်နီ၊ မော်တော်ဆိုင်ကယ်နဲ့ နိုင်လွန်ချည်တို့ ဖြစ်ပါတယ်။ ITC ကတ်နဲ့ ကွမ်းသီး၊ သွင်းကုန်နိုင်လွန်ချည်တို့ တင်ပို့ခဲ့ တယ်လို့ သိရပါတယ်။

**ခင်မိုးသူ (MIRT)**

## မူဆယ်ကုန်သွယ်ရေးဇုန်မှ ဆီးဆံတန်နှစ်ဆယ်ကျော် တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီလ ၃၀ ရက်မှ ဖေဖော်ဝါရီလ ၅ ရက်အထိ ကာလအတွင်း ကန်ဒေါ်လာ သုည ဒသမ ၀၈၆ တန်ဖိုးရှိဆီးဆံ ၂၂ တန်ကျော်ကို တရုတ်နိုင်ငံသို့ တင်ပို့နိုင်ခဲ့ပါတယ်။

ယခင်သီတင်းပတ်က မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ ၂၀၀၀ တန်ဖိုးရှိ ဆီးဆံ သုည ဒသမ ၄ တန်သာ တင်ပို့ခဲ့တာမို့ ယခုသီတင်းပတ်မှာ ၂၁ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

စစ်တွေကုန်သွယ်ရေးစခန်းကတော့ ယခုသီတင်းပတ်မှာ ဆီးဆံတင်ပို့မှုမရှိသော်လည်း ဆီးဖတ် တန် ၃၀ နဲ့ဆီးသီးခြောက် ၁၀ တန် တန်ဖိုးကန်ဒေါ်လာ ၅၁၅၀ ဖိုးတင်ပို့နိုင်ခဲ့တယ်လို့ သိရပါတယ်။

## မောင်တောစခန်းမှ အမေရိကန်ဒေါ်လာ သုံးသိန်းကျော်ဖိုးရှိ ငါးခြောက်များအား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့တင်ပို့

မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ်ရှိ မောင်တောကုန်သွယ်ရေးစခန်းမှ တစ်ဖက်ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ဒေါ်လာ ၃၈၅၀၁၄ တန်ဖိုးရှိ ငါးစုံလေးခြောက် ၄၆၀၉၀၂ ကီလို၊ ငါးနီတူခြောက် ၉၀၀၀၀ ကီလိုနဲ့ ငါးကုန်းညှိုခြောက်ကီလို ၈၀၀၀၀ တင်ပို့နိုင်ခဲ့ပါတယ်။ ယခုလမှာ ယခင်လထက် ငါးခြောက်၅၉၉၉၈ ဒေါ်လာဖိုး ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ မောင်တောကုန်သွယ်ရေးစခန်းမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့လျက်ရှိတဲ့ပို့ကုန်များမှာ မိုးတွင်းကာလတွင် ရေခန်ပုစွန်အများဆုံး တင်ပို့သော်လည်း ဆောင်းတွင်းနဲ့နွေရာသီတွင်ငါးခြောက်မျိုးစုံကိုသာ ပိုမိုတင်ပို့လျက် ရှိတယ်လို့ မောင်တောနယ်စပ် ငါးခြောက် ကုန်သည်များထံမှ သိရပါတယ်။

**မြင့်မြင့်မာ**

## ယမန်နှစ်ကာလတူထက် သွင်းကုန် ကန်ဒေါ်လာ ၁၆၃ သန်းခန့်ပိုမိုဆောင်ရွက်

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ဖေဖော်ဝါရီလ ၅ ရက်အထိ သွင်းကုန်ပမာဏသည် ယမန်နှစ်ကာလတူထက် ကန်ဒေါ်လာ ၁၆၂ ဒသမ ၉၅၇ သန်းပိုမိုခဲ့ပါတယ်။ထိုသို့ပိုမိုရခြင်းမှာ သွင်းကုန်တန်ဖိုးများတွင် ရင်းနှီးမြှုပ်နှံမှု ပစ္စည်းများ ဖြစ်တဲ့ သင်္ဘောနဲ့ သင်္ဘောအပိုပစ္စည်းများ၊လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးနဲ့ တပ်ဆင်ရေးပစ္စည်းများ၊ တယ်လီဖုန်းနဲ့ ဆက်သွယ်ရေးကိရိယာများ၊လေယာဉ်နဲ့လေယာဉ်အပိုပစ္စည်းများ၊ တွင်းထွက်သတ္တုမှအပ ဆောက်လုပ်ရေးပစ္စည်းနဲ့ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများဖြစ်တဲ့ သံနဲ့သံမဏိပစ္စည်းများ၊ လုပ်ငန်းသုံးသီးနှံဆီများ၊ ဓါတုဗေဒပစ္စည်းများ၊ အခြားစက္ကူများနဲ့ ကုန်ထုတ်စက္ကူများ ပိုမိုတင်သွင်းခဲ့၍ ဖြစ်ပါတယ်။

**MIRT**

# အကြီးတွေကိုလည်း ပစ်မထားကြပါနဲ့

တစ်နေ့က နေပြည်တော်ကနေ ရန်ကုန်ကိုသွားဖို့ ကြုံလာတယ်။ နေပြည်တော်ကနေ ညနေ ၆ နာရီမြို့မစျေးဂိတ်ကနေစီးခဲ့တယ်။ (၁၁၅)မိုင်ရောက်လို့ ကိုယ်လက်သန့်စင်ဗိုက်ဖြည့်ဖို့ ယာဉ်နောက်လိုက်က နာရီဝက်ခန့် အချိန်ပေးလို့ အပြေးအလွှားလေးဆင်းခဲ့တယ်။

ဆိုင်ကြီးတွေ-ဆိုင်ကြီးတွေ ကောင်းပဲ့ဗျာ။ ခန့်ပါဗျာ၊ သန့်ပဲ့ဗျာ၊ လှပါပေ့ဗျာ၊ ရှေ့မျက်နှာစာနဲ့ ဆိုင်အတွင်း တင်လားဆိုတော့ မဟုတ်သေးဘူးခင်ဗျာ့၊ ဝင်းအတွင်းခပ်ကျကျမှာ ကိုယ်လက် သန့်စင်ခန်း၊ အိမ်သာ၊ ဆီးသွားစရာ နေရာတွေဟာ ကြွေပြားခင်း၊ ကြွေပြားကပ်၊ မီးတွေကလည်း ဝင်းထိန်လျက်၊ ပရုတ်လုံးနဲ့ အနံ့အသက်ပျောက်ဆေးတွေကလည်း တလှိုင်လှိုင်၊ နံရံကပ် ကိုယ်လုံးပေါ်မှန်ကြီးတွေနဲ့ အတော့်ကလေးကို အားထည့်ပြီး သပ်သပ်ရပ်ရပ်လုပ်ထားကြတာတွေ့ရပါတယ်။ ခရီးသွားတွေကလည်း ကိုယ်လက်သန့်စင်ရင်း စိတ်လက်ပေါ့ပါး သွားကြပါတယ်။ သာခုဗျာ သာခု။ ကိစ္စဝိစ္စပြီးလို့ ဗိုက်ဖြည့်ဖို့ နေရာယူပြီး စားပွဲတစ်လုံးမှာ ထိုင်ကာ ထမင်းပေါင်းတစ်ပွဲ မှာလိုက်တယ်ခင်ဗျာ့၊ သိပ်မကြာပါဘူး ရောက်လာပါတယ်။ အငွေ့တထောင်းထောင်းပေါ့၊ ခဏနေတော့ ဟင်းချိုအရည်သောက်တစ်ပန်းကန်လာချတယ်ခင်ဗျ။ အဲဒီမှာ ပြဿနာက စတော့တာပါပဲ။ ဟင်းချို အပူထည့်လာတဲ့ခွက်က မယ်လမင်းခွက်၊ အဲဒါနဲ့ စားပွဲထိုးကလေးမကို ဟင်းချိုအသစ်တစ်ပန်းကန် ကြွေပန်းကန်နဲ့ လဲပေးပါဆိုတာကို ဟုတ်ကဲ့ဆိုပြီး ပေါ်မလာတော့ဘူး။ ခပ်လှမ်းလှမ်းကနေပဲ၊ ကွက်ကြည့် ကွက်ကြည့် လုပ်နေကြတယ်။ ဒါနဲ့သူတို့ စားပွဲထိုးကလေးမတွေရဲ့ အထက်က ကြီးကြပ်တဲ့ ခပ်ပိန်ပိန် အမျိုးသားကို အထွက်မှာခေါ်ပြီး ပြောခဲ့တယ်။ ခရီးသည်တွေအတွက် အခြားအရာတွေ အားလုံးကောင်းပါတယ်။ ဒါပေမဲ့ဆိုပြီး မယ်လမင်းနဲ့ ဖေ့ဘူး၊ ပလတ်စတစ်တရားတွေ ဟောခဲ့ပြောခဲ့ရပါတယ်။ သူကတော့ ဟုတ်ကဲ့ ဟုတ်ကဲ့နဲ့ ခေါင်းတငြိမ့်ငြိမ့်နဲ့ပဲ။ ဒါနဲ့ပဲ။ ငါကွ ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာ ဦးစီးဌာနက ဝန်ထမ်းတစ်ဦးအနေနဲ့ ခရီးသွားဟန်လွဲ ကျရာတာဝန်တွေ ထမ်းဆောင်နိုင်ခဲ့ပြီဆိုပြီး မြောက်ကြွမြောက်ကြွနဲ့ ကျေနပ်အားရပြီး ခရီးဆက်ခဲ့တယ်။

ရန်ကုန်မှာ နှစ်ရက်သုံးရက်နေပြီး အလုပ်တာဝန်တွေပြီးလို့ အပြန်ခရီးပေါ့ခင်ဗျာ။ အဲဒီဆိုင်မှာပဲ ကားကရပ်တယ်ခင်ဗျ။ အသွားတုန်းကလိုပဲ မယ်လမင်းခွက်တွေနဲ့ သုံးတုန်းပဲခင်ဗျ။ မျက်နှာချင်းဆိုင်က မှန်ထဲမှာ ကိုယ့်ကိုကိုယ့်ပြန်မြင်မိပြီး အခုချက်ချင်းအငွေ့ပြန်ပြီး ပျောက်ကွယ်သွားရင်ကောင်းမှာပဲလို့၊ သိမ်ငယ်စိတ်ဝင်မိတယ်။ ဆိုင်နာမည်ကိုတော့ သူ့အကျိုးစီးပွားထိခိုက်မှာစိုးလို့ မပြောတော့ပါဘူး။ အခုလည်း ကျွန်တော်တို့ ဌာနဆိုင်ရာ ဝန်ထမ်းတွေ အစိုးရမဟုတ်တဲ့ အသင်းအဖွဲ့တွေ အသီးသီး ကျောင်းဈေးဆိုင်၊ မုန့်ဆိုင်က မုန့်တွေအကြောင်း ဟောကြပြောကြနဲ့ ကျောင်းဈေးမှာ ရောင်းတဲ့ မုန့်သည်တွေကိုလည်း ဘာဖြစ်မယ်၊ ညာဖြစ်မယ်၊ သားသမီးချင်း ကိုယ်ချင်းမစာဘူး။ စားသုံးသူအကာအကွယ်ပေးရေးဥပဒေဆိုတာရှိတယ် စသဖြင့် နိုင်စားလိုက်ကြတာ၊ ပြောလိုက်ကြတာ။

အခုလို မြို့ကြီးပြကြီးဆိုင်းဘုတ်ကြီး လျှပ်စစ်မီးတထိန်ထိန်နဲ့ ဆိုင်ကြီးရှင်ကြီးငယ်မှာလည်း စားသုံးသူ အကာအကွယ်ပေးရေးဆိုတာ မေးလိုက်ရင် ကြားတော့ကြားဖူးတယ်ဆိုပြီး သိသလို မသိသလိုနဲ့ ယောင်ဝါးဝါး တွေပါပဲ။ သူတို့ရဲ့ နေ့စဉ် ရောင်းအားပမာဏက မနည်းလှပါဘူး။ စားသုံးသူ စားသောက်သူတွေကို ဖြစ်သလို ပြင်ဆင်ကျွေးမွေးကြတာတွေလည်း မနည်းလှပါဘူး။

ဒါကြောင့် ဆိုင်ကြီးဆိုင်ကောင်းတွေရဲ့ အင်္ဂါရပ်ထဲမှာ စားသုံးသူတွေအတွက် အလေးထားရမယ့် အင်္ဂါရပ်တွေ အသေးအမွှားတွေကိုပါ အလေးဂရုထားသင့်၊ ပညာပေးသင့်ကြောင်း တင်ပြလိုပါတယ်။ ဆိုင်ကြီးဆိုင်ကောင်း တွေမှာ ဝယ်ယူစားသုံးနိုင်တဲ့ စားဖွယ်ရာပစ္စည်းအမျိုးမျိုးကို နီယွန်၊ ဆလိုက်၊ စာလုံးအမျိုးမျိုးနဲ့ ထိုးပြနေသလိုပဲ၊ ဒီဆိုင်မှာ စားသုံးသူများ ဘေးအန္တရာယ်ဖြစ်စေမယ့် အစားအသောက်နဲ့ အသုံးအဆောင်များ သုံးစွဲခြင်းမပြုပါလို့ ရဲရဲတင်းတင်း၊ ထင်ထင်လင်းလင်း၊ လျှပ်စစ်မီးရောင်စုံ စာလုံးများနဲ့ ဖော်ပြထားနိုင်ရင် သိပ်ကောင်းမှာပဲလို့ တွေးမိရင်း ------ တစ်ချိန်ချိန်မှာတော့။

**မောင်မောင်အေး(လှိုင်ကော်)**

# Myanmar Sustainable Conference 2016 ကျင်းပမည်

PS Business School သည် တက်ကြွပြီး တာဝန်ယူလိုစိတ်ရှိတဲ့ နိုင်ငံသားများအတွက် လူမှုအကျိုးပြု စီးပွား ရေး ဟောပြောပွဲကို ကုန်သွယ်ရေး ဦးစီးဌာန၊ ကုန်သွယ်မှုသင်တန်းကျောင်း (ရန်ကုန်)နဲ့ ပူးပေါင်း၍ "Myanmar Sustainable Conference 2016"ကို ဖေဖော်ဝါရီလ ၁၈ ရက်မှာ ကုန်သွယ်ရေး ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ရုံးခွဲ မှာ ကျင်းပသွားမယ်လို့ သတင်းရရှိပါတယ်။

ဟောပြောပွဲကို အပိုင်းနှစ်ပိုင်းခွဲကျင်းပမှာဖြစ်ပြီး ပထမပိုင်းမှာ လူမှုအဖွဲ့အစည်းများ၊ကုမ္ပဏီများ၊ အသင်းအဖွဲ့များမှ အလုပ်အမှုဆောင် အဆင့် ပုဂ္ဂိုလ်များနဲ့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ အလယ်အလတ်တန်း အရာရှိများကို ဆွေးနွေးဟောပြောမှာဖြစ်ပြီး ဒုတိယပိုင်းမှာ လူငယ်အဖွဲ့အစည်းများမှ လူငယ်များကို ဖိတ်ကြား၍ ဟောပြောပို့ချပေးသွားမယ်လို့ သတင်းရရှိပါတယ်။

နံနက်ပိုင်းမှာ Social Enterprise Europe Ltd.မှ အုပ်ချုပ်မှုဒါရိုက်တာ Mr.Cliff Sooth Combe, က "Is Social Enterprise the Enterprise of the Future" ခေါင်းစဉ်ကို လည်းကောင်း၊ Social Enterprise Europe Ltd.မှ ဒါရိုက်တာ Mr. Andrew Picken, က "Social Enterprise,Environmental Sustainability and Climate Change" ကိုလည်းကောင်း ဆွေးနွေးဟောပြောသွားမှာဖြစ်ပါတယ်။

မွန်းလွဲပိုင်းအစီအစဉ်မှာတော့ NUS Enterpreneurship Centre မှ လက်ထောက်မန်နေဂျာ Mrs. Prisca Lim Jia Hui က "Social Business Model Design Workshop by National University of Singapore"ခေါင်းစဉ်နဲ့ ဟောပြောဆွေးနွေးမယ်လို့ သိရပါတယ်။

**MIRT**

# ကော့သောင်းကုန်သွယ်ရေးစခန်းက ယမန်နှစ်ကာလတူထက် ကုန်သွယ်မှုပမာဏ ပိုမိုတိုးတက်

မြန်မာ-ထိုင်းနယ်စပ်ရှိ ကော့သောင်းကုန်သွယ်ရေးစခန်းက ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း ပို့ကုန် ကန်ဒေါ်လာ ၄ ဒသမ ၄၀၄ သန်း၊ သွင်းကုန် ကန်ဒေါ်လာ ၈ ဒသမ ၄၅၃ သန်းဆောင်ရွက်နိုင်သဖြင့် ကုန်သွယ်မှု ပမာဏ ကန်ဒေါ်လာ ၁၂ ဒသမ ၈၅၇ သန်း ရရှိခဲ့ပါတယ်။ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ပို့ကုန် ပိုင်းတွင် ကန်ဒေါ်လာ ၁ ဒသမ ဝ၇၃ သန်း၊သွင်းကုန်ပိုင်းတွင် ကန်ဒေါ်လာ ၂ ဒသမ ၇၆၆ သန်းပိုမိုသဖြင့် ကုန်သွယ်မှု ပမာဏ ကန်ဒေါ်လာ ၃ ဒသမ ၈၃၉ သန်းပိုမိုခဲ့ပါတယ်။ အနီးစပ်ဆုံးကာလထက်တော့ ပို့ကုန်ရော သွင်းကုန်ပါ လျော့နည်းခဲ့တယ်လို့ သိရှိရပါတယ်။ ယမန်နှစ်ကာလတူထက် ကုန်သွယ်မှုပမာဏပိုမိုရခြင်းမှာ ပို့ကုန်ပိုင်းတွင် ရေထွက်ကုန်ပိုမိုတင်ပို့နိုင်၍ဖြစ်ပြီး သွင်းကုန်ပိုမိုရခြင်းမှာ ရင်းနှီးမြှုပ်နှံမှုပစ္စည်းနဲ့ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများ ပိုမိုတင်သွင်းနိုင်၍ ဖြစ်ပါတယ်။

ကော့သောင်းကုန်သွယ်ရေးစခန်းရဲ့ ၂၀၁၆ ခုနှစ် ဇန်နဝါရီလအတွင်း အများဆုံးပို့ကုန်ပစ္စည်းများမှာ ငါးမျိုးစုံ၊ ကင်းမွန်၊ အခြားရေထွက်ပစ္စည်းများ၊ ပုစွန်၊ ကဏန်း၊ ပင်လယ်ငါးရှဉ့်၊ ရော်ဘာဖြတ်စ၊ ဆီအုန်းကြိတ်ဖတ်၊ အုန်းသီးနဲ့ ရေဘဝဲတို့ဖြစ်ပြီး အများဆုံးသွင်းကုန်ပစ္စည်းများမှာ ဘိလပ်မြေ၊ အားဖြည့်အချိုရည်၊ သကြား၊ ပုလင်းလွတ်၊ ဆာလ်ဖာ၊ ဒီဇယ်ဆီ၊ ဓာတ်မြေဩဇာ၊ ငါးဖမ်းပိုက်တို့ဖြစ်ပါတယ်။

**ခင်မြနွယ်**

# ယမန်နှစ်ကာလတူထက် ရေထွက်ကုန်နဲ့ သစ်တောထွက်ပစ္စည်းအုပ်စုသာ ပိုမိုတင်ပို့

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ၂၀၁၆ ခုနှစ် ဖေဖေါ်ဝါရီလ ၅ ရက်အထိ ပို့ကုန်ကန်ဒေါ်လာ ၈၉၁၄ သန်း ဆောင်ရွက်နိုင်ခဲ့ပြီး၊ ယမန်နှစ်ကာလတူနဲ့ နှိုင်းယှဉ်ပါက ကန်ဒေါ်လာ ၁၂၂၃ သန်းကျော်လျော့နည်း ဆောင်ရွက်ခဲ့ပါတယ်။ ထိုကဲ့သို့ဖြစ်ရခြင်းမှာ ရေထွက်ကုန်နဲ့ သစ်တောထွက်ကုန်များသာ ပိုမိုတင်ပို့ခဲ့ပြီး ကျန်အုပ်စုများဖြစ်တဲ့ လယ်ယာထွက်ပစ္စည်း၊ တိရစ္ဆာန်ထွက်ပစ္စည်း၊ သတ္တုတွင်းထွက်၊ စက်မှုကုန်ချောနဲ့ အခြားအုပ်စုများ လျော့နည်းတင်ပို့ခဲ့တဲ့အတွက် ဖြစ်ပါတယ်။ နိုင်ငံပိုင်အပိုင်းမှ လျော့နည်းမှုက ကန်ဒေါ်လာ ၁၅၅၉ သန်းကျော်ရှိတဲ့အတွက် ပုဂ္ဂလိကပိုင်းမှ ပိုမိုတင်ပို့သော်လည်း ပို့ကုန်စုစုပေါင်းပမာဏအနေနဲ့ လျော့နည်းခဲ့တာဖြစ်ပါတယ်။ အုပ်စုအလိုက် ပုဂ္ဂလိကနဲ့ နိုင်ငံပိုင်အပိုင်းမှ ယခုနှစ်ဆောင်ရွက်နိုင်မှုကို ဖော်ပြပေးလိုက်ရပါတယ်-

| | နိုင်ငံပိုင် | ပုဂ္ဂလိကပိုင် | ကန်ဒေါ်လာသန်း စုစုပေါင်း |
|---|---|---|---|
| လယ်ယာထွက် | - | ၂၀၉၂. ၈၂၅ | ၂၀၉၂. ၈၂၅ |
| တိရစ္ဆာန်ထွက် | - | ၆. ၈၂၆ | ၆. ၈၂၆ |
| ရေထွက် | - | ၃၈၂. ၇၇၄ | ၃၈၂. ၇၇၄ |
| သတ္တုတွင်းထွက် | ၄၃၇. ၄၇၃ | ၄၇၅. ၄၄၁ | ၉၁၂. ၉၁၄ |
| သစ်တောထွက် | ၅. ၁၆၄ | ၁၆၆. ၅၇၈ | ၁၇၁. ၇၄၂ |
| စက်မှုကုန်ချော | ၃၇၈၂. ၁၄၅ | ၁၀၂၇. ၆၈၆ | ၄၈၀၉. ၈၃၁ |
| အခြား | ၁၇၆. ၉၆၁ | ၃၆၀. ၁၅၀ | ၅၃၇. ၁၁၁ |

**MIRT**

# မြဝတီကုန်သွယ်ရေးဇုန်မှ ရေထွက်ကုန်ပိုမိုတင်ပို့

မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်၊ ကော့သောင်းနဲ့ မြိတ်ကုန်သွယ်ရေး စခန်းတို့မှ ၂၀၁၆ ခုနှစ် ဇန်နဝါရီလ ၃၀ ရက်မှ ဖေဖော်ဝါရီလ ၅ ရက်အတွင်း ကန်ဒေါ်လာ ၂ ဒသမ ၄၅၆ သန်း တန်ဖိုးရှိ ရေထွက်ကုန် ၂၆၁၅ တန်ကျော် တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၅၉၉ တန်ကျော် လျော့နည်းတင်ပို့ခဲ့ပါတယ်။

မြဝတီကုန်သွယ်ရေးဇုန်မှ ကန်ဒေါ်လာ သုည ဒသမ ၁၄၈ သန်းတန်ဖိုးရှိ ရေထွက်ကုန်များဖြစ်တဲ့ ငါးမျိုးစုံ ၁၀၃ တန်ကျော်၊ပုစွန် ၂ တန်ကျော်နဲ့ ကဏန်း ၅ တန်ကျော်တင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၂၀ တန်ကျော်ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။ ကော့သောင်းကုန်သွယ်ရေးစခန်းမှ ကန်ဒေါ်လာ သုည ဒသမ ၇၀၆ သန်းတန်ဖိုးရှိ ရေထွက်ကုန်များ ဖြစ်တဲ့ ငါးမျိုးစုံ ၇၃၃ တန်ကျော်၊ ကင်းမွန် ၃၃ တန်ကျော်၊အခြားရေထွက်ပစ္စည်း ၃၃ တန်ကျော်၊ပုစွန် ၉ တန်ကျော်နဲ့ ကဏန်း ၁ တန်နီးပါးတင်ပို့နိုင်တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၁၁၀၇ တန်ကျော်လျော့နည်း တင်ပို့ခဲ့ပါတယ်။

မြိတ်ကုန်သွယ်ရေးစခန်းမှလည်း ကန်ဒေါ်လာ ၁ ဒသမ ၆၀၂ သန်းတန်ဖိုးရှိ ငါးမှုန့်တန် ၁၀၀၀၊ငါးမျိုးစုံ ၆၇၉ တန်ကျော်၊ရေခဲပုစွန် ၁၀ တန်ကျော်၊ ကဏန်းသေးအသေ ၂ တန်ကျော်၊ပုစွန်ခြောက် ၃၇၅ ကီလိုဂရမ်၊ သဲကဏန်း ၇၀၅ ကီလိုဂရမ်နဲ့ ကင်းမွန် ၄၂၀ ကီလိုဂရမ်တင်ပို့ခဲ့တဲ့အတွက် ယခင်သီတင်းပတ်နဲ့ နှိုင်းယှဉ်ပါက ၅၁၃ တန်လျော့နည်းတင်ပို့ခဲ့ပါတယ်။

**ခင်မြနွယ်**



# စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို စိန်ခေါ်နေသည့် မတည်ငြိမ်မှုများ

|ဒေါက်တာမောင်အောင်|

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်လာစေရန် အရေးကြီးဆုံး လိုအပ်ချက်မှာ တည်ငြိမ်အေးချမ်းမှုပင်ဖြစ်သည်။ မတည်ငြိမ်၊ မအေး ချမ်းသမျှ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် လုပ်ဆောင်နိုင်မည် မဟုတ်သည့်အတွက် တည်ငြိမ်အေးချမ်းမှုကိုသာ ဦးစားပေးဆောင် ရွက်ရမည်ဖြစ်သည်။ ထို့အတူ တည်ငြိမ်မှုမရှိခြင်းက အသစ်ဝင် ရောက်လာမည့် နိုင်ငံတကာလုပ်ငန်းကြီးများကို ဟန့်တားနေသလို လက်ရှိလုပ်ငန်းများ ဆောင်ရွက်နေကြသည့် FDI လုပ်ငန်းကြီးများကိုလည်း ဆောင်ရွက်နိုင်မှုမရှိသောကြောင့် ပြန်လည်ထွက်ခွာသွားအောင် ဖန်တီးသလို ဖြစ်သည်။ ကွင်းဆက်အနေဖြင့် ထောင်နှင့်ချီ သော မြန်မာလုပ်သားများ အလုပ်လက်မဲ့ဘဝ ကျရောက်မည်ဖြစ် ပြီး၊ ၎င်းတို့ကို မှီခိုနေရသည့် မိသားစုဝင်များ ဒုက္ခရောက်မည်ဖြစ်သည်။ FDI လုပ်ငန်းကြီးများအနေဖြင့်မူ ၎င်းတို့အတွက် အဘက်ဘက်မှ အာမခံချက်ရှိသည့် အခြား နိုင်ငံများသို့ ပြောင်းရွှေ့ထုတ်လုပ်ကြမည် ဖြစ်ပြီး လုံခြုံမှုမရှိသည့် မြန်မာနိုင်ငံသို့နောက်ထပ် လာရောက်ရင်း နှီးတော့မည်မဟုတ်သလို အခြား လုပ်ငန်းရှင်များကိုလည်း သွားရောက်ရင်းနှီးလိုမှုကို ဟန့်တားမည် ဖြစ်သည်။

မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးမှု နောက်ကျနေသည့် နိုင်ငံများ အတွက် အမြန်ဆုံး စီးပွားရေးတိုးတက်မှု ဖော်ဆောင်နိုင်သည့် လမ်း စဉ်မှာ နိုင်ငံတကာလုပ်ငန်းကြီးများကို ပိုမိုဖိတ်ခေါ်ပြီး၊ ထုတ်လုပ်မှု လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံစေခြင်းဖြင့် ပြည်တွင်း ထုတ်ကုန်တန်ဖိုး သိသိသာသာ တိုးမြှင့်ပေးမည်ဖြစ်သလို များပြား သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဖော်ဆောင်ပေးသည့်အတွက် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ဖွံ့ဖြိုးတိုးတက်ရေးသာမက ဆင်းရဲမှု လျှော့ချရေးအတွက်ပါ အထူး အရေးပါသည်။လက်ရှိအခြေအနေတွင် မြန်မာနိုင်ငံအနေဖြင့် အရှေ့ တောင်အာရှနိုင်ငံများအနက် ဖွံ့ဖြိုးမှု အနိမ့်ဆုံးအခြေအနေဖြစ်သော ကြောင့် LDC အဆင့်မှ လွတ်မြောက်ရန် အထူးကြိုးစားနေရသည့် ကာလဖြစ်သည်။ အစိုးရသစ်ကာလအတွင်း အဘက်ဘက်မှ ပြုပြင် ပြောင်းလဲမှုများကြောင့် ပွင့်လင်းလာသည့် မြန်မာနိုင်ငံတွင် လာ ရောက် လုပ်ကိုင်လိုသည့် နိုင်ငံခြားလုပ်ငန်းရှင်များ၊ ကုမ္ပဏီကြီးများ ပိုမိုဝင်ရောက် လာမှုကြောင့် အာရှနှင့် အရှေ့တောင်အာရှ နိုင်ငံများ တွင် ဖွံ့ဖြိုးမှု အလားအလာ အကောင်းဆုံးအနေအထားရှိနေပြီ ဖြစ်သော်လည်း လက်ရှိဖြစ်ပေါ်နေသည့် မတည်ငြိမ်မှုများ (လောက်ကိုင်၊ ကိုးကန့်၊ နယ်စပ်စစ်ပွဲ၊ ကျောင်းသားသပိတ်နှင့် အလုပ်သမား သပိတ်) သည် လက်ရှိ ကာလများအတွင်း တက်ရိပ်ပြနေသည့် စီးပွား ရေးတိုးတက်မှုကို ခြိမ်းခြောက်နေသည့်အပြင် စီးပွားရေးကျဆင်းမှု (Economic recession) ကိုပါဖြစ်ပေါ်နိုင်စေမည်ဖြစ်၍ အန္တရာယ် ကြီးမားပေသည်။

ယနေ့ကမ္ဘာပေါ်နေနိုင်ငံတိုင်း အပြိုင်အဆိုင်ကြိုးပမ်းကြသည် မှာ စီးပွားရေးတိုးတက်မှုပင်ဖြစ်သည်။ စီးပွားရေး နောက်ကျလျှင် အဘက်ဘက်မှ နောက်ကျစမြဲဖြစ်သည်။ ထို့အတွက်လည်း ၂၁ ရာစု ဖွံ့ဖြိုးဆဲနိုင်ငံများ အမြန်ဆုံး တိုးတက်ဖွံ့ဖြိုးရေးအတွက် နိုင်ငံတကာ လုပ်ငန်းကြီးများလာရောက် ရင်းနှီးမြှုပ်နှံစေရန် ဆွဲဆောင်မှုရှိသည့် ဥပဒေများ၊ အကာအကွယ်ပေးမှုများနှင့် ရင်းနှီးမြှုပ်နှံမှု ပတ်ဝန်း ကျင်ကောင်းများ ပိုမိုဖော်ဆောင်ရေးကို ဖွံ့ဖြိုးဆဲနိုင်ငံတိုင်းက အထူး ကြိုးစားနေသည့် ကာလလည်းဖြစ်သည်။ အင်အားကြီးမားသည့် FDI လုပ်ငန်းကြီးများရောက်ရှိလာမှသာ ဖွံ့ဖြိုးဆဲနိုင်ငံများ၏ တိုးတက်မှုအတွက် အဓိကလိုအပ်နေသည့် အရင်းအနှီး၊ နည်းပညာ၊ ဈေးကွက် ရနိုင်မှုတို့ကို ဖြည့်စွမ်းပေးနိုင်မည်ဖြစ်သည်။ ထို့အတွက် ဖွံ့ဖြိုးဆဲနိုင်ငံအနေဖြင့် ဖွံ့ဖြိုးမှု အလားအလာကြည့်မည်ဆိုလျှင် အဆိုပါ နိုင်ငံတွင် နိုင်ငံတကာလုပ်ငန်းကြီးများ မည်မျှလာရောက် ရင်းနှီးလုပ်ကိုင်နေသည်။ နိုင်ငံအတွင်းရှိ စီးပွားရေးလုပ်ငန်းများ နိုင်ငံတကာနှင့် မည်မျှထိထိစပ်စပ် ပေါင်းစည်းနိုင်သည်ဟူသော အချက်များပေါ် မူတည်နေသည်ကို တွေ့ရှိ ရပေသည်။ တစ်နည်း အားဖြင့်ဆိုသော် ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်း (Global Supply Chain)နှင့် မည်မျှ ပေါင်းစည်းနိုင်သည်ဟူသော အချက်ပင်ဖြစ်သည်။

ကမ္ဘာ့စီးပွားရေးလုပ်ငန်းကြီးများ ကမ္ဘာအရပ်ရပ်သို့ ပြောင်း ရွှေ့ထုတ်လုပ်လာခြင်း၏ အဓိကအကြောင်းရင်းမှာ လုပ်သားစရိတ် သက်သာခြင်းကြောင့်ပင်ဖြစ်သည်။ ထို့အတူ မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးကြသည့် လုပ်ငန်းရှင်များအနေဖြင့် လည်း ဒေသ တွင်း နိုင်ငံများအတွင်း စီးပွားရေးအနိမ့်ကျဆုံးဖြစ်သလို လုပ်အား ဈေးအချိုဆုံးဖြစ်၍လည်း လာရောက် ရင်းနှီးမြှုပ်နှံခြင်းပင်ဖြစ်သည်။ ယခုကာလများအတွင်း ထုတ်လုပ်မှုလုပ်ငန်းများ၌ ပိုမိုရင်းနှီးမြှုပ်နှံ လာမှုကြောင့်လည်း ထုတ်လုပ်မှုနှင့် ပို့ကုန်တန်ဖိုး သိသိသာသာ တက်လာသလို လုပ်သားစူးစိုက်သုံး (Labour Intensive) လုပ်ငန်း များဖြစ်၍ လူပေါင်းများစွာ အလုပ်အကိုင်ရရှိကြသည့်အတွက် နှစ်ဦး နှစ်ဖက် Win-Win အခြေအနေပင်ဖြစ်သည်။

## FDI ၏သဘောသဘာဝ

နိုင်ငံတကာ လုပ်ငန်းကြီးများအနေဖြင့် ကမ္ဘာ့တစ်ဝန်းဖြန့် ကျက်ပြီး ရင်းနှီးမြှုပ်နှံရာတွင် အခြေခံသည့် ညွှန်းကိန်းလေးခု အပေါ် မူတည်ပြီး ရင်းနှီးမြှုပ်နှံရန် သင့်၊မသင့်ကို ဆုံးဖြတ်လေ့ရှိသည်။ ၎င်း တို့မှာ တည်ငြိမ်မှု (Stability)၊ လုံခြုံစိတ်ချမှု (Security)၊ ဥပဒေစိုး မိုးမှု (Rule of law) နှင့် အမြတ်ရရှိရန် တွက်ချက်ခန့်မှန်းနိုင်မှု (Accountability) တို့ဖြစ်သည်။ လှိုင်သာယာနှင့် ရွှေပြည်သာ အထည်ချုပ်စက်ရုံအချို့တွင် ဖြစ်ပေါ်ခဲ့သည့် လုပ်ခတိုးမြှင့်ရေးနှင့် ပတ်သက်သည့် ဆန္ဒပြမှုများသည် သာမန်တောင်းဆိုသည့် အဆင့် ထက်ကျော်လွန်ပြီး စက်ရုံကိုဝိုင်းထားခြင်း၊ အဝင်၊ အထွက် မလုပ်နိုင် အောင်ပြုလုပ်ခြင်း၊ နိုင်ငံတကာဈေးကွက်သို့ မပို့နိုင်ရန် လုပ်ဆောင် ခြင်းစသည့် အကြမ်းဖက် အပြုအမူများကြောင့် လုံခြုံစိတ်ချမှုကိုပါ ပျက်ပြားစေသလို ဥပဒေစိုးမိုးမှုနှင့် အမြတ်ရရှိရန် တွက်ချက်နိုင်မှု စသည်တို့ကိုပါ ထိခိုက်နေသည့်အတွက် ရတက်မအေးစရာဖြစ်ရ သည်။ FDI လုပ်ငန်းကြီးများအနေဖြင့်မူ ကမ္ဘာတစ်ခုလုံးတွင် ဖြန့်ကျက်လုပ်ဆောင်သောကြောင့် နှိုင်းယှဉ်အခွင့်အရေး သာသည့် နိုင်ငံများသို့သာ သွားရောက်လုပ်ကိုင်မည်ဖြစ်သည်။ အထည်ချုပ် လုပ်ငန်းဆိုလျှင် မြန်မာ့ပြိုင်ဘက်များဖြစ်သည့် ဘင်္ဂလားဒေ့ရှ်၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ လာအို နိုင်ငံများသို့ ပြောင်းရွှေ့ လုပ်ကိုင် မည်ဖြစ်ရာ ၎င်းအနေဖြင့် ထူးထူးခြားခြားထိခိုက်မည် မဟုတ်ပေ။ တကယ် ထိခိုက်မည်မှာ အခြေခံလူတန်းစားများအတွက် အိုးနှင့်ကျင်း နှင့် အလုပ်အကိုင်အခွင့်အရေးများ လက်လွှတ်ဆုံးရှုံးရမည်ဖြစ် သည်။ ပို၍ဆိုးသည်မှာ နောင်လာမည့် လုပ်ငန်းရှင်များရော လက်ရှိ လုပ်ကိုင်နေသူများအကြား မြန်မာနိုင်ငံ၏ မကောင်းသတင်း ပျံ့နှံ့ ခြင်းသည် နိုင်ငံ၏ ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုပါ ထိခိုက်စေမည် ဖြစ်သည်။အကယ်၍ ပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်းများ ရှားပါးလျှင် ပြည်တွင်းလုပ်သားများ စီးပွားရေးပိုမိုဖွံ့ဖြိုးသည့် အိမ်နီး နားချင်းနိုင်ငံများနှင့် အာဆီယံ၊ အာရှနိုင်ငံများသို့ တရားဝင် ဖြစ်စေ၊ တရားမဝင်ဖြစ်စေ သွားရောက် အလုပ်လုပ်ကြရမည်ဖြစ်သည်။ ကျွမ်းကျင်မှုမရှိသောကြောင့် အများစုမှာ “3D” ဟု ခေါ် သည့် ညစ်ပတ်သည့်လုပ်ငန်းများ “Dirty”၊ အန္တရာယ်ရှိသည့် လုပ်ငန်းများ “Danger” နှင့် လူ့ဂုဏ်သိက္ခာ ညှိုးနွမ်းစေသည့် လုပ်ငန်း (Deme - aning) များတွင်သာ လုပ်ကိုင်ရမည်ဖြစ်ပြီး သူများ တိုင်းပြည်၊ သူများ ခိုင်းသမျှ လုပ်ကြမည်ဖြစ်သလို ခွဲခြားဆက်ဆံ ခြင်း၊ ခေါင်းပုံဖြတ်ခြင်း၊ အချိန်ပိုခိုင်းခြင်း၊ လုပ်ခငွေ နှိမ့်ချပေးခြင်းတို့ ကြုံရမည့်အပြင် လူမှောင်ခိုကိစ္စများပါ ဖြစ်ပေါ်လေ့ရှိသည်။ အခြားတိုင်းပြည်များတွင် အားကိုးစရာမရှိ၊ အဘက်ဘက်မှ နိမ့်ကျ သည့်ဘဝကို ရင်ဆိုင်ရမည် ဖြစ်သည်။ ထို့အတွက် ပြည်တွင်း၌ အလုပ်အကိုင် အခွင့်အလမ်းများ ဖန်တီးနိုင်ရေး အထူးအရေးကြီး နေပြီဖြစ်သည်။

## လုပ်သားများချင့်ချင့်ချိန်ချိန် စဉ်းစားစေချင်

နိုင်ငံခြားသားလုပ်ငန်းများအနေဖြင့် မြန်မာနိုင်ငံတွင် လာ ရောက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်သည့် အခြေခံအကြောင်းရင်းမှာ ဒေသ တွင်းနိုင်ငံများအတွင်း လုပ်ခသက်သာမှုကြောင့်ပင် ဖြစ်သည်။ တစ်ဖက်တွင်လည်း လျှပ်စစ်၊ လမ်းပန်းဆက်သွယ်ရေး မပြည့်စုံမှုနှင့် မြေ၊ အဆောက်အအုံငှားခ ဈေးကြီးမှုကိုလည်း နားလည်ထားပြီး ဖြစ် သည်။ အကယ်၍ မြန်မာနိုင်ငံတွင် မရင်းနှီးဘဲ အခြားနိုင်ငံများတွင် ရင်းနှီးလျှင် အဆိုပါစရိတ်များ မြန်မာနိုင်ငံထက် သက်သာကြောင်း အမြဲပြောဆိုကြသည်။ ဘာကြောင့် မြန်မာနိုင်ငံ၏ လုပ်ခနိမ့် ရသလဲ ဟုဆိုလျှင် ဒေသတွင်း နိုင်ငံများအတွင်း နှိုင်းယှဉ်လျှင် ဖွံ့ဖြိုးတိုးတက် မှု နိမ့်ကျသလို လုပ်သားတစ်ဦး ချင်းစီ၏ ကျွမ်းကျင်မှု (skill) နိမ့်နေ ၍ ဖြစ်ကြောင်း လေ့လာမှုစာတမ်းများအရ သိရသည်။ အထည်ချုပ် လုပ်ငန်းများအနေဖြင့် ကမ္ဘာ့ဈေးကွက်အသီးသီးမှ အမှာစာ (order) များ လက်ခံချုပ်လုပ် တင်ပို့ရာတွင် ရည်မှန်းရက်အတိအကျဖြင့် တင်ပို့ရလေ့ရှိပြီး အချိန်မီ မတင်ပို့နိုင်လျှင် အဆိုပါလုပ်ငန်းရှင် အနေဖြင့် ရေရှည်ရပ်တည်ရန် မဖြစ်နိုင်ပေ။

လုပ်သားများဘက်မှလည်း လုပ်ခတိုး၍ရလိုမှုမှာ သဘာဝပင် ဖြစ်သည်။ သို့သော် မိမိအလုပ်စဝင်ကတည်းက ပေးသည့်လစာ၊ မိမိ တာဝန်ဝတ္တရား၊ အလုပ်ချိန် စသည်တို့ကိုသဘောတူပြီးမှ ဝင်ရောက် ခဲ့ခြင်းဖြစ်သည်။ လုပ်သက်ရင့်လာမှုကြောင့် မိမိလုပ်ငန်း ပိုမို ကျွမ်းကျင်မှုရှိသည့်အတွက် မိမိ၏ ထုတ်လုပ်မှုစွမ်းအား တိုးတက် လာမှုကို အကြောင်းပြလျက် သက်ဆိုင်ရာဌာနခွဲ ခေါင်းဆောင်များမှ တစ်ဆင့် မှန်ကန်သော နည်းသစ်များဖြင့်သာ တောင်းဆိုသင့်ပေ သည်။ အာဆီယံနိုင်ငံဖြစ်၍ အာဆီယံလုပ်ခ ရရှိရမည်ဆိုသည့် အသံ များလည်းကြားရသည်။ အမှန်တကယ်မူ ၂၀၁၅ အလွန်တွင် ဖြစ်ပေါ် လာမည့် AEC အာဆီယံစီးပွားရေး အသိုက်အဝန်း ထူထောင်တော့ မည်ဆိုလျှင် လွတ်လပ်စွာ ပြောင်းရွှေ့ခြင်းနှင့် တူညီသည့် နှုန်းများ ရရှိရေးတွင် လုပ်သားနှင့်ပတ်သက် ၍ အာဆီယံကျွမ်းကျင်လုပ်သား အဆင့်ဖြစ်လျှင် အာဆီယံအတွင်း တူညီသည့်နှုန်းထား အာမခံ ထားသော်လည်း ကျွမ်းကျင်မှုမရှိသည့် လုပ်သားများ အကျုံးမဝင်ပေ။

လုပ်သားတိုင်း အထူးအလေးပြုရ မည်။မိမိလုပ်ဆောင်သည့် လုပ်ငန်းတွင် ကျွမ်းကျင်သူဖြစ်ပြီး မိမိလုပ်သည့်အလုပ်ကို တာဝန်ယူ တာဝန်ခံနိုင်သူများ ဖြစ်မှ သာလျှင် အလုပ်ရှင်အနေဖြင့် လစာတိုးမြှင့် ရေးကို လိုလိုလားလား လုပ်ဆောင်ပေး မည်ဖြစ်သည်။ ဆိုလိုသည်မှာ

➲ စာမျက်နှာ ၁၉ သို့

# Jovago နှင့် BNF တို့ပူးပေါင်းပြီး မြန်မာနိုင်ငံအနှံ့ ခရီးသွားလိုသူများအတွက် ကုန်ကျစရိတ် ၁၀ရာခိုင်နှုန်းအထိ သက်သာစေမည့် အစီအစဉ်ကို စတင်

ပြင်သစ်အခြေစိုက် ခရီးသွားကုမ္ပဏီ Jovagoနှင့် အွန်လိုင်းကားလက်မှတ် ဝန်ဆောင်မှုလုပ်ငန်း BNF တို့ပူးပေါင်း ပြီး မြန်မာနိုင်ငံအနှံ့ ခရီးသွားလိုသူများအတွက် ခရီးစရိတ် ၁၀ ရာခိုင်နှုန်းအထိ သက်သာစေမည့် အစီအစဉ်ကို စတင်လိုက်ပြီဖြစ်ကြောင်း Jovago ၏ သတင်းထုတ်ပြန်ချက်များ အရသိရသည်။

အွန်လိုင်းခရီးသွားလုပ်ငန်းနှင့် ဟိုတယ်အခန်းငှားဝန်ဆောင်မှုလုပ်ငန်း Jovago၏ အုပ်ချုပ်မှုဒါရိုက်တာ Mr. Hugo Schelicher က "မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ Jovago နဲ့ ချိတ်ဆက်ထားတဲ့ ဟိုတယ်တိုင်းနဲ့အကြုံးဝင်ပါတယ်။ Jovago အနေနဲ့ပြည်တွင်း ခရီးသွားလာမှု တိုးတက်ရေးအတွက် ဆောင်ရွက်နေတာဖြစ်ပြီး အွန်လိုင်းကနေ အခန်းကြိုတင်ငှားနိုင်ခြင်းအားဖြင့် အချိန်ကုန်ငွေကုန် သက်သာစေတဲ့ အပြင်အခန်းခကိုလည်း ၁၀ရာခိုင်နှုန်းအထိ ဈေးနှုန်း သက်သာမှုရရှိစေမှာ ဖြစ်ပါတယ်။ တချို့ဒေသတွေ ဥပမာအားဖြင့် မြန်မာနိုင်ငံတောင်ပိုင်းဒေသ တွေဖြစ်တဲ့ ထားဝယ်၊ မြိတ်၊ ကော့ သောင်းဘက်မှာဆိုရင်စိတ်ဝင်စားစရာ ကောင်းတဲ့လည်ပတ်စရာတွေအများကြီးရှိပါတယ်။ သွားရေးလာရေးသာ လွယ်ကူမယ်ဆိုရင် အများကြီးသွားကြ မှာပါ။ အခုလို BNF နဲ့ပူးပေါင်းလိုက်တဲ့ အတွက် ကားလက်မှတ်ကို အလွယ်တကူ ကြိုတင်ဝယ်ယူနိုင်မှာဖြစ်သလို ဟိုတယ်အခန်းငှားရမ်းမှုကိုလည်း ကြိုတင်ဝန်ဆောင်မှုပေးနေတဲ့အတွက် အဆင်ပြေနိုင်ပါတယ်"ဟု ပြောကြားခဲ့ သည်။

ဟိုတယ်အခန်းများအား အွန်လိုင်းမှ မှာယူလိုသူများအနေဖြင့် www. jovago.com.mm တွင် ဝင်ရောက်ပြီး မိမိသွားလိုသည့် နေရာနှင့် သွားလိုသည့် အချိန်နှင့်သုံးစွဲလိုသည့် ငွေပမာဏတို့ကို ဖြည့်စွက်ကာ အခန်းငှားရမ်းနိုင်မည်ဖြစ်ပြီး ဟိုတယ်အခန်းခကို ဟိုတယ်ရောက်မှသာ ငွေပေးချေနိုင်မည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၏ အဝေးပြေးကားလက်မှတ်များကို အွန်လိုင်းမှ ဝန်ဆောင်မှုပေးလျက်ရှိသည့် BNF Express အနေဖြင့် ၎င်း၏ BNF Website တွင် ကားလက်မှတ် ဈေးနှုန်းများနှင့် သတင်းများကို အချိန်နှင့်တစ်ပြေးညီ ဖော်ပြထားမည်ဖြစ်ပြီး ကားလက်မှတ်များကို မိုဘိုင်းဖုန်းအတွင်းသို့ စာတိုဖြင့်လည်းကောင်း၊ အီးမေးလ်ဖြင့်လည်းကောင်း ပို့ပေးမည်ဖြစ်ကြောင်း သိရသည်။

**မယ်သီတာ**

## ➲ စာမျက်နှာ ၁၈ - စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ••• မှ အဆက်

လုပ်ငန်းကျွမ်းကျင်သူ ဖြစ်လာလျှင် လူကအလုပ်ကို ရှာရန်မလိုဘဲ အလုပ်ကလူကိုရှာရသည့်အဆင့် အလိုလိုရောက်လာမည်ဖြစ်သည်။ မြန်မာ့အထည်ချုပ် လုပ်သားများ ကျွမ်းကျင်မှုအားနည်းရခြင်းအကြောင်းမှာလည်း အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အလုပ်ခွင်သင်တန်းများပေးခြင်း နည်းနေဆဲဖြစ် ပြီး အများစုမှာ လုပ်ငန်းခွင်သင်တန်း အဖြစ် လက်တွေ့ လုပ်ကိုင်သင်ယူရသည့်စနစ် (learning by doing) အရ လုပ်ဆောင်ကြသည်။ ယခုအခါ နေထိုင်စားသောက်စရိတ်ပေါ် မူတည်၍ မျှတသည့် အနိမ့်ဆုံးလုပ်ခ ပြဋ္ဌာန်းနိုင်ရန် လုပ်ဆောင်နေပြီဖြစ်သည်။

အထူးပြောလိုသည်မှာ အလုပ်ရှင်နှင့်အလုပ်သမားများအကြား မျှတသည့် လုပ်ခဖြစ်ပေါ်ရေးတွင် နိုင်ငံတကာကဲ့သို့ လုပ်သားတစ်ဦးချင်း၏ ကျွမ်းကျင်မှုနှင့် အလုပ်ပြီးမြောက်မှုကို စံအဖြစ်သတ်မှတ်ပြီး လုပ်ခကိုပေးသည့်စနစ်ဖော်ဆောင်မည်ဆိုလျှင် နှစ်ဦးနှစ်ဖက်စလုံး အတွက် Win-Win အခြေအနေပင်ဖြစ်သည်။ သတိပြုရမည်မှာ လုပ်သားများအနေဖြင့် လုပ်ခတိုးရေးအတွက် တောင်းခြင်းထက် လုပ်ယူသည့်နည်းလမ်းဖြစ်သည့် မိမိ၏ကျွမ်းကျင်မှု ပိုမိုတိုးတက်ရေး အလေးထားရမည်ဖြစ်သည်။ နှစ်ဦးနှစ်ဖက် ပျက်စီးရာလမ်းကြောင်းအဖြစ် အကြမ်းဖက်သည့်နည်းလမ်းရှောင်ရှားမှသာ ကမ္ဘာ့အလယ် "ရိုးသားကြိုးစားပြီး ယဉ်ကျေးသည့် မြန်မာ"ဟူသော ဂုဏ်ပုဒ်ကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။ လုပ်သားများအနေဖြင့် မက်လုံးများပေးပြီး အကြမ်းဖက်မှုများ လုပ်ဆောင်ရန် ကြိုးစားနေသူများကိုလည်း သတိထားရှောင်ကြရမည်ဖြစ်သည်။ ရေရှည်အကျိုးစီးပွားအတွက် လုပ်သားတိုင်း ချင့်ချင့်ချိန်ချိန် စဉ်းစားသင့်ပေသည်။ အထည်ချုပ်ကဲ့သို့သော အုံနှင့်ကျင်းနှင့် အလုပ်အကိုင်အသစ်များ ပိုမိုထွန်းကားလာမှသာ ယနေ့ပြည်သူများ ရင်ဆိုင်နေရသည့် ဆင်းရဲမှုသိသိသာသာ လျှော့ချနိုင်မည်ဖြစ်သလို နိုင်ငံဖွံ့ဖြိုးတိုးတက်မှုကိုလည်း တစ်ဖက်တစ်လမ်းမှ ဖြည့်စွမ်းနိုင်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။

# MPT ၏ အထင်ကရ Branded Store တစ်ခုကို ရန်ကုန်မြို့ ဆူးလေဘုရားအနီးတွင် ဖွင့်လှစ်

MPT ၏ အထင်ကရ Branded Store တစ်ခုကို ရန်ကုန်မြို့၊ ဆူးလေဘုရားအနီးတွင် ဖေဖော်ဝါရီ၁၀ ရက်က ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း သိရသည်။

ယခုဖွင့်လှစ်ခဲ့သည့် အရောင်းပြခန်းသည် ၂၀၁၆ခုနှစ် မတ်လအထိ ဖွင့်လှစ်မည့် အရောင်းပြခန်း ၁၀၀ ကျော်အနက် တစ်ခုအပါအဝင်ဖြစ်ပြီး အဆိုပါအရောင်းပြခန်းသည် MPT ၏ ပထမဆုံးဖွင့်လှစ်သည့် အရောင်းပြခန်း တစ်ခုလည်းဖြစ်ကြောင်း သိရသည်။

အဆိုပါ အရောင်းပြခန်းတွင် လက်ရှိသုံးစွဲသူ ၁၈သန်းကျော်အတွက် ကတ်ပျောက်/ကတ်ပျက်စီးမှုများအား ပြန် လည်လျှောက်ထားနိုင်သည့် ဝန်ဆောင်မှုအပါအဝင် အခြားသော လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုများကိုပါ ရယူနိုင်သည့် MPT ၏ ကိုယ်ပိုင်အမှတ်တံဆိပ်အထင်ကရ အရောင်းပြခန်းတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံတစ်ဝန်းတွင် MPT ၏ အရောင်းဆိုင်ပေါင်း ရှစ်သောင်းကျော်ရှိနေပြီဖြစ်သည့်အပြင် အဆိုပါဆိုင်များတွင် MPT ဆင်းကတ်များ၊ ငွေဖြည့်ကတ်များကို ဝယ်ယူနိုင်ပြီး MPT ၏ ဝန်ဆောင်မှုများ၊ အထူးအစီအစဉ်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များကိုလည်း ရရှိနိုင်မည်ဖြစ်သည်။



MPT-KGSM Joint Operation ၏ Chief Commercial Officer ဖြစ်သူ Mr. Koich Kawase က " MPT ဟာ ၂၀၁၆ ခုနှစ်မှာ သုံးစွဲသူတွေအားလုံးအတွက် လုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုတွေကို မြှင့်တင်သွားဖို့ ရည်ရွယ်ထားပါတယ်။ ကျွန်တော်တို့အနေနဲ့ ကွန်ရက်တွေကိုလည်း ချဲ့ထွင်လျက်ရှိပါတယ်။ ဒါ့အပြင် မြန်မာပြည်သူပြည် သား ၉၂ ရာခိုင်နှုန်းကိုလည်း 3G ကွန် ရက်ရရှိသုံးစွဲနိုင်ဖို့ အောင်အောင်မြင် မြင် လုပ်ဆောင်နိုင်ခဲ့ပြီးဖြစ်ပါတယ်။အခု ဆက်ပြီးတော့လည်း MPT အမှတ် တံဆိပ်အထူးအရောင်းပြခန်းတွေကို ထပ်မံတိုးချဲ့ဖွင့်လှစ်ပေးမှာဖြစ်ပါတယ်။ ဒီနှစ်မတ်လကုန် မတိုင်မီမှာ MPT Branded Store ပေါင်း ၁၀၀ ကျော်ကို ဖွင့်လှစ်သွားပါမယ်။ သုံးစွဲသူတွေကို ကိုယ်တိုင်ကိုယ်ကျ ဝန်ဆောင်မှုပေးတာဟာ အရေးကြီးတဲ့ကိစ္စဆိုတာကို လက်ခံ ထားပါတယ်။ အခုဖွင့်လှစ်လိုက်တဲ့ ရန်ကုန်မြို့လယ်က အရောင်းပြခန်းဟာ အဲဒီနေရာရဲ့ အနီးတစ်ဝိုက်မှာ နေထိုင်သူတွေအပြင် နေ့စဉ်ဖြတ်သန်းသွားလာ နေသူတွေကိုပါ ဝန်ဆောင်မှုတွေကို အလွယ်တကူ ရယူနိုင်မယ့် နေရာဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ အသစ်ဖွင့်လှစ်မယ့် အရောင်းပြခန်းတွေနဲ့ ပတ်သက်တဲ့ သတင်းတွေကို အချိန်နဲ့တစ်ပြေးညီ သိရှိနိုင်ဖို့ MPT ရဲ့ ဖေ့စ်ဘုတ်အကောင့်နဲ့ LINE ရဲ့ MPT တရားဝင် စာမျက်နှာတွေမှာသာမက MPT ရဲ့ တရားဝင် ဝက်ဘ်ဆိုက်မှာ ဖော်ပြပေးထားမှာဖြစ်ပါတယ်"ဟု ပြောကြားခဲ့သည်။

## ➲ စာမျက်နှာ ၃ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ အဆက်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ အကူအညီကိုရယူကာ ကျယ်ကျယ်ပြန့်ပြန့် တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနကို ယခင် နေပြည်တော်နှင့် ရန်ကုန်မြို့တွင်သာ ရုံးများဖွင့်လှစ်ထားရာမှ ယခုအခါ ရုံးခွဲများ ထပ်မံတိုးချဲ့လျက် မန္တလေးတိုင်း ဒေသကြီး၊ မန္တလေးမြို့၊ ရှမ်းပြည်နယ် တောင်ကြီးမြို့၊ မွန်ပြည်နယ် မော်လမြိုင်မြို့တို့တွင် ရုံးခွဲများဖွင့်လှစ်ပေးခဲ့ပြီး ယခုပုသိမ်မြို့တွင် ဖွင့်လှစ်သည့် ရုံးခွဲမှာ စတုတ္ထမြောက်ဖွင့်လှစ်သည့် ရုံးဖြစ်ကြောင်း၊ စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများကို မြှင့်တင်ဆောင်ရွက်လျက်ရှိသည့် အတွက် မြန်မာနိုင်ငံရဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု စီးဝင်မှုမှာ ၂၀၁၁-၂၀၁၂ ခုနှစ်မှာ အမေရိကန် ဒေါ်လာ သန်း ၃၀၀ သာ ရှိခဲ့သော်လည်း ၂၀၁၂-၂၀၁၃ ခုနှစ်မှာ အမေရိကန် ဒေါ်လာ ၁ ဒသမ ၄၂ ဘီလီယံအထိ ငါးဆခန့်တိုးတက်လာကြောင်း၊ ၂၀၁၃-၂၀၁၄ ခုနှစ်မှာတော့ အမေရိကန်ဒေါ် လာ ၄ ဒသမ ၁ ဘီလီယံခန့်နဲ့ ၂၀၁၄-၂၀၁၅ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၈ ဘီလီယံအထိ တိုးတက်စီးဝင်လာ ခဲ့ပါတယ်။ ယခုနှစ်မှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအနည်းဆုံး ၅ ဘီလီယံခန့် ဝင် ရောက်နိုင်မယ်လို့ သုံးသပ်ထားပေမယ့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှာ ဇန်နဝါရီ လကုန်အထိ ၁၀ လတာကာလ အတွင်းမှာပင်နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှု အမေရိကန် ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံကျော် စီးဝင်ခဲ့သည့်အတွက် ရည်မှန်းချက် ထက်ကျော်လွန်လာကြောင်း သုံးသပ်တင်ပြပါတယ်။

လက်ရှိတွင်လည်း ဧရာဝတီတိုင်းဒေသကြီးအတွင်းတွင် ၁၉၉၄ ခုနှစ်မှ ၂၀၁၅ ခုနှစ်ကုန်အထိ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုဥပဒေအရ ခွင့်ပြုပေးထားသော လုပ်ငန်းအရေအတွက် ၂၀ ခုရှိပြီး ရင်းနှီးမြှုပ်နှံမှု ငွေပမာဏ ကျပ်ဘီလီယံ ၉၀ ကျော်ခွင့်ပြုပေးခဲ့ပြီးဖြစ်ရာ ၂၀၁၁ မှ ၂၀၁၅ ခုနှစ်အတွင်း ခွင့်ပြုပေးမှုမှာ ကျပ် ၃၃ ဒသမ ၄၁ ဘီလီယံဖြစ်တာကြောင့် စုစုပေါင်း ခွင့်ပြုပမာဏ၏ ၃၀ ရာခိုင်နှုန်းကျော်မှာ လက်ရှိအစိုးရလက်ထက်တွင် ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံမှုများဖြစ်ရာ ယင်းအချက်အလက်များအရ ရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာခြင်းဖြစ်ကြောင်း ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပါတယ်။

ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးနှင့် တာဝန်ရှိသူများက တိုင်းဒေသကြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကြိုးပမ်းဆောင်ရွက်ရာတွင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများ၊ တိုးမြှင့်ဖိတ်ခေါ်ဆောင်ရွက်ခြင်း၊ ကုမ္ပဏီဖွဲ့စည်းထူထောင်မှတ်ပုံတင်ခြင်းနှင့် ယင်းနှင့်ဆက်စပ်သည့် လုပ်ငန်းများဆောင်ရွက်ရာတွင်လွယ်ကူချောမွေ့စွာဆောင်ရွက်နိုင်ရေးနှင့် ဧရာဝတီတိုင်း ဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေ များနှင့် ရှေ့အလားအလာများအားလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား ရှင်းလင်းဆွေးနွေးပြောကြားခဲ့ပြီး တက်ရောက်လာသူ လုပ်ငန်းရှင်များက သိရှိလိုသည့် မေးခွန်းများအား မေးမြန်းခဲ့ရာတွင် တာဝန်ရှိသူများက ပြန်လည် ဖြေကြားပေးခဲ့ပြီး အခမ်းအနားကို မွန်းလွဲပိုင်းတွင် ရုပ်သိမ်းခဲ့ကြောင်း သိရပါတယ်။

**မင်းမင်းဦး - ပုသိမ်**

## ပြောင်း

### တရုတ်နှစ်ကူးကြောင့် ပြောင်းပို့မိုတင်ပို့

ဖေဖော်ဝါရီလ ပထမပတ်မှာ ကျင်းပခဲ့တဲ့ တရုတ်နှစ်သစ်ကူးပွဲတော်ကြောင့် မြန်မာ-တရုတ် နယ်စပ်ရှိ မူဆယ်၊ ချင်းရွှေဟော်မှ ကန်ဒေါ်လာ ၆ ဒသမ ၈၃၃ သန်းတန်ဖိုးရှိ ပြောင်း ၂၉၇၄၃ တန်တင်ပို့နိုင်ခဲ့ပါတယ်။

စခန်းအလိုက်တင်ပို့မှုမှာ မူဆယ်မှ ၂၇၇၄၈ တန်၊ချင်းရွှေဟော်မှ ၁၉၉၅ တန် ဖြစ်ပါတယ်။ ယခင်သီတင်းပတ်က မူဆယ်၊ ချင်းရွှေဟော်နဲ့ လွယ်ဂျယ်စခန်းသုံးခုမှ ၂၄၈၇၁ တန်သာ တင်ပို့ခဲ့တဲ့အတွက် ယခုတစ်ပတ် နှစ်ကူးပွဲကြောင့် ပြောင်းပိုမို တင်ပို့ခဲ့တာ တွေ့ရပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ပြောင်းတစ်တန်ရဲ့ ဈေးနှုန်းက ၂၉၇၅၃၉ ကျပ် ရှိခဲ့ပေမယ့် ယခုတစ်ပတ်မှာတော့ ၂၈၇၉၀၅ ကျပ်သို့ ဈေးကျဆင်းသွားခဲ့ပါတယ်။ မြန်မာ-ထိုင်းနယ်စပ်ရှိ မြဝတီကုန်သွယ်ရေးဇုန်ကလည်း ကန်ဒေါ်လာ ၇၈၃၀၀၀ တန်ဖိုးရှိတဲ့ ပြောင်းတန်ချိန် ၂၉၀၀ တင်ပို့ခဲ့ပါတယ်။

**မော်မော်အောင်**

## သကြား

### မူဆယ်ကုန်သွယ်ရေးဇုန်မှ သကြားဖြူတန် နှစ်သောင်းကျော်တင်ပို့

မြန်မာ-တရုတ်နယ်စပ်ရှိ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှ ဇန်နဝါရီလ ၃၀ ရက်မှ ဖေဖော်ဝါရီလ ၅ ရက်အထိ သီတင်းပတ်အတွင်း တစ်ဖက်တရုတ်နိုင်ငံသို့ ကန်ဒေါ်လာ ၁၃ ဒသမ ၃၁၁ သန်းတန်ဖိုးရှိသကြားဖြူ ၂၃၉၄၇ တန်ကျော်တင်ပို့နိုင်ခဲ့ပါတယ်။ ယခင်သီတင်းပတ်ထက် ယခုသီတင်းပတ်မှာ သကြားဖြူ ၇၆၄၁ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

တရုတ်နှစ်သစ်ကူးရာသီချိန်ဖြစ်သဖြင့် သကြားများ ပမာဏများစွာ တင်ပို့နေရပြီး တရုတ်နိုင်ငံသည် ကမ္ဘာပေါ်တွင် အိန္ဒိယနိုင်ငံပြီးလျှင် သကြားအများဆုံးစားသုံးတဲ့ နိုင်ငံဖြစ်ပါတယ်။ လက်လီတစ်ပိဿာ ပေါက်ဈေးကတော့ ယခင်တစ်ပတ်အတိုင်း ၁၃၀၀ ကျပ်ဈေးနဲ့ ဈေးငြိမ်လျက်ရှိနေပါတယ်။

**မြင့်မြင့်မာ**

### ကာလတူထက် ဂျုံစေ့ဒေါ်လာ ၁၃ သန်းဖိုး ပိုမိုတင်သွင်း

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ဧပြီလမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်အထိ ပြည်ပမှ အမေရိကန်ဒေါ်လာ ၉၂ သန်းကျော်ဖိုးရှိ ဂျုံစေ့ တန်ချိန် ၃ ဒသမ ၀၆၀ သိန်း တင်သွင်းခဲ့ရာ ယမန်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ ၁၃ ဒသမ ၀၂၀ သန်းဖိုးရှိ ဂျုံစေ့တန်ချိန် သုည ဒသမ ၄၅၈ သိန်း ပိုမို တင်သွင်းခဲ့ပါတယ်။ ဂျုံစေ့တင်သွင်းမှုပိုမိုသော်လည်း ဂျုံမှုန့်တင်သွင်းမှုမှာ ကာလတူထက် အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၀၇ သန်းဖိုး ရှိ ဂျုံမှုန့် တန်ချိန် ၂၈၀၀ ကျော် လျော့နည်းတင်သွင်းခဲ့တယ်လို့ သိရပါတယ်။ ယခုနှစ်ဂျုံစေ့/ဂျုံမှုန့် တင်သွင်းမှု အခြေအနေကို ဖော်ပြပေးလိုက်ရပါတယ်-

| | ကန်ဒေါ်လာသန်း | တန်ချိန် |
|---|---|---|
| ဂျုံစေ့ | ၉၂. ၄၁၃ | ၃၀၆၀၇၉ |
| ဂျုံမှုန့် | ၁. ၀၄၆ | ၂၉၃၂ |

**MIRT**

| ၈-၂-၂၀၁၆ မှ ၁၁-၂-၂၀၁၆ ထိ CO Form များ ထုတ်ပေးမှုစာရင်း ရန်ကုန်တိုင်းဒေသကြီးရုံး | | | |
|---|---|---|---|
| **Sr.No.** | **Forms** | **Copies** | **Total Value (US$)** |
| 1 | Form A | 153 | 35,406,620.369 |
| 2 | Form D | 54 | 2,848,579.890 |
| 3 | Form E | 58 | 985,258.050 |
| 4 | Korea GSP | 4 | 61,752.000 |
| 5 | Form AK | 36 | 1,991,661.460 |
| 6 | Form AJ | 8 | 183,056.040 |
| 7 | Form AI | 28 | 1,558,909.352 |
| 8 | Form AANZ | 1 | 210.000 |
| 9 | Form DFTP | - | - |
| **Grand Total** | | **342** | **44,036,047.161** |

## ရော်ဘာ

### ဖေဖော်ဝါရီ ပထမပတ်အတွင်း မလေးရှားနဲ့ ဂျပန်နိုင်ငံသို့ ရော်ဘာတန် ၅၀၀ ကျော် တင်ပို့

သီတင်းတစ်ပတ်ဖြစ်တဲ့ ဖေဖော်ဝါရီလ ပထမပတ်အတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၅၁၅ သန်းတန်ဖိုးရှိ ရော်ဘာတန် ၅၇၀ ကို မလေးရှားနိုင်ငံနဲ့ ဂျပန်နိုင်ငံကို တင်ပို့ခဲ့ပါတယ်။ နိုင်ငံအလိုက် တင်ပို့မှုတွေကတော့ မလေးရှားနိုင်ငံသို့ RSS-1 ၁၈ တန်၊ RSS-3 ၄၅၄ တန်နဲ့ ဂျပန်နိုင်ငံသို့ MSR-20 ၉၈ တန်ဖြစ်ပါတယ်။ ယခင်တစ်ပတ်တင်ပို့မှုထက် တန် ၃၀၈ ကျော် လျော့နည်းတင်ပို့ခဲ့တယ်လို့ သိရပါတယ်။

ယခုသီတင်းပတ်အတွင်း နိုင်ငံတကာ ရော်ဘာဈေး အပြောင်းအလဲသိပ်မရှိသလို မြန်မာနိုင်ငံ ရော်ဘာစိုက်ပျိုးထုတ်လုပ်သူများအသင်းကလည်း မြန်မာ့ရော်ဘာ FOB ဈေးကို ယခင်တစ်ပတ်အတိုင်း ထုတ်ပြန်ထားကြောင်း သိရှိရပါတယ်။ အသင်းမှ ထုတ်ပြန်ထားတဲ့ ရော်ဘာဈေးများကို ဖော်ပြလိုက်ပါတယ်-

| | | | |
|---|---|---|---|
| **RSS 1** | တစ်တန်လျှင် | ဒေါ်လာ | ၁၀၀၀-၁၁၀၀ |
| **RSS 2** | တစ်တန်လျှင် | ဒေါ်လာ | ၉၅၀-၁၀၅၀ |
| **RSS 3** | တစ်တန်လျှင် | ဒေါ်လာ | ၉၀၀-၁၀၀၀ |
| **RSS 4** | တစ်တန်လျှင် | ဒေါ်လာ | ၈၅၀-၉၅၀ |
| **RSS 5** | တစ်တန်လျှင် | ဒေါ်လာ | ၈၀၀-၉၀၀ |
| **MSR (3)L** | တစ်တန်လျှင် | ဒေါ်လာ | ၁၁၅၀-၁၂၅၀ |
| **MSR 10** | တစ်တန်လျှင် | ဒေါ်လာ | ၉၀၀-၁၀၀၀ |
| **MSR 20** | တစ်တန်လျှင် | ဒေါ်လာ | ၈၅၀-၉၅၀ |
| **MSR 50** | တစ်တန်လျှင် | ဒေါ်လာ | ၇၅၀ - ၈၅၀ |
| **Crepe Rubber** | တစ်တန်လျှင် | ဒေါ်လာ | ၇၀၀ - ၈၀၀ |
| **Latex 60% DRC** | တစ်တန်လျှင် | ဒေါ်လာ | ၅၆၀ - ၆၅၀ |

**ယဉ်ယဉ်အေး**

### ကုန်သွယ်ရေးစခန်းများမှ ရော်ဘာတင်ပို့မှု လျော့ကျ

မြန်မာ-တရုတ်နယ်စပ်ရှိ ကုန်သွယ်ရေးစခန်းများဖြစ်တဲ့ မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်နဲ့ ချင်းရွှေဟော် ကုန်သွယ်ရေးစခန်းမှ ဖေဖော်ဝါရီလ ပထမပတ်အတွင်းမှာ ကန်ဒေါ်လာ သုည ဒသမ ၃၆၅ သန်းတန်ဖိုး ရော်ဘာ ၃၇၃ တန် ခန့်တင်ပို့ခဲ့ပါတယ်။ မူဆယ်(၁၀၅)မိုင်မှ RSS-3 တန် ၂၀၀၊ MSR-20 ၁၀၇ တန်နဲ့ ချင်းရွှေဟော်စခန်းမှ RSS-၃၆၆ တန် တင်ပို့ခဲ့ပြီး ယခင်တစ်ပတ်တင်ပို့မှုထက် ၁၉၂ တန် လျော့နည်းခဲ့ပါတယ်။ ရော်ဘာတင်ပို့မှု လျော့ကျသလို ရော်ဘာဈေးလည်း အနည်းငယ်ကျပါတယ်။ မူဆယ်ကုန်စည်ဒိုင်မှာ ယခင်တစ်ပတ်က ရော်ဘာတစ်တန်ကို ၁၃၆၈၄၀၆ ကျပ်ရှိပြီး ယခုတစ်ပတ်မှာ ၁၃၂၄၀၉၅ ကျပ်သာရရှိပါတယ်။

**ယဉ်ယဉ်အေး**

### ကာလတူထက် ရော်ဘာစိမ်း ပိုမိုတင်ပို့

ပြည်ပသို့ ရော်ဘာစိမ်းတင်ပို့မှုမှာ ယမန်နှစ်ကာလတူထက် တန်ချိန်ရော တန်ဖိုးပါ ပိုမိုဆောင်ရွက် နိုင်ခဲ့ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်စမှ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ၅ ရက်အထိ အမေရိကန်ဒေါ်လာ ၈၇ သန်းကျော်ဖိုးရှိ ရော်ဘာစိမ်းတန်ချိန် ၇၄၂၃၀ ကျော် တင်ပို့နိုင်ခဲ့ရာ ယမန်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ သုည ဒသမ ၄၄၇ သန်းဖိုးရှိ ရော်ဘာစိမ်း ၁၅၂၉၁ တန်ကျော် ပိုမိုတင်ပို့နိုင်ခဲ့ပါတယ်။

**MIRT**

### မှတ်ပုံတင်လက်မှတ်မရှိသော မြေဩဇာများစာရင်း မြေဩဇာကော်မတီမှ အသိပေးကြေညာချက်ထုတ်ပြန်

ဟာမိုနီပဲမျိုးစုံအထူးရွက်ဖျန်းဆေးA ၊ B(NPK:30%)၊ ရှင်းသန့်အမိုင်နို အသီးအပွင့်အားဆေးရည် (စံချိန်စံညွှန်းမပါရှိ) ကို ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင်လည်းကောင်း၊ ဒို့လယ်သမား(၂) ရွက်ဖျန်းအားဆေးရည် (စံချိန်စံညွှန်းမပါရှိ) ကို ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့တွင်လည်းကောင်း၊ Enriched Compost Fertilizer, Shwe Myay Si Organic Fertilizer Factory Taungoo(25)kgm(N:9%, P:3,K:2%+TE) ကို ရန်ကုန်တိုင်းဒေသကြီးကော့မှူးမြို့နယ်တွင်လည်းကောင်း၊ Foliar Fertilizer (ယိုးဒယားစာ) aos-3 (စံချိန်စံညွှန်းမပါရှိ)ကို မွန်ပြည်နယ်ကျိုက်မရောမြို့နယ်တွင် လည်းကောင်း တွေ့ရှိရသော မြေဩဇာများသည် မြေဩဇာကော်မတီတွင် မှတ်ပုံတင်ထားခြင်းမရှိသဖြင့် အရည်အသွေးနှင့်စံချိန်စံညွှန်းပြည့်မီမှု အာမခံချက်မရှိကြောင်း မြေဩဇာကော်မတီက အသိပေးထားပါတယ်။

မြေဩဇာကော်မတီသည် အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းပြည့်မီသော မြေဩဇာများကို စိုက်ပျိုးရေးလုပ်ကိုင်သူများ သုံးစွဲနိုင်ရန် ဓာတ်ခွဲစမ်းသပ်စစ်ဆေးမှုများ စနစ်တကျပြုလုပ်ပြီး မြေဩဇာမှတ်ပုံတင်လက်မှတ်များ ထုတ်ပေးလျက်ရှိပါတယ်။ ဈေးကွက်အတွင်း မြေဩဇာမှတ်ပုံတင်လက်မှတ်မရှိတဲ့ မြေဩဇာများရောင်းဝယ်ခြင်းများ၊ မြေဩဇာများ ဖြန့်ဖြူးရောင်းချခွင့်လိုင်စင်မရှိဘဲ ဖြန့်ဖြူးရောင်းချမှုများရှိနေကြောင်း သိရှိရတဲ့အတွက် စစ်ဆေးချက်အရ အထက်ဖော်ပြပါ မြေဩဇာများကို ဖော်ထုတ်အသိပေးလိုက်တာ ဖြစ်ပါတယ်။ အဆိုပါမြေဩဇာများကို ဝယ်ယူသုံးစွဲမိသူများမှာ သီးနှံအထွက်နှုန်းများ ထိခိုက်လျော့နည်းပြီး သုံးစွဲသူများအတွက် စီးပွားရေးတွက်ခြေမကိုက်ဘဲ ဆုံးရှုံးနစ်နာမှုများဖြစ်နိုင်သဖြင့် မြေဩဇာကော်မတီတွင် မှတ်ပုံတင်ထားသော မြေဩဇာများကို ဝယ်ယူသုံးစွဲရန် မြေဩဇာကော်မတီက တိုက်တွန်းထားပါတယ်။ မြေဩဇာကော်မတီတွင် မှတ်ပုံတင်ထားခြင်းမရှိတဲ့ မြေဩဇာများထုတ်လုပ်ခြင်း၊ တင်သွင်းခြင်း၊ ဖြန့်ဖြူး ရောင်းချခြင်းများကို မြေဩဇာထုတ်လုပ်တင်သွင်းတဲ့ ကုမ္ပဏီ၊ လုပ်ငန်းများ မြေဩဇာရောင်းချတဲ့ ဆိုင်များ အနေနဲ့ လုံးဝမပြုလုပ်ကြရန်နဲ့ လိုက်နာဆောင်ရွက်ခြင်းမရှိပါက မြေဩဇာဥပဒေပုဒ်မ (၃၁၊ ၃၂၊၃၃၊၃၄၊၃၅)တို့အရ အရေးယူမည်ဖြစ်ကြောင်းလည်း မြေဩဇာကော်မတီက အသိပေးကြေညာထားကြောင်း သတင်းရရှိပါတယ်။

**MIRT**

သင့်ကျန်းမာရေး

# ဇီကာ (Zika) ဗိုင်းရပ်စ်ကူးစက်မှုကပ်ရောဂါ

ဒေါက်တာလွင်သန့်

**ဇီကာ (Zika) ဗိုင်းရပ်စ်ရောဂါဟာ** ခြင်ကျားကိုက်ခံရာမှ ကူးစက်ပြီး ဘရာဇီးနိုင်ငံကလေးတွေမှာ ရောဂါရှိကိုယ်ဝန်သည်များမှ ဦးခေါင်းသေးတဲ့ကလေး၊ ဦးနှောက်မဖွံ့ဖြိုးတဲ့ကလေးများ မွေးဖွားလာကြောင်း သတိထားမိလာကြတယ်။

ဇီကာဗိုင်းရပ်ရဲ့မူရင်းဒေသက အာရှနှင့် အာဖရိကဒေသများဖြစ်ပြီး၊ ၂၀၁၅-၂၀၁၆ ခုနှစ်မှာ အမေရိကတိုက်သို့ လေယာဉ်များမှတစ်ဆင့် ရောက်ရှိသွားတယ်။ ခြင်ကျားကိုက်ခံရတဲ့အတွက် ဇီကာဗိုင်းရပ်စ်အပြင် သွေးလွန်တုပ်ကွေးရောဂါ၊ ချေကင်ဗားရားရောဂါတွေ ကူးစက်မှုဖြစ်ပွားနိုင်တယ်။ ကမ္ဘာ့အနှံ့ ဇီကာဗိုင်းရပ်စ်ကူး စက်ပျံ့နှံ့လာနိုင်လို့ တောင်အမေရိကအစိုးရများအနေနဲ့ "ဇီကာကပ်ရောဂါ" ကာလအတွင်း အမျိုးသမီးများ ကိုယ်ဝန်မယူကြဖို့ နှိုးဆော်လျက်ရှိပါတယ်။

ဇီကာဗိုင်းရပ်ပိုးသယ်ဆောင်တဲ့ ခြင်ကျားကိုက်ခံရလို့ ရောဂါကူးစက်ပြီဆိုရင် အနည်းငယ်နေထိုင်မကောင်းဖြစ်ပြီး တုပ်ကွေးဆန်ဆန်ဖြစ်လာတယ်။ အရေပြားအပေါ်မှာ အနီရောင်အကွက်တွေပေါ်လာတယ်။ ဇက်ကြောတက်ခြင်း၊ ခေါင်းပူခြင်း၊ ဖျားနာခြင်းဖြစ်တယ်။ ဇီကာဗိုင်းရပ်စ် ကူးစက်ခံရတဲ့ကိုယ်ဝန်သည်ကနေ ဦးနှောက်မဖွံ့ဖြိုးတဲ့ကလေးမွေးတယ်။

ခြင်ကျားဟာ အမေရိကတိုက်မှာ အစုံလိုက်ပေါက်ဖွားရှင်သန်ရလွယ်ကူနေပြီး ဘရာဇီးနိုင်ငံမှာ ဇီကာဗိုင်းရပ်စ် ကူးစက်ခံရသူ ၄၄၀,၀၀၀ မှ ၁,၃၀၀,၀၀၀ ယောက်အထိ ကူးစက်ခံနေရကြောင်း သိရပါတယ်။

ဇီကာဗိုင်းရပ်စ်ကူးစက်မှုကို ဘရာဇီးနိုင်ငံမှာ ၂၀၁၅ ခုနှစ် မေလက စတင်တွေ့ရှိခဲ့ပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှာ ဇီကာဗိုင်းရပ်စ်ကူးစက်ခံ ကိုယ်ဝန်သည်များမှ ဦးခေါင်းသေးသေး၊ ဦးနှောက်မဖွံ့ဖြိုးတဲ့ကလေးများ မွေးဖွားလာကြရာ ယခုအခါတွင် ကူးစက်ခံရသူ အရေအတွက်မှာ အဆ ၂၀ ကျော်မြင့်တက်လာပါတယ်။

ဇီကာဗိုင်းရပ်စ်အတွက် ကာကွယ်ဆေး၊ ကုသဆေးမပေါ်သေးပါ။ သုတေသနပြု စမ်းသပ်ဆဲသာရှိပါသေးတယ်။ ဘရာဇီးအာဏာပိုင်များက ဦးခေါင်းသေးသေးမွေးခဲ့တဲ့ကလေး ၂၄၀၀ ကိုစမ်းသပ်ခဲ့ရာ ၁၃၄ ယောက်မှာ ဇီကာဗိုင်းရပ်စ်ရောဂါ ကူးစက်နေကြောင်းတွေ့ရတယ်။ ဇီကာဗိုင်းရပ်စ်ဟာ ဂိုသင်ဘာလီရောဂါနှင့် အခြားဦးနှောက်အာရုံကြောရောဂါများနဲ့ ဆက်နွှယ်နေပါတယ်။

အမေရိကန်သမ္မတ အိုဘားမားက ဇီကာဗိုင်းရပ်စ်နဲ့ပတ်သက်လို့ အလျင်အမြန် အရေးယူဆောင်ရွက်ဖို့ ဇန်နဝါရီ ၂၈ ရက်က တိုက်တွန်းခဲ့သလို၊ အမေရိကန်ရောဂါကာကွယ်ရေးနှင့်ထိန်းချုပ်ရေးဗဟိုဌာနက ဘရာဇီးအပါအဝင် တောင်အာဖရိကနဲ့လက်တင်အမေရိကနိုင်ငံတစ်ဝန်းကို ခရီးမသွားကြဖို့ အကြံပြုထားပါတယ်။

ထိုင်းနိုင်ငံမှာ ဇီကာဗိုင်းရပ်စ်တွေ့ရှိပြီးနောက် ထိုင်းကပြန်လာတဲ့ တရုတ် (တိုင်ပေ)ခရီးသည်တစ်ဦး ဖျားနာလာလို့ " တရုတ်(တိုင်ပေ) မြို့ဆေးရုံတက် စမ်းသပ်ရာ" ဇီကာဗိုင်းရပ်စ်ကူးစက်ကြောင်း သိခဲ့ရတဲ့အတွက် တရုတ် (တိုင်ပေ) အစိုးရက ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်နဲ့ မော်လ်ဒိုက်ဖ်နိုင်ငံများသို့ ခရီးသွားလာခြင်းမပြုဖို့ သတိပေးထားကြပါတယ်။

မြန်မာနိုင်ငံမှာလည်း ဇီကာဗိုင်းရပ်စ်ဝင်ရောက်နိုင်လို့ နိုင်ငံခြားဝင်/ထွက် ပေါက်များ လေဆိပ်၊ သင်္ဘောဆိပ်များ၊ နယ်စပ်ဂိတ်များမှ ဖျားနာသူများဝင်ရောက်မှုရှိ၊ မရှိစစ်ဆေးရမယ့်အပြင် ပါလာရင်စမ်းသပ်စစ်ဆေးဖို့လိုမယ်။

ကြိုတင်ကာကွယ်ခြင်းအနေနဲ့ ခြင်ကျားပေါက်ပွားနိုင်တဲ့ ရေကြည်ရေသန့် ဥပမာ ဘုရားပန်းအိုး၊ ညောင်ရေအိုး၊ ရေလှောင်ကန်၊ ရေဝပ်နိုင်တဲ့ ကားတာယာဟောင်း၊ ဗုံးခွံ၊ ပန်းကန်ခွက်ယောက်များရှိရေစပ်စပ်မှာပေါက်ပွားလာတတ်လို့ ဖယ်ရှားခြင်း၊ မြေမြှုပ်ခြင်း၊ မီးရှို့ခြင်း၊ စနစ်တကျစွန့်ပစ်ခြင်းအပြင် ရေတွင်း၊ ရေကန်၊ ရေအိုးများ ဖုံးအုပ်ခြင်း၊ သွန်ပစ်ခြင်း၊ လဲပစ်ခြင်း၊ ရေစစ်နဲ့ပိုးလောက်လန်း စစ်ခြင်း၊ ခြင်စားငါး(ဒေါင်းငါးမွေးခြင်း)၊ ခြင်ဆေးဖျန်းခြင်း၊ ခြင်ဆေးမွှတ်ခြင်း၊ နေ့/ညခြင်ဆေးစိမ်ခြင်ထောင်(သို့မဟုတ်)ခြင်ထောင်နဲ့အိပ်ခြင်း၊ ခြင်လုံသံဇကာ တပ်ခြင်း၊ အင်္ကျီရှည်၊ ဘောင်းဘီရှည်ဝတ်ခြင်းလိုက်နာဖို့လိုပါမယ်။ ခြင်မကိုက် ခံရအောင် ဆင်ခြင်နေထိုင်ရပါမယ်။ ဇီကာကပ်ရောဂါကာလအတွင်း အမျိုးသမီးများကို ကိုယ်ဝန်မယူကြဖို့ လိုအပ်ပါတယ်။

# Colgate မှ ကျေးလက်နေ မြန်မာပြည်သူများကောင်းမွန်သည့် သွားနှင့်ခံတွင်းကျန်းမာရေးစောင့်ရှောက်မှုရရှိရန် Colgate ကူညီမည်



Colgate သွားနှင့်ခံတွင်း ကျန်းမာရေးလှုပ်ရှားမှု၏ အစိတ်အပိုင်းတစ်ခုအနေဖြင့် Colgate နှင့် မြန်မာနိုင်ငံ သွားနှင့်ခံတွင်း ဆရာဝန်များအသင်းတို့ ပူးပေါင်း၍ မြန်မာနိုင်ငံတွင်းရှိ ကျေးရွာများနှင့် သွားလာရန်ခက်ခဲသည့် နေရာဒေသများရှိ ဆေးခန်းများတွင် ယခင်နှစ်များထက်ပိုမို၍ သွားနှင့်ခံတွင်း အခမဲ့ စစ်ဆေးနိုင်ရန် ယခုနှစ်တွင် ဆေးခန်းများနှင့်ပိုမိုပူးပေါင်းကာလုပ်ဆောင်လျက်ရှိကြောင်း Colgate ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

Colgate ၏ မြန်မာပြည်သူများ သွားနှင့်ခံတွင်း ကျန်းမာရေးပိုမိုတိုးတက်လာစေရေး ရည်ရွယ်ချက်အစိတ်အပိုင်းတစ်ခုအဖြစ် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ ဆေးခန်းများအား ပိုမိုပါဝင်ပူးပေါင်းနိုင်ရန်စီစဉ်ခဲ့သည်။

၂၀၁၅ ခုနှစ်အတွင်း Colgate သည် ကချင်ပြည်နယ်၌ ဆေးခန်း ၁၈ ခုဖြင့် သွားနှင့်ခံတွင်း အခမဲ့စစ်ဆေးခြင်းကို လုပ်ဆောင်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် သွားနှင့်ခံတွင်းအခမဲ့စစ်ဆေးနိုင်မည့် ဆေးခန်း၂၆ ခုအထိတိုးမြှင့်ခဲ့ ကြောင်း၊ ရှမ်းပြည်နယ်တွင် ၂၀၁၅ ခုနှစ်က ဆေးခန်းတစ်ခုတွင်သာ စစ်ဆေးပေးနိုင်ခဲ့သော်လည်းယခုနှစ်တွင် ဆေးခန်းသုံးခုဖြင့် စစ်ဆေး မှုများကို ပြုလုပ်ပေးနိုင်တော့မည်ဖြစ်ကြောင်း၊ စစ်ကိုင်းတိုင်း ဒေသကြီးတွင် ၂၀၁၅ခုနှစ်အတွင်းက ခုနစ်ခုဖြင့် စစ်ဆေးပေးခဲ့သော်လည်း ယခုနှစ်တွင် ၁၂ ခုသို့ အသီးသီး တိုးမြှင့်ခဲ့ကြောင်း သိရသည်။

"နယ်မှာနေတဲ့သူတွေက သိသင့်သိထိုက်တဲ့ သွားနှင့်ခံတွင်း ကျန်းမာရေးစောင့်ရှောက်မှုဗဟုသုတတွေ မရှိကြပါဘူး။ အချို့ဆိုရင် သွားကို ဘယ်လိုတိုက်ရမယ်၊ ဘာနဲ့တိုက်သင့်တယ် တစ်နေ့ ဘယ်နှစ်ကြိမ်တိုက်သင့်တယ်ဆိုတာတောင် မသိကြပါဘူး။ ဒါကြောင့် ကျွန်တော်တို့ရဲ့အရင်းအမြစ်တွေကို ပညာပေးတဲ့နေရာမှာ ပိုမိုပြီးအသုံးချဖို့လို အပ်ပါတယ်။ ကျွန်တော်တို့ မနှစ်က ကချင်ပြည်နယ်၊ရှမ်းပြည်နယ်နဲ့ စစ်ကိုင်းတိုင်းတို့ကိုသွားတော့ ဘာတွေ့ရလဲဆိုရင် လူတော်တော်များများက သတင်းအချက်အလက်ရရှိမှု နည်းတာကြောင့်ရော၊ ရောဂါအခြေအနေ မဆိုးသေးခင်ကတည်းက ဆေးခန်းကို ကြိုသွားပြသသင့်ပေမယ့် ဆေးခန်းသွားရမှာကို ဝန်လေးကြတဲ့အတွက် သွားနှင့်ခံတွင်းနဲ့ပတ်သက်တဲ့ ကျန်းမာရေးချို့တဲ့မှုတွေရှိနေတာကို တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်တို့ သူတို့ဆီသွားဖို့ အရမ်းကို လိုအပ်ပါတယ်။ နောက်ပြီး ဒီနှစ်မှာပိုပြီးထိရောက်အောင်လို့ ကျွန်တော်တို့ သွားနဲ့ခံတွင်း ဆေးခန်းတွေနဲ့ ပိုပြီးပူးပေါင်းဆောင်ရွက်နေပါတယ်"ဟု မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆရာဝန်များအသင်း ဒုတိယဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာအောင်သန်းကပြောသည်

Colgate ၏ စတုတ္ထအကြိမ်မြောက် သွားနှင့်ခံတွင်း ကျန်းမာရေးလ အစီအစဉ်ကို မန္တလေးမြို့တွင်အခမ်းအနားနှင့်တကွ စတင်ခဲ့သည်။ ယခုနှစ်အတွက် သွားနှင့်ခံတွင်း ကျန်းမာရေးလအစီအစဉ်ကို ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ တစ်လလုံးတွင် ပြုလုပ်လျက်ရှိပြီး အဆိုပါအစီစဉ်သည်တိုးတက်များ ပြားလာသည့်မြန်မာနိုင်ငံရှိ စားသုံးသူများ၊ ကလေးငယ်များနှင့် မိသားစုများကို အခမဲ့ သွားနှင့်ခံတွင်း ကျန်းမာရေး ပညာပေးစာစောင်များအခမဲ့ဝေငှခြင်းနှင့် သွားနှင့် ခံတွင်းကျန်းမာရေး အခမဲ့စစ်ဆေးခြင်းများကို ရန်ကုန်တွင် ဆေးရုံနှင့်ဆေးခန်း ၁၆၈ ခု၊ မန္တလေးတွင် ဆေးရုံနှင့် ဆေးခန်း ၁၀၅ ခုနှင့် အထက်မြန်မာပြည်တွင် ဆေးရုံနှင့် ဆေးခန်း ၁၁၃ ခုအပါအဝင် တစ်နိုင်ငံလုံးရှိ ဆေးရုံ၊ ဆေးခန်း ၄၁၄ ခုတို့တွင် ပြုလုပ်ပေးခြင်းဖြင့် သွားနှင့်ခံတွင်းကျန်းမာရေး၏ အရေးပါမှုကို အများပြည်သူများ ပိုမိုနားလည်သိရှိလာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်း ဖြစ်သည်။

Colgate ၏သွားနှင့်ခံတွင်း ကျန်းမာရေးပညာပေးလသည် နှစ်စဉ်ပြုလုပ်သည့် လှုပ်ရှားမှုတစ်ခုဖြစ်ပြီး Colgate-Palmolive မှ ကမ္ဘာတစ်ဝန်းရှိ ဒေသတွင်း သွားနှင့်ခံတွင်း ဆိုင်ရာ အရာရှိများနှင့်ပူးပေါင်းကာ သွားနှင့်ခံတွင်းကျန်းမာရေး၏ အရေးပါမှုကို အများပြည်သူအား ပညာပေးရန် အကောင်အထည်ဖော် လုပ်ဆောင်နေခြင်းဖြစ်သည်။ Colgate ၏သွားနှင့်ခံတွင်း ကျန်းမာရေးလအကြောင်းနှင့် သွားနှင့် ခံတွင်းစစ်ဆေးခြင်းများကိုထပ်မံသိရှိလိုပါက တယ်လီဖုန်းနံပါတ် ၀၁ ၇၀၇၁၈၁ နှင့် ၀၁ ၅၆၅၈၁၉ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**မယ်သီတာ**

# ဩစတြေးလျနိုင်ငံအနောက်ပိုင်းမှ ပြည်သူများ၏ သုံးပုံတစ်ပုံခန့်သည် ကင်ဆာရောဂါကာကွယ်ရေး နည်းလမ်းများအား အလေးမထားကြဟုဆို

ကမ္ဘာတစ်ဝန်းတွင် ကင်ဆာရောဂါကြောင့် အသက်ဆုံးရှုံးမှုများများပြားနေချိန်တွင် ဩစတြေးလျနိုင်ငံအနောက်ပိုင်းတွင် နေထိုင်ကြသည့်ပြည်သူများ၏ သုံးပုံတစ်ပုံခန့်သည် ကင်ဆာရောဂါကာကွယ်ရေးနည်းလမ်းများအား အလေးမထားကြကြောင်း မဲလ်ဘုန်းမြို့အခြေစိုက် ကင်ဆာရောဂါကာကွယ်ရေးဖောင်ဒေးရှင်းမှတာဝန်ရှိသူတစ်ဦးက ထုတ်ဖော်ပြောကြားခဲ့သည်။

ဩစတြေးလျအနောက်ပိုင်းရှိ ကျန်းမာရေးဌာနကလည်းအဆိုပါဒေသတွင် နေထိုင်ကြသည့် ပြည်သူသုံးဦးနက် တစ်ဦးသာလျှင် ကင်ဆာရောဂါကာကွယ်ရေးနည်းလမ်းများကိုလိုက်နာလျက်ရှိပြီး အဆိုပါနည်းလမ်းများအတိုင်း လိုက်နာကျင့်သုံးလျက်ရှိသည်ဟုဆိုသည်။

ဩစတြေးလျအနောက်ပိုင်း ကျန်းမာရေးအရာရှိ ဒေါက်တာတာရန်က "ပြည်သူလူထုအတွင်း ကင်ဆာရောဂါရဲ့ကြောက်မက်ဖွယ်ရာအကြောင်းတွေ၊ ကင်ဆာရောဂါမဖြစ်အောင် ကာကွယ်ရမယ့်နည်းလမ်းတွေ၊ ရှောင်ကြဉ်ရမယ့် နည်းလမ်းတွေကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလာအောင် လုပ်ဆောင်ပေးဖို့လိုပါတယ်။ ကျွန်မတို့ရဲ့လေ့လာချက်အရ ဒီဒေသမှာရှိတဲ့ပြည်သူသုံးယောက်မှာ တစ်ယောက်လောက်ပဲ ကင်ဆာရောဂါ ကာကွယ်ရေးနဲ့ပတ်သက်ပြီး ဘယ်လို နေထိုင်စားသောက်ရမယ်ဆိုတာကို သိကြတယ်။ ဒါဟာ တကယ့်ကို အံ့အားသင့်စရာကောင်းတဲ့ အချက်ပါ။ ကင်ဆာရောဂါဆိုတာ လူတို့ရဲ့နေထိုင်စားသောက်မှုပုံစံနဲ့ ဆက်နွှယ်နေတယ်ဆိုတာကို မသိကြတဲ့အတွက် ပြည်သူတွေကြားမှာ ကျန်းမာရေးအသိပညာပေးတွေကို ကျယ်ကျယ်ပြန့်ပြန့်လုပ်ဆောင်ကြဖို့လိုနေပါပြီ"ဟု ပြောကြားခဲ့သည်။

အရက်အလွန်အကျွံသောက်သုံးခြင်းအား လျှော့ချရန်၊ ဆေးလိပ်သောက်ခြင်းမှ ရှောင်ကြဉ်ရန်၊ အရေပြားကင်ဆာကိုဖြစ်ပေါ်စေနိုင်သည့် နေပူစာလှုံခြင်းအား ရှောင်ကြဉ်ရန်၊ နေပူထဲသို့ထွက်ပါက အရေပြားအား နေထိခြင်းမှကာကွယ်ရန်အတွက် ထီး၊ ဦးထုပ်များ ဆောင်းရန် စသည့် ကင်ဆာရောဂါဖြစ်ပွားခြင်းမှ ကာကွယ်နိုင်သည့်အလွယ်ကူ ဆုံးသောနည်းလမ်းများကိုပင်လျှင် လိုက်နာမှုအားနည်းနေကြောင်း ၎င်းက ထပ်မံပြောကြားခဲ့သည်။ **မယ်သီတာ**



# Capital Hypermart တိုင်းတွင် Visa Card များဖြင့် အလွယ်တကူ ငွေပေးချေနိုင်တော့မည်

မြန်မာနိုင်ငံ၏ အကြီးမားဆုံးသော စူပါမားကက်လုပ်ငန်းကြီးများအနက် တစ်ခုဖြစ်သည့် Capital Hypermart သည် Visa ငွေပေးချေရေးကတ်၊ သမဝါယမဘဏ်တို့နှင့်အတူ ပူးပေါင်းလက်တွဲ၍ ၎င်းဖွင့်လှစ်ထားသည့် Hypermart နှင့် စူပါမားကက်များတွင် Visa ကတ်ကိုလက်ခံနိုင်သည့် အရောင်းကောင်တာများကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း Capital Hypermart ၏ သတင်းထုတ်ပြန်ချက်များ အရသိရသည်။

ထိုကဲ့သို့ဖွင့်လှစ်လိုက်ခြင်းကြောင့် Capital Hypermart သည် မြန်မာနိုင်ငံတွင် Visa ကတ်ကို လက်ခံနိုင်သော အရောင်းကောင်တာအများဆုံးရှိသည့် စူပါမားကက်လုပ်ငန်းကြီးတစ်ခု ဖြစ်လာခဲ့ကြောင်း သိရသည်။

ယခုအခါတွင် မြန်မာနိုင်ငံသူ နိုင်ငံသားများသာမက နိုင်ငံခြားသားများပါ နိုင်ငံခြားဘဏ်များမှ ထုတ်ပေးထားသည့် Visa Prepaid ကတ်၊ Debit ကတ်၊ Credit ကတ်များကိုအသုံးပြု၍ Capital ၏ဆိုင်ခွဲပေါင်း ခုနစ်ဆိုင်၊ နိုင်ငံတစ်ဝန်းတွင် ဖွင့်လှစ်ထားသည့် Grab & Go အရောင်းဆိုင် ၉၃ ဆိုင်နှင့် စားသောက်ဆိုင် လေးဆိုင်တို့တွင် အဆင်ပြေလွယ်ကူစွာ ငွေပေးချေနိုင်ပြီဖြစ်ကြောင်း သိရသည်။

"ကျွန်မတို့အနေနဲ့ဈေးဝယ်သူမိဘ ပြည်သူမိတ်ဆွေတွေကို ပိုမိုကောင်းမွန်တဲ့ ဘယ်လိုဝန်ဆောင်မှုတွေ ပေးရမလဲလို့ အမြဲစဉ်းစားပြီးဆောင်ရွက်နေပါတယ်။ အခုလိုငွေပေးကတ်နဲ့ ဈေးဝယ်လို့ရပြီဆိုတော့ ဈေးဝယ်သူတွေအနေနဲ့ ပိုပြီးအဆင်ပြေလွယ်ကူသွားသလို ငွေရှင်းတဲ့နေရာမှာလည်း ပိုပြီးမြန်ဆန်သွားတဲ့အတွက် ကျွန်မတို့ရဲ့ဝန်ထမ်းတွေအနေနဲ့လည်း တခြားဈေးဝယ်သူတွေကို လိုအပ်တဲ့ ဝန်ဆောင်မှုတွေပေးဖို့ အချိန်ပိုပြီးထွက်လာတာပေါ့"ဟု Capital Hypermart ၏ အထွေထွေမန်နေဂျာဖြစ်သူ ဒေါ်သွယ်သွယ်မိုးကပြောသည်။

"မြန်မာနိုင်ငံမှာ အခုလိုအီလက်ထရောနစ်ကတ်နဲ့ ငွေပေးချေမှုပုံစံကို ဈေးဝယ်သူတွေ ပိုပြီးအသုံးပြုနိုင်အောင် လုပ်ဆောင်နိုင်ခဲ့တဲ့အတွက် Capital Hypermart အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်း ပြောကြားလိုပါတယ်။ မြန်မာနိုင်ငံရဲ့ အကြီးမားဆုံး စူပါမားကက်လုပ်ငန်းကြီးတစ်ခုက အခုလို ဆောင်ရွက်လိုက်နိုင်ပြီဆိုတော့ နိုင်ငံခြားဘဏ်တွေက ထုတ်ပေးထားတဲ့ Visa ကတ်ကို ကိုင်ဆောင်တဲ့ ဈေးဝယ်သူတွေအနေနဲ့ပိုပြီးအဆင်ပြေပြေ လွယ်လွယ်ကူကူနဲ့ ယုံကြည်စိတ်ချစွာ ဈေးဝယ်နိုင်တော့မှာဖြစ်ပါတယ်"ဟု Visa ၏ မြန်မာနိုင်ငံဆိုင်ရာ Country Manager ဖြစ်သူ Arturo Planell က ပြောကြားသည်။

အီလက်ထရောနစ်ကတ်ဖြင့် ငွေပေးချေမှုသည် စီးပွားရေးလုပ်ငန်းများ၏ ရောင်းအားကိုမြင့်တက်စေရုံသာမက စစ်တမ်းများအရ ဈေးဝယ်သူများ ကတ်ဖြင့် ငွေပေးချေမှုကို ပိုမိုပြုလုပ်လာခြင်းသည် နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို များစွာ တွန်းအားပေးသော အချက်တစ်ချက်ဖြစ်ကြောင်း တွေ့ရှိနိုင်မည်ဖြစ်ပါသည်။

"မြန်မာနိုင်ငံအနှံ့မှာ ဖွင့်လှစ်ထားတဲ့ Capital Hypermarket တွေနဲ့ စူပါမားကက်တွေမှာ Visa ကတ်နဲ့ ငွေပေးချေနိုင်အောင် လုပ်ဆောင်တဲ့နေရာမှာ ပူးပေါင်းပါဝင်ပြီးဆောင်ရွက်ခွင့်ရတဲ့အတွက် ကျွန်တော်တို့ CB ဘဏ်အနေနဲ့ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ရှေ့ဆက်ပြီးလည်း Visa နဲ့အတူလက်တွဲပြီး မြန်မာနိုင်ငံအနှံ့မှာ အီလက်ထရောနစ်ငွေပေးချေမှုအလေ့အထပိုပြီး တွင်ကျယ်လာအောင် ဆောင်ရွက်သွားဖို့မျှော်လင့်ပါတယ်"ဟု CB ဘဏ်၏ အုပ်ချုပ်မှုဒါရိုက်တာဖြစ်သူ ဦးသိန်းဇော်ထွန်းက ပြောကြားသည်။

မြန်မာနိုင်ငံသို့ စတင်ဝင်ရောက်ခဲ့သည့် ၂၀၁၂ ခုနှစ်မှစတင်၍ Visa သည် မြန်မာနိုင်ငံရှိငွေကြေးနှင့် ဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးလုပ်ငန်းရှင်များ ပိုမိုလွယ်ကူအဆင်ပြေစွာ လုပ်ကိုင်ဆောင်ရွက်နိုင်အောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ယနေ့အထိ မြန်မာနိုင်ငံတစ်ဝန်းတွင် အီလက်ထရောနစ်စနစ်သုံး၍ ငွေပေးချေရေးစနစ်များ လက်ခံအသုံးပြုနိုင်သည့် အရောင်းကောင်တာပေါင်း ၂၃၀၀ ကျော်နှင့် Visa ကတ်ဖြင့် ငွေထုတ်ယူနိုင်သော ATM စက်ပေါင်း ၁၄၀၀ အထိရှိနေပြီဖြစ်သည်။

**မယ်သီတာ**

## အိမ်ခြံမြေကဏ္ဍ

| စဉ် | အိမ်/အခန်း | တည်နေရာ | အကျယ်အဝန်း | ပါဝင်ပုံ | ဈေးနှုန်း | သီးခြားအချက် | ဆက်သွယ်ရန် |
|---|---|---|---|---|---|---|---|
| ၁။ | လုံးချင်းအိမ် | သုမင်္ဂလာအိမ်ရာ၊ အပိုင်း (၁)လမ်းသွယ် (၆) | မြေ (၆၄၀၀) အိမ် (၂၄၀၀) | MB(3)BR(1) | ၃၅ သိန်း | စိတ်ငြိမ်ရပ်ကွက် တစ်လအငှားနှုန်း | ၀၉/၅၁/၁၇၂၆ |
| ၂။ | အိမ်/မြေ | ဒဂုံမြို့သစ် (ဆိပ်ကမ်း) | (၄၀×၆၀) ပေ | ပျဉ်ထောင်တစ်လုံးပါ | ၆၀၀ သိန်း | | ၀၉/၂၅၀/၃၇၂၁၅၈ |
| ၃။ | တိုက်ခန်း | တောင်ဥက္ကလာပမြို့နယ်၊ မြင်သာ | ၇၀၀ စ/ယ | Hall ၊ (ပ) ထပ် | ၄၅၀ သိန်း | | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၄။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ ဟသ်ာလမ်း | (၃၅×၄၅) ပေ | RC (၁) ထပ် | ၃၃၀၀ သိန်း | လမ်းသန့် | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၅။ | အိမ်/မြေ | တောင်ဥက္ကလာပမြို့နယ်၊ မယ်ညိုလမ်း | ၁၅၀၀ စ/ယ | BN (၁) ထပ် | ၂၃၅၀ သိန်း | မြေပိုပါ | ၀၉/၂၅၀/၃၇၆၃၇၉ |
| ၆။ | တိုက်ခန်း | တာမွေ၊ ကျောက်မြောင်း အောင်မင်္ဂလာ | ၉၀၀ စ/ ယ | (ပ) ထပ် ခန်းဖွဲ့ | ၃ . ၅ သိန်း | တစ်လအငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၇။ | မြေ | လှည်းကူးမြို့နယ်၊ ဖောင်ကြီးလမ်းခွဲအတွင်း | (၄၀×၆၀) ယ | မြေသီးသန့် | ၁၅၀ သိန်း | | ၀၉/၅၁/၁၇၂၆၂ |
| ၈။ | အဆင့်မြင့် တိုက်ခန်း | သယ်န်းကျွန်း၊ သုဝဏ္ဏ၊ရွှေအင်ကြင်းရိပ်မွန် | ၂၅၀၀ စ/ ယ | MR (၂)ခန်း BR (၁)ခန်း | ၂၀ သိန်း | တစ်လငှားနှုန်း | ၀၉/၅၁/၁၇၂၆၂ |
| ၉။ | အိမ်/မြေ | ပြည်ဦးလွင်၊ ပြည်ထက်သာ (၄)လမ်း | ၁၅၀၀ စ/ယ | RC (၁) ထပ် | ၁၃၅၀ သိန်း | အသင့်နေ | ၀၉/၅၁/၁၇၂၆၂ |

# Lamudi မှ လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံမှု အမေရိကန်ဒေါ်လာ သန်း ၃၀ ကျော်ရရှိ

ကမ္ဘာလုံးဆိုင်ရာ အိမ်ခြံမြေအွန်လိုင်းကွန်ရက်ကြီးတစ်ခုဖြစ်သည့် Lamudi သည် လက်တင်အမေရိကနှင့် အာရှဒေသများရှိ ၎င်းတို့၏လုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နိုင်ရန်အတွက် အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၄ သန်း (ယူရို ၂၉သန်း) ထပ်မံရရှိခဲ့ကြောင်း Lamudi ၏ သတင်းထုတ်ပြန်ချက်များအရ သိရသည်။

အဆိုပါငွေကြေးကို ထည့်ဝင်ရင်းနှီးသူများမှာ Asia Pacific Internet Group, Holtzbrinck Ventures နှင့် Tengelmann Ventures ၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် Multisector Retailer တို့ဖြစ်ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

Lamudi သည် ကမ္ဘာ့အနှံ့အပြားတွင် အိမ်ခြံမြေကွန်ရက်များ ထူထောင်ထားသည့်ကုမ္ပဏီဖြစ်ပြီး မြန်မာနိုင်ငံအတွင်း၌ ၂၀၁၃ ခုနှစ် အောက်တိုဘာလမှစတင်ကာ လုပ်ကိုင်ခဲ့သည့် House.com.mm ၏ မိခင်ကုမ္ပဏီတစ်ခုဖြစ်ကြောင်း သိရသည်။

Lamudi သည် ၂၀၁၅ခုနှစ်အတွင်း လက်တင်အမေရိကနှင့်အာရှ ပစိဖိတ်ဒေသအတွင်းရှိ လုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန်အတွက် ယူရို ၁၆ သန်းကိုရရှိခဲ့ပြီး တစ်နှစ်အကြာတွင် ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံငွေ ယူရို ၂၉ သန်းကို ထပ်မံရရှိခဲ့ခြင်းဖြစ်သည်။

APACIG ရဲ့အမှုဆောင်အရာရှိချုပ်ဖြစ်သူ Hanno Stegmann က "ကျွန်တော်တို့အနေနဲ့ ကျွန်တော်တို့ရဲ့ ရင်းနှီးမြှုပ်နှံရန်ရွေးချယ်ခဲ့မှုနှင့် Lamudi ရဲ့တိုးတက်မှုတွေအတွက် များစွာ ဝမ်းမြောက်ဝမ်းသာဖြစ်မိပါတယ်။ စတင်ထူထောင်ခဲ့ကတည်းက Lamudi ဟာ နှစ်စဉ် တိုးတက်လျက်ရှိပြီး နိုင်ငံတော်တော်များများရဲ့ဈေးကွက်ကို ဦးဆောင်နေခဲ့ပါတယ်။ Lamudi ဟာ လက်ရှိ အာရှနဲ့ လက်တင်အမေရိကတစ်ဝန်းရှိ (မြန်မာ၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ဘင်္ဂလားဒေ့ရှ်၊ သီရိလင်္ကာ၊ မက္ကဆီကို၊ ကိုလံဘီယာနဲ့ ပီရူးစတဲ့ နိုင်ငံတွေမှာလုပ်ကိုင်လည်ပတ်လျက်ရှိနေပြီး ဈေးကွက်အတွင်း သီးခြားရပ်တည်နိုင်ခဲ့တဲ့ ကုမ္ပဏီတစ်ခုလည်းဖြစ်ပါတယ်။ အာရှပစိဖိတ်ဒေသတွင်းရှိ ဈေးကွက်ကြီးမားတဲ့ နေရာတွေအပါအဝင် ဒေသအစွန်အဖျားရှိ ဈေးကွက်များရဲ့တောင်းဆိုမှုကလည်းမြင့်မားနေပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့အနေနဲ့နောင်လာမယ့်အနာဂတ်များမှာလည်း ဆက်လက်တိုးတက် အောင်မြင်လာဦးမယ်ဆိုတာကို ယုံကြည်နေပါတယ်" ဟု ပြောကြားခဲ့သည်။

Lamudi အနေဖြင့် ၂၀၁၅ခုနှစ် အတွင်း ဝင်ငွေပမာဏမှာ ၄၆၀ ရာခိုင် နှုန်းအထိရှိခဲ့ပြီး၂၀၁၆ခုနှစ်အတွင်းတွင်လည်း ပိုမိုတိုးတက်လာစေရန်အတွက် အစီအစဉ်များရေးဆွဲလုပ်ဆောင်လျက်ရှိကြောင်း သိရသည်။ **မယ်သီတာ**

## ရန်ကုန်မြို့ တစ်ပတ်အတွင်း မော်တော်ယာဉ်ဈေးနှုန်းများ

| စဉ် | အမျိုးအစား/MDL | အကွာရာ | ဈေးနှုန်း | မှတ်ချက် |
|---|---|---|---|---|
| ၁။ | ဗီလ်ဒါ (၂၀၁၀) | ယာယီ | ၁၉၀ သိန်း | 1.8 ဓာတ်ဆီ |
| ၂။ | အာလ်ဖတ် (၂၀၀၄) | ယာယီ | ၃၀၀ သိန်း | 2.4 ဓာတ်ဆီ |
| ၃။ | စူပါကပ်စတန် (၂၀၀၆) | 8H | ၁၁၀ သိန်း | 3.0 ဒီဇယ် |
| ၄။ | ဟိုက်ဂျက် | ယာယီ | ၈၀ သိန်း | .660 ဓာတ်ဆီ |
| ၅။ | စူဇူကီး(ဆွစ်) (၂၀၀၉) | ယာယီ | ၁၁၅ သိန်း | 1.3 ဓာတ်ဆီ |
| ၆။ | ဟွန်ဒါဖစ် (၂၀၀၈) | ယာယီ | ၁၂၅ သိန်း | 1.8 ဓာတ်ဆီ |
| ၇။ | တိုယိုတာ (ဒရ်) (၂၀၀၃) | ယာယီ | ၁၈၀ သိန်း | 1.8 ဓာတ်ဆီ |
| ၈။ | ကလူဂျာ (၂၀၀၄) | ယာယီ | ၂၈၀ သိန်း | 2.4 ဓာတ်ဆီ |
| ၉။ | ဘယ်လ်တာ (၂၀၁၀) | ယာယီ | ၁၄၀ သိန်း | 1.3 ဓာတ်ဆီ ကားဟောင်းကီလိုနဲ |
| ၁၀။ | ကာလ်ဒီးနား (၂၀၀၃) | ယာယီ | ၁၉၀ သိန်း | 2.0 ဓာတ်ဆီ |

# ကောင်းမွန်သော စိုက်ပျိုးရေးအလေ့အကျင့် (GAP) နှင့်အညီ ပဲတီစိမ်း အပင်ပေါက်ဖောက်၍ ဥရောပဈေးကွက်သို့ တင်ပို့နိုင်ရန် သင်တန်းပို့ချ



ကောင်းမွန်သော စိုက်ပျိုးရေး အလေ့အကျင့် (GAP) အတွက် စည်းမျဉ်းစည်းကမ်းများအား လိုက်နာနိုင်ရန်နှင့် နောက်ကြောင်းပြန် ခြေရာခံနိုင်စွမ်းသင်တန်းကို ပဲခူးနှင့် ရန်ကုန်တိုင်းဒေသအတွင်း ၂၀၁၅ ခုနှစ် နိုဝင်ဘာလမှ ဒီဇင်ဘာလအထိ သင်တန်းပို့ချခဲ့ပါသည်။ အဆိုပါသင်တန်း၏ ရည်ရွယ်ချက်မှာ ဥရောပဈေးကွက်သို့ တင်ပို့ရောင်းချနေသော ပဲပင်ပေါက်ဖောက်မည့် ပဲတီစိမ်းအား အစားအသောက်ဘေးကင်းရေး စံသတ်မှတ်ချက်များ တိုးမြှင့်လုပ်ဆောင်နိုင်ရန် ဖြစ်ပါသည်။ အဆိုပါ သင်တန်းသည် ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၏ လုပ်ငန်းဆောင်ရွက်ချက်များအနက် တစ်ခုဖြစ်ပြီး ဥရောပသမဂ္ဂနှင့် ဂျာမနီနိုင်ငံမှ စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနတို့၏ ထောက်ပံ့မှုဖြင့် GIZ (Deutsche Gesellschaft fur Internationale Zusammenarbeit) မှ အကောင်အထည်ဖော် ဆောင်ရွက်နေသော သင်တန်းတစ်ခုဖြစ်ပါသည်။

"ကောင်းမွန်သော စိုက်ပျိုးရေး အလေ့အကျင့် (GAP) က အလွန်ကျယ်ပြန့်တဲ့ ဘာသာရပ်တစ်ခုပါ။ ဒီလို သင်တန်းမှာ တက်ရောက်ခွင့်ရတာဟာ ကျွန်မအတွက် အလွန်ကောင်းတဲ့ အခွင့်အရေးပါပဲ။ ဒီသင်တန်းကနေ (GAP)အကြောင်း ပိုပြီးပြည့်ပြည့်စုံစုံ သိရှိလိုက်ရပါတယ်။ သင်တန်းကာလအတွင်းမှာ GAP နည်းပညာပိုင်းဆိုင်ရာ သတင်းအချက်အလက်တွေ သာမက အခြားဥရောပသမဂ္ဂဆိုင်ရာ ဥပဒေများနှင့် ဥရောပသမဂ္ဂဈေးကွက်သို့ တင်ပို့ရန် လိုအပ်ချက်များကိုပါ သိရှိလိုက်ရပါတယ်"ဟု စိုက်ပျိုးရေးဌာနမှ လက်ထောက်ဦးစီးအရာရှိ ဒေါ်ဝင့်မော်ဟန် ကပြောပါသည်။

အဆိုပါသင်တန်း၏ သင်ကြားမှုနည်းစနစ်သည် အလွန်ကောင်းမွန်ပြီး ဥပမာပေးသည့် အကြောင်းအရာများနှင့် မြန်မာဘာသာပြန် လက်ကမ်းစာစောင်များကြောင့် နားလည်ရပိုမိုလွယ်ကူသည်ဟု ဒေါ်ဝင့်မော်ဟန်က ပြောသည်။ ထို့အပြင် အဖွဲ့လိုက်ဆွေးနွေးခြင်းနှင့် အကြောင်းအရာများ တင်ပြခြင်းက TOT(Training of Trainer) တိုးချဲ့ပညာပေးရေး အရာရှိများအတွက် အထောက်အကူဖြစ်စေသည်ဟု အလေးပေးပြောကြားပါသည်။

"သင်တန်းမတက်ခင်က ကျွန်မတို့အနေနဲ့ ပဲတီစိမ်းထွက်ရှိမှု ပမာဏကိုပဲ ဦးစားပေးခဲ့တာ။ အခုသင်တန်းကနေ အစားအသောက်ဘေးကင်းရေး၊ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ စံသတ်မှတ်ချက်များက ပိုအရေးကြီးတယ်ဆိုတာကို သိရှိနားလည်ခွင့်ရပါတယ်"ဟု ဒေါ်ဝင့်မော်ဟန်က ထပ်မံပြောကြားခဲ့သည်။

အဆိုပါ သင်တန်းသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တိုးချဲ့ပညာပေးရေး အရာရှိများ၊ အဝယ်ဒိုင်များ၊ သန့်စင်ထုတ်ပိုးသူများနှင့် ပဲတီစိမ်းစိုက်ပျိုးသည့် လယ်သမားများ သင်တန်းသား/သူ စုစုပေါင်း ၁၂၀ တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

"ကောင်းမွန်သော စိုက်ပျိုးရေး အလေ့အကျင့် (GAP) နှင့်အစားအစာ ဘေးကင်းလုံခြုံရေးသင်တန်းက ကျွန်တော့်အတွက်တော့ ပထမဆုံးအတွေ့အကြုံပါပဲ၊ ပုံမှန်အားဖြင့် လယ်သမားတွေက သူတို့ရဲ့ ထုတ်ကုန်ပစ္စည်းတွေကို အဝယ်ဒိုင်တွေဆီမှာ ရောင်းချပြီးရင် အဲဒီပစ္စည်းတွေ နောက်ပိုင်း ဘာဆက်ဖြစ်တယ်ဆိုတာ မသိကြပါဘူး။ ဒီသင်တန်းကနေ ကျွန်တော်သင်ယူလိုက်ရတာက ထုတ်လုပ်မှုဖြစ်စဉ်တစ်လျှောက် အစားအစာ ဘေးကင်းလုံခြုံရေးနဲ့ ဆက်စပ်တဲ့ အန္တရာယ်တွေနဲ့ပတ်သက်ပြီး သမားရိုးကျ ထုတ်လုပ်မှုဖြစ်စဉ်ကို ပြန်လည်သုံးသပ်ဖို့ဖြစ်ပါတယ်။ သီးနှံကို ရိတ်သိမ်းချိန်မှာ တစ်ကိုယ်ရေသန့်ရှင်းရေးနှင့် ပိုးမွှားကူးစက်ခံရခြင်းနဲ့ ပတ်သက်ပြီး လယ်သမားတွေက သတိမထားမိခဲ့ကြဘူး" ဟု ပဲခူးတိုင်းဒေသကြီးမှ လယ်သမားဦးဝင်းနိုင်က ပြောသည်။

"သင်ခန်းစာတွေ၊ ကူညီတတ်တဲ့ သင်တန်းဆရာတွေနဲ့ စကားပြန်တွေကြောင့် ဒီသင်တန်းက ကျွန်တော့်အတွက် သိပ်ပြီးအဆင်ပြေခဲ့ပါတယ်။ အဖွဲ့လိုက် ဆွေးနွေးရတာကတော့ ဒီသင်တန်းမှာ ကျွန်တော် အကြိုက်ဆုံး အစီအစဉ်ပါပဲ။ ကျွန်တော်ထင်ပါတယ်။ လယ်သမားတွေအနေနဲ့ ဒီသင်တန်းကနေ အစားအစာ ဘေးကင်းရေးနဲ့ (GAP) စံသတ်မှတ်ချက်ဆိုင်ရာ အသိပညာတွေ ရရှိသွားပါတယ်"ဟု ဦးဝင်းနိုင်က ပြောသည်။

မြန်မာ့ကုန်သွယ်ရေး ဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်သည် သုံးနှစ်နည်းပညာ အကူအညီပေးရေးအစီအစဉ်ဖြစ်ပြီး ဥရောပသမဂ္ဂနှင့် ဂျာမနီမှပူးပေါင်းကာ ယူရိုငွေ ၁၀ ဒသမ ၅ သန်း ထောက်ပံ့ပေးပြီး လက်တွေ့သင်တန်းများကို GIZ (Deutsche Gesellschaft fur Inter-nationale Zusammenarbeit) က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။ ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်၏ မူလရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ စီးပွားရေးတိုးတက်မှုကို မြှင့်တင်ခြင်းဖြင့် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ကုန်သွယ်မှု စနစ်နှင့် ပြန်လည်ချိတ်ဆက်ရာတွင် အထောက်အပံ့ကောင်းများ ရရှိစေရန်ဖြစ်သည်။

ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ အဓိကလုပ်ဆောင်ချက်များအဖြစ်

- ကုန်သွယ်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲခြင်း
- ကုန်သွယ်မှု လျင်မြန်ချောမွေ့ရေး
- အစားအစာ ဘေးကင်းလုံခြုံရေးနှင့် လူ၊ တိရစ္ဆာန်နှင့် အပင်ကျန်းမာရေး အစီအမံများ
- အမျိုးသားအဆင့် အရည်အသွေးဆိုင်ရာ အခြေခံအဆောက်အအုံများ အဆင့်မြှင့်တင်ရေး

စသည့် ရည်မှန်းချက်များ ချမှတ်ပြီး ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် အခြားဝန်ကြီးဌာနများ၊ ပုဂ္ဂလိကကဏ္ဍနှင့်ပါပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

**မြတ်မေဇင် (GIZ)**

## အမျိုးသားပို့ကုန် မဟာဗျူဟာဖော်ဆောင်ရန် စစ်ကိုင်းခရိုင်နဲ့ မုံရွာခရိုင်အတွင်း မြို့နယ်သီးနှံအသင်းများဖွဲ့စည်း

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အမျိုးသားပို့ကုန်မဟာဗျူဟာ (National Export Strategy) အကောင်အထည်ဖော်ဆောင်ရာတွင် ပဲမျိုးစုံနဲ့ ဆီထွက်သီးနှံကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးလက်ရှိ သီးနှံစိုက်ပျိုးတောင်သူများ၊ ကုန်သည်ပွဲစားများ၊ ဆီစက်လုပ်ငန်းရှင်များအား စုစည်းပါဝင်စေကာ မြို့နယ်အသင်းများစုဖွဲ့ထားရန် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးအောင်မောင်းရဲ့ကြီးကြပ်မှုဖြင့် ယနေ့အထိ စစ်ကိုင်းခရိုင် ဦးစီးမှူးရုံးလက်အောက်ရှိ စစ်ကိုင်းခရိုင်နဲ့ မုံရွာခရိုင်တို့တွင် မြို့နယ်ပဲမျိုးစုံနဲ့ ဆီထွက်သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်း ၅ သင်းဖွဲ့စည်း ပြီးဖြစ်တယ်လို့ သိရပါတယ်။

ဇန်နဝါရီ ၃ ရက်က စစ်ကိုင်းမြို့နယ်ပဲမျိုးစုံနှင့်ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ် သူများအသင်းကို အလုပ်အမှုဆောင် ၁၇ ဦးဖြင့် လည်းကောင်း၊ ဇန်နဝါရီလ ၂၈ ရက်က အရာတော်မြို့နယ် ပဲမျိုးစုံနှင့်ဆီထွက်သီးနှံ စိုက်ပျိုးထုတ်လုပ်သူများအသင်းကို အမှုဆောင်ခုနစ်ဦးဖြင့် လည်းကောင်း၊ ဘုတလင်မြို့နယ် ပဲမျိုးစုံစိုက်ပျိုး ထုတ်လုပ်သူအသင်းကို အမှုဆောင်ခုနစ်ဦးဖြင့် လည်းကောင်း ဖွဲ့စည်းခဲ့ကြပြီး၊ ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် မုံရွာမြို့နယ် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်သူများအသင်းကို မုံရွာမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် အလုပ်အမှုဆောင် ၂၅ ဦးဖြင့် လည်းကောင်း၊ ဖေဖော်ဝါရီ ၇ ရက်တွင် ချောင်းဦးမြို့နယ် ပဲမျိုးစုံစိုက်ပျိုးထုတ်လုပ်သူများအသင်းကို ချောင်းဦးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် အမှုဆောင် ၂၅ ဦးဖြင့်လည်းကောင်း ထပ်မံဖွဲ့စည်းခဲ့ရာ သက်ဆိုင်ရာမြို့နယ်စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ဒေသအတွင်းရှိ ပဲမျိုးစုံနဲ့ ဆီထွက်သီးနှံစိုက်ပျိုးတောင်သူကိုယ်စားလှယ်များ၊ ကုန်သည်ပွဲစားများနှင့် ဆီစက်လုပ်ငန်းရှင်များ စိတ်ပါဝင်စားစွာ တက်ရောက်ဖွဲ့စည်းခဲ့ကြတယ်လို့ သိရပါတယ်။

**ထွန်းလှိုင် - မုံရွာ**

## ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ Trade Promotion and Information Service(TPIS) များ၏ Contact Points များ

| | | |
|---|---|---|
| (၁) | ရန်ကုန်တိုင်းဒေသကြီး | ၂၂၈/၂၄၀၊ ဒုတိယထပ်၊ ကမ်းနားလမ်းနှင့်ရွှေဘုံသာလမ်းထောင့်၊ ရန်ကုန်မြို့။<br>Fax:01-254023,<br>Ph:01-250270,254019<br>email: ygnmapt@gmail.com |
| (၂) | ပဲခူးတိုင်းဒေသကြီး(အနောက်) | ရတနာမာန်အောင်ဘုန်းကြီးကျောင်းအနီး၊ ပြည်မြို့။<br>Fax : 053-28220,<br>Ph : 053-28032,28020 |
| (၃) | ပဲခူးတိုင်းဒေသကြီး(အရှေ့) | အောင်မြေသာရပ်ကွက်၊ ပိုလန်ဝင်း၊ ပဲခူးမြို့။<br>Ph : 052-2221844, 2221108, 2221036 |
| (၄) | ဧရာဝတီတိုင်းဒေသကြီး | ပုသိမ်မြို့။<br>Fax : 042-21811,<br>Ph: 042-24520,24522<br>email: yiyinaingwin@gmail.com |
| (၅) | မန္တလေးတိုင်းဒေသကြီး | မန္တလေးမြို့။<br>Fax : 02-36340,<br>Ph: 02-36342,36339<br>email: mdymapt@gmail.com |
| (၆) | ရခိုင်ပြည်နယ် | စစ်တွေမြို့။<br>Fax:043-23426,Ph:043-23426 |
| (၇) | မကွေးတိုင်းဒေသကြီး | အစိုးရရပ်ကွက်၊အနော်ရထာလမ်း၊မကွေးမြို့။<br>Fax : 063-23199,<br>Ph : 063-23196,23197 |
| (၈) | ရှမ်းပြည်နယ်(တောင်ပိုင်း) | အရှေ့မြို့ပတ်လမ်း၊ ရေအေးကွင်းရပ်ကွက်၊ အမှတ်(၅)ဈေးမြောက်ဘက်၊ တောင်ကြီးမြို့။<br>Ph:081-2121627, Fax:081-2121615,<br>email:m.dtptaunggyi@gmail.com |
| (၉) | ရှမ်းပြည်နယ်(အရှေ့ပိုင်း) | ရပ်ကွက်(၁)၊ နောင်ရေး၊ ကျိုင်းတုံမြို့။<br>Fax:084-21034,Ph:084-21034 |
| (၁၀) | ရှမ်းပြည်နယ်(မြောက်ပိုင်း) | အမှတ်(၉)၊ လေယာဉ်ကွင်းလမ်း၊ ထပရတပ်ရင်း(၆၂၆)နှင့် မျက်နှာချင်းဆိုင်၊ လားရှိုးမြို့။<br>Fax:082-23493,Ph:082-23039 |
| (၁၁) | ကရင်ပြည်နယ် | ဘားအံမြို့။<br>Fax:058-21666,Ph:058-21041 |
| (၁၂) | တနင်္သာရီတိုင်းဒေသကြီး | ကမ်းနားလမ်း၊ ဆိပ်ငယ်ရပ်ကွက်၊ မြိတ်မြို့။<br>Fax:059-41012,Ph:059-41012 |
| (၁၃) | ကချင်ပြည်နယ် | အမှတ်(၁၉၉)၊ မြို့သစ်ရပ်ကွက်၊ မြစ်ကြီးနားမြို့။<br>Fax:074-22459,Ph:074-22459 |
| (၁၄) | ကယားပြည်နယ် | (၈/၉)လမ်းကြား၊ ကန္တာရဝတီလမ်းနှင့် သီရိဒေါ်လမ်းကြား၊ နောင်ယား(က)ရပ်ကွက်၊ လွိုင်ကော်မြို့။<br>Fax:083-21005,Ph:083-21005 |
| (၁၅) | မွန်ပြည်နယ် | အမှတ်(၄)ကမ်းနားလမ်း၊ ရွှေတောင်ရပ်၊ ဘုရင့်ရုံရှေ့ မော်လမြိုင်မြို့။<br>Fax:057-24728, Ph:057-24318 |
| (၁၆) | စစ်ကိုင်းတိုင်းဒေသကြီး | သာစည်လမ်း၊ ဒေါနခြံရပ်၊ မီးရထားသံလမ်းနှင့် ဗိုလ်ချုပ်ကြေးရပ်ကြား၊ မုံရွာမြို့။<br>Fax : 071-23630,<br>Ph:071-23630,22924 |

## (၇) နေ့ သားသမီးများအတွက်
### စီးပွားရေး အကြံပေး ဟောကိန်း
### ၁၅-၂-၂၀၁၆ မှ ၂၁-၂-၂၀၁၆ ရက်နေ့ထိ
ဒေါ်မြတ်မြတ်အေး
(မြန်မာနိုင်ငံ ဝေဒသုတေသနအဖွဲ့)



**တနင်္ဂနွေသားသမီးများအတွက်** မိမိကိုယ်ပိုင်ဉာဏ်အား၊ ဝီရိယစိုက်ထုတ်မှုတို့ကြောင့် စီးပွားရေးနယ်ပယ်တွင် အောင်မြင်ကျော်စောမှုရရှိနေတတ်ပါသည်။ ဆောက်လုပ်ရေးလုပ်ငန်းများ အကျိုးပေးအားကောင်းနေမည်။ ဝန်ထမ်းဖြစ်လျှင် ရာထူးအပြောင်းအလဲရှိနေလိမ့်မည်။ ပညာရေးလုပ်ငန်းအောင် မြင်မည်။ ကျန်းမာရေးတွင် အပူကြီးခြင်း၊ လည်ချောင်းနာခြင်း၊ အသံဝင်ခြင်း၊ အသံအိမ်ပျက်ခြင်းဝေဒနာ ခံစားရတတ်သည်။ အချစ်ရေးတွင် မိမိအပေါ် ချစ်ခင်ကြင်နာတတ်သူနှင့် ချစ်သူဖြစ်ရတတ်သည်။ မကြာခင်အချိန်အတွင်း အိမ်ထောင်ဖက်ဖြစ်ရတတ်ပါသည်။ **ယတြာ။ ။ဆီမီးတိုင်လှူ၍ လိုရာဆုတောင်းပါ။**



**တနင်္လာသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းတိုင်းတွင် အတိုက်အခံအပြိုင်အဆိုင်ရှိတတ်သည်။ စီးပွားရေးလုပ်ငန်းတိုးတက်အောင် သူတစ်ပါးထက် သာလွန်အောင်ကြိုးစားလုပ်ဆောင်ရမည်။ ကြိုးစားရင်းဖြင့် အောင်မြင်မှုကိုရရှိလာတတ်ပါသည်။ ဆန်စပါး၊ ပဲ၊ ပြောင်း၊ ဂျုံထွက်ပစ္စည်းများ၊ မုန့်မျိုးစုံစားသောက်ကုန်လုပ်ငန်း အကျိုးပေးအားကောင်း နိုင်ပါသည်။ အချစ်ရေး ကံကောင်းနေတတ်ပါသည်။ ပညာရေး အသင့်အတင့်ရှိမည်။ ကျန်းမာရေးအနေဖြင့် မကြာခဏဝေဒနာများ ခံစားနေရတတ်သည်။ အထူးသဖြင့် အစာအိမ်လေနာရောဂါတို့ကို သတိထားသင့်ပါသည်။
**ယတြာ။ ။ ဇီဝိတသံဃဒါနဆေးရုံတွင် ငွေကြေးလှူဒါန်း၍ လိုရာဆုတောင်းပါ။**



**အင်္ဂါသားသမီးများအတွက်** ခရီးဝေးသွားလာ၍ လုပ်ကိုင်ဆောင်ရွက်ရသောလုပ်ငန်းများ၊ တည်ငြိမ်အေးဆေးမှုမရှိသော်လည်း အခြေအနေအချိန်အခါကိုကြည့်၍ လုပ်ကိုင်ဆောင်ရွက်ရတတ် သည်။ ရေနှင့် ရေထွက်ပစ္စည်းများ ရောင်းဝယ်လုပ်ကိုင်ပါက အကျိုးပေးကောင်းမွန်နေတတ်ပါသည်။ ပညာရေးတွင် အရှေ့တိုင်းဘာသာပညာ စသည်တို့ အကျိုးပေးမည်။ အချစ်ရေးကောင်း ပါသည်။ ပျော်ပျော်ရွှင်ရွှင် အေးအေးချမ်းချမ်းနှင့် လုပ်ကိုင်ဆောင်ရွက်ရင်းဘဝကိုဖြတ်သန်းဖြစ်လိမ့်မည်။ ကျန်းမာရေးတွင်ပြင်းပြင်းထန်ထန်ခံစားရတတ်သောရောဂါဝေဒနာ မရှိတတ်သော်လည်း သွေးသားမမှန်သောကြောင့် ရောဂါဖြစ်တတ်သည်။ **ယတြာ။ ။ အပေါင်းအသင်းများအား ကြာဆံကြော်လှူပါ။**



**ဗုဒ္ဓဟူးသားသမီးများအတွက်** တည်ငြိမ်စွာလုပ်ကိုင်ဆောင်ရွက်ရသောလုပ်ငန်းများကို အခြေခံထား၍ လှုပ်ရှားသွားလာသောလုပ်ငန်းများတွင် အတွေးအခေါ်နှင့် အကြံဉာဏ်အောင်မြင်တိုးတက်လိမ့်မည်။ နည်းပညာသစ်များရရှိမည်။ လယ်ယာထွက်ကုန်ပစ္စည်းများ၊ လယ်ယာ သုံးပစ္စည်းများ ရောင်းချခြင်းလုပ်ငန်း အကျိုးပေးတတ်ပါသည်။ ဝန်ထမ်းဖြစ်လျှင် တာဝန်ကြီးများ ထမ်းဆောင်ခြင်း၊ ရာထူးတက်ခြင်းတို့ရှိမည်။ အချစ်ရေးတွင် ပညာသင်ဖော်ကျောင်းနေဘက်နှင့် ကြုံဆုံရတတ်သည်။ ကျန်းမာရေးအနေဖြင့် ခြေ၊ လက်၊ အရိုးအဆစ်များ ထုံကျင်ကိုက်ခဲခြင်း ဝေဒနာခံစားရတတ်ပါသည်။
**ယတြာ။ ။ မြတ်စွာဘုရား၏ ခြေဖဝါးတွင် ရွှေပြားကပ်လှူပါ။ လိုရာဆုတောင်းပါ။**



**ကြာသပတေးသားသမီးများအတွက်** စီးပွားရေးလုပ်ငန်းများ အောင်မြင်တိုးတက်မှုရရှိနေတတ်သည်။ နိုင်ငံတကာဆက်သွယ်ရေးလုပ်ငန်း၊ ဓာတ်သတ္တုပစ္စည်းများ အကျိုးပေးအောင်မြင်မှုရရှိနေမည့်ကာလဖြစ်မည်။ ရည်ရွယ်ချက်များအောင်မြင်ရန်အပတ်တကုတ်ကြိုးစားနေရတတ်သည်။ ဆရာသမားများ၏ ကျေးဇူးကြောင့် အောင်မြင်နေတတ် သည်။ ကျန်းမာရေးတွင် သွားနာ သွားကိုက်ဝေဒနာခံစားရတတ်သည်။ အချစ်ရေးတွင် နှစ်သက်မြတ်နိုးခြင်း၊ သနားကြင်နာတတ်ခြင်းဖြင့် အကူအညီပေးနေရတတ်သည်။
**ယတြာ။ ။ ရဟန္တာအားရည်စူး၍ သစ်သီးများလှူဒါန်းပါ။**



**သောကြာသားသမီးများအတွက်** ရင်းနှီးမြှုပ်နှံရသောငွေကြေးကိုကြည့်၍ သင့်တော်မည့်စီးပွားရေးလုပ်ငန်းလုပ်ကိုင်ဆောင်ရွက်ရတတ်သည်။ ခရီးသွားလုပ်ငန်း၊ အကျိုးဆောင်လုပ်ငန်း အကျိုးပေး ကောင်းမွန်နေတတ်ပါသည်။ ပညာရေးတွင် ရည်မှန်း ချက်အကောင်အထည်ဖော်ဖြစ်လိမ့်မည်။ အချစ်ရေးတွင် မိတ်ဟောင်းဆွေဟောင်းတို့၏ အကူအညီကြောင့် ချစ်သူရရှိတတ်ပါသည်။ ကျန်းမာရေးအနေဖြင့် အစာအိမ် ရောဂါတို့နှင့် လေကြောင့်ဖြစ်သော လေဖြန်းခြင်း၊ လေဖြတ်ခြင်း၊ ဝေဒနာ ခံစားရတတ်သည်ကို သတိရှိသင့်ပါသည်။
**ယတြာ။ ။ ခေါက်ဆွဲကြော်လှူပါ။**



**စနေသားသမီးများအတွက်** လှုပ်ရှားသွားလာရသောလုပ်ငန်းများကို အခြေခံထား၍ လုပ်ကိုင်ဆောင်ရွက်ရတတ်သည်။ သစ်တောထွက်ပစ္စည်း၊ သစ်မွှေးများနိုင်ငံတကာသို့တင်ပို့ရောင်းချခြင်း၊ သယ်ယူပို့ဆောင်ရေးလုပ်ငန်းတို့တွင် အောင်မြင်တိုးတက်မှုရှိလိမ့်မည်။ ပညာရေးတွင် စီးပွားရေးဆိုင်ရာ ပညာရပ်အောင်မြင်တိုးတက်လိမ့်မည်။ အချစ်ရေးတွင် မမျှော်လင့်သောသူ၏ ချစ်ရေးဆိုမှုကို ခံရလိမ့်မည်။ ကျန်းမာရေးအနေဖြင့် အဆုတ်အားနည်းသောဝေဒနာ၊ အသက်ရှူပြွန်ရောင်ခြင်း၊ အကျိတ်အဖုဖြစ်တတ်ပါသည်။ မိရိုးဖလာဖြစ်တတ်လေ့ရှိ သော ရောဂါဝေဒနာစသည်တို့ကို သတိထားသင့်ပါသည်။
**ယတြာ။ ။ သံဃာတော်နှင့် သီလရှင်အား ဖိနပ်လှူပါ။**

## ယင်းမာပင်ခရိုင်အတွင်း မိုဘိုင်းပျားမွေးမြူသူများအဆင်ပြေ

ယင်းမာပင်ခရိုင်အတွင်းတွင် ဒေသတွင်းပျားမွေးမြူသူနဲ့ ကသာ-အင်းတော်ဒေသမှ ပျားမွေးမြူသူများ၊ ရှမ်းပြည်နယ်မှ ပျားမွေးမြူသူများဟာ ပျားစားကျက်များကို အလှည့်ကျပြောင်းရွှေ့မွေးမြူကြပါတယ်။ ဆီးပန်းပွင့်ချိန်မှာ ကနီမြို့နယ်နဲ့ ယင်းမာပင်မြို့နယ်တို့ရှိ ဆီးခြံများမှ ဆီးခြံပိုင်ရှင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနဲ့ ညှိနှိုင်းကာ ပျားသေတ္တာများချပြီး မွေးမြူလျက်ရှိပါတယ်။

ယခုနှစ် ဆောင်းသီးနှံရာသီချိန်မှာ ယင်းမာပင်မြို့နယ်၊ ပုလဲမြို့နယ်တို့သို့ ပြောင်းရွှေ့မွေးမြူကြပါတယ်။ ပျားသေတ္တာအလုံး ၂၀၀ ပိုင်ရှင်ဟာ ၁၀ ရက်တစ်ကြိမ် ပျားရည်ထုတ်ယူရကြောင်း၊ တစ်ကြိမ်ထုတ်ရင် ပီပါ ၄ လုံးရပြီး တစ်ပီပါမှာ ပိဿာချိန် ၁၂၅ ပိဿာပါရှိကြောင်း၊ ပျားရည်တစ်ပိဿာ ၃၅၀၀ ကျပ်၊ ပျားဖယောင်း တစ်ပိဿာ ၈၀၀၀ ကျပ်ရကြောင်း၊ ယခင်နှစ်က ပျားရည်တစ်ပိဿာ ၂၅၀၀ ကျပ်နဲ့ ပျားဖယောင်း ၇၀၀၀ ကျပ်ဈေးသာ ရောင်းချရတာကြောင့် ယခုနှစ်မှာတော့ ပျားမွေးမြူသူများအဆင်ပြေလာကြောင်း သိရပါတယ်။

**သန်းပို-ယင်းမာပင်**



## အင်းတော်မြို့တွင် စံပြ မေမြို့ပန်းခြံကြီး အောင်မြင်လို့ စိုက်ပျိုးရေးလုပ်ငန်းရှင်များ စိတ်ဝင်စားမှုများပြားလာ

အင်းတော်မြို့နယ်၊ မဲဇာကျေးရွာအုပ်စု၊ နန့်သဲကျေးရွာရဲ့ မန္တလေး၊ မြစ်ကြီးနား ဗျူဟာကားလမ်းဘေး နှစ်ဧကကျော်မြေကွက်အတွင်းမှာ အောင်မြင်ဖြစ်ထွန်းနေတဲ့ မေမြို့ပန်းခြံကြီးနဲ့ ပျိုးဥယျာဉ်ကို ဒေသခံများ အလွန်စိတ်ဝင်စားကြပြီး လာရောက်လေ့လာသူများပြားလျက်ရှိကြောင်း သိရပါတယ်။

"သဘာဝရေခံမြေခံကောင်းတဲ့အတွက် မေမြို့ပန်းဖြစ်ထွန်းမယ်လို့ ယုံကြည်ပါတယ်။ ပန်းပညာရှင်များထံမှာ အရင်လေ့လာရပါတယ်။ ပြင်ဦးလွင်အနီးစခန်းက ပျိုးစေ့တစ်ပုလင်းသုံးသောင်းနဲ့ ဝယ်ယူစိုက်ပျိုးထားပါတယ်။ တစ်ပုလင်းကို သုံးဧကစိုက်ပျိုးနိုင်ပါတယ်။ မြေပြင်ဘောင်ဖော်ရေသွင်းစိုက်ရပါတယ်။ သွင်းအားစုက နွားချေးနဲ့ ပုလဲကျွေးပါတယ်။ ဒီဇင်ဘာလက စစိုက်တာ အခုဖေဖော်ဝါရီမှာ ရောင်းပန်းဝင်မေမြို့ပန်းများရပါပြီ၊ နှစ်ဧကကို အပင်တစ်သိန်းကျော်စိုက်ပျိုးထားပါတယ်။ ကုန်ကျစရိတ် တစ်ဆယ့်နှစ်သိန်းကျော်ရှိပါတယ်။ ပန်းရောင်းဈေးက ဆယ်ပင် တစ်စည်း တစ်ထောင်ပါ၊ ကျွန်မအခင်းက ပန်းစည်းတစ်သောင်းကျော်ထွက်ပြီး ကျပ်သိန်းတစ်ရာဝင်ငွေရှိမယ်။ လုပ်သား ငါးယောက်အပါ ကုန်ကျစရိတ်နုတ်ပြီး ကျပ်သိန်းရှစ်ဆယ်အကျိုးအမြတ်ရှိမယ်"လို့ မေမြို့ပန်းခင်းပိုင်ရှင် ဒေါ်ဝင်းမော်က ပြောပါတယ်။

အင်းတော်မြို့နယ်တွင် မေမြို့ပန်း အနည်းငယ်စိုက်ပျိုးမှုရှိပေမယ့် အခုလို ဧကနဲ့ အခင်းကျယ်မှာ စိုက်ပျိုးသူမရှိကြောင်း သိရပါတယ်။ ဖြစ်ထွန်းအောင်မြင်နေတဲ့ မေမြို့ပန်းခင်းကို လာရောက်လေ့လာကြတဲ့ ဒေသတွင်းက အခင်းရှင်များကို နည်းပညာများ ဖြန့်ဝေပေးလျက်ရှိပါတယ်။ အခင်းရှင်များအနေနဲ့ ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးလာမယ်ဆိုရင် အလုပ်အကိုင်များ ရရှိကြပြီး မိသားစုဝင်ငွေပိုမိုရရှိနိုင်ပါတယ်လို့ လေ့လာသူများထံက သိရပါတယ်။ **ကြည်နိုင်ဦး-အင်းတော်**

## ယင်းမာပင်ခရိုင်မှ ရက်ကန်းလုပ်ငန်းများက နိုင်ငံခြားဝင်ငွေရှာဖွေပေးနေ

ယင်းမာပင်ခရိုင်၊ ပုလဲမြို့နယ်၊ လက်ပုကန်ကျေးရွာမှ ရက်ကန်းပညာရှင် ခုနစ်ဦးကို အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်သို့ စေလွှတ်ခဲ့ပြီး ကျေးရွာအရောက်တွင် လက်ဆင့်ကမ်းပြန်လည်သင်ကြားပေးခဲ့လို့ အခုအချိန် လက်ပုကန်ကျေးရွာမှာ လုပ်ငန်းရှင် ၁၅ ဦးခန့်သည် ရက်ကန်းစင် ၁၃၀-၁၅၀ ခန့် တည်ထောင်ထားပြီးဖြစ်ကာ တစ်လကို လုံချည် အကွင်းရေ ၈၀၀-၁၀၀၀ ထုတ်လုပ်ဖြန့်ချိလျက်ရှိပါတယ်။

အမျိုးအစားနဲ့ ဈေးနှုန်းကတော့ ဆိုက်ပီကူး (၆၀ လက်မ) ၅၀၀၀၀ ကျပ်၊ အိန္ဒိယ ကိတ် (၆၀ လက်မ) ၂၁၀၀၀ ကျပ်၊ ၁၂ လွှား (၆၀ လက်မ) ၁၅၀၀၀ ကျပ်၊ ဆင်သနဲတီး (၆၀ လက်မ) ၂၀၀၀၀ ကျပ်၊ ၁၂ လွှားပိုးပြည့် (၆၀ လက်မ) ၁၇၀၀၀ ကျပ်၊ ၁၅ လွှားလိုင်း (၆၀ လက်မ) ၁၅၀၀၀ ကျပ်၊ ဗမာချိတ်ကြီးပြည့် (၇၅ လက်မ) ၂၀၀၀၀ ကျပ်၊ ရွှေငါး (၇၅ လက်မ) ၁၅၀၀၀ ကျပ်၊ ခိုင်လုံးပိုးပြည့် (၇၅ လက်မ) ၂၃၀၀၀ ကျပ်၊ ကချိတ်ဒူးနား (၇၅ လက်မ) ၁၅၀၀၀ ကျပ်၊ ဖလန်းဖလန်း (၇၅ လက်မ) ၁၅၀၀၀ ကျပ်၊ မြန်မာနတီး (၇၅ လက်မ) ၁၈၀၀၀ ကျပ်တို့ဖြစ်ပါတယ်။

" (၆၀ လက်မ) ကွင်း အမျိုးအစားကို အိန္ဒိယကို တင်ပို့ပါတယ်။ ရွာမှာအထည်ရေများလာပြီဆိုပါက ကုန်သည်က လိုက်စုပြီး ကလေး-တမူးလမ်းကြောင်းကနေ ပို့ပါတယ်။ (၇၅ လက်မ) ကွင်းတွေကိုတော့ ပြည်တွင်းမှာ ဖြန့်ချိပါတယ်။ ဌာနဆိုင်ရာတွေ၊ အသင်းအဖွဲ့တွေက တူညီဝတ်စုံမှာယူချင်တယ်ဆိုရင်လည်းရပါတယ်။ ကျွန်မတို့က ချည်ကို မုံရွာမြို့၊ သာစည်ဈေးကယူရပြီး အထည်ကိုသူတို့ဆီမှာ ပြန်သွင်းတယ်၊ အထည်တွေကိုလိုချင်ရင် သာစည်ဈေးမှာ ရနိုင်ပါတယ်။ ဒီထက်ပိုပြီး ဈေးကွက်တွင်ကျယ်လာအောင် မြှင့်တင်စားသုံးဌာနနဲ့လည်း ချိတ်ဆက်ဆောင်ရွက်နေပါတယ်။ ပြီးခဲ့တဲ့လတုန်းက မုံရွာမြို့၊ မြို့တော်ခန်းမမှာ ပြုလုပ်တဲ့ မြန်မာ-အိန္ဒိယ ကုန်စည်ပြပွဲမှာ တစ်သိန်းကျော်ဖိုး ရောင်းခဲ့ရတယ်။ နောက်လာမယ့်ပြပွဲတွေမှာလည်း ဝင်ရောက်ပြသသွားမှာပါ" လို့ လုပ်ငန်းရှင်တစ်ဦးက ပြောပြတဲ့အတွက် လက်ပုကန်ကျေးရွာမှ ရက်ကန်းလုပ်ငန်းဟာ ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်ထိုး ဖောက်ကာ နိုင်ငံခြားဝင်ငွေရှာဖွေပေးနေတဲ့ လုပ်ငန်းတစ်ခုဖြစ်ကြောင်း သိရပါတယ်။

**စွမ်းရည်-ယင်းမာပင်**

# မြို့ကြီးများ၏ ၁၅-၂-၂၀၁၆ မှ ၁၉-၂-၂၀၁၆ နေ့အထိ မိုးလေဝသခန့်မှန်းချက်

| မြို့ | တနင်္လာ(၁၅-၂-၂၀၁၆) | အင်္ဂါ(၁၆-၂-၂၀၁၆) | ဗုဒ္ဓဟူး(၁၇-၂-၂၀၁၆) | ကြာသပတေး(၁၈-၂-၂၀၁၆) | သောကြာ(၁၉-၂-၂၀၁၆) |
|---|---|---|---|---|---|
| နေပြည်တော် | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၇°C/၉၉°F |
| ရန်ကုန်မြို့ | နေသာ ၃၇°C/၉၉°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၈°F |
| မန္တလေးမြို့ | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F |
| မြစ်ကြီးနား | နေသာ ၃၀°C/၈၆°F | နေသာ ၃၁°C/၈၈°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၈၉°F |
| လားရှိုး | နေသာ ၂၉°C/၈၄°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F | နေသာ ၂၉°C/၈၅°F |
| ကျိုင်းတုံ | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၁°C/၈၇°F |
| လွိုင်ကော် | နေသာ ၃၂°C/၉၀°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၃°C/၉၁°F | နေသာ ၃၂°C/၉၀°F |
| တောင်ကြီး | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၈°F | နေသာ ၂၆°C/၇၉°F | နေသာ ၂၆°C/၇၉°F |
| မော်လမြိုင် | တိမ်အသင့်အတင့် ၃၇°C/၉၇°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၇°C/၉၇°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၆°F |
| ဘားအံ | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F |
| တောင်ငူ | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၈°C/၁၀၀°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F |
| မုံရွာ | နေသာ ၃၅°C/၉၅°F | နေသာ ၃၆°C/၉၆°F | နေသာ ၃၆°C/၉၇°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၈°F |
| ပုသိမ် | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၉°F | နေသာ ၃၇°C/၉၈°F | နေသာ ၃၇°C/၉၇°F |
| မြိတ် | နေသာ ၃၄°C/၉၄°F | နေသာ ၃၅°C/၉၅°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၄°F | နေသာ ၃၄°C/၉၃°F |
| စစ်တွေ | နေသာ ၃၁°C/၈၇°F | နေသာ ၃၁°C/၈၇°F | နေသာ ၃၂°C/၈၉°F | နေသာ ၃၂°C/၉၀°F | နေသာ ၃၂°C/၉၀°F |
| မကွေး | နေသာ ၃၃°C/၉၂°F | နေသာ ၃၂°C/၉၁°F | နေသာ ၃၃°C/၉၂°F | နေသာ ၃၄°C/၉၃°F | နေသာ ၃၃°C/၉၂°F |
| ဖလမ်း | နေသာ ၂၄°C/၇၆°F | နေသာ ၂၃°C/၇၄°F | နေသာ ၂၄°C/၇၆°F | နေသာ ၂၄°C/၇၅°F | နေသာ ၂၄°C/၇၅°F |



## တရုတ်နှစ်သစ်ကူး ပျော်ပွဲရွှင်ပွဲများကြောင့် ပေကျင်းတွင် လေထု ညစ်ညမ်းမှုများ ထပ်မံဖြစ်ပေါ်လာနိုင်

ပြီးခဲ့သည့်ရက်ပိုင်းအတွင်းက ကျင်းပခဲ့သည့် လူနာ တရုတ်နှစ်သစ်ကူးပွဲတော် ပျော်ပွဲရွှင်ပွဲများကြောင့် ပေကျင်းတွင် လေထုညစ်ညမ်းမှုများ ထပ်မံဖြစ်ပေါ်လာနိုင်ကြောင်း တရုတ်နိုင်ငံ လေထုအရည်အသွေးတိုင်းတာရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

နှစ်သစ်ကူးပွဲတော်ကျင်းပရာတွင် ပြုလုပ်ခဲ့ကြသည့် ဗျောက်အိုးဖောက်ခြင်း၊ မီးရှူးမီးပန်းများ ပစ်လွှတ်ခြင်း၊ အမွှေးတိုင်များ ထွန်းညှိခြင်းတို့ကြောင့် တရုတ်နိုင်ငံ၏မြို့တော်ဖြစ်သည့် ပေကျင်းတွင် ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ မီးခိုးငွေ့များ ထူထပ်လာခဲ့ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြထားသည်။

ပေကျင်းမြို့၏ လေထုအရည်အသွေး တိုင်းတာချက်များအရ လေထုညစ်ညမ်းမှုအဆင့်သို့ ပြန်လည်ရောက်ရှိလာခဲ့ပြီး လေထုအရည်အသွေးမှာ ၂ ဒသမ ၅ သို့ရောက်ရှိနေကြောင်း လေထုအရည်အသွေးတိုင်းတာရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

သို့သော် ပေကျင်းမြို့သူ မြို့သားများသည် မြို့တော်၏ လေထုအရည်အသွေး ကျဆင်းမှုကို ကာကွယ်ရန်အတွက် ဗျောက်အိုးများအသုံးပြုခြင်းကို လျှော့ချခဲ့ကြသည့်အတွက် ယခုနှစ်တွင် မီးခိုးထွက်ရှိမှုများ နည်းပါးခဲ့သည်ဟုဆိုသည်။

ဖေဖော်ဝါရီ ၇ ရက်နှင့် ၈ ရက် နှစ်ရက်အတွင်း ဗျောက်အိုးများ ဖောက်ခြင်းမှ ထွက်ရှိလာသည့် အမှိုက်စုစုပေါင်း ၄၁၃ တန်ကို သန့်ရှင်းရေးလုပ်သားများက သိမ်းဆည်းခဲ့ရကြောင်း၊ ယခုနှစ်တွင် သိမ်းဆည်းခဲ့ရသည့် အမှိုက်ပမာဏမှာ ယခင်နှစ်က သိမ်းဆည်းခဲ့ရသည့် အမှိုက်ပမာဏထက် ၃၃ ဒသမ ၈ ရာခိုင်နှုန်းလျော့နည်းခဲ့သည်ဟု ဆိုသည်။

**မယ်သီတာ**

## တရုတ်(တိုင်ပေ)ငလျင်ကြောင့် သေဆုံးသူ ၈၃ ဦးအထိ မြင့်တက်လာ၊ ပျောက်ဆုံးနေသူများအား ဆက်လက်ရှာဖွေလျက်ရှိ

တရုတ်(တိုင်ပေ)တွင် ပြီးခဲ့သည့် ဖေဖော်ဝါရီ ၆ ရက် နံနက်ပိုင်းက လှုပ်ခတ်ခဲ့သည့် အင်အားပြင်းငလျင်ကြောင့် သေဆုံးသူဦးရေမှာ မြင့်တက်လျက်ရှိကြောင်း၊ ဖေဖော်ဝါရီ ၁၂ ရက်အထိ သေဆုံးသူဦးရေ ၈၃ ဦးအထိ ရှိလာပြီး ပျောက်ဆုံးနေသူများလည်းရှိနေကြောင်း ဆင်ဟွာသတင်းဌာနက ထုတ်ဖော်ရေးသားခဲ့သည်။



Wei Guan အဆောက်အအုံသည် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ရာ အဆိုပါအဆောက်အအုံအောက်တွင် ပိတ်မိနေသူများရှိနေသေးကြောင်း၊

အထပ်ပေါင်း ၁၆ ထပ်ရှိသည့် Wei Guan အဆောက်အအုံ၏ အပျက်အစီးများထဲတွင် သေဆုံးသူ စုစုပေါင်း ၈၁ ဦးကိုတွေ့ရှိခဲ့ရကြောင်း၊ အဆောက်အအုံ၏ အပျက်အစီးများကို ဖယ်ရှားသည့်လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်းအဆိုပါသတင်းတွင် ရေးသားဖော်ပြထားသည်။

ကယ်ဆယ်ရေး လုပ်သားများသည် ပျောက်ဆုံးသည့် အသက်ရှင်ကျန်ရစ်သူများအား အဆိုပါ ၁၆ ထပ်မြင့်သည့် အဆောက်အအုံ၏အပျက်အစီးများအောက်တွင် ဆက်လက်ရှာဖွေလျက်ရှိသည်။ ပျောက်ဆုံးနေသူပေါင်း ၁၀၀ ကျော်ရှိနေပြီး အဆိုပါပျောက်ဆုံးနေသူများမှာ အသက်ရှင်ကျန်ရစ်နိုင်ဖွယ်ရာ မရှိကြောင်းဖြင့် အဆိုပါသတင်းတွင် ဖော်ပြထားသည်။

တရုတ်(တိုင်ပေ) အစိုးရသည် ၁၆ ထပ်မြင့်သည့် အဆိုပါအဆောက်အအုံအား ဆောက်လုပ်သည့်လုပ်ငန်းရှင်သုံးဦးကို ဖမ်းဆီးထားကြောင်း သိရသည်။ ယင်းအဆောက်အအုံကို ဆောက်လုပ်ရာတွင် အဆောက်အအုံ၏ အောက်ခံတိုင်များအတွင်း၌ ကွန်ကရစ်ထည့်သွင်းရမည့်အစား သံဖြူပုံးများကို ထည့်သွင်းကာ ဆောက်လုပ်ထားသည်ကို တွေ့ရှိခဲ့ရသဖြင့် တရုတ်(တိုင်ပေ) ဆောက်လုပ်ရေးလုပ်ငန်းရှင်များကြားတွင် ဝေဖန်မှုများ ထွက်ပေါ်လျက်ရှိသည်ဟုဆိုသည်။ **မယ်သီတာ**

Domestic Sport News
Vol: 16, No.7 Monday February 15 2016

# လေးနိုင်ငံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကျင်းပရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ စီစဉ်လျက်ရှိ

## စင်ကာပူ၊ ဗီယက်နမ်နှင့် ဟောင်ကောင်ဘောလုံးအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်



မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် လေးနိုင်ငံဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို လာမည့် ဇွန် ၃ ရက်မှ ၅ ရက်အထိ ရန်ကုန်မြို့၊ သုဝဏ္ဏဘောလုံးကွင်း၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဖိတ်ခေါ် ဘောလုံးပြိုင်ပွဲတွင် အိမ်ရှင် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းအပါအဝင် စင်ကာပူ၊ ဗီယက်နမ်နှင့် ဟောင်ကောင်ဘောလုံးအသင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လေးနိုင်ငံဖိတ်ခေါ်ဘောလုံးပြိုင်ပွဲကို စင်ကာပူကုမ္ပဏီတစ်ခုနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပခြင်းဖြစ်ပြီး စင်ကာပူနိုင်ငံတွင် ကျင်းပမည့် မာလိုင်းယန်ဖလား ဘောလုံးပြိုင်ပွဲ ပျက်ပြယ်ခဲ့ရသဖြင့် စင်ကာပူကုမ္ပဏီက မြန်မာနိုင်ငံတွင် လေးနိုင်ငံပြိုင်ပွဲ တစ်ရပ်ကျင်းပရန် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သို့ ကမ်းလှမ်းခဲ့ခြင်းဖြစ်သည်။

ယင်းပြိုင်ပွဲကို ဆီမီးဖိုင်နယ်အဆင့်မှ စတင်ကျင်းပမည်ဖြစ်ပြီး အနိုင်ရရှိသည့် အသင်းနှစ်သင်းသည် ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားရမည်ဖြစ်ကာရှုံးနိမ့်သည့် အသင်းနှစ်သင်းသည် တတိယနေရာလုပွဲကို ကစားရမည်ဖြစ်သည်။

ပြိုင်ပွဲကျင်းပမည့်နေ့ကို ဇွန်လ ၃ ရက်မှ ၅ ရက်ဟု သတ်မှတ်ထားသော်လည်း အာရှဖလားခြေစစ်ပွဲ အခြေအနေပေါ်မူတည်၍ အပြောင်းအလဲရှိနိုင်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သိရသည်။

အဆိုပါ လေးနိုင်ငံ ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ရန် စင်ကာပူဘောလုံးအသင်းက တရားဝင် အကြောင်းပြန်ကြားထားပြီး ကျန်အသင်းများကလည်း နှုတ်အားဖြင့် သဘောတူညီထားပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါပွဲစဉ်တွင် ဆုချီးမြှင့်မည့် ဆုကြေးများနှင့် ပွဲစဉ်ဇယားများကို ပြိုင်ပွဲကျင်းပမည့်ရက် နီးကပ်ချိန်တွင် ထုတ်ပြန် ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

# မြန်မာ့လက်ရွေးစင်အသင်းတွင် ဂိုးသမား သီဟစည်သူကို ပြန်လည်တွေ့မြင်ရတော့မည်ဟုဆို

စည်းကမ်းပိုင်းပြဿနာများကြောင့် မြန်မာ့လက်ရွေးစင်အသင်းနှင့် ဝေးကွာနေခဲ့သည့် ရှမ်းယူနိုက်ဂိုးသမား သီဟစည်သူကို မြန်မာ့လက်ရွေးစင်အသင်းတွင် မကြာမီ ပြန်လည်မြင်တွေ့ရတော့မည်ဖြစ်ကြောင်း မြန်မာ့လက်ရွေးစင်နည်းပြချုပ် မစ္စတာဂတ်ဆီဇီက ပြောကြားခဲ့သည်။

ရှမ်းယူနိုက်တက် ဂိုးသမား သီဟစည်သူသည် မြန်မာ့လက်ရွေးစင်အသင်းတွင် စည်းကမ်းပိုင်ဆိုင်ရာပြဿနာများ ဖြစ်ပွားခဲ့ပြီးနောက် မြန်မာ့လက်ရွေးစင်အသင်း လူစာရင်းမှ နှစ်အတန်ကြာချန်လှပ်ထားခြင်းခံရသူဖြစ်သည်။

သီဟစည်သူသည် လက်ရှိအချိန်တွင် ရှမ်းယူနိုက်တက်အသင်း၌ အကောင်းဆုံး ပုံစံပြန်လည်ရရှိနေပြီဖြစ်ရာ ၎င်းအား ပရိသတ်များက မြန်မာ့လက်ရွေးစင်အသင်းတွင် ပြန်လည်ရွေးချယ်ပေးရန် တောင်းဆိုမှုများရှိနေကြောင်း သိရသည်။

ထို့ကြောင့် သီဟစည်သူအား မြန်မာ့လက်ရွေးစင်အသင်းတွင် ပြန်လည်ပါဝင်လာနိုင်ရန်အတွက် ငွေခေတ် ဂိုးသမားဟောင်းလက်ရှိမြန်မာ့လက်ရွေးစင်ဂိုးနည်းပြဦးအောင်ကျော်ကျော်၏ အာမခံပေးမှုဖြင့် လက်ရွေးစင်အသင်းတွင် ပြန်လည်မြင်တွေ့ရမည်ဟု ဂတ်ဆီဇီက ပြောကြားလိုက်ခြင်းဖြစ်သည်။

“လက်ရှိမှာ သီဟစည်သူအနေနဲ့ ပုံစံကောင်းရနေတာကို သိပါတယ်။ သူက မြန်မာပြည်မှာ အကောင်းဆုံးဂိုးသမားဆိုတာကို လက်ခံပါတယ်။ ဒါပေမယ့် သူက အရင်တုန်းက စည်းကမ်းပိုင်းဆိုင်ရာ ပြဿနာလေးတွေရှိနေလို့ ကျွန်တော့်အနေနဲ့ ချန်ထားခဲ့ရတာပါ။ အခု ဂိုးနည်းပြဦးအောင်ကျော်ကျော်က တကယ်လို့ သီဟစည်သူ ပြန်ပါလာမယ်ဆိုရင် ကောင်းကောင်းထိန်းကျောင်းပေးနိုင်တယ်ဆိုပြီး အာမခံထားပါတယ်။ ဒါကြောင့် မကြာခင်မှာ သီဟစည်သူကို လက်ရွေးစင်အသင်းမှာ ပြန်လည်မြင်တွေ့ရမှာပါ”ဟု ဂတ်ဆီဇီက ပြောကြားခဲ့သည်။





# ယူ-၁၉ နည်းပြချုပ်ရာထူးခန့်အပ်ရန် ဦးမျိုးလှိုင်ဝင်းနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ဆွေးနွေးမည်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်အနေဖြင့် ယူ-၁၉ မြန်မာ့လက်ရွေးစင်အသင်း၏ နည်းပြချုပ်ရာထူးနေရာတွင် နေပြည်တော်အသင်း၏ နည်းပြချုပ်ဖြစ်သူ ဦးမျိုးလှိုင်ဝင်းအား ခန့်အပ်ရန်ဆွေးနွေးမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ သိရသည်။

ဦးမျိုးလှိုင်ဝင်းကလည်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်၏ ကမ်းလှမ်းချက်ကို လက်ခံထားပြီး တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်း သိရသည်။

“သူ့ဘက်ကတော့ ကျွန်တော်တို့ရဲ့ကမ်းလှမ်းချက်ကို လက်ခံထားပါတယ်။ သူ့ရဲ့ မိခင်ကလပ် နေပြည်တော်အသင်းနဲ့ ဆွေးနွေးပြီးရင် ကျွန်တော်တို့နဲ့ အမြန်ဆုံးဆွေးနွေးသွားမှာပါ”ဟု မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ဦးမျိုးလှိုင်ဝင်းသည် မြန်မာနေရှင်နယ်လိဂ်သို့ မကူးပြောင်းမီက အဲပုဂံကလပ်အသင်းတွင် နည်းပြအဖြစ် တာဝန်ယူခဲ့သူဖြစ်ပြီး မြန်မာနေရှင်နယ်လိဂ် အစပိုင်းတွင် ရန်ကုန်ယူနိုက်တက်အသင်း၌ နည်းပြချုပ်အဖြစ် တာဝန်ယူခဲ့သူတစ်ဦးဖြစ်သည်။ ရန်ကုန်ယူနိုက်တက်အသင်းနှင့် လမ်းခွဲပြီးနောက် ဦးမျိုးလှိုင်ဝင်းသည် နေပြည်တော်အသင်းတွင် နည်းပြချုပ်အဖြစ် ယနေ့အထိ တာဝန်ထမ်းဆောင်လျက်ရှိသည်။

မြန်မာ ယူ-၁၉ အသင်းသည် ယခုနှစ်အတွင်း နိုင်ငံတကာပြိုင်ပွဲများ၌ ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး လေ့ကျင့်မှုများပြုလုပ်လျက်ရှိသည်မှာ ကာလအတန်ကြာမြင့်ပြီဖြစ်ကြောင်း သိရသည်။

# သုဝဏ္ဏဘောလုံးကွင်းအတွင်းရှိ ပျက်စီးနေသည့် ထိုင်ခုံများအား အသစ်ပြန်လည်တပ်ဆင်

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ပိုင် သုဝဏ္ဏဘောလုံးကွင်းအတွင်းရှိ ပျက်စီးနေသည့် ထိုင်ခုံများအား အသစ်ပြန်လည်တပ်ဆင်ခဲ့ကြောင်း မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က သတင်းထုတ်ပြန်ခဲ့သည်။

အဆိုပါပျက်စီးနေသည့် ထိုင်ခုံများအနက် ပြန်လည်ပြင်ဆင်တပ်ဆင်ခဲ့သည့် ထိုင်ခုံစုစုပေါင်းမှာ ၂၆၅ ခုံရှိကြောင်း သိရသည်။ ကျန်ရှိနေသေးသည့် ထိုင်ခုံများကိုလည်း ဆက်လက်ပြင်ဆင်သွားမည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

ယင်းပျက်စီးနေသည့် ထိုင်ခုံများသည် ဘောလုံးပွဲများသို့ လာရောက်ကြည့်ရှုခဲ့သည့် ပရိသတ်များအနက် ဆိုးသွမ်းပရိသတ်များ၏ ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့ရခြင်းဖြစ်သည်။

မြန်မာပရိသတ်များသည် မြန်မာအသင်းအား အနိုင်ရလိုစိတ်ဖြင့် အလွန်အကျွံအားပေးမှုများ ပြုလုပ်ခဲ့ကြပြီး မြန်မာအသင်း ရှုံးနိမ့်သည့်ပွဲတိုင်းလိုလိုပင် ကွင်းအတွင်းရှိ ထိုင်ခုံများအား ရိုက် ချိုးဖျက်ဆီးလေ့ရှိသဖြင့် ဖီဖာနှင့် အာရှဘောလုံးအဖွဲ့ချုပ်တို့၏ အရေးယူမှုများနှင့် မကြာခဏ ရင်ဆိုင်ခဲ့ရသည်။

နောက်ဆုံး ချမှတ်ထားခဲ့သည့် ပြစ်ဒဏ်မှာ ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်းက ကျင်းပခဲ့သည့် အာရှ ယူ-၁၉ခြေစစ်ပွဲအတွင်း ပရိသတ်တစ်ဦး ကွင်းအတွင်းဝင်ရောက်ခဲ့သောကြောင့် အာရှဘောလုံးအဖွဲ့ချုပ်က ဒဏ်ငွေအဖြစ် ဒေါ်လာ ၂၅၅၀၀ နှင့်တစ်ပွဲပယ်ပြစ်ဒဏ် ချမှတ်ခြင်း ခံခဲ့ရသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် အဆိုပါဖြစ်ရပ်မျိုး ထပ်မံဖြစ်ပွားခြင်းမရှိအောင် ပြိုင်ပွဲတိုင်းတွင် ပရိသတ်များအား ပညာပေးစည်းရုံးမှုများပြုလုပ်လျက်ရှိသည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့် မြန်မာ့ဘောလုံးတိုးတက်မြင့်မားလာရေးအတွက် နိုင်ငံတကာပြိုင်ပွဲများအား အိမ်ရှင်အဖြစ် လက်ခံကျင်းပပြီး မိမိနိုင်ငံ မိမိမြေပေါ်တွင် ပရိသတ် ကြည့်ရှုအားပေးခွင့်ရရှိရန် ကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိရာ အရေးအတွက် အနည်းငယ်သော ပရိသတ်အချို့၏ မလိုလားအပ်သော အပြုအမူများကြောင့် တိုင်းပြည်ဂုဏ်သိက္ခာ ထိခိုက်နစ်နာခဲ့ရမှုများ ပေါ်ပေါက်ခဲ့ရသည်။

နောင်ကျင်းပသည့် နိုင်ငံတကာပြိုင်ပွဲ (ဥပမာ-ဆူဇူကီးဖလား ၂၀၁၆) ပြိုင်ပွဲများတွင် ယခုကဲ့သို့ AFC နှင့် FIFA တို့၏အရေးယူခြင်း မခံရစေရန်၊ စည်းကမ်းပြည့်ဝ၍ နိုင်ငံတကာက လေးစားရသော ပရိသတ်များဖြစ်လာစေရန် ပရိသတ်များအားလုံး အချင်းချင်း အသိပညာပေးခြင်းဖြင့် မြန်မာ့ဘောလုံးအနာဂတ်အတွက် ပါဝင်ကူညီကြပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း အဖွဲ့ချုပ်၏ ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။





## အရွယ်မရောက်သေးသူအား အဓမ္မပြုကျင့်မှုဖြင့် ဆန်းဒါးလန်းကစားသမား အဒမ်ဂျွန်ဆင်ကိုတရားစွဲဆို

အရွယ်မရောက်သေးသည့် မိန်းကလေးငယ်အား အဓမ္မပြုကျင့်မှုဖြင့် ဆန်းဒါးလန်းကစားသမား အဒမ်ဂျွန်ဆင်ကို တရားစွဲဆိုထားကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

အဒမ်ဂျွန်ဆင်အား ဘရက်ဖို့ဒ်ကရောင်းတရားရုံး၌စစ်ဆေးစဉ် အရွယ်မရောက်သေးသည့် မိန်းကလေးငယ်နှစ်ဦးအား အဓမ္မပြုကျင့်ခဲ့သည်ဟူသည့် စွပ်စွဲချက်အား ငြင်းကငြင်းဆိုခဲ့သည်ဟု ဆိုသည်။

အသက် ၂၈ နှစ်အရွယ်ရှိ ကောင်တီဒူရမ်၊ အက်စ်လေအေဒင်တွင် နေထိုင်သည့် အဒမ်ဂျွန်ဆင်ကို ၂၀၁၅ ခုနှစ် မတ်လအတွင်းကဖမ်းဆီးခဲ့ပြီး တရားစွဲဆိုခဲ့ခြင်းဖြစ်သည်။

အဒမ်ဂျွန်ဆင်သည် အရွယ်မရောက်သေးသည့် မိန်းကလေးငယ်နှစ်ဦးအား ကက်စ်လေနှင့် ဝင်းဂိတ်ဟူသည့် နေရာနှစ်ရာတွင် ကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု အမှုလိုက်ရဲအရာရှိက ပြောကြားခဲ့သည်။

"ခင်ဗျားတို့ သတင်းတွေမှာ ဖတ်ကြရမှာပါ။ ဒါပေမယ့် သက်သေအထောက်အထားတွေကိုတော့ မမြင်ကြရသေးဘူးပေါ့။ လာမယ့်ရုံးချိန်းကျရင်တော့ အမှုလိုက်ရဲအရာရှိမစ္စဘလက်ဝဲလ်က သက်သေအထောက်အထားတွေနဲ့ ဖြစ်စဉ်အသေးစိတ်ကို ပြောပြပါလိမ့်မယ်။ အဲဒီအခါကျရင်တော့ ဒီဖြစ်စဉ်မှာ တရားခံ အဒမ်ဂျွန်ဆင် အပြစ်ရှိတယ်၊ မရှိဘူးဆိုတာကို ဆုံးဖြတ်ကြရမှာပါ"ဟု တရားသူကြီး ဂျွန်နသန်ရှိုစ်က စစ်ဆေးရေးအဖွဲ့ဝင် ၁၂ ဦးတို့အား ပြောကြားခဲ့သည်။

အဒမ်ဂျွန်ဆင်သည် အသက် ၁၆ နှစ်အောက်အရွယ်ရှိ မိန်းကလေးငယ်တစ်ဦးအား နေရာနှစ်ရာတွင် အဓမ္မပြုကျင့်မှုဖြင့် တရားစွဲဆိုခြင်းခံထားရပြီး လာမည့်ရုံးချိန်းတွင် သက်သေအထောက်အထားနှင့်တကွ တင်ပြမည်ဖြစ်ပြီး အပြစ် ရှိ၊ မရှိ ဆုံးဖြတ်မည်ဖြစ်ကြောင်း အဆိုပါသတင်းတွင် ဖော်ပြထားသည်။

## ကြောက်မက်ဖွယ်ရာ ဇီကာဗိုင်းရပ်စ်ရောဂါပိုးကြောင့် ၂၀၁၆ ရီအိုဒီဂျနေးရိုး အိုလံပစ်ပွဲကို သပိတ်မှောက်ရန် ဂျက်ဆီကာအင်းနစ်ဟေးလ် နှိုးဆော်




ဗြိတိသျှပြေးခုန်ပစ်ချန်ပီယံ ဂျက်ဆီကာအင်းနစ်ဟေးလ်က ကြောက်မက် ဖွယ်ရာ ဇီကာဗိုင်းရပ်စ်ပိုးကြောင့် ၂၀၁၆ ခုနှစ်အတွင်းကျင်းပမည့် ရီအိုဒီဂျနေရိုးအိုလံပစ်ပွဲတော်အား သပိတ်မှောက်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။၂၀၁၆ခုနှစ် နှစ်ဆန်းပိုင်းကတည်းက ကပ်ရောဂါသဖွယ်ဖြစ်ပေါ်လာခဲ့သည့် ဇီကာဗိုင်းရပ်စ်ရောဂါပိုးသည် လက်တင်အမေရိကနှင့် ဘရာဇီးနိုင်ငံတို့တွင် ဖြစ်ပွားလျက်ရှိသဖြင့် ယခုကဲ့သို့ သပိတ်မှောက်ရန် စီစဉ်ရခြင်းဖြစ်ကြောင်း ဂျက်ဆီကာအင်းနစ်က ပြောကြားခဲ့သည်။

"ကျွန်မတို့အနေနဲ့ မွေးဖွားလာမယ့်ကလေးတွေအတွက် ကြည့်ရပါမယ်။ ဒီအိုလံပစ်ပြိုင်ပွဲကို လာရောက်ယှဉ်ပြိုင်မယ့် အမျိုးသမီးအားကစားသမားတွေ အတွက်ရော၊ သူတို့ရဲ့မျိုးဆက်တွေအတွက်ပါ စဉ်းစားကြရမှာဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ ဘရာဇီးနိုင်ငံမှာ ဒီရောဂါနဲ့ပတ်သက်ပြီး ဘယ်လောက်အထိ တိုးတက်မှုရှိလာသလဲဆိုတာကို စောင့်ကြည့်နေကြပါတယ်။ ပြိုင်ပွဲကျင်းပဖို့ ခြောက်လလောက်သာလိုတော့တဲ့အတွက် အခုလိုပုံစံမျိုးနဲ့ဆိုရင်တော့ ကျွန်မတို့ အားကစားသမားတွေအားလုံး ဘရာဇီးကို သွားရောက်ယှဉ်ပြိုင်ဖို့ဆိုတာ မဖြစ်နိုင်ပါဘူး" ဟု ဂျက်ဆီကာအင်းနစ်ဟေးလ်က ပြောကြားခဲ့သည်။

ထို့အတူ အမေရိကန်အမျိုးသမီးလက်ရွေးစင်အသင်း၏ ဂိုးသမား ဟုပ်ဆိုလိုကလည်း "ဘရာဇီးနိုင်ငံမှာ ပြိုင်ပွဲတွေ အခုလိုအချိန်မျိုးမှာ ကျင်းပမယ်ဆိုရင် ကျွန်မတို့ မသွားနိုင်ပါဘူး။ ဒီရောဂါက ကပ်ရောဂါလိုဖြစ်နေတော့ ရောဂါကို ထိန်းချုပ်နိုင်ပြီဆိုမှ သွားဖို့သင့်ပါတယ်"ဟု ပြောကြားခဲ့သည်။

ဇီကာဗိုင်းရပ်စ်ပိုး ကူးစက်ပျံ့နှံ့မှုနှင့်ပတ်သက်၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကလည်း ကမ္ဘာတစ်ဝန်းလုံးအားအရေးပေါ်အခြေအနေတစ်ရပ် ကြေညာထားပြီး စောင့်ကြပ်ကြည့်ရှုကြရန် နှိုးဆော်ထားကြောင်း သိရသည်။

ဇီကာဗိုင်းရပ်စ်ပိုးသည် အေဒီးစ်ခြင်ကျားကိုက်ခံရခြင်းမှ ကူးစက်ခြင်းဖြစ်သည်။ အေဒီးစ်ခြင်ကျားအကိုက်ခံရပြီး ဇီကာဗိုင်းရပ်စ်ပိုး သယ်ဆောင်ထားသည့် ကိုယ်ဝန်ဆောင်အမျိုးသမီးမှ မွေးဖွားလာသည့်ကလေးသည်ဦးခေါင်းသေးငယ်သည့် ကလေးများဖြစ်နေသည့်အပြင် ဉာဏ်ရည်မပြည့်သည့် ကလေးငယ်များ ဖြစ်လာနိုင်ကြောင်း၊ ထို့ပြင် အဆိုပါကလေးငယ်သည် ဦးနှောက်အတွင်း ဇီကာဗိုင်းရပ်စ်ပိုး ကူးစက်ခံရကာ သေဆုံးသွားနိုင်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က သတင်းထုတ်ပြန်ခဲ့သည်။

၂၀၁၆အိုလံပစ်ပွဲတော်သို့ ကမ္ဘာတစ်ဝန်းလုံးမှ အားကစားသမားအများအပြားလာရောက်ကြမည်ဖြစ်ရာ အဆိုပါ ရောဂါပိုးကူးစက်ခံရမည်ကို စိုးရိမ်နေကြကြောင်းသတင်းတွင် ဖော်ပြထားသည်။




## တားမြစ်ဆေးပြဿနာများကြောင့် အပြည်ပြည်ဆိုင်ရာ ပြေးခုန်ပစ်အဖွဲ့ချုပ်နှင့် နက်စ်လေတို့ လမ်းခွဲ

တားမြစ်ဆေးပြဿနာများကြောင့် အပြည်ပြည်ဆိုင်ရာပြေးခုန်ပစ်အဖွဲ့ချုပ်အား အဓိကပံ့ပိုးကူညီမှုများ ပေးအပ်လျက်ရှိသည့် နက်စ်လေကုမ္ပဏီနှင့် အပြည်ပြည်ဆိုင်ရာပြေးခုန်ပစ်အဖွဲ့ချုပ် (IAAF)တို့ လမ်းခွဲလိုက်ကြပြီဖြစ်ကြောင်း ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။

ဆွစ်ဇာလန်နိုင်ငံ၏ အကြီးမားဆုံးသော ကမ္ဘာ့စားသောက်ကုန်ကုမ္ပဏီကြီးတစ်ခုဖြစ်သည့် နက်စ်လေသည် အပြည်ပြည်ဆိုင်ရာပြေးခုန်ပစ်အဖွဲ့အတွင်း၌ဖြစ်ပေါ်နေသည့် တားမြစ်ဆေးသုံးစွဲမှု ပြဿနာများအကြားတွင် ဆက်လက်ပံ့ပိုးမှုပြုရေး၊ မပြုရေးအတွက် အချိန်အတန်ကြာ စဉ်းစားခဲ့ပြီးမှ ဆက်လက်ပံ့ပိုးမှုမပြုရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း နက်စ်လေကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

သို့သော် IAAF ၏ဥက္ကဋ္ဌ လော့ဒ်ကိုးလ်ကမူ ယခုကဲ့သို့ အလျင်စလိုဆုံးဖြတ်ခဲ့ခြင်းအား လုံးဝလက်မခံနိုင်ကြောင်း ဒေါသတကြီးပြန်လည်တုံ့ပြန်ခဲ့သည်။

ပြီးခဲ့သည့် ဇန်နဝါရီလအတွင်းကလည်း IAAF နှင့် ကမ္ဘာကျော်အားကစားဝတ်စုံကုမ္ပဏီကြီးတစ်ခုဖြစ်သည့် အဲဒီးဒတ်စ်ကုမ္ပဏီတို့ လမ်းခွဲခဲ့သည်။

ယင်းကဲ့သို့ လမ်းခွဲခဲ့မှုများကြောင့် IAAF အနေဖြင့် ဆုံးရှုံးမှုကြီးများနှင့် ရင်ဆိုင်ရတော့မည်ဖြစ်သည်။

## လက်မှတ်ခနှုန်းထားများ တိုးမြှင့်မိသည့်အတွက် လီဗာပူးအသင်းပိုင်ရှင် တောင်းပန်စကားဆို၊ လာမည့်ရာသီတွင် ပုံသေဈေးနှုန်းသာ သတ်မှတ်ပေးမည်ဟု ထုတ်ဖော်ကြေညာ

လက်မှတ်ခနှုန်းထားများ တိုးမြှင့်လိုက်ခြင်းအတွက် လီဗာပူးအသင်းပိုင်ရှင်များက တောင်းပန်စကားဆိုလိုက်ပြီး လက်မှတ်ခနှုန်းထားများကို တိုးမြှင့်ခြင်းအား ရုပ်သိမ်းခဲ့ကြောင်း မေးလ်အွန်လိုင်းတွင် ဖော်ပြထားသည်။

လီဗာပူးအသင်းသည် ယခုနှစ် ဘောလုံးရာသီတွင် အသင်း၏ အိမ်ကွင်းလက်မှတ်ခနှုန်းများကို ၅၉ ပေါင်မှ ၇၇ ပေါင်သို့ တိုးမြှင့်လိုက်သည့်အတွက် ဆန်းဒါးလန်းနှင့်ယှဉ်ပြိုင်မည့်ပွဲစဉ်တွင် ဆန္ဒပြမှုများပြုလုပ်ခဲ့ကြသည်။




အဆိုပါပွဲတွင် လီဗာပူးပရိသတ်များသည် ပွဲချိန် ၇၇ မိနစ်သို့ အရောက်တွင် ကွင်းအတွင်းမှ ထွက်ခွာခဲ့ကြသည်။ ယင်းဖြစ်ရပ်ကြောင့် လီဗာပူးအသင်းပိုင်ရှင်များဖြစ်သည့် Fenway Sports Group သည် အသင်း၏ ပရိသတ်များအား စာလုံးရေ ၉၃၇ လုံးပါဝင်သည့် စာတစ်စောင်ဖြင့် တောင်းပန်ခဲ့သည်။

ထို့ပြင် Fenway Sports Group အနေဖြင့်လည်း လာမည့်ဘောလုံးရာသီ နှစ်ရာသီအတွင်း လက်မှတ်ခများကို တိုးမြှင့်ကောက်ခံမည်မဟုတ်ဘဲ ပုံသေဈေးနှုန်းအတိုင်း ထားရှိမည်ဖြစ်ကြောင်း အဆိုပါစာတွင်ဖော်ပြထားသည်။

လီဗာပူးလ် အမာခံ ပရိသတ်အဖွဲ့အစည်းတစ်ခုဖြစ်သည့် Spirit of Shankly ၏ ပြောရေးဆိုခွင့်ရပုဂ္ဂိုလ် ဂျေးမက္ကန်နာက "ရိုးရိုးသားသား ပြောရရင် ကျွန်တော် ပြောစရာစကားတောင်ရှာမတွေ့ဘူး။ အသင်းက ခုလိုတုံ့ပြန်မယ်လို့ မျှော်လင့်မထားပါဘူး။ သူတို့တွေက ပရိသတ်ကို တောင်းပန်တယ်။ ဒါဟာတကယ့်ကို အသိအမှတ်ပြုလေးစားရမယ့် ကိစ္စပါ။ သူတို့ မှားယွင်းယူဆမိတာကို အသင်းက ပြန်တောင်းပန်တယ်။ ဒါဟာ မှန်ကန်တဲ့ချဉ်းကပ်မှုတစ်ခုပဲ ဖြစ်ပါတယ်"ဟု ဆိုသည်။

# မော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံးတွင် စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပွဲကျင်းပ

စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများကို စားသုံးသူပြည်သူများ သိရှိရန် မြို့နယ်များတွင် ကျယ်ကျယ်ပြန့်ပြန့်အသိပညာပေး ဆောင်ရွက်လျက်ရှိသည့် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တာဝန်ရှိသူများနှင့် ဝန်ထမ်းများသည် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန (ရန်ကုန်ရုံးခွဲ)၊ ရန်ကုန်တိုင်းကျန်းမာရေး ဦးစီးဌာနတို့နှင့်ပူးပေါင်း၍ ဖေဖော်ဝါရီ ၉ ရက် နံနက် ၁၀နာရီတွင် မော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် စားသုံးသူ အကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဟောပြော ဆွေးနွေးပွဲကျင်းပခဲ့ပါသည်။

ဟောပြော ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်သော်က အဖွင့်အမှာစကား ပြောကြားရာတွင် ယခုကဲ့သို့ အန္တရာယ်ရှိစား သောက်ကုန်များအကြောင်း သိကောင်းစရာ များကို လာရောက် အသိပညာပေး ဟောပြောကြသည့်အတွက် တက်ရောက်လာကြသော ရပ်/ကျေးအုပ်ချုပ်ရေးမှူးများအနေဖြင့် စိတ်ပါဝင်စားစွာ နားထောင်သင့်ကြောင်း၊ မိမိတို့ရပ်ကွက်/ကျေးရွာများသို့ပြန်လည်ရောက်ရှိပါက ထပ်ဆင့်ဆွေးနွေးအသိပညာ၊ ပြန့်ပွားပေးကြရန် လိုပါကြောင်း ပြောကြားသွားပါသည်။



ဆက်လက်၍ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှဦးစီးအရာရှိ ဒေါ်ထားထားလှိုင်က စားသုံးသူအကာအကွယ်ပေးရေး ဥပဒေပါပြဋ္ဌာန်းချက်များအကြောင်း၊ စားသုံးသူအခွင့်အရေးနှင့်ပတ်သက်ပြီး လုပ်ဆောင်ရန်နည်းလမ်းများအကြောင်းကို ဆွေးနွေးပြောကြားရာ စားသုံးသူအကာအကွယ်ပေးရေးအတွက် ဗဟိုကော်မတီကို ဖွဲ့စည်းထား ရှိပါကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက်စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများအား ဆောင်ရွက်နေပါကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ကိုလည်း ဖွဲ့စည်းထားရှိပါကြောင်း၊ တနင်္သာရီ တိုင်းဒေသကြီးတွင် ဖြစ်ပေါ်ခဲ့သော အချိုရည်ကိစ္စနှင့်ပတ်သက်ပြီး အချိုရည်တွင်ပါရှိသည့် ညွှန်ကြားချက် အတိုင်း မလိုက်နာတဲ့အတွက် ကျောင်းသားလူငယ်များ မူးမေ့အော့အန်ကြကြောင်း၊ သို့ပါ၍ အိမ်နီးချင်းနိုင်ငံများမှ ထုတ်လုပ်သည့် စားသောက်ကုန်များသည် မိမိတို့ နားမလည်သည့် စာသားများပါရှိသောကြောင့် အသိ/သတိနှင့် ယှဉ်၍ စားသောက်ရန်၊ မိမိတို့နေ့စဉ်စားသောက်သော အစားအသောက်များသည် အစားလား၊ အဆိပ်လားဆိုတာ ခွဲခြား၍ စားသောက်နေထိုင်ရန်၊ အမှုမဲ့အမှတ်မဲ့နေထိုင်စားသောက်ခြင်းမပြုဘဲ တစ်မျိုးသားလုံး၏ အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်ကာ ပြုမူနေထိုင် စားသောက်ရန်၊ နိုင်ငံပိုင်သတင်းစာများတွင် လက်ရှိဖြစ်ပေါ်နေသော ပြည်တွင်းပြည်ပမှာ ဖြစ်ပွားနေသော ရောဂါများအကြောင်းပါရှိ၍ ဆင်ခြင်နေထိုင်ကြရန်အတွက် စာများများဖတ်ကြရန် အကျယ်တဝင့် ဆွေးနွေးဟောပြောခဲ့ပါသည်။

ထို့နောက် ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန(ကိုယ်စား) မြို့နယ်ကျန်းမာရေးဌာနမှ လက်ထောက်ဆရာဝန် ဒေါ်တင်မူမြင့်ကလည်း မော်ဘီမြို့နယ်တွင် မြို့နယ်လူထုအနေနှင့် ကျန်းမာရန်၊ ကျန်းမာရေးအသိပညာရှိရန်အတွက် ကျန်းမာရေးစောင့်ရှောက်ရေးကော်မတီကိုဖွဲ့စည်းထားပါကြောင်း၊ မကြာမီကပင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ လာရောက်ပြီး ရေသန့်များကို စစ်ဆေးခဲ့ပါကြောင်း၊ ဈေးများနှင့်ကျောင်းမုန့်ဈေးတန်းများတွင် ရောင်းချသောအချိုရည်များနှင့်လက်ဖက်များကို စစ်ဆေးခဲ့ကြောင်း၊ ယခုလိုစစ်ဆေးခြင်းကို ခြောက်လတစ်ကြိမ် ပြုလုပ်ကြောင်း ပြောကြားပါသည်။ ယခုအခါ ဝမ်းပျက်ဝမ်းလျှောရောဂါများ ဖြစ်ပွားနေသည့်အတွက် မသန့်ရှင်းသောအစားအစာနှင့် ဆိုးဆေးသုံးထားသော ငရုတ်ဆီများအား မစားသင့်ကြောင်း၊ ကုသရေးထက် ကာကွယ်ရေးကို ပိုလုပ်သင့်ကြောင်း ဟောပြောဆွေးနွေးသွား ခဲ့ပါသည်။

ထို့ပြင် ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းသိန်းက မော်ဘီမြို့နယ်သည် စိုက်ပျိုးရေးနယ်မြေဖြစ်သည့်အတွက် စိုက်ပျိုးထုတ်လုပ်သည့်သီးနှံများတွင် ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများသုံးစွဲရာ၌ အညွှန်းအတိုင်း လိုက်နာသုံးစွဲရန်လိုကြောင်း၊သုံးစွဲပြီးစွန့်ပစ်ပစ္စည်းများကိုလည်း စနစ်တကျစွန့်ပစ်သင့်ကြောင်း၊ အညွှန်းစာသားများကို ထုတ်လုပ်ရောင်းချတင်သွင်းသူများက မြန်မာစာသားဖြင့် ရေးသားဖော်ပြရန် သက်ဆိုင်ရာဌာနက ဥပဒေထုတ်ပြန် ကြေညာထားပြီးဖြစ်ကြောင်း၊ စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ ဓာတ်မြေဩဇာနှင့် ပိုးသတ်ဆေးများသုံးစွဲရာတွင် စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါ စားသုံးသူ၏ တာဝန်များနှင့်အညီ အညွှန်းပါညွှန်ကြားချက်များအတိုင်း စနစ်တကျလိုက်နာ အသုံးပြုသွားရန်၊ စားသုံးသူကာကွယ်ရေးလုပ်ငန်းများကို တက်ရောက်လာကြသည့် ဌာနဆိုင်ရာများနှင့် ရပ်/ကျေး အုပ်ချုပ်ရေးမှူးများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားခဲ့ပါသည်။

ဟောပြော ဆွေးနွေးပွဲသို့ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ အရာထမ်း၊ အမှုထမ်းများ၊ မြောက်ပိုင်းခရိုင်မှူးနှင့် ဝန်ထမ်းများ၊ မြို့နယ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများရပ်ကွက်နှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၈၀ ဦး တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**စိုးစိုးဦး (စားသုံးသူ)ရန်ကုန်**

# စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင်အတွင်း စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများအား အရှိန်အဟုန်မြှင့် ၍ဆောင်ရွက်



စစ်ကိုင်းတိုင်းဒေသကြီး အတွင်း ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးရဲ့ ကြီးကြပ်မှုဖြင့် စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိပါတယ်။

ကန့်ဘလူခရိုင်တာဝန်ခံ ဦးစောမောင် ဦးစီးတဲ့ တာဝန်ရှိသူများသည် ဇန်နဝါရီလအတွင်း ကန့်ဘလူမြို့နယ်အတွင်းရှိ ကိုးတောင်ဘို့၊ ဘုတ်တောကျေးရွာတို့ရှိ အခြေခံပညာ အထက်တန်းကျောင်းတို့တွင် လည်းကောင်း၊ လိတ္တူ မြေဒူးနဲ့ ယင်းသာ အခြေခံပညာအလယ်တန်းကျောင်းတို့တွင် လည်းကောင်း၊ နတ်ပေးကျေးရွာနဲ့ကိုးမြို့ကျေးရွာတို့ရဲ့ အခြေခံပညာမူလွန်ကျောင်းတို့တွင်လည်းကောင်း၊ ကိုင်းတော ကျေးရွာ၊ ဝါးရုံဘုတ်ကျေးရွာနှင့် ဇီးပင်သာကျေးရွာတို့ရှိ အခြေခံပညာမူလတန်းကျောင်းတို့တွင်လည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးဟောပြောပွဲများ ပြုလုပ်ခဲ့ရာ ဆရာ/ဆရာမ ၁၃၂ ဦး၊ ကျောင်းသား/သူ ၄၀၃၉ ဦးတက်ရောက်ခဲ့ကြပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်တွင် ဘူးကုန်းနဲ့ ဒါန်းပင်ကျေးရွာတို့ရှိ အခြေခံပညာ အလယ်တန်းကျောင်းတို့တွင် လည်းကောင်း၊ ရွက်ကြမ်းကျေးရွာနဲ့ သဘွတ်ကုန်းကျေးရွာတို့ရှိ အခြေခံပညာမူလွန်ကျောင်းတို့တွင်လည်းကောင်း သွားရောက်ဟောပြောခဲ့ရာ ဆရာ/ဆရာမ ၃၈ ဦး၊ ကျောင်းသား/သူ ၉၈၀ ဦး တက်ရောက်ခဲ့ပါတယ်။ စားသုံးသူအကာအကွယ်ပေးရေး ဥပဒေအကြောင်းနဲ့ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်း များအကြောင်း ကျယ်ကျယ်ပြန့်ပြန့် ဟောပြော ဆွေးနွေးခဲ့ပြီး ကျောင်းမုန့်ဈေးဆိုင်များအား စားသုံးသူအကာအကွယ်ပေးရေး ရှုထောင့်အရစစ်ဆေးခဲ့ပါတယ်။

ကန့်ဘလူခရိုင်တာဝန်ခံ ဦးစောမောင်နဲ့ ကျွန်းလှမြို့နယ် တာဝန်ခံ ဦးအောင်ကျော်မိုးတို့သည် ၂၀၁၆ ခုနှစ် ဇန်နဝါရီလတွင် ကျွန်းလှမြို့နယ်အတွင်းရှိ စံပြ၊သံဘိုနဲ့ သဖန်းဆိပ် အခြေခံပညာ အလယ်တန်းကျောင်းတွင် ဆရာ/ဆရာမ ၃၁ ဦး၊ ကျောင်းသား/သူ ၆၈၀ ဦးကိုလည်းကောင်း၊ ရေဦးမြို့နယ် တာဝန်ခံ ဦးအောင်ညွှန့်သည် ရေဦးမြို့နယ် အတွင်း ကုက္ကိုစု၊ ရွာသာလေး၊ အောင်ချမ်းသာ၊ ရေဦးကုန်း၊ဖိန်းကား၊ရွာသစ်၊ရွှေပြည်သာကျေးရွာတို့ရှိ အခြေခံပညာ မူလတန်းကျောင်းနဲ့ ဖေဖော်ဝါရီလအတွင်း အောင်မင်္ဂလာရပ်ကွက်ရှိအခြေခံပညာမူလွန်ကျောင်းတွင် ဆရာ/ဆရာမ ၆၄ ဦး၊ကျောင်းသား/သူ ၆၀၈ ဦးတို့ကိုလည်းကောင်း စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးခြင်းများကို ကွင်းဆင်းဟောပြောဆောင်ရွက်ခဲ့ပါတယ်။

ဆက်လက်၍ တန့်ဆည်မြို့နယ် တာဝန်ခံ ဦးကျော်ဝင်းသည် ဇန်နဝါရီလတွင် တန့်ဆည် မြို့နယ်အတွင်း ရွှေတကျေး အခြေခံပညာ အလယ်တန်းကျောင်း၊ ကုန်းရိုးအခြေခံပညာမူလွန်ကျောင်းနှင့် ရတနာ၊ ဒယ်ယောက်အခြေခံပညာမူလတန်းကျောင်းတို့တွင် ဆရာ/ဆရာမ ၂၅ ဦး၊ကျောင်းသား/သူ ၅၁၀ ဦးတို့ကို စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ပြီး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့တယ်လို့ သိရပါတယ်။ ယနေ့အထိ ကန့်ဘလူခရိုင်တွင်းရှိမြို့နယ်များတွင် ကျောင်းပေါင်း ၈၁ ကျောင်းမှ ဆရာ/ဆရာမများ၊ ကျောင်းသား/ကျောင်းသူများ၊ကျောင်းဈေးသည်များနဲ့ လေ့လာသူများ စုစုပေါင်း ၃၃၆၉၄ ဦးအား စားသုံးသူအကာအကွယ်ပေးရေး အသိပညာပေး ဟောပြောဆွေးနွေးပြီးဖြစ်ပါတယ်။

**စောမောင်/ယဉ်ယဉ်အေး**

# ရေးမြို့နယ်၊ အစင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာနှင့် ထုတ်ကုန်လုံခြုံစိတ်ချရမှုဆိုင်ရာ သိကောင်းစရာများအကြောင်း ဟောပြောဆွေးနွေး

ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံး သူရေးရာဦးစီးဌာန၊ မွန်ပြည်နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် အစားအသောက်များ ဘေးဥပဒ် အန္တရာယ်ကင်းရှင်းရေးနှင့် စားသုံးသူ အကာအကွယ်ပေးရေး အသိပညာပေး ဆောင်ရွက်ခြင်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ပြည်နယ်ဦးစီး မှူးရုံးမှ ဦးစီးအရာရှိ ဦးခင်ဇော် ဦးဆောင်သော ဝန်ထမ်းအဖွဲ့များနှင့် မြို့နယ်တာဝန်ခံ ဦးသန့်ဇင်ဦးတို့သည် ရေးမြို့နယ် အစင်ကျေးရွာ အခြေခံ



ပညာအထက်တန်းကျောင်းသို့ ဖေဖော်ဝါရီ ၁၀ ရက်တွင် သွား ရောက်ခဲ့ပြီး စားသုံးသူ အကာအကွယ် ပေးရေး သိကောင်းစရာများ၊ ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ သိကောင်းစရာများ အကြောင်း ဟောပြောဆွေးနွေးခြင်း နှင့် လက်ကမ်းစာစောင်များ ဝေငှခြင်း တို့ကို ကျင်းပပြုလုပ်ခဲ့ပါသည်။

အဆိုပါ ဟောပြောဆွေးနွေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ထားရီက အဖွင့်အမှာစကား ပြောကြားပြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိ ဦးခင်ဇော်က ဌာနနှင့် ပတ်သက်သော အကြောင်းအရာများနှင့် စားသုံးသူ အကာအကွယ်ပေးရေး ဆောင်ရွက်နေရခြင်း၏ ရည်ရွယ်ချက်များအား ရှင်းလင်းပြောကြားပြီး၊ စားသုံးသူရေးရာဌာနခွဲတာဝန်ခံ ဒုတိယဦးစီးမှူး ဦးအောင်ကျော်မိုးက စားသုံးသူ အကာအကွယ်ပေးရေးဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ဗဟိုကော်မတီ ဖွဲ့စည်းထားမှု၊ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့်လုပ်ငန်းကော်မတီများဖွဲ့စည်းမှု၊ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုနှင့် စားသုံးရန်မသင့်သော အစားအသောက်များအား သတိပြု ဆင်ခြင်၍ ရွေးချယ်ဝယ်ယူစားသုံးနိုင်ရန် တို့ကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။

ဆက်လက်၍ ထုတ်ကုန် လုံခြုံစိတ်ချရမှုဆိုင်ရာ ဌာနခွဲတာဝန်ခံ ဒုတိယ ဦးစီးမှူး ဦးနေဇင်သက်က ထုတ်ကုန်များ လုံခြုံစိတ်ချရမှုနှင့် ပတ်သက်၍ မိမိနိုင်ငံအတွင်းသို့ တင်သွင်းလာသော စားသောက်ကုန်၊ လူသုံးကုန်နှင့် ဆေးဝါးများကို သတ်မှတ်ထားသော စံချိန်စံညွှန်း အရည်အသွေးပြည့်မီမှုသာ ဝယ်ယူအသုံးပြုရန်နှင့်လုံခြုံစိတ်ချရမှု မရှိသော ကုန်စည်များ၏ ဘေးဥပဒ် အန္တရာယ်များ အကြောင်းအား ပရိုဂျက်တာဖြင့် ရှင်းလင်း ဟောပြောဆွေးနွေးခဲ့ပါသည်။

ယင်းဆွေးနွေးပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ ဆရာမ ၃၀ ဦး၊ ကျောင်းသား၊ ကျောင်းသူ ၅၅၀ ဦးနှင့် ကျောင်းမုန့်ဈေးသည် ၁၀ ဦးတို့ တက်ရောက်ခဲ့ကြပြီး စာသင်ကျောင်းရှိ မုန့်ဈေးတန်းတွင် စားသုံးရန်မသင့် တားမြစ်ထားသော အစားအသောက်များ ရောင်းချခြင်းရှိ/မရှိ စစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိပါသည်။

**Consumer-Mon**

# မြိတ်ခရိုင်၊မြိတ်မြို့အမှတ်(၅)အခြေခံပညာအထက်တန်းကျောင်းတွင် စားသုံးသူအကာအကွယ်ပေးရေး သိကောင်းစရာများဟောပြော

ကျောင်းသား၊ ကျောင်းသူများ အနေဖြင့် အစားအစာများ စားသုံးရာတွင် စားသုံးသင့်သည့် အစားအစာများ၊ စားသုံးရန်မသင့်သည့် အစားအသောက်များနှင့် ပတ်သက်၍ ဗဟုသုတရရှိရေး၊ စားသုံးသူ ကာကွယ်ရေး အသိပညာ ရရှိစေရန်ရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီး ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြိတ်ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် စည်ပင်သာယာရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန၊ မြို့နယ်ကျန်းမာရေး ဦးစီးဌာန၊ 'လမ်းစ' ပရဟိတအသင်းအဖွဲ့တို့နှင့် ပူးပေါင်း၍ ဖေဖော်ဝါရီ၉ရက်တွင် မြိတ်မြို့ အမှတ်(၅)အခြေခံပညာအထက်တန်း ကျောင်း၌ ကျောင်းမုန့်ဈေးတန်းများအား စစ်ဆေးခဲ့ပြီးစားသုံးသူ အကာအကွယ်ပေးရေးအသိပညာပေး ဟောပြောပွဲအား ကျင်းပပြုလုပ်ခဲ့ပါသည်။

ဟောပြောပွဲတွင် စားသုံးသူဥပဒေအကြောင်း၊ တိုင်ကြားစာပုံစံများ အကြောင်း၊ စားသုံးရန်မသင့်သော အစားအစာများ စားသုံးပါက ဖြစ်ပေါ်လာနိုင်သည့်ရောဂါများအကြောင်းအား ကျောင်းသားကျောင်းသူများ ဗဟုသုတရရှိစေရန် ရုပ်ရှင်များ ပြသခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်းများ ဆောင်ရွက်ခဲ့ပါသည်။အဆိုပါအခမ်းအနားသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ဆရာ/ဆရာမများ၊ ကျောင်းသားမိဘများ၊ ကျောင်းတွင်း ဈေးရောင်းသူများ၊ ကျောင်းသူကျောင်းသား စုစုပေါင်း ၆၅၀ ဦးခန့် တက်ရောက်ခဲ့ကြောင်း သတင်းရရှိပါသည်။

**ဇော်မင်းလတ်(ထားဝယ်)**

# ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့နှင့် လုပ်ငန်းကော်မတီနှစ်ရပ်တို့၏ ၂/၂၀၁၆ ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေး အဖွဲ့နှင့် စားသုံးသူတိုင်ကြားမှု လက်ခံဆောင်ရွက်ရေးလုပ်ငန်းကော်မတီ၊ ထုတ်ကုန်များလုံခြုံစိတ်ချရမှုဆိုင်ရာ လုပ်ငန်းကော်မတီတို့၏ စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းစဉ်များ (၂/၂၀၁၆) ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဖေဖော်ဝါရီ၁၁ ရက် နံနက် ၁၁နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ အစည်းအဝေးခန်းမ (၃)၌ ကျင်းပ ခဲ့ရာ ရန်ကုန်တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်နှင့်အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီနှစ် ရပ်တို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ စုစုပေါင်း ၃၀ ဦး တက်ရောက်ခဲ့ပါသည်။



အဆိုပါ အစည်းအဝေးတွင် ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးသန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူး ကုန်သွယ်မှုမြှင့်တင်ရေးနှင့်စားသုံးသူရေးရာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူး ဦးမြင့်ချိုက (၁/၂၀၁၆) ကြိမ်မြောက်အစည်းအဝေးမှ ဆောင်ရွက်ပြီး စီးမှုအခြေအနေများနှင့် ယခုကျင်းပသည့် (၂/၂၀၁၆)ကြိမ်မြောက်အစည်းအဝေးတွင် စားသုံးသူပြည်သူများအတွက် စားသုံးသူအကာအကွယ်ပေးရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြခဲ့ပါသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက စားသုံးသူ အကာအကွယ်ပေးရေးလုပ်ငန်းများ၏ အခြေအနေကို ရှင်းလင်းဆွေးနွေးကြပြီး ရန်ကုန်တိုင်းဒေသကြီး စားသုံးသူ အငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ဥက္ကဋ္ဌက နိဂုံးချုပ်အမှာ စကားပြောကြားပြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ အတွင်းရေးမှူးက အစည်းအဝေး တင်ပြချက်များအပေါ် သုံးသပ်ခြင်းနှင့် ရှေ့လုပ်ငန်းစဉ်များ ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်း ဆွေးနွေးတင်ပြကာ အစည်းအဝေး အခမ်းအနားကို ရုပ်သိမ်းခဲ့ပါသည်။

**ခင်သီ (စားသုံးသူ) ရန်ကုန်**

# ကရင်ပြည်နယ် ဖာပွန်မြို့တွင် စားသုံးသူအကာအကွယ်ပေးရေးအကြောင်း ဟောပြောဆွေးနွေး

ကုန်သွယ်မှု မြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန ကရင်ပြည်နယ်ဦးစီးမှူးရုံး၊ ပြည်နယ် ဦးစီး မှူးနှင့် တာဝန်ရှိသူများသည် ဖေဖော်ဝါရီ၉ ရက်က ကရင်ပြည်နယ် ဖာပွန်မြို့ ယွန်းစလင်း ခန်းမတွင် စားသုံးသူ အကာအကွယ်ပေးရေး အကြောင်း ဟောပြောဆွေးနွေးခဲ့သည်။

ဟောပြောဆွေးနွေးပွဲတွင် ကရင်ပြည်နယ်ဦးစီးမှူး ဦးတင့်ဆန်းက စားသုံးသူအကာအကွယ်ပေးရေး ဥပဒေနှင့် စားသုံးသူ၏အခွင့်အရေး၊ တာဝန်၊ စီးပွားရေးလုပ်ငန်းရှင်၏ အခွင့်အရေး၊ တာဝန်နှင့်တားမြစ်ချက်များ၊ တာဝန်ယူဆောင်ရွက်နေသည့် ကော်မတီများနှင့် ဆောင်ရွက်ချက်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များ၊ တရားမဝင် ကုန်သွယ်မှုနှင့်ကုန်စည်များကြောင့် စားသုံးသူများအပေါ် ထိခိုက်မှု၊ တရုတ်နိုင်ငံမှ မြောင်းဆီများအကြောင်း၊ ဓာတုဆိုး ဆေးများနှင့် အစားအစာများတွင် အသုံးပြုနေမှုအကြောင်း၊ သက်ဆိုင်ရာ ဌာနများက ကဏ္ဍအလိုက် စိစစ်ဆောင်ရွက်နေမှုနှင့်စားသုံးသူ အကာအကွယ်ပေးရေး ကိစ္စရပ်များတွင် ပြည်သူတစ်ဦးချင်းက ပါဝင်ဆောင်ရွက်ရန် လိုအပ်မှုများကို Video ပြကွက်၊ ဓာတ် ပုံမှတ်တမ်းများဖြင့် ရှင်းလင်းဆွေးနွေး ပါသည်။

ဆွေးနွေးပွဲသို့ ဖာပွန်အခြေချ စစ်ဗျူဟာမှူးနှင့် အရာရှိကြီးများ၏ ဇနီးများ၊ ဖာပွန် ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာများ၊ မြို့နယ် အုပ်ချုပ်ရေး မှူးနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ဖာပွန် အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများ ၊ မြို့မိမြို့ဖများနှင့် လုပ်ငန်းရှင်များ စုစုပေါင်း ၂၀၀ ကျော် တက်ရောက်ခဲ့ကြပြီး၊ ဖာပွန်ခရိုင် အုပ်ချုပ်ရေးမှူး ဦးဆန်းဦး က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

**ခင်ကြည်၊ စားသုံးသူရေးရာ၊ ကရင်ပြည်နယ်**

# အာဆီယံလေကြောင်း သဘောတူစာချုပ်မှာ ဖိလစ်ပိုင်နိုင်ငံ ပါဝင်လက်မှတ်ရေးထိုး




ဖိလစ်ပိုင်နိုင်ငံက လေကြောင်းသယ်ယူပို့ဆောင်မှု ဖြေလျော့ရေး သဘောတူစာချုပ်ကို အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ) အဖွဲ့ဝင် အိမ်နီးချင်းနိုင်ငံများနဲ့ အပြီးသတ်လက်မှတ်ရေးထိုးချုပ်ဆိုခဲ့ပြီးဖြစ်ရာ ဒေသတွင်းမှာ ခရီးသွားလာမှုနဲ့ ကုန်သွယ်မှုလုပ်ငန်းတို့ကို စျေးနှုန်းသက်သာစွာ ဆောင်ရွက်နိုင်တော့မှာဖြစ်ကြောင်း အင်ကွာရာနက်သတင်းမှာ ဖော်ပြပါတယ်။

ဖိလစ်ပိုင်သမ္မတ အာကွီနိုက အာဆီယံ လေကြောင်းသွားလာမှုဆိုင်ရာနိုင်ငံစုံ သဘောတူစာချုပ် (ASEAN Multilateral Agreement or Air Services) မှာပါဝင်တဲ့ Protocols 5 နဲ့ 6 ကိုဖေဖော်ဝါရီ ၃ ရက်က လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးနဲ့ ဆက်သွယ်ရေးဝန်ကြီးဌာန (DOTC)ရဲ့ ဖေဖော်ဝါရီ ၇ ရက်က ထုတ်ပြန်တဲ့ ကြေညာချက်မှာ ဖော်ပြပါတယ်။ ဒီလို လက်မှတ်ရေးထိုးပြီးဖြစ်တဲ့အတွက် ဖိလစ်ပိုင်လေယာဉ်တွေက အာဆီယံဒေသတွင်းရှိ မြို့တော်များအပါအဝင် မြို့ကြီးများကို အကြိမ်အကန့်အသတ်မရှိ ပျံသန်းခွင့်ရတော့မှာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခွင့်ရတဲ့အတွက် ပိုမိုကောင်းမွန်ထိရောက်တဲ့ဆက်သွယ်မှုကိုရရှိပြီးပိုမိုယှဉ်ပြိုင်နိုင်မှုရှိတဲ့ လက်မှတ်ခနဲ့ ဝန်ဆောင်မှုတွေကို ပေးနိုင်တော့မှာဖြစ်ကြောင်း DOTC က ပြောပါတယ်။

နောက်တစ်ဆင့်မှာ အခြားအာဆီယံအဖွဲ့ဝင် ကိုးနိုင်ငံအနက် တစ်နိုင်ငံချင်းမှ လေယာဉ်ခရီးစဉ်ပျံသန်းမှု အစီအစဉ်များ ရရှိရေးအတွက် DOTC နဲ့ မြို့ပြလေကြောင်းဘုတ်တို့ ပူးပေါင်းပြီး အကူအညီပေးသွားမှာ ဖြစ်ပါတယ်။ လေကြောင်းခရီးစဉ်သစ်များကို လာမယ့် ခြောက်လအတွင်း ရရှိအောင် ဖိလစ်ပိုင်နိုင်ငံက ရည်မှန်းချက်ထားဆောင်ရွက်သွားမှာဖြစ် ပါတယ်။

"သဘောတူညီချက်အရ နိုင်ငံခြားလေကြောင်းလိုင်းတွေကို မနီလာမှတစ်ဆင့် တခြားမြို့တော်တွေကိုပျံသန်းခွင့်ပြုမှာဖြစ်တဲ့အတွက် ပြည်တွင်းခရီးသွားလုပ်ငန်းနဲ့ ဝန်ဆောင်မှုလုပ်ငန်းတွေကိုလည်း အကျိုးဖြစ်ထွန်းစေလိမ့်မယ်လို့ ကျွန်တော်တို့ခန့်မှန်းထားပါတယ်"လို့ကြေညာချက်မှာဖော်ပြထားပါတယ်။

ဒီသဘောတူညီချက်အရပြည်ပမှာ ဖိလစ်ပိုင်စီးပွားရေး လုပ်ငန်းတွေလုပ်ငန်းချဲ့ထွင်ဖို့ အခွင့်အလမ်းတွေရရှိလာနိုင်ပါတယ်။ ဒါ့ပြင် တစ်သီးပုဂ္ဂလိကတွေ အထူးသဖြင့် ကျောင်းသားတွေနဲ့ အတတ်ပညာရှင်တွေအနေနဲ့လည်း အာဆီယံဒေသတွင်းမှာ အခွင့်အလမ်းတွေရှာဖွေဖို့လမ်းပွင့်သွားနိုင်ပါတယ်။

# TPPသဘောတူစာချုပ်မှ အသီးအပွင့်များကို ခံစားဖို့ ဗီယက်နမ်ပင်လယ်စာထုတ်လုပ်သူတို့ အသင့်ပြင်

ပစိဖိတ်ဖြတ်ပူးပေါင်းဆောင်ရွက်ရေးသဘောတူ စာချုပ် (Trans-Pacific Partnership-TPP) ကို ဖေဖော်ဝါရီ ၈ ရက်က လက်မှတ်ရေး ထိုးခဲ့ကြပါတယ်။

အကျိုးဆက်အဖြစ်အမေရိကန်ပြည်ထောင်စု၊ ဂျပန်နဲ့အခြား TPP အဖွဲ့ဝင်နိုင်ငံတွေမှာ ဗီယက်နမ်ပင်လယ်စာပို့ကုန်နဲ့ဝယ်လိုအားက မြင့်တက်လာလိမ့်မယ်လို့ စီးပွားရေးပညာရှင်တွေက ခန့်မှန်းကြောင်း ဗီယက်နမ်နယူးစ်အေဂျင်စီသတင်းမှာ ဖော်ပြပါတယ်။

လောလောဆယ်မှာ ဗီယက်နမ်ရဲ့ ပုစွန်နဲ့ တူနာငါးတွေကို အများဆုံးတင်သွင်းတဲ့နိုင်ငံတွေက အမေရိကန်ပြည်ထောင်စုနဲ့ ဂျပန်နိုင်ငံတို့ဖြစ်ပြီး ၂၀၁၅ ခုနှစ်က စုစုပေါင်း အမေရိကန်ဒေါ်လာ ၁ ဘီလီယံ (ဘတ် ၃၅ ဘီလီယံ)တင်သွင်းခဲ့ပါတယ်။

၂၀၁၅ ခုနှစ်အတွင်းမှာ ဗီယက်နမ်ပင်လယ်စာတင်ပို့သူတွေအနေနဲ့အခက်အခဲများ နဲ့စိန်ခေါ်မှုများစွာကို ရင်ဆိုင်တွေ့ကြုံခဲ့ရကြောင်း ဗီယက်နမ်ပင်လယ်စာတင်ပို့သူ များနဲ့ ထုတ်လုပ်သူများအသင်း UASEP ဥက္ကဋ္ဌ ငိုဗန်အစ်ကပြောပါ တယ်။ ၂၀၁၅ ခုနှစ်အတွင်းတင်ပို့မှုက အမေရိကန်ဒေါ်လာ ၆ ဒသမ ၇ ဘီလီယံအထိရှိခဲ့ပြီး ၂၀၁၄ ခုနှစ်နဲ့ နှိုင်းယှဉ်ရင် ၁၅ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ ဒီလိုကျဆင်းမှုကြောင့် ဘက်စုံမဟာဗျူဟာ ချမှတ်ဖို့ကြိုးစားနေတဲ့ အသင်းရဲ့ ကြိုးပမ်းမှုကိုအဟန့် အတားဖြစ်စေခဲ့ပါတယ်။

ယခုနှစ်မှာတော့ ဗီယက်နမ်နဲ့ ဥရောပသမဂ္ဂ (အီးယူ)တို့ရဲ့ လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူစာချုပ် တရားဝင်စတင်အသက်ဝင်တော့မှာဖြစ် ကြောင်း နဲ့ TPP သဘောတူစာချုပ်ကလည်း သက်ဆိုင်ရာနိုင်ငံတွေကို ပင်လယ်စာတင်ပို့ မှုအတွက် အထောက်အကူဖြစ်စေနိုင်ကြောင်း အစ်ကပြောပါတယ်။ ပင်လယ်စာတင်ပို့မှု မှာ ပင်လယ်စာတင်သွင်းတဲ့နိုင်ငံများက တင်းကျပ်စွာချမှတ်ထားတဲ့ စံချိန်စံညွှန်းများနဲ့ ရင်ဆိုင်တွေ့ကြုံနေရကြောင်း VASEP ရဲ့ အထွေထွေအတွင်းရေးမှူး ထရောင်ဒင်ဟိုက ပြောပါတယ်။ ဥပမာအားဖြင့် အမေရိ ကန်ပြည်ထောင်စုသို့တင်ပို့တဲ့ ပို့ကုန်လုပ်ငန်းရှင်များက BestAquaculture Practices (BAP)စံနှုန်း၊ Aquaculture Stewardship Council Standards (ASC) နဲ့ Marine Stewardship Council ရဲ့Chain of Custody (COC) စံနှုန်းများကို လိုက်နာဆောင်ရွက်ရပါတယ်။

ဒါကြောင့် TPP ကို တရားဝင်လက်မှတ်ရေးထိုးတဲ့အခါ သွင်းကုန်လုပ်ငန်းရှင်တွေက ချမှတ်ထားတဲ့ စံနှုန်းတွေကို ပြည့်မီအောင် ဗီယက်နမ်ပို့ကုန်လုပ်ငန်းရှင်တွေက အသင့်ပြင်ရတော့မှာဖြစ်ပါတယ်။ ပင်လယ်စာ လုပ်ငန်းတွေအတွက် ပို့ကုန်ခွန်ကို သုညရာခိုင်နှုန်းအထိဆွဲဆောင်မှုတွေပေးမှာဖြစ်တဲ့အတွက် ပင်လယ်စာလုပ်ငန်းတွေက မွေးမြူရေးနဲ့ ဆင့်တက်ပြုပြင်ရေးလုပ်ငန်းတွေမှာ ပိုမိုရင်းနှီးမြှုပ်နှံနိုင်တော့မှာဖြစ်ပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

## ပစိဖိတ်ဖြတ် ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်ကို လက်မှတ်ရေးထိုး

ဒေသတွင်းမှာ အကြီးမားဆုံး ကုန်သွယ်ရေး သဘောတူညီချက်တစ်ခုဖြစ်တဲ့ ပစိဖိတ်ဖြတ်ပူးပေါင်း ဆောင်ရွက်မှု (Trans-Pacific Partnership-TPP) သဘောတူစာချုပ်ကို အဖွဲ့ဝင်နိုင်ငံတို့က နယူးဇီလန်နိုင်ငံမှာ ဖေဖော်ဝါရီ ၈ ရက်က လက်မှတ်ရေးထိုးခဲ့ပါတယ်။ ဒါပေမယ့် လက်တွေ့အကောင်အထည်ဖော်ဖို့အတွက် လပေါင်းများစွာ ညှိနှိုင်းဆောင်ရွက်ရဦးမှာဖြစ်ကြောင်း Cinemablaze ဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြထားပါတယ်။ ငါးနှစ်ကြာ စေ့စပ်ညှိနှိုင်းပြီးတဲ့နောက် ၂၀၁၅ ခုနှစ် အောက်တိုဘာလမှာ TPP သတောတူညီချက် ကိုရေးဆွဲနိုင်ခဲ့ပြီး အတည်ပြုဖို့သတ်မှတ်ရက်က အကြိမ်ကြိမ်လွဲချော်ခဲ့ပါတယ်။ သဘော တူ စာချုပ်ကို နယူးဇီလန်နိုင်ငံ အော့ကလန်မြို့မှာ ဩစတေးလျ၊ ဘရူနိုင်း၊ ဗီယက်နမ်၊ ကနေဒါ၊ မလေးရှား၊ မက္ကဆီကို၊ နယူးဇီလန်၊ ပီရူး၊ အမေရိကန်ပြည်ထောင်စု၊ စင်ကာပူ၊ ချီလီနဲ့ ဂျပန်နိုင်ငံတို့မှ ကိုယ်စားလှယ်တွေ လက်မှတ်ရေးထိုးခဲ့ပါတယ်။

TPP စာချုပ်ဝင်နိုင်ငံတွေအနက်အကြီးဆုံးနိုင်ငံတွေဖြစ်တဲ့ ဂျပန်နိုင်ငံနဲ့ အမေရိကန်ပြည်တောင်စုမှာ ဒီ သဘောတူညီချက်နဲ့ပတ်သက်ပြီး နိုင်ငံရေးဆန့်ကျင်မှုတွေ အများအပြားပေါ်ပေါက်ခဲ့ပါတယ်။ အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဒီသဘောတူစာချုပ်ကို အစဉ်တစိုက်ကာကွယ်ပေးခဲ့ပါတယ်။ ဖေဖော်ဝါရီ ၄ ရက်က ဒီသဘောတူစာချုပ်ကို ကန့်ကွက်သူထောင် ပေါင်းများစွာက အော့ကလန်လမ်းမတွေမှာ ချီတက် ဆန္ဒပြခဲ့ကြပါတယ်။ TPP သဘောတူစာချုပ်အရ စီးပွားရေးလုပ်ငန်းကြီးတွေ အကျိုးဖြစ်ထွန်းဖို့အတွက် အသေးစားလုပ်ငန်းတွေထိခိုက်ခံရလိမ့်မယ်လို့ ဆန္ဒပြ သူတွေကပြောပါတယ်။

သဘောတူစာချုပ်အရ အလုပ်သမား စံနှုန်းသတ်မှတ်ချက်မြင့်မားခြင်း၊ အင်တာနက်ကို ပိုမိုလွတ်လပ်ခွင့် ပေးခြင်းနဲ့ သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းခြင်း စတဲ့လုပ်ငန်းတွေကိုဆောင်ရွက်ပေးရမှာဖြစ်ကြောင်း အိုဘားမားက ပြောပါတယ်။ ဒါပေမယ့်နိုဝင်ဘာလမှာ ကျင်းပမယ့်အမေရိကန်သမ္မတရွေးကောက်ပွဲမတိုင်မီ သဘောတူစာချုပ် အတည်ပြုလက်မှတ်ထိုးရေးကိစ္စ ကို အထက်လွှတ်တော်အများစုခေါင်းဆောင် မစ်ချ်မက်ကောနဲက ငြင်းဆိုထားပါတယ်။

TPP စာချုပ်ဝင် နိုင်ငံတွေမှာ နေထိုင်သူဦးရေက သန်း ၈၀၀ ရှိပြီး အဲဒီလူဦးရေက ကမ္ဘာ့ GDP ရဲ့ ၄၀ ရာခိုင်နှုန်းကိုထုတ်လုပ်ပေးပြီး ကမ္ဘာ့ကုန်သွယ်မှုမှာ လေးပုံတစ်ပုံပါဝင်နေပါတယ်။ ဒီ သဘော တူစာချုပ်ကို သက်ဆိုင်ရာ နိုင်ငံတစ်နိုင်ငံချင်းရဲ့ ဥပဒေတွေထဲမှာ လာမယ့်နှစ်နှစ်အတွင်း ထည့်သွင်းပြဋ္ဌာန်းပေးရမှာ ဖြစ်ပါတယ်။

# ဝန်ဆောင်မှုကုန်သွယ်ရေး လွယ်ကူချောမွေ့စေရေးသဘောတူစာချုပ်အတွက်စီစဉ်ဆောင်ရွက်ဖို့ အိန္ဒိယနိုင်ငံ တိုက်တွန်း

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ (ဒဗလျူတီအို)က ကုန်သွယ်ရေးစီးဆင်းမှုတိုးတက်ကောင်းမွန်ရေးအတွက် အကောက်ခွန်စည်းမျဉ်းများ လျှော့ချဖို့ ရည်ရွယ်ဆောင်ရွက်တဲ့ ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူစာချုပ် (တီအက်ဖ်အေ) ကိုအတည်ပြုဖို့ဆုံးဖြတ်ထားပြီးဖြစ်ပါတယ်။ ဒါပေမဲ့ ကမ္ဘာ့ဝန်ဆောင်မှုကုန်သွယ်ရေးကိုမြှင့်တင်ပေးရန်အတွက် ဒဗလျူတီအိုအဆင့် ဝန်ဆောင်မှုတွေဆောင်ရွက်ပေးစေလိုကြောင်း အိန္ဒိယနိုင်ငံက ဖေဖော်ဝါရီ ၉ ရက်က ကြေညာကြောင်း ဟိန္ဒူဝက်ဘ်ဆိုက်သတင်းမှာ ဖော်ပြပါတယ်။

ဒဗလျူတီအို သဘောတူစာချုပ်မှာ ကုန်ပစ္စည်းဆိုင်ရာကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူညီချက် ကို ထည့်သွင်းဖို့ ဒဗလျူတီအို အဖွဲ့ဝင် နိုင်ငံတွေက ၂၀၁၄ ခုနှစ် နိုဝင်ဘာမှာ ချမှတ်ခဲ့ကြပါတယ်။ တီအက်ဖ်အေကို လက်တွေ့အကောင်အထည်ဖော်နိုင်ဖို့အတွက် ဒဗလျူတီအိုအဖွဲ့ဝင်နိုင်ငံတွေရဲ့ သုံးပုံနှစ်ပုံကလက်ခံအတည်ပြုပေးဖို့လိုအပ်ပါတယ်။ ဒါပေမယ့် ယခုလောလောဆယ်အချိန်အထိဒဗလျူတီအိုအဖွဲ့ဝင် ၁၆၂ နိုင်ငံအနက် ၆၈ နိုင်ငံက အတည်ပြုထားပါတယ်။

"ကုန်ပစ္စည်း ကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူစာချုပ်ကို ကျွန်မတို့ အပြည့်အဝလက်ခံထားပြီးသားပါ။ ညှိနှိုင်းဆွေးနွေးမှုတွေ အတော်များများကိုဆောင်ရွက်ထားပြီးဖြစ်တဲ့အတွက် ဒီစာချုပ်ကို အမြန်ဆုံး အတည်ပြုဖို့ကောင်းပါတယ်။ ကုန်ပစ္စည်းကုန်သွယ်မှုလွယ်ကူချောမွေ့စေရေးသဘောတူစာချုပ်နည်းတူဝန်ဆောင်မှု ကုန် သွယ်ရေး လွယ်ကူချောမွေ့စေရေးကိုလည်း ဆောင်ရွက်ဖို့လိုပါတယ်။ ဒီကိစ္စကိုနောက်အစည်းအဝေးအစီအစဉ်မှာ ထည့်သွင်းပါတယ်"လို့အပြည်ပြည်ဆိုင်ရာကုန်သည်ကြီးများနေ့ အခမ်းအနားမှာ စီးပွားရေးနဲ့ကူးသန်းရောင်းဝယ်ရေး အတွင်းဝန်ရီတာ တီအောင်းတီယာက ပြောပါတယ်။

ဝန်ဆောင်မှုလုပ်ငန်းက အိန္ဒိယနိုင်ငံရဲ့ စုစုပေါင်းပြည်တွင်း ထုတ်လုပ်မှု (ဂျီဒီပီ) မှာ တစ်ဝက်ကျော်ပါဝင်နေပါတယ်။တိုင်းပြည် ရဲ့ ဂျီဒီပီတိုးတက်လာတာနဲ့ အမျှ ဝန်ဆောင်မှု ကုန်သွယ်ရေးကိစ္စကို အလေးထားရတော့မှာ ဖြစ်တဲ့အတွက် ပြည်တွင်းမူဝါဒတွေချမှတ်တဲ့အခါ သတိထားဆောင်ရွက် ရတော့မှာဖြစ်ကြောင်း သူမကပြောပါ တယ်။

လယ်ယာစိုက်ပျိုးရေး ပို့ကုန်ထောက်ပံ့မှုတွေကို တဖြည်းဖြည်း ပယ်ဖျက်သွားရာမှာ အိန္ဒိယနိုင်ငံက ရှေ့ လုပ်ငန်းစဉ်ချမှတ်ဆောင်ရွက်ဖို့လိုကြောင်း သူက ပြောပါတယ်။

# မလေးရှားနိုင်ငံမှာ ဖိလစ်ပိုင်နိုင်ငံက စပ်မျိုးစပါးစိုက်ပျိုးမည်

မလေးရှားနိုင်ငံက စပါးစိုက်ပျိုးဧရိယာနည်းပါးလျက် ရှိနေပေမယ့် ပြည်တွင်းမှာ ဆန်ဖူလုံစွာထုတ်လုပ်နိုင်ရေးအတွက် မလေးရှားနိုင်ငံက စပ်မျိုးစပါးထုတ်လုပ်မည်ဖြစ်ရာ ဖိလစ်ပိုင်နိုင်ငံက ဦးစားပေးဆောင်ရွက်သွားမှာဖြစ်ကြောင်း ဖိလစ်ပင်းစတား အွန်လိုင်း သတင်းမှာ ဖော်ပြပါတယ်။ ကနဦး ရှေ့ပြေး စမ်းသပ်ထုတ်လုပ်မှုတွင် အနည်းဆုံးမျိုးစေ့ ကီလို ၁၀၀၀ ကို ဖိလစ်ပိုင် မျိုးစပ်မျိုးထုတ်လုပ်ရေးလုပ်ငန်း SLA gritech Corp က တင်ပို့ပေးမှာ ဖြစ်ပါတယ်။

"ဒီလို စီးပွားဖြစ်စိုက်ပျိုးနိုင်တဲ့အတွက် ဖိလစ်ပိုင်နိုင်ငံကမလေးရှားနိုင်ငံနဲ့ သင့်တော်တဲ့စပ်မျိုးစပါးကို ပထမဆုံးမိတ်ဆက်စိုက်ပျိုးတဲ့နိုင်ငံဖြစ်ပါတယ်။ ကျွန်တော်တို့စပ်မျိုးစပါးက အပူပိုင်းရာသီဥတုနဲ့ သင့်တော်အောင် မျိုးစပ်ထားပါတယ်။ မလေးရှားနိုင်ငံရဲ့ ရာသီဥတုနဲ့ ကျွန်တော်တို့ မင်နာဒါအို ကျွန်းစုရဲ့ ရာသီဥတုက အတော်တူညီပါတယ်" လို့ SL Agritech ရဲ့ ဥက္ကဋ္ဌ ဟယ်ရီလင်ကွန်း လျောင်ကပြောပါတယ်။

ရှေ့ပြေး စမ်းသပ်စိုက်ပျိုးရေးလုပ်ငန်းကို မလေးရှားလယ်ယာစိုက်ပျိုးရေးသုတေသနနဲ့ ဖွံ့ဖြိုးရေးသိပ္ပံမှတစ်ဆင့် မလေးရှားအစိုးရနဲ့ မလေးရှား ပုဂ္ဂလိက လုပ်ငန်းတစ်ခုဖြစ်တဲ့ တီတီလျာယာလင်းကုမ္ပဏီ TLB တို့ ပူးပေါင်းဆောင်ရွက်ကြမှာဖြစ်ပါတယ်။ ဖိလစ်ပိုင်စပ်မျိုးစပါးကို တင်သွင်းပြီး စီးပွားဖြစ် စမ်းသပ်စိုက်ပျိုးဖို့ TLB က စိတ်ဝင်စားခဲ့ပေမယ့် ပြည်ထောင်စုစည်း မျဉ်းဥပဒေအရ စမ်းသပ်စိုက်ပျိုးမှုကို အရင်ဆုံး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

ဆာရာဝပ် ပြည်နယ်မှာ ရှေ့ပြေးစမ်းသပ်စိုက်ပျိုးခဲ့တာက အောင်မြင်မှုရရှိခဲ့ပါတယ်။ တစ်ဟက်တာကို မက်ထရစ်တန် ၁၀ တန်ထွက်ရှိတဲ့ အတွက် မလေးရှားနိုင်ငံမှာထွက်ရှိတဲ့ အမျိုးသားအဆင့် ပျမ်းမျှအထွက်နှုန်းထက် ထူးထူးခြားခြားပိုမိုခဲ့တာကိုတွေ့ရပါတယ်။

"မလေးရှားအစိုးရရဲ့ မူဝါဒတွေနဲ့ ဆာရာဝပ်ပြည်နယ်မှာ ရရှိခဲ့တဲ့ ရလဒ်တွေကို ပီနန်ကျွန်းအတွက် ကျွန်တော်တို့တိုက်ရိုက်အသုံးပြုလို့မရပါဘူး" လို့ SL Agritech စပ်မျိုးစပါး အထူး ကျွမ်းကျင်သူ ဖရစ်စကို မာလာဘာနန် ကပြောပါတယ်။

ပီနန်နဲ့ တခြားပြည်နယ်တွေမှာ ဆောင် ရွက်ခဲ့တဲ့ ရှေ့ပြေးစမ်းသပ် စိုက်ပျိုးမှုတွေ အရဟက်တာ ၁၀၀၀ လောက်ကို စီးပွားဖြစ်စိုက်ပျိုးနိုင်မယ်လို့ ခန့်မှန်းထားပါတယ်။ တခြားမလေးရှား ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းတွေကလည်း SL Agritech Dona Maria မှ မျိုးစေ့များ တင်သွင်းဖို့ စီစဉ်လျက်ရှိပါတယ်။

**ဉာဏ်တင်-စုစည်းတင်ပြသည်**

# နိုင်ငံခြားရင်းတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအပေါ် မှီခိုအားထားနေတာကိုလျှော့ချဖို့ စီးပွားရေးပညာရှင်တွေက ဗီယက်နမ်ကို သတိပေး

နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုဆိုတာက နိုင်ငံစီးပွားရေးအတွက် နိုင်ငံခြားကုမ္ပဏီတွေက ရေရှည်ပေးထားတဲ့ ကတိကဝတ်တစ်ခုဖြစ်ပါတယ်။ ဒါကြောင့် အခြားနိုင်ငံများနည်းတူ ဗီယက်နမ်နိုင်ငံရဲ့ ဖွံ့ဖြိုးမှုကို တိုင်းတာတဲ့နည်းလမ်းတစ်ခုက နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အဆင့်လည်း ပါဝင်ကြောင်း စီးပွားရေးပညာရှင်တွေက ပြောပါတယ်။



ဒါပေမဲ့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုရဲ့ အနုတ်လက္ခဏာပြစေတဲ့ အကျိုးဆက်တွေရှိကြောင်းနဲ့ ဗီယက်နမ်ရှိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတွေက အမျိုးသားစီးပွားရေးကိုလွှမ်းမိုးတဲ့ အင်အားစုတွေ ဖြစ်လာနိုင်တယ်လို့ စီးပွားရေးပညာရှင်တွေက သတိပေးထားကြောင်း ဗီယက်နမ်နက်သတင်းမှာ ဖော်ပြထားပါတယ်။

၂၀၁၅ ခုနှစ်အတွင်း ဗီယက်နမ်နိုင်ငံမှာ လာရောက်ဆောင်ရွက်တဲ့ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုက အမေရိကန်ဒေါ်လာ ၂၂ ဒသမ ၇၅၇ ဘီလီယံအထိ ရောက်ရှိကာ ၂၀၁၄ ခုနှစ်နဲ့နှိုင်းယှဉ်ပါက ၁၂ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာခဲ့ကြောင်း နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအေဂျင်စီ FIA ရဲ့ အစီရင်ခံစာမှာဖော်ပြပါတယ်။

ဗီယက်နမ်နိုင်ငံမှာ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီတွေက တဖြည်းဖြည်း လွှမ်းမိုးစပြုလာတဲ့အတွက် အမျိုးသားစီးပွားရေးက နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအပေါ် အဆမတန်မှီခိုလာပြီး ပြည်တွင်း စီးပွားရေးဖွံ့ဖြိုးမှုအပေါ် ထိန်းချုပ်လာမှာကို စီးပွားရေးပညာရှင်တွေကစိုးရိမ်လျက်ရှိပါတယ်။

၂၀၁၅ ပြက္ခဒိန်နှစ်အတွင်း ဗီယက်နမ်ကို နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီတွေရဲ့ ပြည်ပပို့ကုန်တန်ဖိုးက အမေရိကန်ဒေါ်လာ ၁၁၅ ဒသမ ၁ ဘီလီယံရှိခဲ့ပြီး တစ်နှစ်အတွင်း တင်ပို့ခဲ့တဲ့ အမျိုးသားပို့ကုန်တန်ဖိုးရဲ့ ၇၀ ဒသမ ၉ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ကြောင်းအထွေထွေစာရင်းရုံး (General Statistics Office) မှထုတ်ပြန်တဲ့ စာရင်းအရ သိရကြောင်း၊ စီးပွားရေးပညာရှင်တွေက ပြောပါတယ်။ အဆိုပါကုမ္ပဏီတွေရဲ့ သွင်းကုန်တန်ဖိုးက အမေရိကန်ဒေါ်လာ ၉၇ ဒသမ ၉ ဘီလီယံအထိ ရောက်ရှိခဲ့ပြီး ထိုနှစ်အတွင်းအမျိုးသားသွင်းကုန်တန်ဖိုးရဲ့ ၅၉ ဒသမ ၂ ရာခိုင်နှုန်းအထိ ရောက်ရှိခဲ့ပါတယ်။ ဒါကြောင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီတွေရဲ့ ဆောင်ရွက်မှုပြည်ပကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၁၇ ဒသမ ၉ ဘီလီယံရှိခဲ့တယ်လို့ စီးပွားရေးပညာရှင်တွေက ပြောပါတယ်။

နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီတွေကြောင့် ရေတိုမှာ တိုင်းပြည်စီးပွားရေးကို အထောက်အကူဖြစ်နိုင်ပေမယ့် သယံဇာတတွေ ကုန်ခမ်းမှုကြောင့် ရေရှည်မှာပေးဆပ်ရတဲ့ တန်ဖိုးက ကြီးလွန်းတယ်လို့ ပညာရှင်တွေက ခန့်မှန်းပါတယ်။

# ထိုင်းနိုင်ငံက ဒစ်ဂျစ်တယ် စီးပွားရေးစီမံကိန်းရေးဆွဲ

ထိုင်းနိုင်ငံ သတင်းအချက်အလက်နဲ့ ဆက်သွယ် ရေးနည်းပညာဝန်ကြီးဌာနက ကြီးမှူးဆောင်ရွက်တဲ့ ဒစ်ဂျစ်တယ်စီးပွားရေး ဖွံ့ဖြိုးမှုစီမံကိန်းကို ယာယီ အမျိုးသား ဒစ်ဂျစ်တယ် စီးပွားရေးကော်မတီက ဖေဖော်ဝါရီ ၈ ရက်မှာ အတည်ပြုခဲ့ကြောင်း နေးရှင်းသတင်းမှ ဖော်ပြပါတယ်။ ဝန်ကြီးဌာနက သက်ဆိုင်ရာ အဖွဲ့အစည်းများနဲ့တွေ့ဆုံဆွေးနွေးပြီး စီမံကိန်းနဲ့ပတ်သက်တဲ့ သဘောထားများ ရယူပြီးနောက် မတ်လမှာ ဝန်ကြီးအဖွဲ့က စဉ်းစားဆုံးဖြတ်နိုင်ဖို့ ဝန်ကြီးအဖွဲ့ထံ ဆက်လက်တင်ပြသွားမှာဖြစ်ပါတယ်။

ဒစ်ဂျစ်တယ်စီးပွားရေး ဥပဒေမူကြမ်းကို အမျိုးသားဥပဒေပြဌာန်းရေး ညီလာခံကလည်း လာမယ့်လထဲမှာ ဆွေးနွေးသွားမှာဖြစ်ကြောင်း ICT ဝန်ကြီး ဥတာမာဆာဗန်နာယာနာက ပြောပါတယ်။ အနှစ် ၂၀ ဒစ်ဂျစ်တယ်စီးပွားရေး စီမံကိန်းမှာ ခေတ်မီ ဘရော့ဘင်ကွန်ရက်ကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဖြန့်ကျက်ရေး၊ ဒစ်ဂျစ် တယ်နည်းပညာ အခြေပြုစီးပွားရေးနဲ့ လူ့အဖွဲ့အစည်းအဖြစ် တိုးမြှင့်ရေး၊ အစိုးရအီလက်ထရွန်းနစ် ဝန်ဆောင်မှု (E Services) တည်ထောင်ရေး၊ ဒစ်ဂျစ်တယ်စီးပွားရေး၊ လူ့အဖွဲ့အစည်းမှာ လူသားအရင်းအမြစ်ဖွံ့ဖြိုးမှု ထူထောင်ရေးနဲ့ ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုရာမှာ ပြည်သူ ယုံကြည်မှုရရှိရေးဆိုတဲ့ အချက်တွေကို အလေးပေး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

စီမံကိန်းကိုအကောင်အထည်ဖော်ရာမှာ ဒစ်ဂျစ်တယ် အခြေခံအဆောက်အအုံ တည်ဆောက်ရေး၊ ဒစ်ဂျစ်တယ် စီးပွားရေးနဲ့ လူ့အဖွဲ့အစည်းအဖြစ်ထူထောင်ရေး၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြစ် ဒစ်ဂျစ်တယ်လုပ်ငန်း အပြည့်အဝ အကောင်အထည်ဖော်ရေးနဲ့ ထိုင်းနိုင်ငံကို ဖွံ့ဖြိုးလာအောင် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုမြှင့်တင်ရေးစတဲ့ အဆင့်လေးဆင့်နဲ့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

တစ်နိုင်ငံလုံးမှာ အခမဲ့ဝိုင်ဖိုင်ဝန်ဆောင်မှု လုပ်ငန်း ပွိုင့် ၁၀၀၀၀ တပ်ဆင်သွားဖို့ ချမှတ်ထားတဲ့ဝန်ကြီးဌာနရဲ့ စီမံကိန်းနဲ့အညီ ဒစ်ဂျစ်တယ်အခြေခံအဆောက်အအုံကို လာမယ့် ၁၈ လအတွင်း အကောင် အထည်ဖော်တည်ဆောက်သွားမှာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာ ဘရော့ဘင်လိုင်းများနဲ့ ဝါယာလက် ဆက်သွယ်ရေးပွိုင့်များကို အလျင်အမြန် ထူထောင်ရေး၊ ရေအောက်ကေဘယ်ကွန်ရက် စွမ်းဆောင်ရည်နှစ်ဆထိမြှင့်တင်ရေးနဲ့အသေးစားနဲ့ အလတ်စား၊ အွန်လိုင်းဆိုင်များ အနည်းဆုံး ၁၀၀၀၀ အထိ ဖွင့်လှစ်နိုင်ရေးအတွက် စီမံကိန်းမှာဖော်ပြထားပါတယ်။

အလားတူအမျိုးသားဒေတာစင်တာများ ထူထောင်ရေးအတွက် တင်ပြထားတဲ့ အဆိုပြုချက်ကိုလည်း ဖေဖော်ဝါရီ ၈ ရက်က ကျင်းပတဲ့အစည်းအဝေးက အတည်ပြုပါတယ်။

## အလုပ်ထုတ်ပယ်ခံရမည့် စိုးရိမ်မှုတွေရှိနေပေမယ့် အင်ဒိုနီးရှားစက်မှုကဏ္ဍ တည်ငြိမ်လျက်ရှိကြောင်း အစိုးရကပြော

အင်ဒိုနီးရှားနိုင်ငံမှာလုပ်ငန်းလုပ်ကိုင်နေကြတဲ့ ဂျပန်အီလက်ထရွန်းနစ်ကုမ္ပဏီတွေမှာ အလုပ်က ထုတ်ပယ်ခံရမယ့်စိုးရိမ်မှုတွေရှိနေပေမယ့်ပြည်တွင်းအီလက်ထရွန်းနစ်လုပ်ငန်းတွေရဲ့အခြေအနေက တည်ငြိမ်မှုရှိနေကြောင်း ဂျကာတာပို့စ်သတင်းမှာ ဖော်ပြပါတယ်။အီလက်ထရွန်းနစ်ထုတ်ကုန်တွေရဲ့ ဝယ်လိုအားက မြင့်မားလျက်ရှိနေပြီး (အင်ဒိုနီးရှားစားသုံးသူတွေရဲ့ စားသုံးသူ ဈေးကွက်ကလည်း ကြီးထွားလျက်ရှိနေတဲ့အတွက် ယခုနှစ်အတွင်းမှာ ဒီကဏ္ဍက ဆက်လက်တိုးတက်သွားမှာ ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာန အီလက်ထရောနစ် နဲ့ ဆက်သွယ်ရေးလုပ်ငန်းညွှန်ကြား ရေးမှူး ဇာကီယူဒင်က ပြောပါတယ်။

ဂျပန်ကုန် အမှတ်တံဆိပ်တွေဖြစ်တဲ့ တိုရှီဘာနဲ့ ပင်နာဆိုးနစ်ကုမ္ပဏီ တွေက အင်ဒိုနီးရှားရှိ သူတို့စက်ရုံတွေမှာ အလုပ်လုပ်ကိုင်နေတဲ့ဝန်ထမ်းများစွာကို အလုပ်မှထုတ်ပယ်ဖို့စီစဉ်နေကြောင်း အလုပ်သမားသမဂ္ဂက တိုင်တန်းထားတဲ့အတွက် ဒီကုမ္ပဏီနှစ်ခုက အများရဲ့ အာရုံစိုက်စရာဖြစ်ခဲ့ပါတယ်။ ဒါပေမဲ့ စက်မှုဝန်ကြီးဌာနက ဒီတိုင်တန်းချက်ကိုပယ်ချခဲ့ပါတယ်။

"တိုရှီဘာနဲ့ ပင်နာဆိုးနစ်က အလုပ်သမားတစ်ပြုံကြီးကို အလုပ်ထုတ်ဖို့လုပ်နေတာမဟုတ်ပါဘူး။ဖွဲ့စည်းတည်ဆောက်ပုံကို ပြန်လည်ပြင်ဆင်နေတာပါ"လို့ ဝန်ကြီးဌာနရဲ့သတ္တု၊ စက်ယန္တရား သယ်ယူပို့ဆောင်ရေးကိရိယာနဲ့ အီလက်ထရွန်းနစ်လုပ်ငန်း ဆိုင်ရာဌာန ညွှန်ကြားရေးမှူးချုပ် အိုင်ဂတ်စတီပုတုဆူရိယဝီရာဝန်က သတင်းထောက်တွေကိုပြောပါတယ်။

အီလက်ထရွန်းနစ် လုပ်ငန်းကြီးတစ်ခုလုံးနဲ့ ခြုံကြည့်ပါက တည်ငြိမ်နေပေမယ့် စက်အစိတ်အပိုင်းအများစုက ပြည်ပမှတင်သွင်းရတာဖြစ်ပြီး ပြည်တွင်းငွေကြေးဖလှယ်နှုန်းရဲ့ ဂယက်ရိုက်ခတ်မှုကိုဒီလုပ်ငန်းကဏ္ဍကခံစားနေရကြောင်း ပုတုကပြောပါတယ်။ သွင်းကုန်တွေ ထူးထူးခြားခြားမြင့်တက်လာတဲ့အတွက် စက်မှုလုပ်ငန်းဖွံ့ဖြိုးရေး အတွက် ရည်ရွယ်ပြီး ကြိုတင်အချက် ပေးစနစ်ကို စက်မှုဝန်ကြီးဌာနက ဆောင်ရွက်ပေးထားကြောင်း ဝန်ကြီးဌာနရဲ့ သုတေသနနဲ့ဖွံ့ဖြိုးရေးဌာန အကြီးအကဲ ဟဲရစ်မူနန်ဒါကပြောပါတယ်။

အင်ဒိုနီးရှားနိုင်ငံရဲ့ အီလက်ထရွန်းနစ်နဲ့ဆက်သွယ်ရေးလုပ်ငန်းက ၂၀၁၂ ခုနှစ်မှ ၂၀၁၅ ခုနှစ်အတွင်း ၂ ဒသမ ၅ ရာခိုင်နှုန်း တိုးတက်ခဲ့ပြီး အလားတူကာလအတွင်း ရင်းနှီးမြှုပ်နှံမှု ၂၅ ရာခိုင်နှုန်းမြင့်တက်ခဲ့ကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်တဲ့ ကိန်းဂဏန်းတွေအရ သိရပါတယ်။

# ရက်သတ္တပတ်အတွင်း စီးပွားရေး သတင်းတိုများ

### စင်ကာပူ

အမေရိကန် ဗဟိုဘဏ် ဥက္ကဋ္ဌ ဂျနက်ယယ်လင်က အမေရိကန် ဗဟိုဘဏ်အတိုးနှုန်းကို တဖြည်းဖြည်းချင်းသာ တိုးမြှင့်သွားမယ်လို့ပြောကြားပြီးနောက်ပိုင်း ဖေဖော်ဝါရီ ၁၁ ရက်မှာ ရွှေဈေးနှုန်းက တစ်အောင်စကို ၁၂၁၃ ဒေါ်လာနှုန်းထိရောက်ရှိကာ မေလ ၂၂ ရက်နောက်ပိုင်းမှာ အမြင့်ဆုံးနှုန်းဖြစ်ခဲ့ကြောင်းရိုက်တာသတင်းမှာဖော်ပြပါတယ်။

### လန်ဒန်

ကမ္ဘာ့ရေနံဈေးနှုန်းက ၂၀၁၆ ခုနှစ် ပထမနှစ်ဝက်မှာ ကျဆင်းမယ့်လက္ခဏာပိုမိုများပြားပြီး ရောင်းလိုအား နဲ့ဝယ်လိုအားက ၂၀၁၆ ခုနှစ်မှာ မျှခြေကိုရောက်ရှိသွားမှာ ဖြစ်ကြောင်းနဲ့ ဈေးနှုန်းအဆင့်ကလည်း နိမ့်ကျနေဦးမှာဖြစ်ကြောင်း လန်ဒန်မြို့မှာကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာ ခေတ်ဆီ သီတင်းပတ်ကွန်ဖရင့်မှာ BP ရေနံ ကုမ္ပဏီအကြီးအကဲဘော့ဒပ်တလေက ပြောကြားခဲ့တယ်လို့ အေအက်ဖ်ပီသတင်းမှာဖော်ပြပါတယ်။

### တိုကျို

စီးပွားရေးလုပ်ငန်း၊ ယဉ်ကျေးမှုနဲ့ပညာရေးအတွက် ဂျပန်နိုင်ငံသို့ လာရောက်တဲ့ ဗီယက်နမ်နဲ့ အိန္ဒိယနိုင်ငံသားတို့ရဲ့ ကာလတိုနေထိုင်ခွင့် Multiple Entry Visa များ အတွက် သတ်မှတ်ချက်များကို ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာနက ဖေဖော်ဝါရီလ ၁၅ ရက်မှစ၍ လျှော့ချပေးလိုက်ကြောင်း ဝန်ကြီးဌာနရဲ့ ဝက်ဘ်ဆိုက်မှကြေညာချက်ကို ကိုးကားပြီး ttrweekly သတင်းမှာ ဖော်ပြပါတယ်။

### ဟာနွိုင်း

ဗီယက်နမ်နိုင်ငံက အထောက်အကူပြုစက်မှုလုပ်ငန်းများ (Supportinp industries) ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ အစိုးရက ဦးစားပေးဆောင်ရွက်လျက်ရှိတဲ့ အဆိုပါလုပ်ငန်းများအတွက် ဆောင်ရွက်နေတဲ့ အသေးစားနဲ့ အလတ်စားစက်မှုလုပ်ငန်းများမှာ လိုအပ်မယ့် မတည်ရင်းနှီးငွေရဲ့ ၇၀ ရာခိုင်နှုန်းကို ဖေဖော်ဝါရီ ၂၂ ရက်မှ စပြီးအစိုးရက ထုတ်ချေးသွားမှာဖြစ်ကြောင်း VNS သတင်းမှာ ဖော်ပြပါတယ်။

## EAST ASIA

# ဈေးကွက်ကသောင်းကနင်းဖြစ်မှုက ဗဟိုဘဏ်အတိုးကြောင့်မဟုတ်ဟု ဂျပန်ဗဟိုဘဏ်အုပ်ချုပ်ရေးမှူးဆို

ကမ္ဘာ့စတော့ဈေးနှုန်းများ ကျဆင်းရခြင်းမှာ ရင်းနှီးမြှုပ်နှံသူတွေက စွန့်စားမှုကို အလွန်အမင်းရှောင်ရှားပြီး ဆောင်ရွက်မှုကြောင့် ဖြစ်ပွားရကြောင်း ပြစ်တင်ပြီးနောက် မကြာသေးမီက ဖြစ်ပေါ်ခဲ့တဲ့ ဈေးကွက်ကသောင်းကနင်းဖြစ်ရခြင်းမှာ ဂျပန်ဗဟိုဘဏ်အတိုးနှုန်းကို သုည ရာခိုင်နှုန်းအောက်သို့ ချမှတ်ဆောင်ရွက်ခဲ့ခြင်းကြောင့် ဖြစ်ရတယ်ဆိုတဲ့ဝေဖန်မှုများကိုဂျပန်ဗဟိုဘဏ် အုပ်ချုပ်ရေးမှူး ဟာရူဟီကိုကူရိုဒါက ပယ်ချခဲ့ကြောင်း ရိုက်တာသတင်းမှာ ဖော်ပြပါတယ်။

ဂျပန်ဗဟိုဘဏ် အုပ်ချုပ်ရေးမှူး ကူရိုဒါက ဗဟိုဘဏ်ရဲ့ မူဝါဒ အတိုးနှုန်းကို သုညရာခိုင်နှုန်းအောက်သို့ ချထားဖို့ ဇန်နဝါရီလကဆုံးဖြတ်ခဲ့ပါတယ်။ ဒါပေမဲ့ ဈေးကွက်မတည်မငြိမ်ဖြစ်မှုက သူ့ဆုံးဖြတ်ချက်ကို ဂယက်ရိုက်ခတ်ခဲ့ပါတယ်။

ဥရောပရှိ ဘဏ်တွေရဲ့ကြံ့ခိုင်မှုအခြေအနေနဲ့ ကမ္ဘာ့စီးပွားရေးအလားအလာအပေါ် စိုးရိမ်မှုကြောင့် ရင်းနှီးမြှုပ်နှံသူတွေက လုံခြုံစိတ်ချရမှုရှိတဲ့ ယန်းငွေကြေးဘဏ်ကိုလှည့်လာကြတဲ့အတွက် ဂျပန်စတော့ဒိုင်နီကေးရဲ့ ပျမ်းမျှနှုန်းထားက ၃၃ ရာခိုင်နှုန်းကျဆင်းပြီး ၁၅ လအတွင်း အနိမ့်ဆုံးရောက်ရှိကာ ယန်းငွေတန်ဖိုးက ၁၅ လအတွင်းအမြင့်ဆုံးကိုရောက်ရှိခဲ့ပါတယ်။

အတိုးနှုန်းကို သုညရာခိုင်နှုန်းအောက်ချထားတဲ့အတွက် ချေးငွေကုန်ကျစရိတ်တွေကျဆင်းပြီး စီးပွားရေး ဖွံ့ဖြိုးအောင်လှုံ့ဆော်အားပေးနိုင်ပါလိမ့်မယ်လို့ ကူရိုဒါက ပြောကြားရင်း ဗဟိုဘဏ်ကြောင့် ဈေးကွက်မတည်မငြိမ်ဖြစ်စေလိမ့်မယ်ဆိုတဲ့ ဝေဖန်ချက်ကို ငြင်းဆိုခဲ့ပါတယ်။

မကြာသေးမီကဖြစ်ခဲ့တဲ့ ဈေးကွက် ကသောင်းကနင်းဖြစ်မှုတွေက ဂျပန်ဗဟိုဘဏ်ရဲ့ သုည ရာခိုင်နှုန်းအောက်ချထားတဲ့ အတိုးနှုန်းကြောင့်ဖြစ်ရမယ်လို့ ကျွန်တော်မထင်ပါဘူး”လို့ ကူရိုဒါက ပြောကြားပြီး မကြာသေးမီကဖြစ်ပွားခဲ့တဲ့ ဈေးကွက်လှုပ်ရှားမှုတွေက ဂျပန် စီးပွားရေးနဲ့ဈေးနှုန်းတွေကို ဘယ်လိုထိခိုက်မယ်ဆိုတာကို ဂရုတစိုက်စောင့်ကြည့်နေမယ်လို့လည်း သူက ပြောပါတယ်။

ငွေကြေးဖောင်းပွမှုနှုန်းကို ရည်မှန်းထားတဲ့ နှစ်ရာခိုင်နှုန်းအထိရောက်ရှိဖို့အတွက် လိုအပ်မယ်ဆိုရင် ဂျပန်ဗဟိုဘဏ်က ငွေကြေးလှုံ့ဆော်အားပေးမှုအစီအစဉ်ကို ထပ်မံဆောင်ရွက်ဖို့လက်နှေးမှာ မဟုတ်ဘူးလို့ သူကပြောပါတယ်။

## MIDDLE EAST

# ရေနံဈေးကွက်တည်ငြိမ်ရေးအတွက် အိုပက်နဲ့ အခြားရေနံထုတ်နိုင်ငံတွေ ပူးပေါင်းဆောင်ရွက်ရေး ဆော်ဒီအာရေးဗီးယားနဲ့ ဗင်နီဇွဲလားတို့ဆွေးနွေး

ဆော်ဒီအာရေဘီးယား ရေနံဝန်ကြီး အလီအယ်လ်နိုင်မီနဲ့ ဗင်နီဇွဲလားရေနံဝန်ကြီးတို့က ရေနံဈေးကွက်တည်ငြိမ်ဖို့အတွက် ရေနံတင်ပို့တဲ့ နိုင်ငံများအဖွဲ့ (အိုပက်)အဖွဲ့ဝင်နိုင်ငံတွေနဲ့ အခြားရေနံထုတ်လုပ်တဲ့နိုင်ငံတွေ ပူးပေါင်းဆောင်ရွက်ရေးကိစ္စကို ဖေဖော်ဝါရီ ၈ ရက်က ဆွေးနွေးခဲ့ကြတယ်လို့ ဆော်ဒီအာရေးဘီးယား နိုင်ငံတော်သတင်းအေဂျင်စီ SPA မှာဖော်ပြပါတယ်။ ဗင်နီဇွဲလားရေနံဝန်ကြီးယူလိုဂျီယို အယ်လ်ပီနိုက ရေနံထုတ်လုပ်တဲ့နိုင်ငံတွေကို သွားရောက်ပြီး ရေနံဈေးနှုန်းတွေ မြှင့်တင်ရေးအတွက် အရေးယူဆောင်ရွက်မှုတွေ ပြုလုပ်ဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ယခုအစည်းအဝေးကလည်း အပြုသဘောရလဒ် တွေ့ရှိတယ်လို့ သူက ပြောပါတယ်။

အိုပက်အဖွဲ့ဝင်နိုင်ငံတွေအနက် ငွေကြေးအကျပ်အတည်းနဲ့ ကြုံနေရတဲ့ ဗင်နီဇွဲလားနိုင်ငံက ၂၀၀၃ ခုနှစ်နောက်ပိုင်းအနိမ့်ဆုံးအထိကျဆင်းနေတဲ့ ရေနံဈေးနှုန်းကိစ္စကိုဆွေးနွေးဖို့ ဆန္ဒရှိနေပြီး အိုပက်အဖွဲ့ရဲ့ အရေးပေါ်အစည်းအဝေးကို ကျင်းပပေးဖို့ နှိုးဆော်လျက်ရှိပါတယ်။ ဆွေးနွေးပွဲမှာ ကျယ်ကျယ်ပြန့်ပြန့် သဘောတူညီမှုရမယ်ဆိုတာကို သံသယရှိနေကြပါတယ်။ ဒါပေမဲ့ အိုပက် အဖွဲ့ဝင်နိုင်ငံတွေနဲ့ သူရဲ့ပြိုင်ဘက် ရေနံထုတ်လုပ်တဲ့အခြားနိုင်ငံတွေက ရေနံထုတ်လုပ်မှုကို ထိန်းချုပ်တော့မယ့် အလားအလာကိုပြသလာတဲ့ အတွက် ဇန်နဝါရီက တစ်စည်ကို အမေရိကန် ဒေါ်လာ ၂၇ အထိကျဆင်းခဲ့တဲ့ ရေနံ စိမ်း ဈေးတွေက ဖေဖော်ဝါရီ ၅ ရက်မှာ တစ်စည်ကို အမေရိကန် ဒေါ်လာ ၃၄ အထိ ပြန်လည်မြင့်တက်လာခဲ့ပါတယ်။

အခြား ရေနံထုတ်လုပ်တဲ့နိုင်ငံတွေကို အယ်လ်ပီနိုသွားရောက်ခဲ့တဲ့ ခရီးစဉ်ကိစ္စနဲ့ အပြည်ပြည်ဆိုင်ရာ ရေနံဈေးကွက် တည်ငြိမ်ရေးအတွက် အခြားနိုင်ငံတွေနဲ့ပူးပေါင်းရန်အတွက် သူဆွေးနွေးခဲ့တဲ့ရလဒ်တွေကို ဝန်ကြီးနှစ်ဦးက ဆွေးနွေးကြကြောင်း SPA မှာဖော်ပြပါတယ်။ ဒါပေမယ့် ကမ္ဘာမှာ ရေနံအများဆုံး ထုတ်လုပ်နေတဲ့ ဆော်ဒီအာရေးဘီးယားရဲ့ ဝေဖန်ပြောကြားချက်တွေကို ကြည့်ရင် မူဝါဒ အပြောင်းအလဲလုပ်ဖို့ အရိပ်အယောင်မတွေ့ရသေးကြောင်း တချို့ အိုပက်ကိုယ်စားလှယ်တွေက ပြောပါတယ်။

## USA

# ရေနံဈေးနှုန်းရေရှည်ကျဆင်းမှုကြောင့် အမေရိကန်ရေနံကုမ္ပဏီများရဲ့ ၂၀၁၆ ခုနှစ်အတွက်အသုံးစရိတ်များအားလျှော့ချ

အမေရိကန် ပြည်ထောင်စုမှာ ရေနံဈေးနှုန်းတွေအဆက်မပြတ် ကျဆင်းပြီး ငွေကြေးစီးဆင်းမှုတွေ အခြေအနေပျက်ယွင်းလျက်ရှိတဲ့ အတွက် နှုန်းကျောက်မှရေနံထုတ်လုပ်တဲ့ အမေရိကန်တွေက လက်ရှိနှစ်လတာကာလအတွင်း ၂၀၁၆ ခုနှစ်အသုံးစရိတ်ကို ဒုတိယအကြိမ်မြောက်လျှော့ချခဲ့ကြောင်းနဲ့ ရေနံဈေးနှုန်းက တစ်စည်ကို အမေရိကန်ဒေါ်လာ ၃၀ အောက်ထိ ကျဆင်းမှုကြောင့် ရေနံထုတ်လုပ်သူတွေက လုပ်ငန်းစီမံကိန်းအသစ်များအတွက် အသုံးစရိတ်ကိုဆိုင်းငံ့ထားကြောင်း ရိုက်တာသတင်းမှာဖော်ပြထားပါတယ်။

“ကုမ္ပဏီများက လက်ကျန်ရှင်းတမ်းများနဲ့ငွေသားတွေကို ထိန်းထိန်းသိမ်းသိမ်းကိုင်တွယ်ဆောင်ရွက်နေပြီး ဝင်ငွေနဲ့လောက်ငှရုံသာဆောင်ရွက်လျက်ရှိကြတဲ့အတွက် အရအသုံးစရိတ်ဆက်လက်ကျဆင်းနေမယ့်သဘောရှိတယ်”လို့ Topeka Capital Markets ရဲ့ လေ့လာဆန်းစစ်ရေးမှူး ဂါဘနီယယ်ဆော်ဘရာကပြောပါတယ်။

ထုတ်လုပ်မှုအရ ထိပ်ဆုံးနေရာကို ရောက်ရှိနေတဲ့ အမေရိကန် ရေနံကုမ္ပဏီ ၃၀ အနက် ၁၈ ခုက ၂၀၁၆ ခုနှစ်အတွက် အသုံးစရိတ်ကို ရေးဆွဲထားပြီးဖြစ်ပါတယ်။ အဆိုပါ ကုမ္ပဏီများက အရအသုံးစရိတ်ကို ပျမ်းမျှခြင်းအားဖြင့် ၄၀ ရာခိုင်နှုန်း အထိ လျှော့ချထားရာ လေ့လာဆန်းစစ်ရေးမှူးအများစု ခန့်မှန်းထားတာထက်ပို မိုကျဆင်းလျက်ရှိကြောင်းရိုက်တာလေ့လာဆန်းစစ်ရေးမှူးတွေကပြောပါတယ်။

ဒါပေမယ့် နောက်ထပ်လျှော့ချဦးမယ့် အလားအလာတွေ ရှိနေပါသေးတယ်။ အလားတူရေနံမြေဒေသမှာရှိတဲ့ ဝန်ဆောင်မှုဈေးနှုန်းလျှော့ချထားပြီး အသုံးစရိတ်ချွေတာမှုကိုတိုးမြှင့်ဆောင်ရွက်ထားပြီးဖြစ်တဲ့အတွက် နောက်ထပ်လျှော့ချစရာမရှိတော့ကြောင်း လေ့လာဆန်းစစ်သူတွေက သုံးသပ်ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

## SOUTH ASIA

# အိန္ဒိယ သားရေ ကျောက်မျက်နဲ့ လက်ဝတ်ရတနာ လုပ်ငန်းတွေ အခွန်အကျိုး ခံစားခွင့်ရကြမည်

အိန္ဒိယနိုင်ငံရဲ့ကုန်ထုတ်လုပ်မှုနဲ့ ပို့ကုန်တွေ တိုးမြှင့်လာအောင် အိန္ဒိယအစိုးရက ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ လာမယ့်ဘတ်ဂျက်မှာ လုပ်သားအင်အားကို အခြေပြုထုတ်လုပ်နေတဲ့ သားရေ၊ ကျောက်မျက်နဲ့ လက်ဝတ်ရတနာလုပ်ငန်းတွေအတွက် အခွန်ဆွဲဆောင်မှုတွေပေးဖို့ အစိုးရက စဉ်းစားနေကြောင်း တိုင်းမ်သတင်းမှာ ဖော်ပြပါတယ်။ ဗဟိုအစိုးရက ဦးစီးဦးဆောင်ပြုလျက်ရှိတဲ့ Made in India အစီအစဉ်အရ သားရေနဲ့ သားရေကော့အိန္ဒိယထုတ်ကုန်လုပ်ငန်းက ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်ပြီး အဓိကရည်ရွယ်ချက်က ဒီကဏ္ဍရဲ့တင်ပို့မှုကို လက်ရှိ အမေရိကန်ဒေါ်လာ ခြောက်ဘီလီယံရှိရာမှ အမေရိကန် ဒေါ်လာ ၁၅ ဘီလီယံအထိတိုးတက် အောင်ဆောင်ရွက်ဖို့ ဖြစ်ပါတယ်။

၂၀၁၆-၁၇ ခုနှစ် အရအသုံးခန့်မှန်းခြေငွေစာရင်း အကြံပြုချက်မှာ ကူးသန်းရောင်းဝယ်ရေးနဲ့ စက်မှုဝန်ကြီးဌာနက အစီအစဉ် အများအပြားကို ထောက်ခံတင်ပြထားပါတယ်။ ထောက်ခံတင်ပြထားတဲ့ အစီအစဉ်တွေထဲမှာ (လက်ရှိ၂၆ ဒသမ ၅ ရာခိုင်နှုန်းကောက်ခံနေတဲ့ သားရေလုပ်ငန်းနဲ့ ပတ်သက်တဲ့ စက်ယန္တရား တင်သွင်းခွန်ကို ပယ်ဖျက်ပေးဖို့ အကြံပြုချက်လည်း ပါဝင်ပါတယ်။ ) ရူပီး ၂၀၀၀၀ အထိ ကောက်ခံနေတဲ့ သားရေနဲ့ သားရေမဟုတ်တဲ့ ကုန်ပစ္စည်းများအတွက် သွင်းကုန်ကို လျှော့ချဖို့နဲ့ အခွန်ပေါ်ပြန်အမ်းငွေကိုလည်း ၂၅ ရာခိုင်နှုန်းအထိ တိုးမြှင့်ပေးဖို့လည်းအကြံပြုထားပါတယ်။

ဒီအကြံပြုချက်တွေကို အကောင်အထည်ဖော်နိုင်မယ်ဆိုရင် နည်းပညာအဆင့်မြှင့်တင်မှု၊ စွမ်းဆောင်ရည်ခေတ်မီအောင်မြှင့်တင်မှု၊ ကုန်ထုတ်လုပ်မှုကဏ္ဍတိုးချဲ့မှုနဲ့ ပို့ကုန်ရည်မှန်းချက်ဖြစ်တဲ့ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်မှု စတဲ့လုပ်ငန်းတွေကို အကောင်အထည်ဖော်ရာမှာ အထောက်အကူရရှိနိုင်ပါ တယ်။ ဒီလုပ်ငန်းကဏ္ဍက လုပ်သားပေါင်း သုံးသန်းကို အလုပ်အကိုင်ပေးထားတဲ့အတွက် ဒီကဏ္ဍတိုးတက်ရေးအတွက် အထောက်အပံ့ လိုအပ်ကြောင်းသားရေ ပြည်ပတင်ပို့သူများကောင်စီဥက္ကဋ္ဌ ရာဖီးအာမက်က ပြောပါတယ်။



# မြန်မာ့ကုန်သွယ်ဖက်နိုင်ငံများရဲ့ ငွေကြေး ရက်သတ္တပတ်

အမေရိကန်ဗဟိုဘဏ်က မူဝါဒတင်းကျပ်မှုများကို ဆောင်ရွက်ရာမှာ နှေးကွေးနေဦးမှာဖြစ်ကြောင်း ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျနက်ယယ်လင်က ပြောကြားတဲ့အတွက်ကြောင့်လည်းကောင်း၊ မကြာသေးမီကဖြစ်ပေါ်ခဲ့တဲ့ ဈေးကွက်ကသောင်းကနင်းဖြစ်မှုက ကမ္ဘာ့စီးပွားရေးဖွံ့ဖြိုးမှုကို ထိခိုက်မှုကို စိုးရိမ်ပြီး စတော့ဈေးကွက် ကျဆင်းမှုကြောင့်လည်းကောင်း ထွန်းသစ်စ ဈေးကွက် ရှိငွေကြေးများတန်ဖိုးက ဖေဖော်ဝါရီ ၁၁ ရက်မှာ ဒုတိယနေ့အဖြစ်မြင့်တက်ခဲ့ပါတယ်။

အာရှငွေကြေးတန်ဖိုး မြင့်တက်လာခြင်းမှာ အာရှငွေကြေးများ ခိုင်မာလာခြင်းကြောင့်ထက် ဒေါ်လာတန်ဖိုးကျဆင်းမှုကြောင့်ဖြစ်ကြောင်း၊ အမေရိကန်စီးပွားရေး လုံလုံလောက်လောက်ကြံ့ခိုင်မှု မရှိသေးဘူးဆိုတဲ့ ယုံကြည်မှုက အတိုးနှုန်းမြှင့်တင်ပေးရေး ကိစ္စကိုနှောင့်နှေးစေနိုင်ကြောင်းနဲ့ ဒေါ်လာအားနည်းမှုက မတ်လမှာ ကျင်းပမယ့် အမေရိကန် ဗဟိုဘဏ်အစည်းအဝေးကျင်းပချိန်အထိ ဆက်လက်တည်ရှိနေနိုင်ကြောင်း Skandianaviska Enskilds BankanAB မှ အာရှရေးရာမဟာဗျူဟာမှူး ရှောင်ယိုကိုတာ ကပြောပါတယ်။

ဖေဖော်ဝါရီ ၁၁ ရက်မှာ အမေရိကန်ဒေါ်လာက တခြားငွေကြေး တွေနဲ့ ဖလှယ်ရာမှာ သုံးလခွဲအတွင်း အနိမ့်ဆုံးနှုန်းကို ရောက်ရှိခဲ့ပါတယ်။

### တရုတ်ယွမ်

တရုတ်ဗဟိုဘဏ်က ဈေးကွက်အတွင်းသို့ ငွေကြေးများဖြည့်ဆည်းပေးပြီးနောက်ပိုင်းနဲ့ ဖေဖော်ဝါရီ ၁၁ ရက်မှာ ယွမ်ငွေကြေးတန်ဖိုးက နှစ်လအတွင်း အမြင့်ဆုံးကိုရောက်ရှိခဲ့ပါတယ်။ ဟု အပြည်ပြည်ဆိုင်ရာ ရင်းနှီးမြှုပ်နှံသူတွေရောင်းဝယ်နေကြတဲ့ ပြည်ပယွမ်ငွေကြေးဈေးကွက်ကို တရုတ်နှစ်သစ်ကူးမတိုင်မီ တရုတ်ဗဟိုဘဏ်က ဝင်ရောက်စွက်ဖက်မယ်လို့ ကုန်သည်တွေက ယုံကြည်ထားကြပါတယ်။ ဒါကြောင့် ပင်လယ်ရပ်ခြားဈေးကွက်မှာ ဖေဖော်ဝါရီ ၁၁ ရက်က အမေရိကန်တစ်ဒေါ်လာကို ၆ ဒသမ ၅၃၇၇ ယွမ်နှုန်းရှိခဲ့တဲ့အတွက် ဖေဖော်ဝါရီ ၁၀ ရက်နဲ့ နှိုင်းယှဉ်ရင် သုည ဒသမ ၁ ရာခိုင်နှုန်း မြင့်တက်ခဲ့ပါတယ်။ ငွေကြေး တန်ဖိုးက သုံးရက်ဆက်တိုက် မြင့်တက်ခဲ့ပြီး ဒီဇင်ဘာ ၁၅ ရက်နောက်ပိုင်းအမြင့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။

### အိန္ဒိယရူပီး

သွင်းကုန်လုပ်ငန်းများနဲ့ ဘဏ်များရဲ့ အမေရိကန်ဒေါ်လာ ဝယ်လိုအားမြင့်တက်မှုနဲ့ ပြည်တွင်းရှယ်ယာဈေးကွက်ကျဆင်းမှုတို့ကြောင့် ဘဏ်အချင်းချင်း နိုင်ငံခြားငွေဖလှယ်ရေးဈေးကွက်မှာ ဖေဖော်ဝါရီ ၁၁ ရက်နံနက်ပိုင်းက ဒေါ်လာနဲ့ဖလှယ်ရာမှာ အိန္ဒိယရူပီးတန်ဖိုးက သုည ဒသမ ၀၈ ရူပီးကျဆင်းကာ တစ်ဒေါ်လာ ကို ၆၇ ဒသမ ၉၃ ရူပီးနှုန်းဖြစ်ခဲ့ပါတယ်။

မတည်ရင်းနှီးငွေတွေ ပြည်ပသို့ စီးထွက်မှုက ရူပီးတန်ဖိုးမြင့်တက် မှု ကို အဟန့်အတားဖြစ်စေခဲ့ပေမယ့် ပြည်ပက တချို့ငွေကြေးတွေနဲ့ ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုးကျဆင်းမှုက ရူပီးတန်ဖိုး ကျဆင်းမှုကို သက်သာစေခဲ့ကြောင်း ငွေကြေးဝယ်ရောင်းသမားတွေကပြောပါတယ်။

### ဂျပန်ယန်း

အမေရိကန် ဗဟိုဘဏ်ဥက္ကဋ္ဌ ဂျနက် ယယ်လင်ရဲ့ ဝေဖန်သုံးသပ်ချက်ထွက်ပေါ်လာပြီးနောက်ပိုင်း ဖေဖော်ဝါရီ ၁၁ ရက်က ဂျပန်ယန်းငွေနဲ့ ဖလှယ်ရာမှာ ဒေါ်လာတန်ဖိုးက ၁၅ လ အတွင်း အနိမ့်ဆုံးကို ကျဆင်းခဲ့ပါတယ်။ ယခုအခြေအနေအရ ဂျပန်ယန်းငွေကို ဝယ်ယူလာအောင် ရင်းနှီးမြှုပ်နှံသူတွေကို အားပေးသလို ဖြစ်ခဲ့တဲ့အတွက် အမေရိကန် ဒေါ်လာတန်ဖိုးက ယန်းငွေနဲ့ ဖလှယ် ရာမှာ တစ်ဒေါ်လာကို ၁၁၂ ဒသမ ၅၁ ယန်း နှုန်းသို့ ရောက်ရှိကာ ၂၀၁၃ ခုနှစ် နိုဝင်ဘာနောက်ပိုင်း အနိမ့်ဆုံးဖြစ်ခဲ့ပါ တယ်။ ယူရိုဒေါ်လာ ဖလှယ်နှုန်းက တစ်ယူရိုကို ၁ ဒသမ ၁၂၈၀ ဒေါ်လာ နှုန်းရှိခဲ့တဲ့အတွက် နေ့အလိုက်ကျဆင်း နှုန်း သုည ဒသမ ၁ ရာခိုင်နှုန်းရှိခဲ့ပါတယ်။

### မလေးရှားရင်းဂစ်

ပြည်တွင်းငွေကြေးဖြစ်တဲ့ ရင်းဂစ်ကို ဝယ်လိုအား မြင့်မားလာတဲ့အတွက် ဖေဖော်ဝါရီ ၁၁ ရက်မှာ အမေရိကန်ဒေါ်လာနဲ့ ဖလှယ်တဲ့အခါ ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ကြောင်း ဝယ်ရောင်းသမားတွေကပြောပါတယ်။ ရင်းဂစ်ငွေကြေးတန်ဖိုးက ဖေဖော်ဝါရီ ၁၀ ရက်က တစ်ဒေါ်လာကို ၄ ဒသမ ၁၁၅၀ ရင်းဂစ်နှုန်းရှိရာမှ နောက်တစ်နေ့ နံနက် ၉ နာရီမှာ တစ်ဒေါ်လာကို ၄ ဒသမ ၀၉၇၀ ရင်းဂစ်နှုန်းရှိခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စု ဗဟိုဘဏ်က အတိုးနှုန်းကိုဖြည်းဖြည်းချင်း မြှင့်တင်သွားမယ်လို့ပြောပြီးနောက်ပိုင်း ရင်းဂစ်တန်ဖိုးမြင့်တက်မှု အရှိန်ရလာတယ်လို့ ဝယ်ရောင်းသမားတစ်ဦးက ပြောပါတယ်။ တခြားငွေကြေးတွေနဲ့ဖလှယ်ရာမှာလည်း အများအားဖြင့် ရင်းဂစ်တန်ဖိုးမြင့်တက်ခဲ့ပါတယ်။

### တောင်ကိုရီးယားဝမ်

ကမ္ဘာ့ဈေးကွက်တွေ ကျဆင်းမှုက ရင်းနှီးမြှုပ်နှံသူတွေအပေါ် ဂယက်ရိုက်ခတ်ခြင်းနဲ့မြောက်ကိုရီးယားကဒုံးပျံပစ်လွှတ်ပြီးနောက်ပိုင်း ပထဝီ နိုင်ငံရေးတင်းမာမှုများမြင့်မားလာခြင်းတို့ကြောင့် ဖေဖော်ဝါရီ ၁၁ ရက်နေ့မှာ တောင်ကိုရီးယား စတော့ဈေးကွက်တွေ ၂ ဒသမ ၉၃ ရာခိုင်နှုန်းကျဆင်းခဲ့ပါတယ်။ ငွေကြေးဈေးကွက်မှာ တောင်ကိုရီးယားဝမ်ငွေကြေးက အမေရိကန်တစ်ဒေါ်လာကို ၁၂၀၂ ဒသမ ၅ ဝမ်နှုန်းကို ရောက်ရှိတဲ့အတွက် ယခင်နေ့က ဖလှယ်နှုန်းနဲ့နှိုင်းယှဉ်ရင် ၅ ဒသမ ၁ ဝမ် နှုန်းကျဆင်းခဲ့ပါတယ်။

### ထိုင်းဘတ်

အမေရိကန်ဗဟိုဘဏ်ရဲ့ ငွေကြေးမူဝါဒ ထပ်မံတင်းကျပ်မယ့် အစီအစဉ်က ကြန့်ကြာဦးမှာဖြစ်တယ်ဆိုတဲ့ သတင်းကြောင့် ထွန်းသစ်စနိုင်ငံတွေရှိ ငွေကြေးစာချုပ်စာတမ်းတွေရဲ့ ဝယ်လိုအားကို မြင့်တက်စေခဲ့တဲ့ အတွက် ထိုင်းဘတ်ငွေတန်ဖိုးကလည်း အာရှငွေကြေးတွေကို ဦး ဆောင်မြင့်တက်ခဲ့ပါတယ်။ ဖေဖော်ဝါရီ ၁၀ ရက် ည ၁၂ နာရီ ၁၂ မိနစ်က ဘန်ကောက် ဘတ်ငွေတန်ဖိုးက အမေရိကန် တစ်ဒေါ်လာ ကို ၃၅ ဒသမ ၂၆၅ ဘတ် နှုန်းအထိရောက်ရှိပြီး ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ရာ ဘလွမ်းဘတ်သတင်းဌာနက ပြုစုထားတဲ့ ကိန်းဂဏန်းတွေအရ အောက်တိုဘာ နောက်ပိုင်း အမြင့်ဆုံးနှုန်းဖြစ်ခဲ့ပါတယ်။

ဘဏ်တင်-စုစည်းတင်ပြသည်

## ကမ္ဘာ့စီးပွားရေးနာလန်ထူအောင်လုပ်ဖို့ ကမ္ဘာ့ဗဟိုဘဏ်များနည်းလမ်းကုန်ခန်း

ကမ္ဘာ့စီးပွားရေးအလှည့်အပြောင်းဖြစ်ဖို့အတွက် ဗဟိုဘဏ်များက နည်းလမ်းပေါင်းစုံအသုံးပြုနေသုံးနေရကြောင်းနဲ့ အတိုးနှုန်းများကို သုညရာခိုင်နှုန်းအောက်ချပြီး ဘွန်းစာချုပ်များကိုလည်း ဘီလီယံပေါင်းများစွာ ဝယ်ယူခြင်းဖြင့် စီးပွားရေးလုပ်ငန်းများအတွင်းသို့ ငွေကြေးများကို ဖြည့်ဆည်းနေရကြောင်း စီအင်န်အင်န်သတင်းမှာဖော်ပြထားပါတယ်။ ဒါပေမယ့် ဒီမဟာဗျူဟာတွေက ကမ္ဘာ့စီးပွားရေးပြန်လည်မြင့်တက်လာအောင် လုံလောက်တဲ့ အထောက်အပံ့ဖြစ်မလာမှာကို ကျွမ်းကျင်သူတွေက စိုးရိမ်နေကြပါတယ်။

"ဗဟိုဘဏ်ကြီးတွေမှာ အသုံးပြုရမယ့် လက်နက်တွေမရှိတော့ပါဘူး"လို့ ယာဒီနီ သုတေသနအဖွဲ့မှ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မဟာဗျူဟာအကြီးအကဲ အက်ဒ်ယာဒီနီကပြောပါတယ်။

ကမ္ဘာ့စီးပွားရေးနှေးကွေး ကျဆင်းမှု၊ ဈေးကွက်ပြိုကွဲမှုနဲ့ရင်းနှီးမြှုပ်နှံသူတွေက ငွေသားတွေကို ပြန်လည်ထုတ်ယူနေမှုစတဲ့ အခြေအနေတွေကို ဗဟိုဘဏ်တွေက ပဲ့ကိုင်ထိန်းကျောင်းနေရတဲ့အတွက် စီးပွားရေးတွေနဲ့ငွေကြေးတွေတည်ငြိမ်မှုရှိဖို့ အတွက် အလူးအလဲကြိုးပမ်းနေရပါတယ်။

ဒါပေမဲ့ ဘာဆက်လုပ်ရမယ်ဆိုတာကို နားမလည်ကြောင်းသူတို့က ဝန်ခံကြပါတယ်။ အရာရာကို ပြောင်းလဲပစ်ဖို့အတွက်နည်းလမ်းသစ်ရှာဖွေရတာ အခက်အခဲဖြစ်နေပါတယ်။ ဥရောပစီးပွားရေးနာလန်ထူဖို့အတွက် လွန်ခဲ့တဲ့ရက်သတ္တပတ်အနည်းငယ်က ဥရောပဗဟိုဘဏ် (ECB) အနေနဲ့ ဘွန်းစာချုပ်တွေကို ပိုမိုဝယ်ယူခဲ့ပါတယ်။ ဒါပေမယ့် ဒီလိုဆောင်ရွက်တာကလည်း ရေရှည်ဖြေရှင်းမှုမဟုတ်ဘူးဆိုတာကို သူတို့နားလည်ထားပါတယ်။

## စီးပွားရေးကျဆင်းမှု အပေါ်စိုးရိမ်မှုကြောင့် ဘဏ်လုပ်ငန်းရှယ်ယာတန်ဖိုးများကျဆင်း

အမေရိကန်စီးပွားရေးနှေးကွေးကျဆင်းမှုအပေါ် စိုးရိမ်မှုက ချေးငွေအရည်အသွေးကျဆင်းမှာကို စိုးရိမ်မှု မြင့်မားစေတဲ့အတွက် ဝေါစထရီရှယ်ယာဈေးကွက်မှာဘဏ်ကြီးတွေနဲ့ ဘဏ္ဍာရေးစတော့ရှယ်ယာတန်ဖိုးတွေကျဆင်းခဲ့ကြောင်း အေအက်ဖ်ပီသတင်းမှာဖော်ပြပါတယ်။

ရှယ်ယာတန်ဖိုးတွေကျဆင်းတဲ့ ဘဏ်တွေအတော်များများရှိခဲ့တဲ့အနက် အမေရိကန်ဘဏ်၊ စီးတီးဂရု(ပ်)၊ ဂိုးလ်မန်းဆက်နဲ့ မော်ဂန်စတန်လေဘဏ်တို့ကအထိအနာဆုံးဖြစ်ပြီး ဖေဖော်ဝါရီတစ်ရက် နေ့လယ်ပိုင်းဈေးကွက်ထဲမှာ ဘဏ်တွေရဲ့ရှယ်ယာအားလုံးက ၆ ရာခိုင်နှုန်းနဲ့ အထက်တန်ဖိုးကျဆင်းခဲ့ပါတယ်။ ဒါပေမဲ့ ဘဏ်တွေရဲ့ ရှယ်ယာတွေထုတ်ရောင်းတာက ဥရောပအထိပါ ပျံ့နှံ့သွားပြီး ဂျာမန်ဘဏ်ကြီးတစ်ခုဖြစ်တဲ့ ဒွိုက်ချ်ဘဏ်က ၉ ဒသမ ၅ ရာခိုင်နှုန်းနဲ့ပြင်သစ်နိုင်ငံရဲ့ Societe Generale ဘဏ် က ၆ ဒသမ ၁ ရာခိုင်နှုန်းအသီးသီး ကျဆင်းခဲ့ပါတယ်။

စီးပွားရေးနှေးကွေးကျဆင်းမှုကြောင့် ချေးငွေပေးဆပ်ဖို့ပျက်ကွက်မှုပိုများလာတာ ချေးငွေအရည်အသွေးကျဆင်းတာတွေဖြစ်ပေါ်စေပြီး၊ ဒီလိုအဖြစ်မျိုးတွေကြောင့် ဘဏ်ရဲ့ အကျိုးအမြတ်တွေကျဆင်းစေခဲ့ကြောင်း မောနင်းစတား အေဂျင်စီမှ ဘဏ်များနဲ့ ငွေပေးချေမှုဆိုင်ရာ ကုမ္ပဏီများလေ့လာဆန်းစစ်ရေးမှူး ဂျင်မ်ဆင်ဂါကပြောပါတယ်။ စီးပွားရေးကျဆင်းမှုက မတည်ရင်းနှီးငွေဈေးကွက်ရဲ့လုပ်ငန်းတွေကို ကျဆင်းစေပြီး ဒီလိုကျဆင်းမှုကြောင့် မော်ဂန်စတန်လေနဲ့ ဂိုးလ်မန်းဆက်တို့ရဲ့ ဝင်ငွေတွေကို ကျဆင်းစေခဲ့ကြောင်း သူကပြောပါတယ်။ အားလုံးခြုံကြည့်ရင် ဥရောပနဲ့ အမေရိကန်ပြည်ထောင်စုမှာ စတော့ဈေးနှုန်းကျဆင်းမှုတွေဖြစ်ပွားခဲ့ပါတယ်။ အမေရိကန်ရေနံဈေးနှုန်းတွေကလည်း တစ်စည်ကို အမေရိကန် ဒေါ်လာ ၃၀ အောက်ကျဆင်းခဲ့ပြီး ဒေသနှစ်ခုစလုံးရဲ့ အဓိက အညွှန်းကိန်းတွေက ၂ ဒသမ၅ ရာခိုင်နှုန်းနဲ့ အထက်ကျဆင်းခဲ့ပါတယ်။




**Prestige Automobiles Co.,Ltd. The Exclusive Authorised BMW Dealer in Myanmar.**
Phone : 01- 230 6133, Service Hotline : 01- 230 6144

Join BMW Myanmar
www.facebook.com/BMWPAC


MOS
MAOU OAK SHAUNG
International Company Limited
" We Bring Myanmar Quality & Safety Agriculture Produces to the World "
No 182/194,Room 3 (D,E,F), Botahtaung Pagoda Road, Pazundaung Township, Yangon, Myanmar.
Phone : 095-(1) 245654 , 095 (1) 397312 Mobile : 95-95017990 , 95-95018131
Email : maouoakshaung@gmail.com
Web : www.maouoakshaung.com


SupraMulti Plus
အဆင့်မြင့် ဂျင်ဆင်းအားဆေး
Advanced power of Ginkgo & Ginseng
နေပူပူ မိုးရွာရွာ
ကြမ်းချင်သလောက်ကြမ်း လန်းစေရမည်...
စူပရာမာတီ
တစ်နေ့တစ်လုံး ပုံမှန်သောက်သုံးနိုင်သည်
မှတ်ဉာဏ်စွမ်းအားကို မြှင့်တင်ပေးသည်။
သတိမေ့ခြင်းကို ကာကွယ်ပေးသည်။
ပင်ပန်းနွမ်းနယ်မှု အားအင်ကုန်ခမ်းမှု
တို့ကို အမြန်ဆုံးပြည့်ဆည်းပေးသည်။
SupraMulti Plus
BioSys Pharmaceutical Co.,Ltd. A member of the GL Group

# COMMERCE INTERNATIONAL

## မြို့ပြ စိုက်ပျိုးရေးက ကမ္ဘာတစ်ဝန်းရေပန်းစားလာ



အဆောက်အအုံ ခေါင်မိုးတွေပေါ်မှာ သီးပင်စားပင်တွေ စိုက်ပျိုးတာ၊ အထပ်မြင့်အဆောက်အအုံကြီးတွေကြားမှာ ဟင်းသီးရွက်ဟင်းသီးတွေ စိုက်ပျိုးတာတွေကို ယခင်ခေတ်အခါကမူ စိတ်ကူးယဉ်ဆန်တဲ့ လုပ်ရပ်တစ်ခုအဖြစ် ရှုမြင်ထားကြပါတယ်။ ဒါပေမဲ့ ယခုအချိန်မှာ ထိုသို့မဟုတ်တော့ပါ။

ပေကျင်း၊ ဆစ်ဒနီ၊ တိုကျိုနဲ့ စင်ကာပူ စတဲ့ ဒေသတွေမှာ မြို့ပြစိုက်ပျိုးရေး (Urban Farming) က မြို့တစ်မြို့ရဲ့ ရှုခင်းအစိတ်အပိုင်းတစ်ခုလို ဖြစ်လာခဲ့ပါတယ်။ ဒီလို ရှုခင်းမျိုးက အာရှမှာသာမက ကမ္ဘာတစ်လွှားမှာပါ တွေ့မြင်လာရပြီ ဖြစ်ပါတယ်။

ယခုအခါမှာ ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်ခန့်က မြို့ပြတွေပေါ်မှာ နေထိုင်လာကြပြီဖြစ်တဲ့အတွက် ပုံစံအမျိုးမျိုးနဲ့ တည်ရှိနေတဲ့ မြို့ပြစိုက်ပျိုးရေးက ကမ္ဘာမှာ အမှန်တကယ်ဖြစ်ထွန်းလာခဲ့ပြီဖြစ်ကြောင်း မဲလ်ဘုန်းမြို့မှ ဘန်လေးတက္ကသိုလ်ရဲ့ မြို့ပြပန်းမန်စိုက်ပျိုးရေးပါမောက္ခချစ်ဝီလျံက ပြောပါတယ်။ ဒီလိုစိုက်ပျိုးရေးလုပ်ကိုင်တဲ့ လုပ်ငန်းက ယခုရာစုနှစ် အလယ်လောက်ရောက်ရင် ၇၀ ရာခိုင်နှုန်းအထိ တိုးတက်လာနိုင်ကြောင်း ကုလသမဂ္ဂကလည်း ခန့်မှန်းထားပါတယ်။

မြို့ပြထူထောင်မှုလျင်မြန်စွာဖွံ့ ဖြိုးလာတဲ့အတွက် တစ်ချိန်က မြို့ပြဝန်းကျင်မှာ ဝန်းရံတည်ရှိနေခဲ့တဲ့ စိုက်ပျိုးခြံတွေက ကွန်ကရစ်တွေနဲ့ ကတ္တရာလမ်းတွေ အောက်ကိုရောက်ရှိကုန်ပြီ ဖြစ်ကြောင်း ဝီလျံကပြောပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာဖြစ်စေ၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာဖြစ်စေ ယနေ့ခေတ်မှာ မြို့ ပြစိုက်ပျိုးရေးဆိုတဲ့ စကားလုံးက မြို့ပြစီမံကိန်းရေးဆွဲသူတွေရဲ့ နှုတ်ဖျားမှာ ရေပန်းစားလျက်ရှိပါတယ်။

မနီလာ၊ ဗန်ကောက်နဲ့ ဂျကာတာစတဲ့မြို့ကြီးတွေမှာ နေ့စဉ်စားသောက်ရေးအတွက် လူတွေက ရသမျှ မြေလွတ်မြေရိုင်းတွေမှာဟင်းသီးဟင်းရွက်တွေကို စိုက်ပျိုးကြပါတယ်။ တိုကျိုမြို့မှာဆိုရင် အဆင့်မြင့်နည်းပညာကိုသုံးပြီး ထောင်လိုက်စိုက်ပျိုးရေးကို စီးပွားဖြစ်စိုက်ပျိုးလာကြတာကို တွေ့ရပါတယ်။

ဒါပေမယ့် မြို့ပြစိုက်ပျိုးရေးနဲ့ပတ် သက်တဲ့အမြင်က အမျိုးမျိုးကွာခြားမှုရှိကြောင်း ဝီလျံက ပြောပါတယ်။

"ဖွံ့ဖြိုးဆဲနိုင်ငံတွေနဲ့ စက်မှုဖွံ့ဖြိုး ပြီးနိုင်ငံတွေမှာဆောင်ရွက်ကြတဲ့ မြို့ပြစိုက်ပျိုးရေးက အများကြီး ကွဲပြားခြားနားမှုရှိပါတယ်"လို့ သူက ပြောပါတယ်။

ဖနွမ်းပင်နဲ့ ဟိုချီမင်းလို မြို့တွေမှာ မြို့ပြစိုက်ပျိုးရေးက ဆင်းရဲသားတွေ အသက်ရှင်ရပ်တည်ဖို့ဖြစ်ပြီး စင်ကာပူလိုနေရာမျိုးမှာတော့ အမျိုးသားအစားအစာဖူလုံရေးအတွက် ဖြစ်ကြောင်း သူကပြောပါတယ်။

ဘာသာပြန်-စုစည်းတင်ပြသည်

## zdvpfyklaps;qkfsm;u xyfweftpm;tpmtrSwHepfsm;ukbabmus

ဖိလစ်ပိုင်လူမျိုးတွေရဲ့ အစားအစာခုံမင်မှုကြောင့် စျေးဆိုင်တန်းတွေမှာဆိုရင် စားသောက်ဆိုင်တွေက အဓိက အခန်းကဏ္ဍကပါဝင်နေပါတယ်။ဒါပေမဲ့ နာမည်ရပြီးသားကုန်အမှတ်တံဆိပ် (Brand )ကိုသာ အစွဲအလမ်းကြီးကြတဲ့အတွက် အစားအစာလုပ်ငန်းတွေ စီးပွားရေးလောကထဲဝင်ရောက်ရေးက စိန်ခေါ်မှုတစ်ရပ်ဖြစ်နေကြောင်းအောင်မြင်တဲ့ ဖိလစ်ပိုင်အစားအစာထုတ်လုပ်ရေးလုပ်ငန်းတစ်ခုဖြစ်တဲ့ Binalot Fiesta Food ရဲ့ ဥက္ကဋ္ဌ ရွှမ်းမဲဂျူအမ်ကပြောကြားချက်ကို မနီလာတိုင်းမ်သတင်းမှာဖော်ပြပါတယ်။

နာမည်ရပြီးသား၊ အခြေကျပြီးသား အစားအစာကုန်အမှတ်တံဆိပ်တွေက ဆိုင်ခန်းဖွင့်လှစ်ဆောင်ရွက်ရေးအတွက် အဓိကျတဲ့မောင်းနှင်အားတစ်ခုဖြစ်ပြီး ဖောက်သည်တွေကို ဆွဲဆောင်နိုင်ဖို့ကြိုးစားရာမှာ ဆိုင်ရှင်တွေအားထားရတဲ့ပစ္စည်းဖြစ်ကြောင်း သူကပြောပါတယ်။ ၂၀၁၄ ခုနှစ်က ထုတ်ပြန်ခဲ့တဲ့ ယူရိုမော်နီနာအင်တာနေရှင်နယ်အစီရင်ခံစာအရ စျေးတန်းထဲမှာ အစားအစာ ရောင်းချတဲ့ဆိုင်ခွဲများက အများဆုံးဖြစ်ပြီး ရောင်းချရတဲ့ ဝင်ငွေကိုကြည့်ပါက စျေးတန်းအတွင်းရှိ စတိုးဆိုင်အားလုံးရောင်းချငွေရဲ့ ၃၄ ရာခိုင်နှုန်းရှိပါတယ်။

Jollibee Foods Corp က နာမည်တွေရပြီး အစားအစာ အမှတ်တံဆိပ်ထဲမှာ နာမည်အရဆုံး အစားအသောက်လုပ်ငန်းတစ်ခုဖြစ်ပြီး ဖိလစ်ပိုင် နိုင်ငံအနှံ့မှာရောင်းချလျက်ရှိကာ ဖိလစ်ပိုင်လူမျိုးအများစုရဲ့ အသိအမှတ်ပြုတာကို ခံရတဲ့ ကုန်အမှတ်တံဆိပ်တစ်ခုဖြစ်ပါတယ်။ ဒီလိုကုန်အမှတ်တံဆိပ်တွေထဲမှာ Jollibee, Manglansal, Chowking, Greenwich, Red Ribbon နဲ့ Burger King တို့ပါဝင်ပါတယ်။

အစားအစာလုပ်ငန်းတွေက လက်ရှိမှာတွင်ကျယ်လျက်ရှိနေပေမယ့် ဖိလစ်ပိုင်နိုင်ငံရဲ့ အမြန်ရအစားအစာလုပ်ငန်းစု (Fast Food Chain) တွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုနှုန်းက လွန်ခဲ့တဲ့နှစ်အနည်းငယ်အတွင်းက ၅၅ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ရာမှ နောက်လာမည့်နှစ်အနည်းငယ်အတွင်း ၃ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ကြောင်း အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ဒါပေမဲ့ အစားအစာအမျိုးအစားအားလုံးကိုခြုံကြည့်ရင် နိုင်ငံခြားကုန်အမှတ်တံဆိပ်တွေပါ စျေးကွက်အတွင်း တိုးဝင်လာတဲ့အတွက် လာမယ့်နှစ်အနည်းငယ်အတွင်းမှာ တိုးတက်မှုရှိလာမယ့်လို့ ခန့်မှန်းထားပါတယ်။ ဒီလိုဖြစ်လာတဲ့အတွက် စားသောက်ဆိုင်လုပ်ငန်းဆောင်ရွက်သူအချင်းချင်းယှဉ်ပြိုင်မှုတွေလည်း ပြင်းထန်လာနိုင်တယ်လို့ ဆိုပါတယ်။ ဒီလိုအခြေအနေမျိုးဖြစ်လာရင် အကောင်းစားအစားအစာတွေကို ဖန်တီးလာကြမှာဖြစ်ပြီး ဆိုင်တစ်ဆိုင်ချင်းရဲ့ ဝင်ငွေလည်းတိုးတက်လာမယ်လို့အစီရင်ခံစာမှာဖော်ပြထားပါတယ်။


Japan, Korea,Singapore,Thailand နိုင်ငံများမှ မော်တော်ယာဉ်တင်သွင်းသူများအတွက် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရန်
SINOR LINES RO/RO Services ကားသင်္ဘောရောက်ရှိမှု အချိန်ဇယားများကို အောက်ပါအတိုင်းဖော်ပြအပ်ပါသည်။

SINOR LINES RO/RO Service for Myanmar

Date : 15th February 2016

* SUBJECT TO CHANGE WITH OR WITHOUT NOTICE

<< January And February Sailing Schedule >>

JAPAN / MYANMAR

| VESSEL | Height (m) A | B | C | D | E | SHANGHI | YOKOSUKA | KOBE (JAPAN) | NAGOYA | YOKOHAMA | SAKAI SENBOKU | MASAN | SINGAPORE | YANGON (MYANMAR) | LAEM CHABANG (THAILAND) |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| MV.HOEGH CHENNAI V.20 | 1.55 | 1.90 | 2.20 | 3.50 | | | | 30.12.2015 | 2.1.2016 | 3.1.2016 | | | 11.1.2016 | 15.1.2016 | |
| | S/O CUT | | | | | | | 26.12.2015 | 29.12.2015 | 30.12.2015 | | | | | |
| MV.CITY OF MUMBAI V.27 | 1.55 | 1.90 | 2.20 | 3.50 | | | | 16.1.2016 | 15.1.2016 | 14.1.2016 | | | 28.1.2016 | 1.2.2016 | |
| | S/O CUT | | | | | | | 12.1.2016 | 11.1.2016 | 10.1.2016 | | | | | |
| MV.HOEGH CHENNAI V.21 | 1.55 | 1.90 | 2.20 | 3.50 | | | | 5.2.2016 | 6.2.2016 | 7.2.2016 | | | 15.2.2016 | 19.2.2016 | |
| | S/O CUT | | | | | | | 1.2.2016 | 2.2.2016 | 3.2.2016 | | | | | |
| MV.CITY OF MUMBAI V.28 | 1.55 | 1.90 | 2.20 | 3.50 | | | | | 18.2.2016 | 19.2.2016 | 17.2.2016 | | 28.2.2016 | 4.3.2016 | |
| | S/O CUT | | | | | | | | 14.2.2016 | 15.2.2016 | 13.2.2016 | | | | |
| MV.HOEGH CHENNAI V.22 | 1.55 | 1.90 | 2.20 | 3.50 | | | | 8.3.2016 | 9.3.2016 | 10.3.2016 | | | 18.3.2016 | 22.3.2016 | |
| | S/O CUT | | | | | | | 4.3.2016 | 5.3.2016 | 6.3.2016 | | | | | |
| MV.CITY OF MUMBAI V.29 | 1.55 | 1.90 | 2.20 | 3.50 | | | | | 22.3.2016 | 23.3.2016 | 21.3.2016 | | 3.4.2016 | 7.4.2016 | |
| | S/O CUT | | | | | | | | 18.3.2016 | 19.3.2016 | 17.3.2016 | | | | |

Yangon (Myanmar)
GOLDEN LAND EXPRESS LIMITED
Dagon Center II, Pyay Road, No. 268, Room 14 (C), 14 th Floor.Sanchaung Township,Yangon, Myanmar.
Tel : +95 1 2305542,2306027,2306028
Mobile : + 95 9 250289802
Fax : + 95 1 2305543
Hot Line : + 95 9 254010441
Email : gleltd.office@gmail.com ( Management ), gleltd.mktg@gmail.com ( Operation ), docs.gle@gmail.com ( Document )
gleltd.marketing@gmail.com ( Marketing ), goldenland.gle@gmail.co m ( Marketing )

Loading address (YOKOHAMA DAIKOKU)
Daikoku T-3/4/5/6/7/8, Public Berth, Yokohama
Loading address (SAKAI SENBOKU)
Shiomi Wharf 5-A/B/C
Business Development Manager : Mr.Aung Myintta (95 9 250724445)
Management Secretary : Ms. Nway El Phyu ( 95 9 253036301)
Operation : Mr. Aung Swe Myint (95 9 86 22887)
Documention : Ms. Mar Mar Cho (95 9 421018250)
Marketing:Ms. Aye Kyar Phyu ( 95 9 250724446)
Marketing : Mr. Thiha Thiek ( 95 9 5145801 )
Marketing:Ms. Ja Seng Eain ( 95 9 402794677 )

ဥရောပနိုင်ငံများမှ တင်သွင်းလိုပါက စင်ကာပူနိုင်ငံမှတဆင့် ချိတ်ဆက်ဆောင်ရွက်ပေးနေပါသည်။